
www.burmeseclassic.com

ရှင်မြတ်နိုး၏

ကလောင်ခွဲ



BURMESE CLASSIC

စဆုံးလုံးချင်းဝတ္ထု

# သင်မြတ်နိုး

## သွေးမပျက်တဲ့သစ္စာ

နိ၊ ဒိုသိန်း ေရွှကြည် 2012

www.burmeseclassic.com

www.burmeseclassic.com

# သင်မြတ်နိုး

သွေ့မပျက်တဲ့ . . . သစ္စာ

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၃၄၉၀၅၁၂
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၄၂၄၀၅၁၂
ထုတ်ဝေသူ ● ဦးကျော်ဆန်း (မြ-၀၉၃၂)
ရဲအောင်စာပေ၊ အမှတ် (၂)၊
ချွန်း(၁)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။
အတွင်းနှင့်အဖုံးပုံနှိပ်သူ ● ဦးကျင်ရင်(ရွှေခြသေ့ပုံနှိပ်တိုက်)
အမှတ် ၂၂၅၊ ၃၂ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊
ရန်ကုန်မြို့။
ပုံနှိပ်ခြင်း ● ပထမအကြိမ်၊ ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ။
အုပ်ရေ ● ၅၀၀ အုပ်
တန်ဖိုး ● ၁၀၀ ကျပ်
ဖြန့်ချိရေး ● ဗိုလ်ပြည့်စာပေ
အမှတ် (၂၂၃)၊ (၃)လွှာ၊ ၃၁ လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - 095163764, 095162031

၈၉၅.၈၃
သင်မြတ်နိုး
သွေးမပျက်တဲ့... သစ္စာ/ သင်မြတ်နိုး ။- ရန်ကုန် ။
ရဲအောင်စာပေ၊ ၂၀၁၁။
(၂၅၆) စာ၊ ၁၂ စင်တီမီတာ x ၁၇.၇ စင်တီမီတာ
(၁) သွေးမပျက်တဲ့... သစ္စာ

BURMESE CLASSIC

## အခန်း (၁)

'ပန်းမဠူရီ'

'ရှိပါတယ်'

'ဝင်ပါ'

'ဟုတ်ကဲ့'

ပန်းမဠူရီဟု သူမအမည်ခေါ်လိုက်သည်နှင့် နှလုံးခုန်သံတွေ တဒိန်းဒိန်းမြည်ဟီးရိုက်ခတ်သွားရသည်။ နာမည်ခေါ်တဲ့လူက အခန်းထဲဝင်သွားပါဟု ညွှန်ပြနေသဖြင့် ဟုတ်ကဲ့ဟု ခေါင်းလေးညွှတ် အရိုအသေပြုရင်း သတ္တိတွေမွေးပြီး မဟာမြင့်မိုရ်ကုမ္ပဏီကြီး၏ အင်တာဗျူးဖြေဆိုရမည့် အခန်းထဲ ဝင်လာခဲ့သည်။ အခန်းထဲရောက်သည်နှင့် အဲကွန်းရဲ့ အထိအတွေ့ကြောင့် အေးစိမ့်မွှေးပျံ့ကြိုင်သင်းပြီး အရမ်းကိုကြီးကျယ်ခမ်းနားလွန်းတဲ့ ကုမ္ပဏီပါလားဟု မဠူရီ တွေးမိသွား၏။

ခြေလှမ်းတွေတောင် မှားချင်တယ်။ မကြောက်စမ်းပါနဲ့ ပန်းမဠူရီ။ သန့်ရှင်းရေးအလုပ်ပဲဟာ။ နင့်ကို အလုပ်ခန့်မှာပါ။ မငိုနဲ့ စမ်းပါနဲ့။ သူမကိုယ်သူမ အားပေးနှစ်သိမ့်ရင်း လျှောက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



'ထိုင်'

'ဟုတ်ကဲ့'

အမိန့်သြဇာပါဝါပြည့်နေသည့် အသံနှင့် ထိုင်ဟုပြောလိုက်သော ကုမ္ပဏီရဲ့ ဥက္ကဋ္ဌဟု ထင်မှတ်ရသူတစ်ယောက်ရှေ့မှာ သူမ ဝင်ထိုင်လိုက်သည်။ သူမကိုမော့ကြည့်လိုက်သည့် သူ့မျက်ဝန်းတွေက အံ့သြသွားသလိုလို ပြုံးကျယ်သွားပေမယ့် သူမကတော့ တည်တည်လေးပဲ တုန့်ပြန်ရင်ဆိုင်ဖြစ်လိုက်၏။ သိသားပဲ။ ပန်းမဥ္ဇူရီက ချောချောလေး။ ဖြူဖြူဝင်းဝင်း မွတ်မွတ်လေး။ လာလျှောက်တာက သန့်ရှင်းရေးအလုပ်။ မလိုက်ဖက်လို့ အံ့သြသွားတာပါ။

'မင်းနာမည်က ပန်းမဥ္ဇူရီနော်'

'ဟုတ်ကဲ့'

'မင်းလာလျှောက်တဲ့အလုပ်က ဘယ်လိုအလုပ်မျိုးလဲဆိုတာ မင်း သေသေချာချာသိရဲ့လား'

'ဟုတ်ကဲ့ သိပါတယ်၊ သန့်ရှင်းရေး အလုပ်ပါ'

'မင်းလက်ချောင်းတွေကိုပြန်ကြည့်ပါဦး'

သူမ ကယောင်ကတမ်းနှင့် သူမ လက်ချောင်းတွေကို ပြန်ကြည့်မိသည်။ ဟုတ်သားပဲ။ မဥ္ဇူရီ ပေါ့ပျက်ပျက်နဲ့ ထွက်လာခဲ့တာပါ။ သူမလက်တွေက ရှည်ရှည်သွယ်သွယ် နုနုညံ့ညံ့။ ပြီးတော့ လက်သည်းရှည်ရှည်တွေကို ညှပ်ဖို့မေ့လာခဲ့၏။ သူမက 'အဟွန်း••• မေ့လာတယ်'ဟုပြောပြီး ပြုံးပြလိုက်လေသည်။

'မင်း နေရာမှားနေပြီထင်တယ်၊ တကယ်တော့ မင်းအလုပ်





သွားလျှောက်ရမှာက ၃၅ လမ်းထဲမှာရှိတဲ့ ရုပ်ရှင်ကုမ္ပဏီတွေမှာလေ'

ဒုက္ခပါပဲ။ ကိုယ့်ဟာကိုယ် ဘယ်မှာပဲ လာလျှောက်လျှောက် ပေါ့။ ရွေးရွေးမရွေးရွေး သူနဲ့ဘာဆိုင်လို့လဲ။ တော်တော်ပေရှည်တဲ့ လူကြီးပဲ။ မဥ္ဇူရီ နည်းနည်းလေး မကျေမနပ်ဖြစ်သွားရကာ မျက်ဝန်း တည်တည်လေးနှင့် ကြည့်ပစ်လိုက်သည်။ လူကြီးမဟုတ်။ လူရွယ် တစ်ယောက်ပဲ။ မျက်နှာထားကြီးက တင်းတည်ပြီး လူကိုအထင်သေး နှိမ့်ချသည့် အကြည့်တွေ မြင်နေ၏။ သူမထက်ငါးနှစ်လောက်ကြီး သည့် သူမအစ်ကိုကြီးနှင့် ရွယ်တူဖြစ်နိုင်သည်။

'မင်းကိုယ်မင်း သန့်ရှင်းရေးအလုပ်ကို မလုပ်နိုင်ဘူးဆိုတာ သိထားတယ် မဟုတ်လား အမိ'

'သိပါတယ်၊ အဲ••• ကျွန်မ လုပ်နိုင်ပါတယ်၊ အဟဲ••• လက်သည်းတွေညှပ်ဖို့ မေ့လာပါတယ်၊ ဒီလိုလေ ကျွန်မ ပညာအရည် အချင်းက သန့်ရှင်းရေးပဲရမှာမို့ပါ၊ တက္ကသိုလ်ဝင်တန်းမအောင်သေးလို့ ပါ၊ ဒီကုမ္ပဏီမှာလည်း ကိုးတန်းအောင်လို့ ပညာအရည်အချင်းသတ် မှတ်ထားတာပဲ'

သူမ ပြောလိုက်မှ သူမကိုယ်ရေးရာဇဝင် ဖြည့်ထားသည့် ဖောင်ကို သူက ငုံ့ကြည့်သည်။ ညံ့ဖျင်းလွန်းတဲ့ သူမရဲ့ ပညာအရည် အချင်းကို ထုတ်ပြောပြရတာ မျက်နှာတော့ပူသွားရ၏။ မတတ်နိုင် ဘူးလေ။ ဒီလူက အင်တာဗျူးမှာ သန့်ရှင်းရေးနှင့်ပတ်သက်တာတွေ မေးဘဲ အတိတ်ကုသိုလ်ကံတွေကြောင့် သူမရဲ့ ချောမောတဲ့အလှတွေ ကို ကြည့်ပြီး လာရှုပ်တယ်လို့များ ထင်နေလားမသိပါဘူး။ အကြံ



www.burmeseclassic.com

www.burmeseclassic.com



အဖန်လာလုပ်တာပဲ ထင်နေလား။ အဲဒီလိုတော့ မထင်နဲ့နော်။ ကိုယ့်ပညာအရည်အချင်းနဲ့ ကိုယ်ရိုးရိုးသားသား အလုပ်လာလျှောက်တာပါ။ သူ့အကြည့်တွေအောက်မှာ မဥ္ဇူရီ သေးသိမ်မှုတွေနှင့် ထပြီးထွက်သွားချင်လာသည်။

'မင်း တက္ကသိုလ်ဝင်တန်းကို ဘယ်နှစ်ခါကျလဲ'

'သုံးခါပါ'

'ဘာပြောတယ်'

'ဟို··· အဲဒါလေ ကျွန်မက ဗေဒင်တွက်ကြည့်တော့ မဟာဘုတ်မှာ ပညာရေးက ဘင်္ဂအိမ်မှာ ရောက်နေလို့ ဘယ်လောက်ပဲကြိုးစားဖြေဖြေ ပညာနဲ့ အလုပ်လုပ်ရမှာမဟုတ်ဘူးတဲ့၊ ကျွန်မ ဘယ်လောက်ပဲကြိုးစားဖြေဖြေ စာမေးပွဲမှာ တလွဲတချော်တွေဖြစ်ပြီး ကျနေတာပဲ'

'တော်တော့၊ မင်းရဲ့ညံ့ဖျင်းမှုတွေကို ဘာဖြစ်လို့ ဗေဒင်ဆရာကို လွှဲချနေရတာလဲ၊ အင်းလေ··· မင်းအရည်အချင်းကလည်း သန့်ရှင်းရေးပဲ ရနိုင်မှာပဲ၊ မင်း လုပ်နိုင်ပါ့မလား'

'လုပ်နိုင်ပါတယ်၊ ကျွန်မ အိမ်မှာဆိုရင် အိမ်မှုကိစ္စတွေ အကုန်လုပ်ရတယ်၊ မေမေက မညာမတာခိုင်းတတ်ပါတယ်'

'မဖြစ်နိုင်တာပဲ၊ မင်းလက်တွေကနုပြီး လက်သည်းအရှည်တောင် ထားနိုင်သေးတယ်'

'ရှင်'

'မင်း သွားနိုင်ပြီ'





'ကျွန်မကို အလုပ်မခန့်တော့ဘူးလားဟင်'

'မနက်ဖြန်မှ မင်းလာကြည့်ပါ၊ အလုပ်ခန့်မယ့် သန့်ရှင်းရေးဝန်ထမ်းတွေရဲ့ နာမည်စာရင်းကို ကြော်ငြာဘုတ်မှာ ကပ်ထားမယ်'

'ဟုတ်ကဲ့'

သူမ ထလိုက်သည်။ ဒီသူဌေးကို ကြည့်ရတာ သူမကို မကြိုက်တဲ့ပုံပင်။ သူမကလည်း သူမပဲ။ တကယ်ဆို လက်သည်းအရှည်တွေကိုတော့ ညှပ်လာသင့်သည်။ မေမေ မသိအောင် ခိုးကြောင်ခိုးဝှက်နဲ့ သွားလျှောက်ထားရတာဆိုတော့ လက်သည်းအရှည်တွေ မညှပ်မိခဲ့။ ပန်းမဥ္ဇူရီ အပြစ်ပါပဲ။ အခန်းအပြင်ထွက်လာတော့လည်း သန့်ရှင်းရေးဝန်ထမ်း လာလျှောက်ကြတဲ့သူတွေက ပြုံးစိစိနှင့် ကြည့်ကြ၏။ ကဲ့ရဲ့ရှုံ့ချချင်တဲ့ မျက်ဝန်းတွေနှင့်။ မဥ္ဇူရီ စိတ်မသက်မသာနှင့် ပြန်ထွက်လာခဲ့သည်။

'ဘယ်လိုလူကြီးလဲ၊ လူကို သေသေချာချာ လိုက်ကြည့်နေတယ်၊ အလုပ်ကတော့ ခန့်မယ့်ပုံမရှိပါဘူး၊ အထင်သေးနေသေးတယ်၊ ငါကပဲ မရိုးမသားနဲ့ အလုပ်လာလျှောက်နေသလိုလို အမြင်ကတ်လိုက်တာ၊ မရရင်လည်းနေပေါ့၊ တစ်လောကလုံးမှာ အလုပ်က ရှင်ကြီးကုမ္ပဏီတစ်ခုတည်းက ခေါ်တာမှ မဟုတ်တာ၊ ရှာအလုပ်လုပ်ချင်ပါတယ်ဆိုမှနော်'

မဥ္ဇူရီ စိတ်ပျက်ပျက်နှင့် မဟာမြင့်မိုရ်ကုမ္ပဏီကနေ တစ်လှမ်းချင်း ပြန်ထွက်လာခဲ့သည်။

နင်ကလည်း နင်ပဲဟယ်။ ညံ့ဖျင်းလိုက်တာ။ တက္ကသိုလ်ဝင်



www.burmeseclassic.com

www.burmeseclassic.com



တန်းကို သုံးနှစ်လောက်ဖြေတာတောင် မအောင်ဘူး။ ဘယ်မှာအောင်တော့မလဲ။ သူများတွေလို ဂိုက်လည်းမရှိဘူး။ ကျူရှင်လည်းမတက်ခဲ့ဘူး။ ဘော်ဒါဆောင်တွေမှာလည်း သွားမနေနိုင်ဘူး။ အစ်ကိုက ဆိုးသွမ်းပေတေနေသူ။ မေမေက မိသားစုအတွက် ရှာဖွေပေးနေရသည့် မဠူရီကို ကျောကျောကော့ကော့လေး နေစေပြီး စာမေးပွဲဖြေခဲ့ရတာပဲရှိသည်။ သူမ အိမ်ကိုပဲ ပြန်ရောက်လာ၏။ မေမေကတော့ ထုံးစံအတိုင်းပဲ အခမဲ့ ပညာရေးဒါနကျောင်းတွေရှိတယ် သမီးရယ်။ စာမေးပွဲပြန်ဖြေဖို့ ပြင်ဆင်တော့တဲ့။ မဠူရီက စာကျက်ချင်တဲ့စိတ်တွေ မရှိဘဲ အလုပ်တစ်ခုခုပဲ ဝင်လုပ်ချင်နေသည်။

'သမီးလေး အစ်ကိုကြောင့်ပါကွယ်၊ မိုက်မဲလိုက်တဲ့သား၊ ကိုယ့်ညီမ ပညာရေးအတွက် စုဆောင်းထားတဲ့ငွေတွေကို ခိုးပြီး ထွက်သွားတယ်၊ ရက်စက်လိုက်တာ၊ ဒီတစ်နှစ်လည်း စာမေးပွဲပြန်ဖြေပါ သမီးရယ်၊ အားမလျှော့ပါနဲ့'

မေမေ့ကို မဠူရီ သနားတယ်။ ကိုကို့အတွက် အမြဲတမ်းစိတ်သောကတွေ ခံစားရပြီး ရှာဖွေစုဆောင်းထားသမျှ ခိုးယူကာ သုံးဖြုန်းပြစ်တတ်သည်။ အခုတောင် မေမေ စုဆောင်းထားတဲ့ငွေတွေ ခိုးပြီးထွက်သွားပြန်ပြီ။ ကိုကိုက လူရုပ်လူပွေ။ မဟာမြင့်မိုရ် ကုမ္ပဏီပိုင်ရှင်ကတော့ ကိုကို့အရွယ် ဖြစ်ပေမယ့် စီးပွားရေးလုပ်ငန်းတွေ လုပ်ပြီး အောင်မြင်နေတယ်။ ချမ်းသာလိုက်တာနော်။ မဠူရီရော အသုံးကျလို့လား။ ဆယ်တန်းဖြေတာ အကြိမ်ကြိမ်ကျပြီး သန့်ရှင်းရေး အလုပ်နှင့်ပဲ တန်နေသည်။





'မိန်းကလေးတစ်ယောက်က တက္ကသိုလ်ဝင်တန်းလေးအောင်မြင်ပြီး ဘွဲ့လေးတစ်ခုရမှ ဖြစ်မယ်လေ၊ ပြန်ဖြေလိုက်ပါအေ၊ မေမေဒီနှစ် အတတ်နိုင်ဆုံး ကြိုးစားပြီး ပိုက်ဆံရှာမယ်၊ သမီးလေးကလည်း ကြိုးစားနော်'

'သမီးကတော့ ပညာရေးမှာ ဆက်ပြီးမကြိုးစားချင်ဘူး မေမေရာ၊ သမီးရဲ့ ပညာရေးက ဘက်လေ၊ ပညာနဲ့အလုပ်လုပ်ရမှာ မဟုတ်ဘူး၊ ဒါပေမဲ့လေ မေမေ သိလား၊ အင်္ဂလိပ်ကတော့ အဓိပတိတဲ့၊ မဠူရီ ယောက်ျားရရင်တော့ ကံကောင်းမယ်တဲ့၊ အထွတ်အထိပ်ပဲတဲ့၊ ချမ်းသာတဲ့ သူဌေးနဲ့ရမှာ သိလား'

ဒေါ်ရီရီသာကတော့ သမီးလေး မဠူရီကိုကြည့်ပြီး စိတ်ထိခိုက်ကြေကွဲနေရလေသည်။ ကံဆိုးရှာတဲ့ သမီးလေးပဲ။ ငယ်စဉ်က မိဘတွေ ပိုက်ဆံချမ်းသာပြီး ပန်းလေးတစ်ပွင့်လို နုဖတ်ဖြူဖြူစင်စင်လေး မွေးဖွားလာ၍ ပန်းမဠူရီဟု အမည်လှလှလေးပေးခဲ့၏။ သမီးလေး သုံးနှစ်သမီးအရွယ်မှာ မိမိခင်ပွန်း ကွယ်လွန်ပြီး ဒေါ်ရီရီသာက စီးပွားရေးကို မလုပ်တတ်ဘဲလ ပ်မိ၍ သူငယ်ချင်းတစ်ယောက်က လိမ်ညာယူဆောင်သွားသဖြင့် စီးပွားပျက်သွားရ၏။ ထို့ကြောင့်ပင် ဒေါ်ရီရီသာတစ်ယောက်တည်း ဘဝကို ရုန်းကန်နေခဲ့ပြီး သားကြီး မင်းသော်တာနှင့် သမီးလေး ပန်းမဠူရီတို့အား အလိုလိုက်ထားပြီး ကြမ်းတမ်းတဲ့ အလုပ်တွေ မလုပ်ခိုင်းရက်ဘဲ နေချင်သလိုနေ သုံးဖြုန်းချင်သလောက် ဖြုန်းစေကာ သားကြီးပျက်စီးပေတေနေသည်။ သမီးငယ် ပန်းမဠူရီကတော့ ပညာရေးမှာ ညံ့ကာ တက္ကသိုလ်ဝင်တန်းပင်



www.burmeseclassic.com

www.burmeseclassic.com



သုံးနှစ်ကျရပြီ။ သမီးလေးကတော့ မိခင်အပေါ် နည်းနည်းလေး ညှာတာထောက်ထားမှုရှိသည်။

'သမီးလေးရယ် ဖေဖေနဲ့မေမေကလေ မဥ္စုသဏ္ဌာန်တပ်ပန်း လေးလို လှပချောမောလွန်းလို့ ပန်းမဥ္စုလို့ နာမည်လေးပေးထားတာပါ၊ ဒါပေမဲ့ သမီးလေးကံဆိုးရှာတယ်'

'အဲဒီပျော့ပျော့ညံ့ညံ့နာမည်ကြောင့်ပဲ သမီး ဒုက္ခရောက်တာ လေ မေမေ'

'ဟင် ··· သမီးလေး ဘာဒုက္ခရောက်လို့လဲ၊ သမီးနာမည်ကို နောက်ပြောင်ကြလို့လား'

'နာမည်နဲ့လျှောက်တဲ့အလုပ်နဲ့ လုံးဝမလိုက်လို့လေ'

'မဥ္စုရီ သမီး ဘယ်လိုအလုပ်မျိုး သွားလျှောက်လို့လဲ'

'မဟုတ်ပါဘူး၊ အလုပ်လျှောက်ကြည့်မလားလို့ပါ၊ သမီး နာမည်က သူဌေးသမီးနာမည်ဖြစ်နေလို့လေ'

'သမီး ဘာအလုပ်လုပ်မှာလဲကွယ်၊ ပညာမတတ် ဘာမတတ် နဲ့ အလုပ်ကြမ်းတွေပဲ ရမှာပေါ့၊ စာမေးပွဲလေးပဲ ပြန်ဖြေလိုက်ပါနော်'

မဥ္စုရီလည်း စာမေးပွဲပြန်ဖြေဖို့ စိတ်ကူးထားတာပါပဲလေ။ မအောင်တာ ဘယ်လိုလုပ်ရမလဲ။ မေမေ့ကိုလည်း သနားတယ်။ စာမေးပွဲအောင်မလားလို့ ဗေဒင်သွားမေးကာမှ ပညာရေးက ဘင်္ဂအိမ် မှာတဲ့။ အဲဒီကတည်းက မဥ္စုရီ စိတ်မာတ်ကျသွား၏။

'မင်းပညာနဲ့တော့ အလုပ်လုပ်ရမှာမဟုတ်ဘူး၊ ကြာသပတေး ဘင်္ဂအိမ်မှာရောက်နေတယ်၊ ဒါပေမဲ့ အိမ်ထောင်ဘက်ယောက်ျားဂြိုလ် က အဓိပတိမှာဖြစ်နေလို့ မင်းဟာ ချမ်းသာကြွယ်ဝတဲ့ယောက်ျားတစ် ယောက်နဲ့ပဲ လက်ထပ်ရလိမ့်မယ်'

စာကျက်တိုင်း ဗေဒင်ဆရာပြောတဲ့ မဟာဘုတ်ကို သတိရပြီး စိတ်မာတ်ကျကျသွားရတာ မေမေ [illegible]ပေ။ ဖြစ်နိုင်တာပဲ။ မဥ္စုရီ အတွက် မေမေက ကျူရှင်တက်ဖို့ ငွေစုမိတို[illegible] တစ်နည်းနည်းနှင့် ကုန်သွားတတ်သည်။ ကိုကိုက [illegible]။ အခုတလော မေမေ့ ကျန်းမာရေးထိခိုက်နေတာ မဥ္စုရီ့ သိ[illegible]။ ကို[illegible]ထားတဲ့ အကြွေးတွေ လိုက်လိုက်ဆပ်နေ၍လည်း [illegible] စိတ်မောလူမောဖြစ်နေ သည်။ ထို့ကြောင့်ပင် မဥ္စုရီ ညံ့ဖျင်းလွန်း[illegible]ရေးထက် အလုပ် တစ်ခုခုဝင်ပြီး ဝင်ငွေရအောင် ကြိုးစားရာကာ သူမရဲ့ ပညာရေးကို ဒုတိယဦးစားပေးအဖြစ် ဆက်ဖြေဖို့ စိတ်ကူးထားသည်။

'သမီးရယ် အလုပ်လျှောက်ဖို့ မစဉ်းစားပါနဲ့ကွယ်၊ တက္ကသိုလ်ဝင်တန်းလေးတော့ အောင်အောင်ဖြေပါ၊ ဒီလိုပဲ တချို့ အသက်ကြီးတဲ့အထိ မအောင်မချင်း ဖြေကြသေးတာပဲ'

'ဗေဒင်ဆရာက ···'

'လာပြန်ပြီ၊ ဒီဗေဒင်၊ အဓိပ္ပာယ်မရှိလိုက်တာ၊ သမီးလိုဆို မဟာဘုတ်တဲ့လူတွေ အများကြီးပဲရှိတယ်၊ သမီးနဲ့တစ်နှစ်တည်း တစ်လတည်း တစ်ရက်တည်းမွေးတဲ့လူတွေ ဒီလိုပဲ ပညာရေးညံ့ပြီး သင်ကောင်းသားကောင်းရကြမလား၊ သမီးနဲ့တစ်လပဲခြားတဲ့ သမီး သူငယ်ချင်း ငွေငွေကို ကြည့်စမ်း၊ ယောက်ျားကံဆိုးပါ့၊ ရတဲ့ယောက်ျား က အရက်သမား ဆင်းရဲလိုက်တာ၊ ဒီယောက်ျားရမှ ငွေငွေဆင်းရဲရတာ'







www.burmeseclassic.com

www.burmeseclassic.com



'မေမေကလည်း သမီးက အတိတ်ကံရှိတယ်တဲ့၊ လက္ခဏာကိုကြည့်တာ၊ သူကြွယ်လမ်းကြောင်းပါတယ်'

'တော်ပါတော့ သမီးရယ်၊ ချမ်းသာကြွယ်ဝတဲ့ယောကျ်ားက သမီးလိုကောင်မလေးမျိုးကို အရှာညည်ယူရဲမလား၊ မေမေပြောထားပြီးပြီနော် မဥ္ဇူရီ၊ အဲဒါကို မျှော်လင့်ပြီး သူဌေးတွေကို လိုက်ကြိုက်မနေနဲ့၊ တိတ်တိတ်ပုန်းပဲ ဖြစ်မယ်၊ မေမေလည်း ကိုယ့်သမီးကို ယောကျ်ားလေးရှင်က မတူမိတန်ဘူးလို့ အပြောမခံနိုင်ဘူးနော်'

'မေမေကလည်း ဒီလိုဖြစ်စရာလား၊ မဥ္ဇူရီ ဘယ်လောက်မာနကြီးတယ်ဆိုတာ မေမေ သိပါတယ်နော်၊ မဥ္ဇူရီကိုများ ဒီလိုလာလုပ်လို့ ရမယ်ထင်လား၊ ကိုယ့်ကိုယ်ကိုယ် အားပေးထားတာပါ'

'သမီးလေးက စာမကြိုးစားပေမယ့် လိမ္မာပါတယ်၊ မေမေ့ကို တစ်ကြိမ်တစ်ခါမှ စိတ်ဒုက္ခရောက်အောင် မလုပ်ခဲ့ဘူးလေ၊ သမီးအစ်ကိုပဲ၊ အခုတော့ သားကြီး ဘယ်ရောက်နေပြီလဲတောင် မသိတော့ဘူးကွယ်'

'ကိုကို့ကို သတိရပြီး မေမေ စိတ်ထိခိုက်နေတာ မဟုတ်လား၊ မေမေ စိတ်ချမ်းသာအောင် ပညာဒါနကျောင်းတွေတက်ပြီး မဥ္ဇူရီ တက္ကသိုလ်ဝင်တန်း အောင်အောင်အပြတ်ကြိုးစားမယ်'

မဥ္ဇူရီ သန့်ရှင်းရေးအလုပ်သမားဝင်လုပ်တာက ကိုယ့်ပညာအရည်အချင်းနဲ့ မိတာရော အချိန်ပိုင်းနဲ့လုပ်၍ ရနိုင်သဖြင့် မေမေ ဆန္ဒအရ စားမေးပွဲလည်း ဖြေလို့ရနိုင်သည်။

'မဥ္ဇူရီ သိပါတယ် မေမေရယ်၊ ကိုကို့အတွက်ရော မဥ္ဇူရီ





အတွက်ပါ မေမေ စိတ်မအေးနိုင်ဘူး မဟုတ်လား၊ ကြာရင် မေမေ ယိုင်လဲကျတော့မယ် ထင်တယ်'

မေမေ့ပုံစံက ဖြူဆုတ်ဖျော့တော့ကာ ယိမ်းနွဲ့တော့မတတ်ပင်။ မဥ္ဇူရီအတွက် မေမေ ဟန်ဆောင်ရယ်ပြနေတာပါ။

'စာမေးပွဲ ပြန်ဖြေပါ သမီးရယ်၊ စိတ်ဓာတ်မကျပါနဲ့၊ မေမေ အသက်ထင်ရှားရှိနေစဉ်မှာပဲ သမီးလေး ဘွဲ့တစ်ခုရတာ မြင်ချင်တယ်'

ဒေါ်ရီရီသာကတော့ မိမိကျန်းမာရေး အခြေအနေကို သိနေပေမယ့် သမီးလေး ပန်းမဥ္ဇူရီကြောင့် မားမားမတ်မတ် ရပ်တည်နိုင်ဖို့ စိတ်တွေကိုတင်းထားလေသည်။ သနားစရာကောင်းတယ်။ ငယ်စဉ်က ခည်းစိမ်ဥစ္စာတွေ ပြည့်စုံချမ်းသာစွာနေခဲ့ရပေမယ့် ဒေါ်ရီရီသာရဲ့ သူငယ်ချင်း လိမ်လည်၍ အကောက်ကြံခြင်းခံလိုက်ရ၍ ဆင်းရဲဒုက္ခတွေ ရောက်နေရရှာ၏။

မပြည့်မစုံ ချို့ချို့တဲ့တဲ့ ပညာသင်ကြားနေရ၍ သမီးလေး မဥ္ဇူရီ တက္ကသိုလ်ဝင်တန်း မအောင်သေးတာ။ အားမလျှော့စေချင်ဘဲ ဆက်၍ ကြိုးစားစေချင်သေးသည်။

❒ ❒ ❒



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

မဍ္ဍူရီ ခြေလှမ်းတွေက နေးကွေးလေးလံဖြင့် ဓာတ်လှေခါးဆီ ဝင်လိုက်လေသည်။ သန့်ရှင်းရေးအလုပ်လေးရဖို့တောင် မဍ္ဍူရီအတွက် ခက်ခဲနေတာပါလား။ ပညာအရည်အချင်းမှ မရှိတာဘဲ။ သူမ ဉာဏ် အဲဒီလောက်လည်း မတုန်းပါဘူး။ ကံပဲဖြစ်မယ်။ မဍ္ဍူရီ စာမေးပွဲဖြေဖို့ ရက်နီးလာတိုင်း ကိုကိုကြောင့် မိသားစုစိတ်ရှုပ်ထွေးစရာတွေ ပြဿနာတွေ အမြဲတမ်းတွေ့ကြုံရတတ်သည်။

'ကိုကိုနှိပ်စက်လို့ မေမေ အိပ်ယာထဲလဲချင်လဲ၊ ဒါမှမဟုတ် မဍ္ဍူရီအတွက် ကျူရှင်ခတွေ မရှိ၊ ငိုရ ကိုကို့ကြောင့်ပဲ'

သူမ စိတ်တွေ ညစ်ထွေးပူလောင်နေသလိုလို တကယ်ပါပဲ။ ဟိုလူ ဥက္ကဋ္ဌလား။ အမ်ဒီလား စိတ်ပျက်တယ်။ လူကို အထင်သေးသလိုလို အကြံအဖန်များထင်နေလား မသိပါဘူး။ လာသာလာကြည့်ရတာ။ အလုပ်ခန့်တဲ့ စာရင်းမှာ မဍ္ဍူရီ ပါလာစရာအကြောင်းကတော့ မရှိပေ။ တာဝန်အရ သွားကြည့်ရုံပဲ ရှိသည်။

'အမေ့'

'ဟင်'





ဓာတ်လှေကားထဲမှာ လူတစ်ယောက်ရပ်နေတာ မထင်မှတ်ဘဲတွေ့လိုက်ရသဖြင့် ရုတ်တရက် လန့်သွားပြီးမှ သေသေချာချာကြည့်လိုက်တော့ သူမအား အင်တာဗျူးမေးခဲ့သော မန်နေဂျင်းဒါရိုက်တာဖြစ်နေသည်။

'ဟာ… ဦးလေးကြီးပဲ၊ ဟိုလေ မဍ္ဍူရီ အင်တာဗျူး အောင်လားဟင်၊ သွားကြည့်ရမှာ ရင်ထိတ်နေလို့ပါ၊ အလုပ်ခန့်တဲ့စာရင်းမှာ ကျွန်မ ပါလား'

သူက မဖြေပေ။ မဍ္ဍူရီကို လှည့်၍ပင်မကြည့်။ မျက်နှာတည်တည်ကြီးနှင့် ကျောက်ရုပ်ကြီးတစ်ရုပ်လို ရပ်နေသည်။ ဒုက္ခပါပဲ။ လူကို မတူမတန်သလို ဆက်ဆံတာလား။ ဘုရားရေ။ မဍ္ဍူရီကိုယ်တိုင်က အလိုက်ကန်းဆိုးမသိတာပါ။

ကုမ္ပဏီပိုင်ရှင် အမ်ဒီကို မလေးမစားနဲ့။ မေးစရာလား။ မဍ္ဍူရီ ကိုယ်လေးကြုံ့သွားသည်။

'တောင်းပန်ပါတယ်နော်၊ မဍ္ဍူရီရဲ့ အဆင့်ချင်း မိုးနဲ့မြေလို ကွာနေတာ မရိပ်မိသေးမပြုမိပါတယ်၊ ခွင့်လွှတ်ပေးပါရှင်၊ ဟိုလေ အလုပ်ခန့်ပြီးသွားရင်လည်း လူကြီးမင်းကို မရိုမသေလုပ်လို့ စာရင်းကနေ နှာမည် သွားမဖျက်ပါနဲ့ဦးနော်၊ အဟဲ… တောင်းပန်တာပါ၊ အနူးအညွတ်'

သူကတော့ သူ့ကိုမပြောသလိုပင် တည်ကြည်ကြီးနှင့် ရပ်နေပြီး သူ့ကုမ္ပဏီရုံးခန်းရှိတဲ့ အထပ်လည်းရောက်ရော ထွက်သွားသည်။ ဘွန်း… တော်တော်အခြေကြီးတဲ့လူပဲ။ ကုမ္ပဏီထောင်နိုင်တာနဲ့ပဲ



www.burmeseclassic.com

www.burmeseclassic.com



လူကို အဖတ်မတန်သလို ဆက်ဆံချင်တယ်။ မဥ္ဇူရီကိုတော့ ရှင်ကြီး လျှော့မတွက်ထားနဲ့နော်။ ဒီကုမ္ပဏီက ပညာဆက်သင်ချင်တဲ့သူတွေ အတွက် အခွင့်အရေးတွေပေးတယ်ဆိုလို့ပါ။ ကုမ္ပဏီလူကြီးတွေက စိတ်စေတနာပြည့်ဝတယ်လို့ နာမည်ဂုဏ်သတင်းကြီးမြင့်နေလို့ပါနော်။ သူမလည်း မကျေမနပ်နှင့် ပွစိပွစိပြောရင်း အလုပ်ခန့်တဲ့ ဝန်ထမ်းတွေ စာရင်းကပ်ထားတဲ့ နေရာမှာ သွားကြည့်ပါသည်။

'ဟယ် . . . ပန်းမဥ္ဇူရီတဲ့၊ အမလေး အလုပ်ခန့်တယ်၊ မဥ္ဇူရီ အလုပ်ရပြီဟော့၊ အမလေး ဝမ်းသာလိုက်တာ . . . အား'

သူမ ဝမ်းသာအားရနှင့် ခုန်ပေါက်အော်ဟစ်နေလို့မဆုံးတော့ ပတ်ဝန်းကျင်မှာလည်း လူကမရှိဘူး။ အားလုံးလာကြည့်ပြီး သွားကြ ပြီထင်သည်။ မဥ္ဇူရီသာ မသေချာလို့ နောက်ဆုံးမှ စိတ်ကိုတင်းပြီး လာကြည့်တာပါ။ သူမလို အလုပ်မခန့်ဘူးထင်ထားတာပါ။ ပျော် လိုက်တာ။ သူမ ဝင်ငွေနှင့် တက္ကသိုလ်ဝင်တန်း ပြန်ဖြေဖို့ လုပ်မည်။ မေမေ့ကို စိတ်အေးစေချင်တယ်။ မဥ္ဇူရီကို မိန်းကလေးဖြစ်၍ ပညာ တတ်လေးဖြစ်စေချင်နေသည်။

'မေမေရေ သမီး ဝင်ငွေရပြီ၊ ဒီကုမ္ပဏီက မဥ္ဇူရီတို့ စာမေးပွဲ ဖြေမယ့် သူတွေကို အခွင့်အရေးပေးတယ်၊ မဥ္ဇူရီ ကြိုးစားတော့မယ်'

'အား . . . အူး . . . အား'

'ဟော့ . . . မင်းတစ်ယောက်တည်း ဘာဖြစ်လို့ ဆူညံခုန်ပေါက် နေရတာလဲ'

'ရှင် . . . အမလေး ဟို . . . ဟို . . . အလုပ်ခန့်တာ သိရလို့ပါ'





'ဒါများ ဒီလောက်အထိ အော်ဟစ်ခုန်ပေါက်နေရလား၊ သူများ တွေ အစောကြီးကတည်းက လာကြည့်ပြီးပြီ၊ ဘယ်သူမှ မအော်ကြဘူး၊ မင်းတစ်ယောက်တည်းလာဆူပူသောင်းကြမ်းနေတယ်'

'ကျွန်မ အရမ်းဝမ်းသာသွားလို့ပါ၊ ဒီက လူကြီးမင်းတွေက အရမ်းစိတ်သဘောထား ပြည့်ဝပြီး ပညာဆက်သင်ရမယ့်သူတွေ ပညာ တစ်ပိုင်းတစ်စနဲ့ အလုပ်လုပ်ချင်တဲ့ သူတွေအတွက် နားလည်မှုပေး တယ်ဆိုလို့ ဒီမှာ အလုပ်ရတာကို မဥ္ဇူရီ ပျော်သွားတာပါ၊ ဟုတ်လား ဟင်'

'ဘာလဲ'

'စာမေးပွဲ ဖြေခါနီး ခွင့်ပေးတာတို့၊ အခမဲ့ပညာရေးဒါနသင် တန်းတွေ ဖွင့်ပေးတာတို့လေ'

'အရမ်းကြိုးစားတဲ့သူတွေအတွက်ပဲ ဆောင်ရွက်ပေးတာ၊ မင်းက တက္ကသိုလ်ဝင်တန်းမှာ သုံးနှစ်ဆက်ကျတယ်'

'ကျွန်မ ကြိုးစားမှာပါ၊ ကျွန်မကံပါ၊ ဟိုလေ ပညာရေးမှာ နောက်ကျနေတယ်၊ အဲဒါ'

'တော်စမ်း၊ ဆူပူမနေနဲ့၊ ဒါ ကုမ္ပဏီဥက္ကဋ္ဌရဲ့ ရုံးခန်း'

'ရှင် . . . အမလေး ဦးလေးကြီးက ကုမ္ပဏီ ဥက္ကဋ္ဌလား၊ တောင်းပန်ပါတယ်၊ အရမ်းပျော်သွားလို့ပါ၊ ခွင့်လွှတ်ပါနော်'

ဥက္ကဋ္ဌကြီး။ သေတော့မှာပဲ။ မဥ္ဇူရီ နင်ကတော့လေ ပတ်ဝန်း ကျင်ကို မစူးစမ်းမဆင်ခြင်ဘူး ကန်တော့နော်။

ရှုးကြောင်ကြောင် ကောင်မလေး ပန်းမဥ္ဇူရီကို ကျောခိုင်းပြီး [illegible]ရဲ့ လှည့်ကာ သူ့အခန်းထဲ ပြန်ဝင်လာခဲ့သည်။ သူ့စားပွဲမှာ ပြန်ထိုင်



www.burmeseclassic.com

www.burmeseclassic.com



ပြီး ကောင်မလေးအကြောင်းတွေးမိသွား၍ သူ ရယ်ချင်သွားရ၏။ ဘယ်လိုကောင်မလေးလဲဟ။ ကြောင်မလေးပဲ။ သူတစ်ယောက်တည်း ရယ်မောသံတွေ ထွက်တဲ့အထိ ရယ်မိသွားသည်။

'ဟင်း··· ဟင်း··· ဟင်း··· တော်တော်ရယ်ရတယ်၊ အူတူတူနဲ့ ဟား··· ဟား'

သူက ယယ်ရွယ်တဲ့ ဥက္ကဋ္ဌဖြစ်၍ အမြဲတမ်း မျက်နှာထား တင်းတင်းနှင့် နေထိုင်ပြောဆိုဆက်ဆံရပြီး အပြုံးအရယ်မရှိသူပါ။ ပန်းမချူရီဆိုတဲ့ ကောင်မလေးနှင့် အင်တာဗျူးတွေ့ဆုံပြီးကတည်းက သူ့စိတ်ထဲမှာ ရယ်ချင်မိနေသည်။

'အဟွန်း··· ဟွန်း··· ဟား··· ဟား'

'အမ်ဒီ··· ဟို··· အမ်ဒီ'

'ဟင်'

သူ့ရှေ့မှာ ရောက်နေတဲ့ သူ့လက်ထောက် ကိုမိုးတိမ်တောင် ကိုပင် မတွေ့မိဘဲ ရယ်မောနေမိသဖြင့် နည်းနည်းတော့ မျက်နှာပူထူ ရှက်သွားရသည်။ ချက်ချင်း မျက်နှာပေါ်မှာ အရယ်ကိုထိန်းချုပ်ပြစ်ကာ ကိုတိမ်တောင်ကို ကြည့်လိုက်၏။ သူတစ်ကြိမ်တစ်ခါမျှ လွတ်လွတ်လပ်လပ် ရယ်မောခြင်းမရှိသဖြင့် ကိုတိမ်တောင်က အံ့ဩတဲ့ အကြည့်နှင့် ကြည့်သည်။

'အမ်ဒီ ဘယ်တုန်းကမှ အပြုံးအရယ် မရှိခဲ့တာပါ၊ အမ်ဒီကို အပြုံးတောင် ပြုံးတတ်ပါ့မလားလို့ တွေးမိနေကြတာ၊ ဘာတွေများ ဒီလောက်ရယ်စရာရှိနေလို့ အူလှိုက်သဲလှိုက် ရယ်နေရတာလဲဗျ'





'ကိုယ့်ကိစ္စနဲ့ကိုယ်ပါ၊ ဒါနဲ့ စောစောစီးစီး ကိုတိမ်တောင် ဘာကိစ္စလဲ'

'ဒီလိုပါ အမ်ဒီ၊ အသစ်ခန့်ထားတဲ့ သန့်ရှင်းရေးဝန်ထမ်းတွေ နဲ့ မနက်ဖြန် မနက်တွေ့ဆုံပြီး ဩဝါဒချေဖို့ [illegible]ယ်လေ၊ အမ်ဒီကို အကြောင်းလာကြားတာပါ'

'အင်း··· စီစဉ်ထားလိုက်လေ၊ [illegible]ညာဆက်သင[illegible] ကြမယ့် လူငယ်တွေပါတယ်၊ တက္ကသိုလ်[illegible]ကန်းဖြေမယ့်သူ[illegible]ယ် နှစ်ယောက်ပါလဲ'

'သုံးယောက်ပါ'

'လိုအပ်တာတွေ အကူအညီပေးလိုက်ပါ၊ ဘယ်နှစ်နှစ်ကျတွေ လဲ'

'ကျန်တဲ့နှစ်ယောက်က တစ်နှစ်စီပဲကျတာပါ၊ ပန်းမချူရီ ဆိုတဲ့ ကောင်မလေးတစ်ယောက်ပဲ သုံးနှစ်ကျတယ်'

မင်းကတော့လေ။ တကယ်ပဲ နာမည်နဲ့ မလိုက်ဖက်လိုက် တာ။ ပန်းမချူရီ ညံ့ဖျင်းလွန်းတယ်။ ရှူးကြောင်ကြောင် ကောင်မလေး မင်းကို မင်းမိဘတွေက ဒီလိုလှပလွန်းပြီး ချစ်စရာ ရင်ခုန်စရာကောင်းတဲ့ ပန်းမချူရီဆိုတဲ့ နာမည်လေး ဘာဖြစ်လို့ပေးရတာလဲကွာ။ မင်း··· မင်း···က အရမ်းတော့ စိတ်ဝင်စားစရာကောင်းပြီး လှပလွန်းနေတယ်။ နာမည်လေးနဲ့လည်း လိုက်ပါတယ်။ ပန်းမချူရီရယ်။

'အမ်ဒီ'

'ဟင်'



www.burmeseclassic.com

www.burmeseclassic.com



'အမ်ဒီ ဒီနေ့ တော်တော်လေး ထူးခြားနေတယ်၊ ကြိတ်ပြီး ပျော်စရာရှိနေပြီ ထင်တယ်၊ အတွေးတွေလည်းများနေတယ်၊ လူပျို ကြီး··· အဟဲ'

'တော်ပါပြီဗျာ၊ ဘာတွေလာပြောနေတာလဲ ကိုတိမ်တောင် ရာ၊ ကိုယ်က စီးပွားရေးပဲ စိတ်ဝင်စားတာပါ၊ စောစောက မာမီက ချွေးမလောင်းရွေးပွဲမယ်ဆိုလို့ တွေးပြီး ရယ်မိနေတာပါ'

'အမ်ဒီ့မာမီက ချွေးမလောင်းရှာနေပြီလား'

'ကိုယ့်သဘောပါ၊ မာမီက တွေ့ရင်ပြောတဲ့ သားချစ်မြတ်နိုး ဖို့ပဲ အရေးကြီးတာတဲ့'

'အမ်ဒီ့မာမီ စကားထဲမှာ အမ်ဒီအူလှိုက်သဲလှိုက်ရယ်ဖြစ်ရ တဲ့အထိ ရယ်စရာမပါဘူး'

'အဲဒါတော့ တော့စ်စီးခရက်လေဗျာ'

'ကောင်းပါပြီ၊ ခွင့်ပြုပါဦး'

'အိုကေ'

ကိုမိုးတိမ်တောင်က ပျော်ပျော်ပါးပါးနေတတ်ပြီး အလုပ် ကြိုးစားသူ လူပျိုကြီးပဲ။ သူ့ထက် သုံးနှစ်လောက်ပဲ ကြီးမည်။ သူနှင့် အရင်းနှီးဆုံး လက်ထောက်ဖြစ်သည်။

'ပန်းမြူရီ မင်းကြောင့် ကိုယ်ဣန္ဒြေပျက်မတတ်ဖြစ်ရတာ နော်၊ မင်းအကြောင်းတွေးမိတိုင်း ကိုယ်အရမ်းရယ်ချင်နေတယ်၊ မနက် ဖြန် ကိုယ်တော့ မင်းကိုရှေ့မှာထားပြီး မိန့်ခွန်းခြွေလို့မဖြစ်တော့ဘူးထင် တယ်'





သူရယ်မိမှာပဲ။ အခုတောင် တွေးမိတိုင်း ရယ်ပစ်ချင်သည်။ မင်းက အပြစ်ကင်းနေတယ်။ မင်းကိုယ်တို့ကုမ္ပဏီကို လာလျှောက်တာ ပညာရေးအတွက် အခွင့်အရေးပေးလို့ပါ။ မင်းကို ကူညီမယ်။ တခြား သင်တန်းတွေလည်း တက်လို့ရအောင် ကူညီပေးမယ်။ တကယ်ပဲကွာ။ ထူးထူးခြားခြား ကိုယ့်စိတ်တွေကို လှုပ်ရှားစေတဲ့ ကောင်မလေးပဲ။ ပန်းမြူရီရဲ့ ကိုယ်ရေးဖိုင်ကို သူ ထုတ်လည်းကြည့်မိသည်။

ဖခင်အမည် - ဦးမောင်မောင်ရီ (ကွယ်လွန်)
မိခင်အမည် - ဒေါ်ရီရီသာ (ဈေးရောင်း)
အစ်ကိုအမည် - ကိုမင်းသော်တာ
နေရပ် -

သူ ဖိုင်ကို ပိတ်ပစ်လိုက်သည်။ မြူရီက ရပ်ကွက်လေးမှာ နေထိုင်တာပါ။ သက်တန့်ရောင်စဉ်ဟု ခေါ်တဲ့ ရောင်စဉ်ကလည်း တစ်ဦးတည်းသောသား။ သူ့မိဘတွေလည်း ငယ်စဉ်က ချို့တဲ့ကြသူ များဟု သိထား၏။ ဖခင်မရှိတော့။ သူငယ်စဉ်လေးကပင် ဆုံးသွား၏။ မာမီရဲ့ ကြိုးစားမှုနှင့် ရောင်စဉ်တို့ စီးပွားရေးကောင်းလာပြီး ကုမ္ပဏီ ကြီး ပိုင်ဆိုင်လာနိုင်သည်။

'မဟာမြင့်မိုရ်ရဲ့ ကုမ္ပဏီကြီးကို မာမီ ဘယ်လိုထူထောင်လာ ခဲ့လဲ'

'အရမ်းကြိုးစားခဲ့ရတာပါ၊ သားအတွက်ပဲလေ၊ မာမီထက် ပိုပြီးအောင်မြင်ဖို့ ကြိုးစားပါ'

မာမီ့နာမည်က ဒေါ်မြင့်မိုရ်ခင်ပါ။ ဘဝဆိုတာ ဒီလိုပါပဲ ပန်းမြူရီရယ်။ တိုက်ပွဲပါပဲ။ ကိုယ်လည်း ငယ်စဉ်လေးကတည်းက



www.burmeseclassic.com

www.burmeseclassic.com



စည်းစိမ်ဥစ္စာတွေ ခြံရံပြီး မွေးဖွားခဲ့တာ မဟုတ်ပါဘူး။ မင်းကိုကြည့်ရတာ လေးလေးနက်နက် မရှိလိုက်တာ။ ကလေးတစ်ယောက်လိုပါပဲ။ ဒီကောင်မလေးကို ပညာတွေတတ်အောင် သင်စေပြီး သန့်ရှင်းရေးရာထူးကနေ တိုးမြှင့်ပေးချင်သည်။

'ဖြစ်နိုင်ရင် မင်းကို ကိုယ့်အနားမှာ ထားချင်တယ်၊ ကိုယ့်အတွင်းရေးမှူးမလေး အဖြစ်လေ'

ပန်းမန္တျူရီကို ရိုးသားဖြူစင်လွန်းသူလေးဟု ထင်မိသည်။ ရောင်စဉ့် စိတ်ထဲမှာ ထူးဆန်းလှပသော နာမည်ပိုင်ရှင်လေးနှင့်အတူ တက္ကသိုလ်ဝင်တန်းပင် မအောင်တဲ့ သန့်ရှင်းရေးကောင်မလေးကို မထင်မှတ်ဘဲ စွဲလမ်းနှစ်သက်မိသွား၏။ သူ့အတွင်းရေးမှူးမလေး ခင်တွယ်တာရဲ့ နေရာမှာ ပန်းမန္တျူရီကို မြင်ယောင်နေသည်။

'အမ်ဒီ'

'ဟင်'

'ကော်ဖီ လာပို့တာပါ'

'ကောင်းပြီ ထားခဲ့လေ ပန်းမန္တျူရီ'

'အမ်ဒီ ဘယ်နာမည် ခေါ်လိုက်တာလဲ၊ ပန်းမန္တျူရီက သန့်ရှင်းရေးဝန်ထမ်းအသစ်ပါ'

'ဩော်··· ဟုတ်သားပဲ၊ ကိုယ်က ထူးထူးခြားခြား နာမည်ဖြစ်နေလို့ စိတ်ထဲမှာ စွဲနေတယ်'

ခင်တွယ်တာ့အပြုံးကပင် သူ တော်တော်မျက်နှာပူသွားရပြီ။ နာမည်က ဆန်းနေလို့ပါဟု ထပ်ရှင်းပြချင်သွားသည်။

'ဒီပန်းမန္တျူရီဆိုတဲ့ နာမည်ကတော့ တော်တော်လေး ရေပန်းစားနေတယ်ထင်တယ် အမ်ဒီ၊ ကုမ္ပဏီတစ်ခုလုံး ဒီနာမည်ပဲ ပြောနေကြတယ်၊ အရမ်းချောတယ်တဲ့၊ မန်နေဂျာလူပျိုကြီးတွေရော၊ ဒါရိုက်တာကိုထင်လင်းတောက်ရော၊ မိန်းမရှိတဲ့ ယောကျ်ားတွေရော၊ အားလုံး စိတ်ဝင်တစားပဲ ပြောနေကြတယ်၊ ကျွန်မတို့ အမ်ဒီပါ အပါအဝင်ဖြစ်နေပြီလား'

'ကိုယ်က နာမည်နဲ့ အလုပ်မလိုက်ဖက်လို့ စဉ်းစားမိတာပါ၊ စိတ်ဝင်စားစရာတော့ မရှိပါဘူး၊ ကော်ဖီထားခဲ့လေ ခင်တွယ်တာ'

'ဟုတ်ကဲ့'

အရေးထဲ သူ့ပါးစပ်က ပန်းမန္တျူရီဆိုတဲ့ နာမည်ထွက်သွားရသေးတယ်။ ခင်တွယ်တာ ဘယ်လိုထင်သွားမလဲ။ ပန်းမန္တျူရီ ရောက်မလာခင်က ကုမ္ပဏီမှာ သူ့အတွင်းရေးမှူးမလေး ခင်တွယ်တာက စတားပဲ။ သူမကတော့ မကျေမနပ်ဟန်ဖြင့် မျက်နှာလေးတည်နေသည်။

'မနက်ဖြန် သန့်ရှင်းရေးဝန်ထမ်းအသစ်တွေ တွေ့ဆုံပွဲကို အရမ်းစိတ်ဝင်စားနေတယ်၊ ဒါရိုက်တာကိုထင်လင်းတောင် လာမလို့တဲ့'

'ဟုတ်သားပဲ၊ ကိုယ်ကတော့ လက်ထောက်တွေနဲ့ပဲ တွေ့ပေးမလားလို့'

'ကောင်းတယ် အမ်ဒီ၊ အရေးအရာလုပ်မနေပါနဲ့၊ သန့်ရှင်းရေးဝန်ထမ်းတွေပဲ၊ လက်ထောက်တွေနဲ့ပဲ လွှဲအပ်ပေးသင့်ပါတယ်'

'အင်း'







www.burmeseclassic.com

www.burmeseclassic.com



ခင်တွယ်တာ လုပ်တာနှင့် ဝန်ထမ်းအသစ်တွေနှင့် တွေ့ဆုံပွဲကို သူသွားဖို့ပြင်နေတာ ဖျက်ရတော့မလိုဖြစ်နေသည်။ အရမ်းကြီးစိတ်ဝင်စားဟန်လည်း မပြရဲ။ သူအကြောက်ဆုံးက သူ့ဂုဏ်သိက္ခာတွေကျဆင်းအောင်ပြောကြမှာပင်။ ခင်တွယ်တာက လက်ထောက်တွေနဲ့ပဲတွေ့ဖို့ ကျွန်မ ပြောလိုက်မယ်ဟု ပြောကာ ပြန်ထွက်သွားသည်။

'ဒုက္ခပါပဲကွာ၊ အမ်ဒီကိုယ်တိုင် ဝန်ထမ်းအသစ်ကို တွေ့ရမှာပေါ့၊ မင်းကလည်း မင်းပဲ ရောင်စဉ်၊ မင်း ဒီကောင်မလေးအတွက် ဘာဖြစ်လို့များ ဒီထောက်အထိ စိတ်လှုပ်ရှားနေရတာလဲကွာ'

ဟိုကောင် ထင်လင်းတောက်ကပါ ဘယ်ကနေသတင်းကြားပြီး စိတ်ဝင်စားနေရတာလဲ။ ဒါရိုက်တာနေရာမှာ မနေဘူး။ သူ့ကုမ္ပဏီမှာ ပညာတတ်လူပျိုလူလွတ်တွေ အများကြီးပဲ။ ပန်းမဉ္ဇူရီ စိတ်ဝင်စားသွားမလား။ သူလည်း မဆီမဆိုင် သူ့ရုံးခန်းမှာ ရှိနေတဲ့ ကိုယ်လုံးပေါ်မှန်ကြီးရှေ့ သွားရပ်ပြီး သူ့ရုပါကို ကြည့်ရှုမိနေသည်။

□ □ □



## အခန်း (၃)

သန့်ရှင်းရေးဝန်ထမ်းအဖြစ် အလုပ်ဝင်ခွင့်ရတာကို မေမေသိလို့မဖြစ်ဘူး။ မဉ္ဇူရီကို အလုပ်ကြမ်းတွေ ဘယ်တော့မှ မလုပ်စေချင်လှန်းတဲ့ မေမေသာ သိသွားရင် စိတ်ထိခိုက်ကြေကွဲပြီး နှလုံးတောင် ထဖောက်သွားနိုင်သည်ဟု မဉ္ဇူရီထင်သည်။ ဒါပေမဲ့ မဉ္ဇူရီမှာ ရွေးချယ်စရာလမ်းမှာ မရှိတာဘဲ။ မေမေ ကျန်းမာရေးမကောင်းလို့ မဉ္ဇူရီကျောင်းစရိတ်တောင် အပြည့်အဝရှိနေလို့လား။ မဟာမြင့် မိုရ်ကုမ္ပဏီက မဉ္ဇူရီတို့လို တက္ကသိုလ်ဝင်ပြန်ဖြေမည့် ဝန်ထမ်းတွေကို အထောက်အပံ့ပေးမည်ဖြစ်၍ မဉ္ဇူရီလည်း လျှောက်လိုက်တာပါ။ အလုပ်ကရပေမယ့် အမ်ဒီကိုသက်တန့်ရောင်စဉ်ဆိုတဲ့ လူနဲ့က မဉ္ဇူရီနှင့် မကြာခဏ ထိပ်တိုက်တွေ့နေသည်။

'မဉ္ဇူရီ နင်ကလည်း နင်ပဲ၊ အသုံးမကျလိုက်တာ၊ အမ်ဒီဆိုတာကို တရိုတသေ ဆက်ဆံရမှာကို'



www.burmeseclassic.com

www.burmeseclassic.com



ညူမ နောင်တတွေရနေမိသည်။ မနက်ဖြန်မှာ အမ်ဒီက ဆူမတို့ဝန်ထမ်းအသစ်တွေကို မိန့်ခွန်းခြွေမယ်တဲ့။ မဥ္ဇူရီကို ပြာကလပ်စိန်မလို့များ ဆုံးမစကားတွေပြောမလား။ ကြည့်နေပါ။ မဥ္ဇူရီ ဘယ်လောက်အထိ တာဝန်ကျေလည်းဆိုတာ ပြရမယ်။ လုပ်ငန်းလေ့ကျင့်မှုအဖြစ် မဥ္ဇူရီအိမ်က အလုပ်တွေကို သိမ်းကြုံးလုပ်နေသည်။

'သမီး မဥ္ဇူရီ၊ ဘာတွေလုပ်နေတာလဲ၊ အမလေး အိမ်လေးက သန့်ရှင်းပြောင်ရောင်နေတာပဲ၊ သမီးလေး ပင်ပန်းပါတယ်၊ မေမေက အဲဒီလိုအလုပ်ကြမ်းတွေ မခိုင်းရက်ဘူး၊ မလုပ်ပါနဲ့တော့၊ စာအုပ်တွေစုစမ်းပါ၊ တက္ကသိုလ်ဝင်တန်းလေးတော့ အောင်အောင်ပြန်ဖြေစမ်းပါအေ'

'သမီးစုထားပြီးပါပြီ မေမေ၊ အားလုံး အဆင်သင့်ပဲ၊ အခုမှ ပညာရေးဒါန ကျောင်းလည်း သမီးစုံစမ်းပြီးပါပြီ၊ မေမေ စိတ်အေးအေးနေပါ'

'သမီးလေးတစ်ယောက်တည်းရှိတာ ဘွဲ့လေးတစ်ခုတော့ ရမှဖြစ်မယ်၊ သမီးက ဉာဏ်ကောင်းပါတယ်၊ ဒါပေမဲ့ ညည်းကိုကို ကြောင့်ပါ၊ သမီးလေးကို သနားတယ်'

'ကိုကို့အကြောင်း တွေးမနေပါနဲ့တော့ မေမေရာ၊ ပိုက်ဆံချမ်းသာတဲ့ဘဝမှာ ကိုကိုက နေထိုင်ကြီးပြင်းလာရတော့ သနားတောင်သနားပါတယ်၊ မဥ္ဇူရီ ကြိုးစားမှာပါ၊ အောင်စေရမယ်'

တွေးမိတိုင်း သမီးလေး မဥ္ဇူရီကို သနားနေမိသည်။ မိမိသမီးရော သားရော ချောချောလေးတွေပါ။ ဒါပေမဲ့ ကံဆိုးရှာကြတယ်။





မိမဟာ နင့်ကြောင့်ပဲ။ ငါ့ငွေတွေကိုလိမ်သွားတာ။ နင်ဘယ်ရောက်နေလဲ။ သမီးမွေးကင်းစ လသားအရွယ်မှာပဲ ဒေါ်ရီရီသာ ဘဝပျက်သွားရ၏။ မိမဟာ လူလိမ်မ၊ ငယ်သူငယ်ချင်းဖြစ်ပြီး ငါ့အပေါ်ရက်စက်လွန်းတယ်။ မိမိလည်း နောင်တရနေလို့ ဘာထူးတော့မှာလဲ။ ကုန်ပြီ။ သမီးလေး မဥ္ဇူရီကိုပဲ သနားသည်။

'မေမေ'

'ဟင်'

'သမီး လုပ်ထားတဲ့အိမ်သန့်ရှင်းရေးလက်ရာ ဘယ်လိုနေလဲ'

'သန့်ပြန့်နေတာပဲ၊ မေမေတောင် သမီးလေး စိတ်ဝင်တစားလုပ်နေတာ အံ့သြတယ်၊ တော်လိုက်တာ'

'အဟိ'

'ဘာရယ်တာလဲ၊ သမီးကို ကြည့်ရတာ ထူးခြားနေသလိုပဲ၊ သမီးပျော်နေလား၊ ဖေကန္တ သမီးမှာ ချစ်သူတွေဘာတွေ တွေ့နေပြီလား'

'အဟက်'

'ဟင်··· ပြောပြစမ်း၊ သမီး ဘာတွေဖြစ်နေလဲ၊ ဘယ်သူလဲ၊ ညည်းဖေဒင်တွေကို သိပ်မယုံနဲ့နော်၊ ဘာမဟာဘုတ်လဲ၊ ငွေငွေ့လိုဖြစ်မယ်နော်၊ ပြောစမ်း'

'မရှိပါဘူး၊ မဥ္ဇူရီက တေုန်းမှမဟုတ်တာ၊ ကျောင်းကိစ္စအဆင်ပြေလို့ပါ၊ မေမေ့ကို အသိမပေးဘဲ သမီးဘာမှမလုပ်ပါဘူးနော်'

'မဥ္ဇူရီရယ်··· မေမေ သမီးလေးကို အရမ်းလှပပြီး နူးညံ့လွန်းလို့ မဥ္ဇူသတ္တနတ်ပန်းလေးနဲ့ နှိုင်းယှဉ်ပြီး ပန်းမဥ္ဇူရီလို့ပေးခဲ့တာပါ'



www.burmeseclassic.com

www.burmeseclassic.com



'အဲဒါကြောင့် မဍူရီက နာမည်ပြောင်းချင်တာပဲ မေမေ၊ နာမည်စီးနေလို့ မဍူရီ ညှံ့ဖျင်းနိမ့်ကျနေရတာလေ'

'သမီးကို ဟောထားတဲ့ ဗေဒင်မှန်ပါစေ၊ မဟာဘုတ်အတိုင်း လင်္ကာကောင်းပါစေ၊ ငွေငွေ့လိုမဖြစ်ပါစေနဲ့၊ မေမေတို့အိမ်လေး သန့်ပျံ့မွှေးကြိုင်နေတာပဲ၊ တော်တယ်'

မေမေတောင် ချီးမွမ်းနေပြီလေ။ အမ်ဒီ ကိုသက်တန့်ရောင်စဉ်ရော ချီးမွမ်းစေရမယ် မဍူရီပါ။ မလုပ်ချင်လို့နော်။ အလုပ်ကို စိတ်ဝင်တစားလုပ်ရင် အားလုံးချီးမွမ်းစေရမယ်။ မနက်ဖြန်အတွက် ရင်ခုန်လိုက်တာ။ မဟာမြင့်မိုရ်ကုမ္ပဏီကြီးက အရမ်းကြီးကျယ်ခမ်းနားလွန်းသည်။

'အမ်ဒီနဲ့ငါ အမြဲတမ်း ထူးထူးခြားခြားလေး ဆုံတွေ့နေရတယ်၊ အတိတ်ဘဝက ဖူးစာရေစက်များရှိလို့လား၊ ဟွန်း··· မဖြစ်နိုင်တာ၊ မျက်နှာကျောကြီးက တင်းလို့၊ နင့်လိုသန့်ရှင်းရေးမကို အထင်ကြီးမလား ဟဲ့··· မဍူရီရဲ့'

သူ့ဘေးနားမှာ ချောပေ့ ချမ်းသာပေ့၊ ပညာတတ်ပေ့ဆိုတဲ့ မိန်းမတွေဝိုင်းဝိုင်းလည်နေလို့ သပ်ချပ်ဖြစ်နေရမယ်။

သူမ စိတ်ကူးယဉ်အတွေးကို ရုတ်ခြည်းပဲ ပယ်ချပစ်လိုက်သည်။ အရူးမ ဘာတွေစိတ်ကူးယဉ်နေတာလဲ။ မဟာဘုတ်က မဟာဘုတ်ပဲ။ ငွေငွေ့လိုဆို ဘယ်လိုလုပ်မလဲ။ ဟုတ်တယ်။ ငွေငွေနဲ့ မဍူရီက တစ်နှစ်တည်းမွေးကြတာပါ။ မဟာဘုတ်အတူတူပဲလေ။ လင်္ကာဆိုးလိုက်တာ။ အင်း··· လက္ခဏာပဲ ထည့်တွက်ပြောရမလား။





ငွေငွေလက္ခဏာက ချို့င့်ခွက်ပြီး ထူးခြားတာမှမပါတာ။ မဍူရီရဲ့ လက္ခဏာက သူကြွယ်လမ်းကြောင်းတွေ ကြိုးလ်ခုံတွေမို့မောက်ပြီး သွေးရောင်လွှမ်းနေတာပဲတဲ့။ ကျက်သရေရှိတဲ့ လက္ခဏာရှင်တဲ့။ အားကတော့ သိပ်မရှိပါဘူး။ တက္ကသိုလ်ဝင်တန်း သုံးနှစ်ကျ၊ သန့်ရှင်းရေးဝန်ထမ်း။ ကြီးကျယ်လိုက်တဲ့ မဟာမြင့်မိုရ်ကုမ္ပဏီ သန့်ရှင်းရေးဝန်ထမ်းတောင် ပညာအရည်အချင်း ၁၀ တန်းတဲ့။ ဒါပေမဲ့ အခွင့်အရေးက တက္ကသိုလ်ဝင်တန်းဖြေဆိုလိုလျှင် အထောက်အပံ့ အကူအညီပေးမည်တဲ့။ မေမေကတော့ ဗေဒင်လည်းသိပ်မယုံနဲ့ ပညာမတတ်ရင် ဘယ်သူက အထင်ကြီးမှာလဲတဲ့။ မေမေထသွားသည်။

'မေမေ ပြောတာလည်း ဟုတ်ပါတယ်၊ စိတ်ကူးမယဉ်ပါနဲ့၊ တကယ်ပဲ ဒီဗေဒင်သွားမမေးမိရင် အကောင်းသား'

သူမ အတွေးတွေကို ဖြတ်ပြီး သန့်ရှင်းရေးဆက်လုပ်နေသည်။ မပင်ပန်းပါဘူး။ မဍူရီက စိတ်တော့မာတယ်။ ဘဝကလည်း ခက်ခဲကြမ်းတမ်းခဲ့တာပဲ။ အစ်ကိုတစ်ယောက်ရှိပါတယ်။ အိမ်မှာမကပ်။ ဘယ်သွားနေမှန်းလည်း မသိဘူး။ ပြဿနာဖြစ်ရင် အိမ်ကို ပြန်လာတယ်။ မေမေ့ဆီမှာ အပူကပ်တယ်။ မရရင် ရှိတာတွေ တိတ်တိတ်လေးယူသွားတယ်။ တကယ်ပါပဲ။ တစ်ခါတစ်ရံတော့လည်း ကိုကိုယ်စဉ်ကစည်းစိမ်ချမ်းသာတွေနှင့် နေထိုင်ရပြီး ဆင်းရဲနွမ်းပါးချိန်တွင် ကိုကိုစိတ်ဓာတ်ဖွေပျက်ပြားမှာပဲဟု တွေးမိပြီး သနားသည်။

'ကိုကို့ကို တွေ့ချင်တယ်၊ မေမေနဲ့ ညီမလေး ဘာတွေဖြစ်နေလဲဆိုတာ လာကြည့်ပါဦး'

ကိုကို့အကြောင်းမတွေးတော့ပါဘူး။ သူမအားတင်းထားရှာ



www.burmeseclassic.com

www.burmeseclassic.com



ပဲ။ ကိုကိုကဒုက္ခပဲပေးတာ။ အားကိုးရတာမှ မဟုတ်တာ။ သူမ အိမ်သန့်ရှင်းရေးပြီးတော့ ရေချိုးအဝတ်အစားလဲသည်။

'သမီးရေ ညစာ စားတော့မလား၊ တစ်နေကုန်အိမ်သန့်ရှင်းရေးတွေလုပ်နေရလို့ ပင်ပန်းနေပြီထင်တယ်၊ အိမ်က မေမေနေ့တိုင်း သန့်ရှင်းရေးလုပ်ပါတယ်'

'သမီးကလေ မေမေ ပင်ပန်းမှာစိုးလို့ ဝိုင်းကူညီတာပါ၊ မနက်ဖြန် မနက် သမီး ပညာရေးဒါနသင်တန်းတွေ တက်ရမယ်၊ တစ်နေကုန်နီးပါးပဲ'

'ကြိုးစားပါကွယ်၊ မေမေလည်း တတ်နိုင်သလောက် ကြိုးစားရှာမယ်၊ မပူပါနဲ့၊ ပညာရေးကိုပဲ အာရုံစိုက်ပါ'

မေမေ့ကို သူမ အလုပ်ဝင်တာပြောပြလို့ မဖြစ်သေးပေ။ ဖြည်းဖြည်းချင်းမှ ပြောပြမယ်။ မေမေနှင့်အတူတူ ညစာစားကြသည်။

'မဥ္ဇူရီလေး မေမေချစ်ရတဲ့ သမီးလိမ္မာလေး၊ စာမေးပွဲ မအောင်တာတွေ တစ်ခုပါပဲကွယ်၊ အဲဒါလည်း သမီးအပြစ်မရှိပါဘူး'

'ဘာလဲ ကိုကို့ကို အပြစ်တင်ဦးမလို့လားဟင်၊ တော်ပါတော့ မေမေရာ၊ ကိုကို့အကြောင်းပြောရင်း မေမေမျက်ရည်ကျတော့မယ်၊ မေ့ထားလိုက်စမ်းပါ၊ မဥ္ဇူရီတစ်ယောက်လုံး ရှိပါသေးတယ်'

မေမေ့အား ချော့မော့နှစ်သိမ့်အားပေးပြီး သူမ အလုပ်ပင်ပန်းလို့လားမသိ။ မနက်ဖြန်လည်း အလုပ်ဆင်းရမှာမို့ စောစောပဲ အိပ်ယာဝင်ခဲ့သည်။ အိပ်တော့မယ်။ မနက်ဖြန်အားအင်တွေပြည့်ဝနေမှပါ။ သူမ မျက်ဝန်းလေးတွေ ထိကပ်ပြစ်လိုက်တာနှင့် အိပ်ပျော်သွားတော့၏။ အရေးထဲ မဥ္ဇူရီ အိမ်မက်လှလှလေးက မက်နေသေးသည်။





'မဥ္ဇူရီရယ်... မင်း မဟာဘုတ်အတိုင်း ချမ်းသာတဲ့ ယောက်ျားနဲ့လက်ထပ်ရမယ်ဆိုတာ မှန်နေပြီ ထင်တယ်၊ မင်းကို ကိုယ် လေ တွေ့တွေ့ချင်းပဲ ချစ်မိသွားတယ်'

'အို'

'အံ့သြသွားလား၊ ကိုယ် လူကြီးစုံရာနဲ့ တောင်းယူပြီးလက်ထပ်မယ်၊ ကိုယ့်အချစ်ကို လက်ခံပေးပါ မဥ္ဇူရီရယ်'

'မဖြစ်နိုင်ပါဘူး အမ်ဒီရယ်၊ မဥ္ဇူရီက သန့်ရှင်းရေးဝန်ထမ်းပါ၊ ဘဝချင်းက အရမ်းကွာဝေးလွန်းပါတယ်၊ မဥ္ဇူရီ လက်မခံနိုင်ပါဘူး'

'ကိုယ်ဘာကိုမှ ဂရုမစိုက်ဘူး၊ အရာရာ ကိုယ့်သဘောဆန္ဒပဲ၊ မဥ္ဇူရီကို အရမ်းချစ်တယ်၊ မခွဲနိုင်တော့ဘူး ချစ်တယ်ကွာ'

မပြောမဆိုနှင့် မဥ္ဇူရီကို ပွေ့ဖက်၍ နမ်းဖို့ သူမနှုတ်ခမ်းဆီသို့ သူ့မျက်နှာကြီးအုပ်မိုးလာချိန်တွင် မေမေက အပြင်မှ သူမနာမည်ကို ခေါ်ကာအခန်းတံခါးကို ထုနေသည်။

'မဥ္ဇူရီ သမီးလေး ထတော့လေ၊ ဘာတွေယောင်နေတာလဲ၊ ငှားဝူးဝါးဝါးနဲ့ ထ၊ ဒီမနက် ကျူရှင်တက်ရမယ်ဆို'

'ဟင်'

မေမေ့အသံကြောင့် မဥ္ဇူရီ အိပ်ယာမှ လန့်နိုးသွားသည်။

'မဥ္ဇူရီ သမီးလေး ထတော့'

'အင်း... မေမေကလည်း'

'ထတော့လေ၊ နေမြင့်နေပြီ၊ သမီးလေး ကျောင်းတက်ရမယ် လေ'



www.burmeseclassic.com

www.burmeseclassic.com



သူမ ထပြီး တံခါးဖွင့်ပေးလိုက်သည်။ မေမေက မဥ္ဇူရီအား ဘာဖြစ်လို့အော်နေရတာလဲ သမီးယောင်နေတာလားဟု မေးတော့ ရှက်ပြီး မျက်နှာပူသွားရ၏။ မဥ္ဇူရီ အိပ်မက်မက်နေတာပါ။ အမ်ဒီနဲ့ သူမစိတ်ကူးယဉ်နေမိသွားတာကနေ အိမ်မက်အဖြစ် ပြောင်းလဲသွားတာပဲဖြစ်နိုင်သည်။

'သမီး မျက်နှာသစ်ပြင်ဆင်တော့၊ ရေချိုး၊ မေမေ မနက်စာနဲ့ ထမင်းဗူးအဆင်သင့်ပြင်ပေးထားမယ်နော်'

'ဟုတ်ကဲ့'

မဥ္ဇူရီ အိပ်မက်လေးကိုတော့ လွမ်းမောတမ်းတမိသည်။ မဖြစ်နိုင်တာကြီးကို မဥ္ဇူရီ စိတ်ကူးယဉ်မနေတော့ပါဘူး။ သူမ မျက်နှာသစ် ရေချိုးရင်း ဒီမနက် အမ်ဒီနှင့်တွေ့ရမှာ မဟုတ်လား။ အိပ်မက်ကြီးကလည်း တကယ်ပါပဲ။ သူမမျက်စိတွေထဲက ထုတ်ဖယ်၍မရ။ ဟွန်း··· ဘာကြီးမှန်းလည်း မသိဘူး။ မဥ္ဇူရီ ရယ်လည်းရယ်ချင်၏။ အထွတ်အထိပ် အမ်ဒီကိုမှ နင်အကောင်းဆုံးကိုတော်တော်လေးရွေးချယ်တတ်တာပဲ မဥ္ဇူရီ။ သူမ ရေချိုးပြီးအဝတ်အစားလဲသည်။ ကျွှာဆီ ရောက်ရင် သန့်ရှင်းရေးဝတ်စုံကိုလဲရမှာပါ။ မေမေကမသိ။ သူမ စာအုပ်တွေ ဘာတွေ အလေးကြီးသယ်သွားရ၏။ မနက်စာစားပြီး မေမေထည့်ပေးတဲ့ ထမင်းဗူးကို ယူပြီး ထွက်လာခဲ့သည်။

'သွားပြီနော် မေမေ'

'သမီး'

'ဟင်'





'ကျောင်းစာတွေကို သေသေချာချာလေ့လာနော်၊ ဒီနှစ်တော့ သမီးအောင်အောင်ကြိုးစားပါ၊ မေမေ စိတ်အေးချင်တယ်'

'စိတ်ချပါ အပြတ်ကြိုးစားမယ်'

'အေး··· အေး'

ဒေါ်ရီရီသာ ကျောခိုင်းထွက်သွားတော့ သမီး[illegible]လေး [illegible] ကျောကို ကြည့်ရင်း မျက်ရည်တွေပင် [illegible]သည်။ သမီးလေး ဆင်းဆင်းရဲရဲ ခက်ခက်ခဲခဲနထိုင်ရပေမယ့် [illegible] ပျော် ရွှင်ရွှင်နှင့် နေထိုင်ခဲ့၏။ မိမိကို ဒုက္ခမပေး[illegible]ရွေးက ရုပ်ချော ပေမယ့် ချစ်သူထားတာတွေ တွဲတာတွေ [illegible]သူမက သူ့ရွေး နှင့်ညားမှာမို့ တော်ရုံယောကျ်ားတွေကို စိတ်မဝင်စားဘူးတဲ့။ မိမိ အတိတ်ကို တွေးမိသွားရသည်။

'ရီသာရယ်··· နင်က ဘာမှမလုပ်တတ်ပါဘူး၊ မဟာပဲ နင့်ကို ပုံမှန်ဝင်ငွေလေးရအောင် လုပ်ပေးမယ်လေ'

သူငယ်ချင်းမဟာက လယ်သည်။ စီးပွားရေးလုပ်ငန်းတွေ သည်း လုပ်ကိုင်တတ်၏။ ဒေါ်ရီရီသာက မလုပ်ကိုင်တတ်ဘူး။ ယောကျ်ားသေဆုံးသွားတော့ ကလေးနှစ်ယောက်နှင့် ယောင်ချာချာကျန် ရစ်ခဲ့သည်။

'မိမဟာရယ်··· နင့်ကိုပဲ အားကိုးနေရတာပါ၊ ရီ ဘာမှမလုပ် တတ်ဘူး၊ ဝင်ငွေရှိမှဖြစ်မယ်၊ ကလေးတွေက ငယ်သေးတယ်လေ'

သူငယ်ချင်းနာမည်က မြင့်မိုရ်ခင်ဖြစ်ပေမယ့် ကြီးကြီးကျယ် ကျယ်တွေလုပ်ကိုင်တတ်၍ ရပ်ကွက်ထဲမှာ မိမဟာဟုပဲ နာမည်တွင် သောက်အောင်တော်သည်။



www.burmeseclassic.com

www.burmeseclassic.com



'နင့်ကိုပဲ ငါအားကိုးပါတယ်၊ နင်လုပ်ပေးပါ'

'ပြီးရော၊ နင် တစ်လတစ်လ အတိုးပဲ သုံး၊ နင့်မှာ ဘယ်လောက်ရှိလဲ'

ဒေါ်ရီရီသာက စုဆောင်းထားတာလေးတွေအားလုံး စုဆောင်းပေးလိုက်သည်။ ပထမတစ်လနှစ်လတော့ အတိုးမှန်နေ၏။ ဒေါ်ရီရီသာလည်း ယုံကြည်ပြီး ရှိစုမယ့်စု လက်ဝတ်လက်စားတွေပါ ရောင်းပြီး မဟာအား ပေးလိုက်တော့သည်။

'နင် ဘာမှမပူနဲ့၊ ပြန်လိုချင်ရင် တစ်လပဲ ကြိုပြော၊ နင့်သားကြီးက အသုံးအဖြုန်းကြီးတယ်နော်၊ နင်ငွေရှာထားမှ၊ ငါ့လုပ်ငန်းတွေ အောင်မြင်ရင် နင် ရှယ်ယာဝင်ထားလို့ အကျိုးအမြတ်ရမယ်၊ ငါ့ကိုယုံစမ်းပါ'

'အေးပါဟယ်၊ နင့်ကိုပဲ အားကိုးပြီး အပ်ထားတာပဲ၊ ငါ့သားကြီးကလည်း ငယ်သေးတယ်၊ သမီးလေးကလည်း လသားလေး၊ ငါဘာမှမလုပ်တတ်ဘူး၊ ငါ့သားသမီးတွေ ကြီးလာရင် ဆင်းရဲမှာ ငါအကြောက်ဆုံးပဲ မဟာ'

'မဟာပါ၊ ဘယ်လောက်အကြံအဖန်တော်လဲဆိုတာ နင် သိတယ်မဟုတ်လား'

'သိပါတယ်ဟယ်'

ဒေါ်ရီရီသာ့မှာလည်း ကုန်ရော မဟာတို့မိသားစု ဘယ်လိုပြောင်းသွားမှန်းပင် မသိတော့။မ ဟာ ယောက်ျားက သူ့သားကြီးနှင့် နိုင်ငံခြားမှာရှိနေတော့ နိုင်ငံခြားပဲ လိုက်သွားသယောင် သတင်းက အစအနပျောက်သွားတော့သည်။





'မိမဟာ နင့်ကြောင့်ပဲ၊ ငါ့သားသမီးတွေ အရမ်းဆင်းရဲနေရပြီ၊ ငါ့သားကြီးလည်း ဘဝပျက်ရတယ်၊ အခု ငါ့သမီးလေး ပန်းမြှူရိုလေ၊ အရမ်းနုံချာသိမ်ငယ်နေရတယ်၊ နင့်ကိုတော့ ငါ လုံးဝခွင့်မလွှတ်ဘူး မိမဟာ၊ တွေ့ရင်တော့လား'

ဒေါ်ရီရီသာ ကြိမ်းဝါးရင်း မျက်ရည်တွေပါးပြင်ပေါ် လိမ့်ဆင်းကျလာသည်။ မိမဟာပျောက်ချက်သားကောင်းလိုက်တာ။ သတင်းမရ။ နိုင်ငံခြားကို ထွက်သွားပြီဟုပဲ သတင်းကြားလိုက်ရ၏။ ရက်စက်လိုက်တာ၊ တစ်ကိုယ်ကောင်းဆန်တဲ့မဟာ။ သူငယ်ချင်းမျက်နှာတောင် မထောက်ထားဘူး။ ဒေါ်ရီရီသာ သားသမီးတွေ ကွယ်လျှင် အမြဲတမ်း မိမဟာကို ဒေါသတွေ ပေါက်ကွဲရပြီး ငိုမိလေသည်။

□ □ □



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

တည်ကြည်မာထန်နေတတ်တဲ့ ငယ်ငယ်ရွယ်ရွယ် အမ်ဒီ သက်တန့်ရောင်စဉ်ရဲ့ စိတ်တွေ လှုပ်လှုပ်ခတ်ခတ်နှင့် သန့်ရှင်းရေး ဝန်ထမ်းအသစ်တွေနှင့် တွေ့ဆုံပွဲကို တက်ရောက်ချင်နေသည်။ သူ့ရဲ့ အတွင်းရေးမှူးမလေး ခင်တွယ်တာက လက်ထောက်တွေပဲသွားဖို့ စီစဉ်နေ၍ ခက်နေသည်။ ပန်းမဥ္ဇူရီရဲ့ ပျော်ရွှင်နေတဲ့ မျက်နှာလေးကို မြင်တွေ့ချင်နေ၏။ သူ့စိတ်တွေကို လွှမ်းမိုးနိုင်လွန်းတဲ့ ကောင်မလေး ပါ။ ဒါရိုက်တာ ထင်လင်း… ဒီကောင်ပါ စိတ်ဝင်စားနေတယ်။ ပန်းမဥ္ဇူရီ မင်းက ဘာအကြံနဲ့ သန့်ရှင်းရေးလာလျှောက်ရတာလဲ။ သန့်ရှင်းရေးအလုပ်နဲ့ သူမ ရုပ်ရည် လုံးဝဆန့်ကျင်ဘက်ပဲ။ သူတို့လို အမ်ဒီတွေ ဒါရိုက်တာတွေကို ဖန်ဖို့လား။ ဒီလိုကြီး ရက်ရက် စက်စက်ကြီး မတွေးချင်။ ခင်တွယ်တာက မိန်းကလေးချင်း မနာလို ဝန်တိုဖြစ်နေလားတောင် မသိပါဘူး။ သူ့ရုံးခန်းကို အစောကြီး ရောက်လာပြီး အလုပ်မရှိအလုပ်ရှာလုပ်ရင်း သူ့လက်ထောက် မိုးတိမ်တောင်လာခေါ်မလား စောင့်နေမိသည်။





'အမ်ဒီ'

'ဟင်'

ရောင်စဉ် ဝမ်းသာအားရ မော့ကြည့်လိုက်တော့ သူ့လက် ထောက် ကိုတိမ်တောင် မဟုတ်ဘဲ အတွင်းရေးမှူးမလေး ခင်တွယ်တာ ဖြစ်နေသည်။

'အစောကြီးရောက်နေတာပဲ၊ တောင်းပန်ပါတယ်နော်၊ တွယ်တာ့ဆီ ဖုန်းဆက်လိုက်ရောပေါ့၊ အလုပ်မရှိလို့ နောက်ကျမယ် ထင်တာ၊ တွယ်တာ ကော်ဖီသွားဖျော်ပေးမယ်နော်'

'ရပါတယ်၊ ကိုယ် ဒီနေ့ရုံးစောစောဆင်းမယ်၊ ဒါကြောင့် အလုပ်တွေ လက်စပြတ်အောင်လေ'

'ခင်တွယ်တာရော လှကြ်မှတ်ထိုးစရာတွေရှိသေးလား၊ ယူလာခဲ့ပါ'

'မရှိတော့ပါဘူး အမ်ဒီ၊ မနေ့ကတည်းက တွယ်တာ အလုပ် မရှိဘူး၊ အမ်ဒီနောက်ကျမှလာလည်းဖြစ်တယ်လို့ပြောခဲ့တယ်လေ'

'အင်းလေ ကိုယ်ကော်ဖီသောက်ပြီးရင် နေ့တစ်ဝက်ပဲ နေမယ်'

'ဟုတ်ကဲ့'

ခင်တွယ်တာက သူ့ကို ဘာမဟုတ်တဲ့ သန့်ရှင်းရေး ကောင်မလေးကြောင့် စိတ်ဝင်စားနေရလားဟု ထင်မှာလည်း စိုးရိမ် မိ၏။ မင်းသာ ကိုယ့်အတွင်းရေးမှူးမလေးဆိုရင် ဘယ်လောက်ကောင်း မလဲ ပန်းမဥ္ဇူရီ။ အန္တာတိကက ရေခဲပြင်တွေလို တည်ငြိမ်အေးစက် နေတဲ့ ကိုယ့်နှလုံးသားတွေ ပူလောင်လှုပ်ခတ်အရည်ပျော်သွားလေသလားပဲ။



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပါဦးကွယ်။ ယန်းမဒူရီက ဆယ်တန်းသုံးခါကျတဲ့ အသုံးမကျ လိုက်တာ။ ယန်းမဒူရီရဲ့ ဘဝလေးကို တိုးတက်မြင့်မားစေရန် ရောင်စဉ် အတတ်နိုင်ဆုံး လုပ်ဆောင်ပေးဖို့ပဲဖြစ်သည်။

'အမ်ဒီ ကော်ဖီပါ'

'အင်း··· ထားခဲ့'

'အမ်ဒီ'

'ဟင်'

'ဘာလိုအပ်သေးလဲဟင်'

'မလိုတော့ပါဘူး၊ မင်းသွားလို့ရပြီ ခင်တွယ်တာ'

တကယ်ပါပဲ။ ရေခဲတုံးကြီး အမ်ဒီသက်တန့်ရောင်စဉ်ကို အရည်ပျော်လှုပ်ခတ်လာအောင် ခင်တွယ်တာ ဘယ်လိုမြူဆွယ်ဖြား ယောင်းရမှန်းပင် မသိတော့။ မိန်းကလေးတွေကိုလုံးဝစိတ်မဝင်စား တဲ့ လူပျိုကြီးပဲ။ ခင်တွယ်တာကတော့ ကြိတ်ပြီး ကြိုက်နှစ်သက်နေ တာ ကြာပါပြီ။ သူမလည်း လှပပြီး ပညာအရည်အချင်းကအစ ပြည့်စုံနေပေမယ့် အမ်ဒီကဘယ်လိုအဆင့်က မိန်းကလေးတွေကို မှန်း နေလည်းမှ မသိတာပဲ။ ခင်တွယ်တာ မကျေမနပ်ဖြစ်နေရသည်။ အခုလည်း သူမအား သွားတော့ဆိုပြီး ဂျာနယ်တစ်စောင်ကို ဆွဲယူကာ ဖတ်နေ၏။ အမြဲတမ်းဝဲခင်တွယ်တာအား အလုပ်သဘောအရပဲ ဆက်ဆံ သည်။

'ခင်တွယ်တာ သွားတော့လေ၊ မင်း အပြင်ကိစ္စ သင်တန်း တွေဘာတွေ တက်စရာရှိရင်လည်း သွားလေ။ ကိုယ်လည်း ပြန်မယ်'

'အမ်ဒီ ဘာများလိုအပ်သေးလဲလို့ပါ'





'မလိုတော့ဘူး'

'ဟုတ်ကဲ့'

ခင်တွယ်တာ့ကို အပြင်ထွက်ခွင့်ပေးလိုက်သည်။ ရောင်စဉ် စောင့်နေတာက သူ့လက်ထောက် ကိုမိုးတိမ်တောင်ပဲ။ ဘယ်ရောက်နေ လဲ။ ခင်တွယ်တာက ဝန်ထမ်းအသစ် တွေ့ဆုံပွဲဒြပ်ဝါဒပေးပွဲကို [illegible] လိုက်ပြီဖြစ်၍ သူ့လိုပဲ သတိရတော့မှာမဟုတ်ပါဘူး။ ယန်းမဒူရီ [illegible] လူပျိုကြီးကိုတိမ်တောင် မေ့နေပြီလား။ သူထွက်ကြည့်ချင်လာ [illegible] ခင်တွယ်တာကလည်း အပြင်ထွက်ဖို့ ခွင့်လာမတောင်း [illegible] ရောင်စဉ် ထိုင်နေရတော့မလို လမ်းလျှောက်နေရတော့မလိုနှင့် [illegible] ညစ်နေသည်။

'ကျွိ'

'ဟင်'

တံခါးဖွင့်သံကြောင့် သူ ကဗျာကယာ ခုံမှာပြန်ထိုင်၍ ဂျာနယ်ဖတ်နေလိုက်သည်။

'အမ်ဒီ'

'ပြော'

'ဝန်ထမ်းအသစ်တွေ့ဆုံပွဲ'

'ဘာဖြစ်လို့လဲ၊ ကိုယ်လိုက်ဖို့လိုသေးလို့လား ကိုမိုးတိမ်တောင် သွားမယ်လေ'

'ဟို··· မဟုတ်ဘူးလေ အမ်ဒီ၊ ခင်တွယ်တာက ကိုတိမ် တောင်ပဲ ကြည့်စီစဉ်ပါဆိုလို့ ဒါရိုက်တာ ကိုထင်လင်းတော်ပါက သူနဲ့ တွေ့မယ်တဲ့'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်လား'

သူ မျှော်လင့်နေတဲ့ လက်ထောက်ကိုမိုးတိမ်တောင်ရောက်လာပေမယ့် သူ့ကို အစောင့်အကြပ်မခေါ်ဘဲ ဒါရိုက်တာ ထင်လင်းက တွေ့ဖို့စီစဉ်ထားကြောင်း လာ၍အကြောင်းကြားခြင်းဖြစ်သည်။

'အမ်ဒီ ဘာဖြစ်လို့ မတွေ့တာလဲ၊ အမ်ဒီက ပိုပြတ်သားတယ်လေ၊ ပြီးတော့ ပန်းမဥ္စူရီဆိုတဲ့ နာမည်နဲ့ ကောင်မလေးကို အားလုံး စိတ်ဝင်စားနေကြတယ်'

'ဘာပြောတယ်၊ ဒီသန့်ရှင်းရေးဝန်ထမ်းကိုလား၊ ဘာဖြစ်လို့လဲ၊ ကိုယ်ရွေးလိုက်တာက သူတက္ကသိုလ်ဝင်တန်းစာမေးပွဲ ဝင်ဖြေဖို့ဆိုလို့ပဲ'

'ဒါပေမဲ့… အရမ်းချောတယ် အမ်ဒီ၊ ကုမ္ပဏီမှာ အရမ်းကို နာမည်ကြီးနေတယ်၊ အားလုံးတက်ကြွနေတယ်လေ'

'ခုကွပါပဲ၊ နည်းနည်းထိန်းထားပါ၊ မဖြစ်သင့်ဘူးလေ၊ စည်းကမ်းချက်ထုတ်ပါ၊ ပတ်ပတ်သက်သက်တွေ သွားမလုပ်ဖို့ ကုမ္ပဏီ နာမည်ပျက်တယ်'

အမ်ဒီ စကားကြောင့် လူပျိုကြီး မိုးတိမ်တောင်လည်း မျက်နှာကြီး ရှုံ့မဲ့သွားသည်။ ပန်းမဥ္စူရီက နာမည်နှင့်ပင် ကုမ္ပဏီက ဝန်ထမ်းတွေအားလုံး တွေ့မြင်ချင်ကြပြီး စိတ်ဝင်စားကြ၏။ သူရောပဲ။ လူပျိုကြီးဘဝကနေ ကျွတ်လွတ်အောင် ကြိုးစားမလားလို့ ပန်းမဥ္စူရီကို သူ တစ်ကြိမ်မြင်ဖူးတာနှင့် သူ့စိတ်တွေ ရင်ခုန်လိုက်ဖိုနေသည်။

'မဖြစ်ပါဘူး၊ ကိုယ်ပဲတွေ့မယ်၊ စည်းကမ်းချက်တွေ ထုတ်ရမယ်လေ၊ အရေးကြီးတယ်၊ မဖြစ်သင့်တာပဲကွာ၊ ရှုပ်ရှုပ်ယှက်ယှက် အဓိပ္ပာယ်မရှိတာ၊ တားဆီးရမယ်'





'အာစရိ'

'ပြော'

'ဒါ… ဒါကတော့ အရမ်းစည်းကမ်းတွေ မတင်းကျပ်ရင် ကောင်းမယ်ထင်တယ်၊ ဟို… အပျော်လေးပေါ့'

'ဘာဖြစ်တယ် ကိုမိုးတိမ်တောင်၊ ကုမ္ပဏီက ဝန်ထမ်းမိန်းကလေးကို ခင်ဗျားတို့က အပျော်ကြံမလို့လား'

'မဟုတ်ရပါဘူး အမ်ဒီရယ်၊ စိတ်တွေကြည်နူးပျော်ရွှင်ရတာကို ပြောတာပါ၊ အမ်ဒီ ကုမ္ပဏီက လူပျိုကြီးတွေ များတယ်လေ၊ အားလုံး အလုပ်တာဝန်တွေထဲမှာပဲ နှစ်မြုပ်နေရတာ နေကြပါပြီ'

ပန်းမဥ္စူရီကို ပိုးပမ်းကြမယ့်လူတွေထဲမှာ ကိုမိုးတိမ်တောင်လည်းပါနေတာပင်။ ရောင်စဉ် စိတ်ပူရသည်။ ပန်းမဥ္စူရီ တစ်ယောက် ယောက်နဲ့ငြိသွားမှာကိုပါ။ သူ ထလိုက်၏။ ကိုမိုးတိမ်တောင်ကလည်း သူ့ကို အတင်းမခေါ်တဲ့အပြင် နေခဲ့ဖို့ပဲ ပြောနေသည်။

'အမ်ဒီ နေခဲ့ပါ၊ ဘာမဟုတ်တဲ့ သန့်ရှင်းရေးဝန်ထမ်းတွေပါ၊ ဒါရိုက်တာကိုထင်လင်းတောက် ဩဝါဒချွေဖို့ စီစဉ်ထားပြီးနေပါပြီ၊ စည်းကမ်းထုတ်မယ်ဆိုရင်လည်း ဒါရိုက်တာကိုပဲ ပြောခိုင်းပါ့မယ်'

'မဖြစ်ဘူး၊ မဖြစ်ဘူး၊ ထင်လင်းကို မပြောခိုင်းနဲ့တော့၊ ကိုယ်ပဲတွေ့မယ်၊ မီးဆိုတာ မလောင်ခင်တားရမယ်'

'ဘာပြဿနာမှ ရှိလာစရာအကြောင်းတော့ မရှိဘူးထင်ပါတယ် အမ်ဒီ'

www.burmeseclassic.com



'အမှိုက်ကစပြီး ပြာသာဒ်ပါမီးမလောင်စေချင်ဘူးလေ'

အမ်ဒီကြောင့် မိုးတိမ်တောင် တော်တော်လေး ခေါင်းစားသွားရသည်။ ဘာဖြစ်လို့ ဒီလောက်အထိအရေးတကြီး စည်းကမ်းချက်တွေ ထုတ်ချင်နေရတာလဲ။ ဝန်ထမ်းတွေ အများကြီးနေလာတာ အမ်ဒီ ပတ်ပတ်သက်သက် သိပ်မရှိခဲ့။ အခုတော့ မီးကိုမလောင်ခင်တားမှာတွေရော၊ အမှိုက်ကအစ ပြာသာဒ်မီးလောင်မှာတွေရော။ မိုးတိမ်တောင်ကတော့ အဲဒီလောက်အထိ အရေးမကြီးဟု ထင်နေသည်။

'ကိုယ်ပဲပြောမယ် ကိုတိမ်တောင်၊ သွားစီစဉ်လိုက်ပါ၊ လိုပါသေးတယ်၊ သွားပါ'

'ဟုတ်ကဲ့'

ကိုမိုးတိမ်တောင် ထွက်သွားတော့မှ ရောင်စဉ် သက်ပြင်းမောမောကြီးကို ဟူးခနဲ မှုတ်ထုတ်ပြစ်လိုက်ရသည်။ ယန်းမဒ္ဒူရီ မင်းကြောင့်ကွ။ သတင်းတွေကလည်း ပျံ့နှံ့တာ မြန်တယ်။ ယန်းမဒ္ဒူရီ အင်တာဗျူးလာဖြေကတည်းက ကုမ္ပဏီတစ်ခုလုံး စိတ်ဝင်စားနေကြတာ။ သူကတော့ ဘယ်သူမှ ယန်းမဒ္ဒူရီအနား မရပ်ရဲအောင် စည်းကမ်းချက်တွေနှင့် ကာရံစောင့်ရှောက်ထားဖို့ ဆုံးဖြတ်လိုက်သည်။

'မင်းကြောင့် စိတ်မောရတယ် ယန်းမဒ္ဒူရီရယ်၊ ကိုယ် ရင်လေးနေတယ်၊ ကုမ္ပဏီက လူပျိုကြီးတွေ လူပျိုလေးတွေနဲ့ ယှဉ်ပြိုင်လုရတော့မယ်ထင်တယ်'

မဖြစ်ဘူး။ သူ စည်းကမ်းတွေ တင်းတင်းကြပ်ကြပ်ထုတ်မယ်။ ဘယ်သူမှ မကပ်စေရဘူး။ ယန်းမဒ္ဒူရီကို နှောင့်ယှက်ရဲ နှောင့်ယှက်ကြည့်။ ရောင်စဉ့်အကြောင်း သိစေရမယ်။ အလုပ်ကနေ ထုတ်





ပစ်မယ်။ မင်းကိုတော့ ကိုယ့်အနားရောက်လာအောင် ဖြည်းဖြည်းချင်းခေါ်ရမယ်။ သူက ငယ်ရွယ်သေးတဲ့ အမ်ဒီဖြစ်နေ၍ ဝန်ထမ်းတွေမလေးမစားမဖြစ်စေရန် လူကြီးဆန်ဆန် တည်တည်ငြိမ်ငြိမ် ခန့်ခန့်ညားညားနေထိုင်လာခဲ့သည်။ ကိုယ်ကျင့်တရားတွေနှင့်ပတ်သက်ပြီး အမဲစက်လေးတစ်စက်မျှပင် အပွန်းအပဲ့မခံခဲ့။ မဟုတ်မမှန်တာလည်း မလုပ်ခဲ့ပေ။ သူ့အတွင်းရေးမှူးမလေး ခင်တွယ်တာ့ကိုပင် စေ့စေ့မကြည့်မိ။ အလုပ်သဘောအရပဲ ပတ်သက်ဆက်ဆံခဲ့၍ သူ့ကို ကုမ္ပဏီတစ်ခုလုံးမှာရှိတဲ့ ဝန်ထမ်းတွေအားလုံး အထင်ကြီးလေးစားချစ်ခင်ကြသည်။

'ဘာပဲဖြစ်ဖြစ် ကိုယ်ကတော့ မင်းကို တွေ့ချင်နေတယ်၊ တခြားဝန်ထမ်းတွေကအစ တွေ့ချင်ကြတာပါ၊ ကိုယ်က မင်းနဲ့စတွေ့ကတည်းက စိတ်ဝင်စားခဲ့ရတာပါ မဒ္ဒူရီ'

သူ ဝတ်ဆင်ထားတဲ့ အဝတ်အစားကို သပ်သပ်ရပ်ရပ်ရှိအောင် မှန်ရှေ့မှာပြင်ဆင်လိုက်သည်။ သန့်ရှင်းရေးဝန်ထမ်းကောင်မလေးတစ်ယောက်အတွက် ရောင်စဉ် ဒီလောက်အထိ စိတ်စောနေမိတာ ဝန်ထမ်းတွေသိလို့မဖြစ်ဘူး။ အဓိက ခင်တွယ်တာပဲ။ ရောင်စဉ်က ရှက်တတ်သည်။ ဘယ်သူမှ လာရောက်မတားခင် သူတွေ့ဆုံပွဲကို သွားဖို့ ထွက်လာခဲ့၏။ ခင်တွယ်တာက ထွက်လာပြီးသူ့ကိုတအံ့တသြကြည့်ကာ ရုံးဆင်းတော့မှာလားဟု မေးနေသေးသည်။

'ကိုယ် တွေ့ဆုံပွဲကို သွားမလို့၊ လိုအပ်တဲ့ စည်းကမ်းချက်တွေ ထုတ်ဖို့လည်း ရှိတယ်၊ ခင်တွယ်တာ မှတ်ဖို့လိုက်ခဲ့လေ'

'အမ်ဒီကလည်း အရေးမကြီးပါဘူး၊ သန့်ရှင်းရေးတွေ'



www.burmeseclassic.com

www.burmeseclassic.com



'ဘာပဲဖြစ်ဖြစ်လေ၊ ကိုယ်က တာဝန်ရှိသူအနေနဲ့ အားလုံးကို အလေးအနက်သွားရမှာပဲ၊ ကိုယ်စီမံစရာတွေလည်း ရှိတယ်၊ ကိုမိုးတိမ်တောင်ကို ညွှန်ကြားထားပြီးပြီ'

အမ်ဒီ ရုံးဆင်းသွားရင် တွယ်တာလည်း အပြင်ထွက်မလို့ဟာ သန့်ရှင်းရေးဝန်ထမ်းအသစ်တွေနှင့် တွေ့ဆုံဖို့ ဘာများအရေးကြီးနေလို့လဲ။ ကုမ္ပဏီမှာတော့ ပန်းမဥ္ဇူရီကြောင့် သန့်ရှင်းရေးဝန်ထမ်းတွေ စကားဖြစ်နေသည်။ အမြင်ကတ်လိုက်တာ။ အမ်ဒီကလည်း ဘာဖြစ်လို့ သွားချင်နေမှန်းမသိဘူး။ တွယ်တာတို့ အမ်ဒီက ကုမ္ပဏီနာမည်ပျက်မှာ အရမ်းကြောက်တဲ့သူမို့ ခင်တွယ်တာလည်း လိုက်ခဲ့ရသည်။

'ကျွန်တော်တို့ရဲ့ အမ်ဒီ ရောက်လာပါပြီ၊ ဝန်ထမ်းအသစ်နဲ့ ပတ်သက်ပြီး စည်းကမ်းချက်တွေ ဩဝါဒစကားပြောကြားပါလိမ့်မယ်'

ကိုမိုးတိမ်တောင် စကားအဆုံးမှာတော့ သူ လှုပ်ခတ်နေတဲ့ စိတ်ကို ထိန်းချုပ်၍ ရှေ့သို့ ထွက်လာခဲ့သည်။ သန့်ရှင်းရေးဝန်ထမ်း ဆယ်ယောက်က သူ့ရှေ့မှာရှိနေ၏။ သူမော့ကြည့်ဖို့ပင် ဝန်လေးနေ၏။ ရောင်စဉ် မင်းက ဒီကုမ္ပဏီကြီးကို ထူထောင်သူပါ။ ဘာမဟုတ်တဲ့ သန့်ရှင်းရေးကောင်မလေးတစ်ယောက်ကိုတောင် မင်း ရင်ဆိုင်ရဲတဲ့ သတ္တိမရှိတော့ဘူးလားကွာ။ မော့ကြည့်ချင်တဲ့ ဆန္ဒတွေလည်း ပြင်းပြနေ၍ သန့်ရှင်းရေးဝန်ထမ်းတွေကို ကြည့်ပြစ်လိုက်သည်။

'အမိက ရှေ့ဆုံးမှာပဲ၊ တက်ကြွမှုတော့ရှိတယ်'

ပန်းမဥ္ဇူရီက ရှေ့ဆုံးမှာထိုင်နေပြီး သန့်ရှင်းရေးဝတ်စုံလေးနှင့် ဖြစ်နေ၍ သူ့ရင်ထဲမှာ စိတ်မကောင်းဖြစ်သွားရသည်။ အဆင့်မြင့်မြင့်





နေရာလေးမှာ မင်းကိုမြင်ချင်တယ်။ ကြိုးစားစမ်းပါ ပန်းမဥ္ဇူရီရယ်။ သူ့ဘေးမှာရပ်နေတဲ့ ခင်တွယ်တာက အမ်ဒီစကားပြောလေဟု သတိပေးမှ အတွေးတွေ လွင့်ပျယ်သွားပြီး အာရုံကို ပြန်စုစည်းလိုက်ရသည်။

'ကိုယ်ကတော့ မဟာမြင့်မိုရ်ကုမ္ပဏီကြီးရဲ့ အမ်ဒီတစ်ယောက်ပါ၊ သန့်ရှင်းရေးဝန်ထမ်းတွေဆိုပေမယ့်လည်း ကိုယ့်ကုမ္ပဏီက ဝန်ထမ်းတွေဖြစ်လို့ ဂရုတစိုက်တွေ့ဆုံချင်ပါတယ်၊ ကိုယ်ကတော့ အလုပ်တာဝန်ကို ကျေပွန်ဖို့နဲ့ လိုအပ်တာရှိရင်လည်း တင်ပြနိုင်ပါတယ်၊ အဓိကမှာချင်တာကတော့ ကိုယ်ကျင့်တရားပါပဲ။ ကိုယ်က ကုမ္ပဏီရဲ့ နာမည်ဂုဏ်သတင်းကျဆင်းထိခိုက်ရင် လုံးဝခွင့်မလွှတ်နိုင်ဘူးဆိုတာ အလေးအနက် ပြောထားချင်တာပါပဲ'

ပန်းမဥ္ဇူရီ နှုတ်ခမ်းလေး မသိမသာတွန့်မဲ့သွားကြောင်း ရောင်စဉ် တွေ့လိုက်သည်။ သူ့ကိုများ တစ်မျိုးထင်သွားပြီလား။ င်းကို အကြံအဖန်နဲ့ ရောက်လာတာလို့ ကိုယ်ပြောတာ မဟုတ်ပါဘူး။ ဒီလူတွေ ဒါရိုက်တာ ထင်လင်းတောက်ရဲ့ မျက်လုံးတွေ မင်းကို ငမ်းနေတာ မျက်လုံးတွေ ကျွတ်ကျတော့မယ်ထင်တယ်။ လူပျိုတွေ ရာ လူအိုတွေရော မင်းကို ငမ်းနေကြလို့ ကိုယ်က အကာအကွယ်ပေး ပါ။ ပန်းမဥ္ဇူရီ စိတ်ဆိုးမှာ အထင်လွဲမှာ ရောင်စဉ် မဆီမဆိုင် ကြောက်ရွံ့နေလေသည်။

'ဝန်ထမ်းအားလုံးပဲ ကိုယ်ပြောချင်တာက စည်းကမ်းရှိကြဖို့ ပါပဲ၊ တစ်ယောက်နဲ့တစ်ယောက် အထင်တကြီး တလေးတစား ဆက်ဆံကြဖို့ပါ၊ ကုမ္ပဏီရဲ့ အကျိုးစီးပွားထက် ကုမ္ပဏီဂုဏ်သိက္ခာ ဆင်းတာမျိုးတွေ ဖြစ်ပေါ်လာရင် အလုပ်ကနေ အပြီးအပိုင်ထုတ်ပယ် ရပါလိမ့်မယ်'



www.burmeseclassic.com

www.burmeseclassic.com



မတတ်နိုင်တော့ဘူး။ မင်းအတွက်ပါ။ မင်းရဲ့ကိုယ်ကျင့်တရားကို ထိပါးပုတ်ခတ်ပြောဆိုတာတော့ မဟုတ်ပါဘူး။ မဋ္ဌူရီ သူ တင်းကြပ်တဲ့ စည်းကမ်းချက်တွေကို ထုတ်ပြန်ခဲ့သည်။

'ကိုယ်နောက်ဆုံးပြောချင်တာက တက္ကသိုလ်ဝင်တန်းဖြေမယ့် ဝန်ထမ်းတွေ အထူးအခွင့်အရေးအနေနဲ့ နေ့တစ်ဝက်ပဲ အလုပ်ဝင်ပါ၊ ကျန်တဲ့အချိန်တွေမှာ ပညာရေးအတွက် အသုံးချပါ၊ ကြိုးစားကြပါ၊ လိုအပ်တဲ့ ကူညီထောက်ပံ့မှုတွေ ကုမ္ပဏီကနေ ပေးပါ့မယ်၊ ဒါပါပဲ'

'အား· · · ဝမ်းသာလိုက်တာ၊ ကျေးဇူးအရမ်းတင်ပါတယ် အမ်ဒီ၊ အမလေး ပျော်လိုက်တာ· · · အယ်'

ပန်းမဋ္ဌူရီက ပျော်လိုက်တာဟု ကျယ်ကျယ်လောင်လောင် ပြောမိပြီးမှ ပတ်ဝန်းကျင်မှလူတွေ အထိတ်တလန့် လှူပ်လှူပ်ရှားရှား ဖြစ်သွား၍ ကိုယ်ရှိန်သတ်သွားသည်။

'ပန်းမဋ္ဌူရီက အရမ်းအိုဗာဖြစ်နေတယ် ထင်တယ်နော် ကိုမိုးတိမ်တောင်၊ ပျော်တာကလည်း တစ်မျိုးပဲ၊ အင်းလေ သန့်ရှင်းရေး ဝန်ထမ်းကိုး'

'ကလေးဆန်တာပါ၊ ဖြူစင်ပါတယ်'

'ဟွန်း'

လူပျိုကြီး မိုးတိမ်တောင်က ခင်တွယ်တဲ့ စကားကို လက်မခံဘဲ တုံ့ပြန်ပြောဆိုသည်။ ရောင်စဉ်လည်း ကလေးဆန်တာဟုပဲတွေးပြီး သူ့ရင်ထဲအထိ စူးနစ်တိုးဝင်သွားရ၏။ ဟိုလူတွေ အရမ်းငမ်းလွန်းနေ၍ တွေ့ဆုံပွဲကို ရပ်ပစ်လိုက်လေသည်။

❒ ❒ ❒



## အခန်း (၅)

မဟာမြင့်မိုရ် ကုမ္ပဏီက သူမတို့အတွက် အခွင့်အရေးတွေ ပေး၍ မဋ္ဌူရီ အရမ်းကိုပျော်ရွှင်သွားရသည်။ အမ်ဒီက စည်းစနစ်ကြီး လွန်းတယ်။ ပြောသွားတဲ့ စည်းကမ်းချက်တွေကလည်း အများကြီးပဲ။ ကိုယ်ကျင့်တရားက အဓိကတဲ့။ ဘာဖြစ်လို့လဲ။ မဋ္ဌူရီကိုပဲ ပုတ်ခတ်တွေ့ဝိုက်ပြောချင်နေတာလား။ ကိုယ့်ပညာအရည်အချင်းနဲ့ ကိုယ် အလုပ်လာလျှောက်တာပဲ။ သူမ စိတ်ထဲမှာ နည်းနည်းလေးတော့ တင်းသွားသည်။

'ဟွန်း· · · ဘာလဲဟာ၊ ကိုယ်ကျင့်တရား၊ နာမည်ဂုဏ်သတင်း မထိခိုက်ဖို့၊ ငါ့ကိုပဲ စောင်းပြောနေတာလား၊ မသိဘူး၊ ရှင်ကြီး စောင့်ကြည့်နေပါ၊ ပန်းမဋ္ဌူရီက ဘယ်လိုမိန်းကလေးမျိုးလဲဆိုတာ၊ သိစေရမယ်'

အမ်ဒီကိုမြင်တော့ ညကမက်ခဲ့တဲ့ အိပ်မက်လေးပင် ခံစားချက် မဲ့သွားသည်။ အိပ်မက်ကလည်း တကယ်ပါပဲ။ မဟာဘုတ်ကို သတိရလိုက်ပေမယ့် အမ်ဒီသက်တန့်ရောင်စဉ်ရဲ့ မျက်နှာထားတင်းတင်း



www.burmeseclassic.com

www.burmeseclassic.com



ကြီးနှင့်။ အဖက်မတန်သလို စကားတွေ တုန့်ပြန်ပြောဆိုလေ့မရှိတဲ့ သူဌေးက ပန်းမဉ္ဇူရီလို သန့်ရှင်းရေးဝန်ထမ်း ပညာမတတ် ဘာမတတ် ခပ်ညံ့ညံ့မိန်းကလေးမျိုးကို အဖက်တောင်လုပ်မှာမဟုတ်ဘူး။ နေပေါ့။ လူကိုတော့ အထင်မသေးနဲ့နော်။ တာဝန်ကျေဖို့ တတွတ်တွတ်ပြောနေတာများ ကုမ္ပဏီအကျိုးစီးပွားထက်ကိုယ်ကျင့်တရားက အရေးကြီးပါတယ်တဲ့။ သူမ သန့်ရှင်းရေးပစ္စည်းတွေ သယ်ပြီး တက်တက်ကြွကြွပင် အလုပ်တွေလုပ်နေသည်။

‘ပန်းမဉ္ဇူရီဆိုတာ မင်းလား’

‘ဟုတ်ကဲ့ပါ’

‘ငါက သန့်ရှင်းရေးဝန်ထမ်းတွေကို အုပ်ချုပ်ရတဲ့ အုပ်ချုပ်ရေးမှူးပဲ’

‘ဟုတ်ကဲ့’

‘ငါ့နာမည် ခင်ညိုပြာ’

ဟင်း... ခင်ညိုပြာတဲ့။ နာမည်နဲ့တော့လိုက်ပါတယ်။ သန့်ရှင်းရေးဝတ်စုံဝတ်ထားတဲ့ လူအချင်းချင်းတောင်မှ မျက်နှာအကြောကြီးတင်းပြီး နာမည်နှင့်လိုက်ဖက်သည်။

‘ဆပ်ပြာရည်ကို နည်းနည်းပက် အင်အားစိုက်ပါ၊ အမ်ဒီက သန့်ရှင်းသပ်ရပ်တာကို ကြိုက်တယ်’

‘ဟုတ်ကဲ့’

‘ညည်းတို့ကို အခွင့်အရေးပေးတယ်ဆိုပြီး အချောင်ခိုဖို့တော့ မစဉ်းစားနဲ့နော် ပန်းမဉ္ဇူရီ၊ အမလေး နာမည်က ရှည်လိုက်တာ၊ ပန်းလို့ခေါ်ရမလား’





‘မဉ္ဇူရီလို့ ခေါ်ပါ’

‘မခေါ်တတ်ဘူး၊ ပန်းပဲခေါ်မယ်’

‘ပန်းဆိုတာကို ကျွန်မ သဘောမကျလို့ပါ၊ မဉ္ဇူရီပဲ ခေါ်ပါ’

နာမည်ပဲ ဘယ်လိုခေါ်ခေါ် ရပေမယ့် ဒေါ်ခင်ညိုပြာကို တမင်ရစ်ချင်၍ မဉ္ဇူရီဟု အတင်းခေါ်စေသည်။

‘ညည်းနာမည်က ရှည်လွန်းတယ်၊ နေပါဦး၊ ညည်းက ကြီးကြီးကျယ်ကျယ်နဲ့ ဘာဖြစ်လို့ ပန်းဆိုတာကို မနှစ်သက်ရတာလဲ၊ ဒုက္ခပါပဲအေ’

‘မဉ္ဇူရီဆိုတာ မခက်ခဲပါဘူး ဒေါ်ခင်ညိုပြာ’

‘ဟဲ့... ငါ့ကို မမလို့ခေါ်’

မခေါ်နိုင်ဘူးဟု ပြောမလို့ဟာ အခုပဲရောက်တယ်။ အခုပဲ ပြဿနာတက်တာမျိုး မဖြစ်ချင်၍ မမဟုပဲ ခေါ်လိုက်သည်။

‘ညည်း ရုပ်ရည်နဲ့ သန့်ရှင်းရေးလာလုပ်တာကြီးကတော့ သံသယဖြစ်စရာပဲ’

‘ဘာပြောတယ်’

‘တို့အမ်ဒီက ရှုပ်ရှုပ်ယှက်ယှက် လုံးဝမကြိုက်ဘူးနော် မဉ္ဇူရီ၊ ကျုပ်က အလုပ်သမားတွေ အုပ်ချုပ်ရတာဆိုတော့ ကြိုတင်သတိပေးရတာ’

ကျွန်မကို ဒီလိုစော်ကားတဲ့ စကားတွေမပြောပါနဲ့ဟု ပြောပစ်လိုက်ချင်ပေမယ့် သူမ ပညာရေးအတွက် အခွင့်ရေးတွေပေးထား၍ စိတ်ကို ထိန်းချုပ်ရင်း ဒေါ်ခင်ညိုပြာပြောသမျှ ဟုတ်ကဲ့ ဟုတ်ကဲ့နှင့် နာခံနေရသည်။



www.burmeseclassic.com

www.burmeseclassic.com



'ညည်း… သန့်စင်ခန်းကိုသွား၊ လက်ကြောတင်းတင်းလေး လုပ်၊ အမ်ဒီက သန့်စင်ခန်းကြမ်းပြင်တွေ လက်လက်ထနေမှ သဘောကျတာနော်'

'ဟုတ်ကဲ့'

သူမ သန့်စင်ခန်းဆေးကျောရမည့် ပစ္စည်းတွေယူပြီး ဒေါ်ခင်ညိုပြာနှင့် ဝေးသွားမှ ဒေါသတွေထွက်လာရကာ ပါးစပ်ကနေ ပွစိပွစိ ပြောမိနေသည်။

'ဟွန်း… ဝန်ထမ်းအသစ်ဆိုပြီး နှိမ့်နှိမ့်ချချနဲ့၊ ဆယ်တန်းကျလို့ သန့်ရှင်းရေးအလုပ်လုပ်တာ ဘာဖြစ်လဲ၊ အကြံအဖန်များ ထင်နေလားမသိဘူး၊ ဒေါသဖြစ်လိုက်တာနော်၊ အလုပ်ကတောင် ခုချက်ချင်း ထွက်ပစ်ချင်တယ်၊ ကိုယ်ကျင့်တရားကို စော်ကားတာလောက် မုန်းတာ မရှိဘူး'

သူမ ဘယ်သူမှမရှိဘူးထင်ပြီး တစ်စုံတစ်ယောက်နှင့် ဝင်တိုက်မိတော့ အထိတ်တလန့်နှင့် ပစ္စည်းတွေ ပြုတ်ကျကုန်သည်။

'အမလေး'

'ဒုန်း'

'ချလွမ်… လွမ်'

'ဟင်'

အမ်ဒီပဲ။ သူမနှင့် ဝင်တိုက်မိပြီး ဆပ်ပြာရည်တွေ ဖိတ်စင်ကုန်သည်။ အသန့်အရှင်းကြိုက်တဲ့ အမ်ဒီကိုမှ တိုက်မိ၍ မဍ္ဍူရီ အားနာပြီး တောင်းပန်နေရသည်။

'တောင်းပန်ပါတယ်နော် အမ်ဒီ၊ ဟို… ဟို… ဘယ်သူမှ မရှိဘူးထင်လို့ပါ၊ စိတ်မဆိုးပါနဲ့'





'မင်း ခဏခဏ တောင်းပန်နေတာပဲ ပန်းမဍ္ဍူရီ၊ အလုပ်ကို စိတ်ဝင်တစားလုပ်စမ်းပါ၊ ကြိုးစားလေ'

ပန်းမဍ္ဍူရီ အလုပ်သမားခေါင်းဆောင် ဒေါ်ခင်ညိုပြာနှင့် ပြဿနာတက်လာပုံပင်။

'လိုအပ်တာရှိရင် အမ်ဒီကို ပြောပြရမယ်ဆိုလို့ပါ၊ ကျွန်မ အလုပ်ဝင်တာ ဘာဖြစ်လို့ ရိုးရိုးသားသားလို့ မထင်ကြတာလဲဟင်'

'အရေးကြီးတာက မင်းဘက်က ရိုးသားနေတာပဲ၊ ဂရုစိုက်စရာမရှိဘူး ပန်းမဍ္ဍူရီ၊ လုပ်စရာရှိတာ လုပ်ပါ၊ မင်း စာမေးပွဲကြိုးစားဖြေပါ၊ မင်း ဘာဖြစ်လို့ ဒီအလုပ်လျှောက်တာလဲဆိုတာ ကိုယ်သိပါတယ်၊ လိုအပ်တဲ့အကူအညီကိုပြောပါ'

'ဘာမှမလိုပါဘူး၊ ရပါပြီ၊ ဒီကုမ္ပဏီက ပညာရေးကို အားပေးလို့ ကျွန်မ အလုပ်ရချင်တာပါ၊ ကျေးဇူးတင်ပါတယ်ရှင်'

သူမ တောင်းပန်ပြီး သန့်ရှင်းရေးကိုပဲ လုပ်နေသည်။ အမ်ဒီ ပဲဖြစ်ဖြစ် ဘာပဲဖြစ်ဖြစ် မဍ္ဍူရီတို့က အရောတဝင်လုပ်မယ်ထင်လို့လား။ ဆေးသေးတယ်။ အမ်ဒီကို တွေ့တိုင်း သူမ အိပ်မက်ကို သတိရနေပေမယ့် အမ်ဒီနှင့် အရောတဝင်နေထိုင်ဖို့ စိတ်ကူးထဲတောင် မထည့်ပါဘူး။ ဗေဒင်မဟာဘုတ်က မဟာဘုတ်ပဲ။ သူမက မြဲမြဲစိတ်အေးအောင် နောက်ပြောပြောဆိုနေခြင်းဖြစ်သည်။

'အမ်ဒီကတော့ ငါ့ကို ဂရုတစိုက် အားပေးစကားပြောသားပဲ၊ ဟိုမိန်းမကြီး ဒေါ်ခင်ညိုပြာပဲ လူကို စော်စော်ကားကား'

သန့်စင်ခန်းကို မှန်ကြည့်၍ ရအောင်အထိ သူမ သေသေသပ်



www.burmeseclassic.com

www.burmeseclassic.com



သပ်နှင့် ဒေါ်ခင်ညိုပြာပြောသလိုပဲ လက်လက်ထနေအောင် တိုက်ပြမယ်။ အမ်ဒီလည်း ပန်းမဥ္ဇူရီ အချောင်ခိုတတ်တဲ့ ဝန်ထမ်းတစ်ယောက် မဟုတ်ဘူးဆိုတာ သက်သေပြမယ်။ သူမ သန့်ရှင်းရေးတွေ လုပ်နေသည်။

'ပန်းမဥ္ဇူရီ'

'ရှင်'

သူမ လှည့်ကြည့်လိုက်တော့ ဒါရိုက်တာတစ်ယောက်ဖြစ်နေသည်။

'ကိုယ်က ဒါရိုက်တာ ထင်လင်းပါ၊ မင်းနဲ့ ဒီအလုပ် လုံးဝ မလိုက်ဖက်ဘူးလို့ ထင်နေတယ်၊ မင်းက အရမ်းလှပနူးညံ့လွန်းတယ် ပန်းမဥ္ဇူရီ'

'ကျွန်မက နာမည်ပဲ နူးညံ့လှပတာပါ၊ ကျွန်မဘဝက ကြမ်းတမ်းခက်ခဲစွာ ဖြတ်သန်းခဲ့ရတာ၊ ဒါက ကျွန်မ ပညာအရည်အချင်းနဲ့ လိုက်ဖက်တဲ့အလုပ်ပဲထင်တယ်၊ ဒီကုမ္ပဏီမှာ အလုပ်ဝင်ခွင့်ရတာလည်း ကျွန်မ ကံကောင်းတာပဲ၊ အမ်ဒီက ပညာရေးကို အထောက်အပံ့ပေးထားတယ်လေ'

သူမက သူ ဒါရိုက်တာပဲဖြစ်ဖြစ် ဘာပဲဖြစ်ဖြစ် ပန်းမဥ္ဇူရီကို လာထိလို့ကတော့ . . .။ သူမှ ကိုယ့်အလုပ်ပဲလုပ်နေသည်။ သူ သန့်စင်ခန်းကို ရောက်လာတာ သူမနှင့် အရောတဝင် လုပ်ဖို့လား။ ဒေါ်ခင်ညိုပြာတွေ့သွားလျှင် ပေါက်ကရတွေပြောမှာ ကြောက်၍ မဥ္ဇူရီ အပြင်ထွက်ဖို့ ပြင်လိုက်၏။ ဒါရိုက်တာကိုထင်လင်းက ရှေ့မှကာဆီးထားသည်။





'ပန်းမဥ္ဇူရီ မင်းကို ဒီထက်ကောင်းတဲ့အလုပ်တစ်ခုခု ကိုယ်ရှာပေးရမလား၊ အားမနာပါနဲ့၊ ဒီအလုပ်က မင်းကို သိမ်ငယ်စေတယ်လို့ ကိုယ်ထင်နေတယ်'

'ဟင့်အင်း . . . ကျေးဇူးတင်ပါတယ် ဒါရိုက်တာ၊ မလိုပါဘူး၊ ကျွန်မအတွက် လုံလောက်ပါတယ်'

'မင်းကို အထင်သေးအမြင်သေးနဲ့ ပြောဆိုနေကြတာတွေ ကိုယ် စိတ်မကောင်းလို့ပါ၊ မဥ္ဇူရီ ထွက်လိုက်ပါ'

'ကျွန်မ အလုပ်ကိုပဲ လုပ်ပါရစေ၊ ဘယ်သူတွေဘာပဲပြောပြော ကျွန်မ စိတ်လုံပါတယ်၊ အချိန်က စကားပြောသွားပါလိမ့်မယ်၊ ဒါရိုက်တာ ခွင့်ပြုပါဦး'

'နေပါဦး မဥ္ဇူရီ'

'ရှင်'

'မင်းနဲ့ ခင်မင်ချင်တယ်၊ စကားတွေပြောချင်တယ်'

'ကျွန်မ တာဝန်ချိန်ဖြစ်နေလို့ပါ၊ ကျွန်မတို့ရဲ့ခေါင်းဆောင် ဒေါ်ခင်ညိုပြာမြင်တွေ့သွားရင်လည်း အပြောအဆိုခံရပါ့မယ်၊ ကျွန်မအတွက် စိတ်မကောင်းဖြစ်စရာ မလိုပါဘူး ဒါရိုက်တာ၊ အခုလို ဒါရိုက်တာရဲ့ အပြုအမူကမှ ကျွန်မ နာမည်ပျက်စာရင်းထဲ ဝင်သွားပါလိမ့်မယ်'

'ပန်းမဥ္ဇူရီ ကိုယ်က ရိုးသားမှုနဲ့ ပြောတာပါ၊ ဟို . . . မင်းကို'

သူမ ရှောင်ထွက်သွားဖို့ ပြင်လိုက်စဉ် ဒါရိုက်တာ ကိုထင်လင်းက သူမရှေ့မှ ပိတ်ကာ ရပ်ထားသည်။ စိတ်ရှုပ်လိုက်တာ။



www.burmeseclassic.com

www.burmeseclassic.com



သူမ ရှောင်ထွက်သွားဖို့ပဲ ကြိုးစားလိုက်၏။ သူက ရှေ့မှာ ပိတ်ကာ ရပ်ထားပြီး မဖယ်ပေးပေ။ ထိုအချိန်တွင် အမ်ဒီဝင်လာသည်။

'ထင်လင်း··· ဩော်··· ပန်းမဥ္ဇူရီ မင်း အလုပ်ပြီးပြီလား၊ သွားတော့လေ၊ ကိုယ့်အခန်းထဲ ရှင်းပေးဦး'

'သန့်စင်ခန်းက မပြီးသေးပါဘူး အမ်ဒီ၊ ဒီမှာ ဒါရိုက်တာ ရောက်နေလို့ နောက်မှပဲ ဝင်လုပ်ပါတော့မယ်၊ ဒေါ်ခင်ညိုပြာက တာဝန် ပေးထားပါတယ်'

ပန်းမဥ္ဇူရီက သန့်ရှင်းရေးပစ္စည်းတွေ ထားခဲ့ပြီး ပြန်ထွက်သွားသည်။ ထင်လင်း ဝင်သွားတာကြာနေ၍ ရှောင်စဉ် တမင်ဝင်လာခဲ့ခြင်းဖြစ်၏။ ပန်းမဥ္ဇူရီရဲ့ မာနလေးကိုတော့ ရှောင်စဉ် နှစ်သက်သွားရသည်။

'ရှောင်စဉ်'

'ပြော'

'ပန်းမဥ္ဇူရီက မာနပြသွားတယ်၊ ဘာလို့ထင်လဲ၊ ဈေးတင်လိုက်တာလား၊ ဘာလဲ'

ထင်လင်းစိတ်ထဲမှာ ကြီးကျယ်ခန်းနားသွားတဲ့ ပန်းမဥ္ဇူရီကို နည်းနည်းတင်းသွားရသည်။ ရှောင်စဉ် ရောက်လာ၍လည်း ကောင်မလေးရဲ့ အဖက်မတန်သလိုလို ဆက်ဆံမှုကြောင့် ရှက်သွားသည်။

'ထင်လင်း ကိုယ် စောစောက စည်းကမ်းထုတ်ထားတယ်လေ၊ သန့်ရှင်းရေးဝန်ထမ်းကောင်မလေးပါကွာ၊ အရေးအရာလုပ်မနေစမ်းပါနဲ့'

'ရှောင်စဉ် မင်းစည်းကမ်းချက်က ကိုယ်နဲ့တော့ အကြုံးမဝင်





ဘူးထင်တယ်၊ ပန်းမဥ္ဇူရီကို ကိုယ်စိတ်ဝင်စားတာ အတည်ပါ၊ အပျော်လုံးဝမဟုတ်ဘူး'

'ထင်လင်း··· မဖြစ်နိုင်တာကွာ၊ မင်းမှာလက်ထပ်မယ့် ချစ်သူရှိတာပဲ၊ ချစ်စနိုးကို မောင်ရင်က စွန့်လွှတ်တော့မလို့လား'

'ပန်းမဥ္ဇူရီက ပိုပြီးစိတ်ဝင်စားဖို့ကောင်းနေတယ် ရှောင်စဉ်'

'မလုပ်ပါနဲ့၊ ကုမ္ပဏီက အနိမ့်ဆုံးဝန်ထမ်းပါ၊ ကုမ္ပဏီ နာမည်ပျက်မယ်'

သူနှင့်ထင်လင်းက ငယ်သူငယ်ချင်း၊ ကျောင်းနေဖက်တွေ ဖြစ်ကြသည်။ ရှောင်စဉ် ကုမ္ပဏီမှာ ရှယ်ယာဝင်ထားတဲ့ ထင်လင်းက လည်း ငွေကြေးချမ်းသာသူပင်။ လက်ထပ်မယ့်ချစ်သူရှိနေတဲ့ ထင်လင်း ကို ရှောင်စဉ် အမုန်းခံပြီး တားဆီးနေသည်။

'ရှောင်စဉ်'

'ပြော'

'ပန်းမဥ္ဇူရီကို မောင်ရင် လုံးဝစိတ်မဝင်စားဘူးလားကွာ'

'အဓိပ္ပာယ်မရှိတာပဲ ထင်လင်းရာ၊ ကုမ္ပဏီမှာ ကိုယ်က အမြင့်ဆုံး အမ်ဒီ၊ ပန်းမဥ္ဇူရီက အနိမ့်ဆုံးဝန်ထမ်း၊ ညှိကြည့်နော်၊ ဘာအသုံးကျမှာလဲ'

ပန်းမဥ္ဇူရီကို ထင်လင်း အထင်သေးစေရန် ရှောင်စဉ် ချိုးချိုး နှိမ့်ပြောလိုက်ရပေမယ့် ပန်းမဥ္ဇူရီ ပြန်ကြားသွားမှာလည်း ကြောက်နေသေးသည်။ ထင်လင်း အရောတဝင်လုပ်နေရင် ပန်းမဥ္ဇူရီ ပိုပြီး နာမည်ပျက်မှာပါ။ ကိုယ်အကာအကွယ်ပေးပါ့မယ် ပန်းမဥ္ဇူရီရယ်။



www.burmeseclassic.com

www.burmeseclassic.com



'ထင်လင်းရာ မောင်ရင့်မှာ ပန်းမန္တျူရီထက်သာတဲ့ မိန်းကလေးတွေ အများကြီးပါ၊ သိက္ခာကျပါတယ်၊ ချစ်စနိုးနဲ့မယှဉ် နိုင်ပါဘူး၊ မင်းအသိုင်းအဝိုင်းမှာ ဘယ်လိုမှ မဝင်ဆန့်နိုင်တဲ့ ဆင်းရဲတဲ့ ရပ်ကွက်ထဲက ကောင်မလေးပါ'

'အဲဒီကောင်မလေးကိုပဲ ကိုယ်အရမ်းချစ်မိသွားပြီ ရောင်စဉ်၊ ကိုယ် အတည်လက်ထပ်မယ်ဆိုရင်ရော'

'ဟေ့ကောင် အဓိပ္ပာယ်မရှိတာ တော်ပါတော့ကွာ၊ သန့်ရှင်းရေးဝန်ထမ်းနဲ့ မင်းနဲ့ မတန်ပါဘူး၊ ပန်းမန္တျူရီက လက်ခံပါ့မလား၊ မာနကြီးတယ်နော်'

ပန်းမန္တျူရီအား ရောင်စဉ် ကိုယ်တိုင်ကလည်း စိတ်ဝင်စားမိနေ၍ ထင်လင်းကိုလည်း အပြစ်မတင်လိုပေ။ ပန်းမန္တျူရီကြောင့်လည်း ရောင်စဉ် အလုပ်ထဲမှာပင် စိတ်မဝင်စားနိုင်တော့။ ပန်းမန္တျူရီ အဆင်ပြေပါ့မလား။ ဘယ်သူတွေ နှောင့်ယှက်နေလဲ။ ဘယ်သူတွေက နှိမ်ချပြောဆိုဆက်ဆံနေလဲဆိုတာပဲ ရောင်စဉ် စိုးရိမ်ပူပန်နေသည်။

'ကုမ္ပဏီရဲ့ ဂုဏ်သိက္ခာကို စောင့်ထိန်းစမ်းပါ ထင်လင်းရာ၊ မောင်ရင်နဲ့မတန်ပါဘူး၊ အနိမ့်ဆုံးဝန်ထမ်းပါ၊ ပညာမတတ် ဘာမတတ်နဲ့ နာမည်ပျက်တယ်'

ထင်လင်းတစ်ယောက် မကျေမနပ်နှင့် ပြန်ထွက်သွားသည်။ ရောင်စဉ်လည်း နောက်မှလိုက်သွား၏။ ပန်းမန္တျူရီကတော့ ဘယ်သူ့ကိုမှ စိတ်မဝင်စားဘဲ သူ့မ အလုပ် သူ့မ လုပ်နေသည်။

❒ ❒ ❒



## အခန်း (၆)

'မာမီ'

'သား... မာမီ့ကို ဘာများပြောစရာရှိလို့လဲကွယ်၊ သားမျက်နှာလေးက ထူးထူးခြားခြား ချိုနေတယ်၊ ဘာပြောချင်လို့လဲ ပြော'

'သား အိမ်ထောင်ရေးနဲ့ ပတ်သက်ပြီး မာမီ့ကို ဘယ်လိုအစီအစဉ်တွေ ရှိနေလဲဆိုတာ သားသိချင်တယ်'

'ဟင်... သားမှာ ချစ်သူရှိနေပြီလား၊ ဘယ်သူလဲ'

'မရှိပါဘူး၊ မာမီ့စိတ်ထဲက မျှော်လင့်ချက်ကိုလည်း သားသိထားသင့်တယ် ထင်လို့ပါ'

'မာမီ့ရင်ထဲက ဆန္ဒဆိုရင်တော့ သားအတွက် အကောင်းဆုံးတွေပဲဖြစ်ချင်တယ်၊ အရာရာပြည့်စုံနေတဲ့ မိန်းကလေး၊ ဘာလဲ သားနဲ့ခင်တွယ်တာလေး သံယောဇဉ်တွေ ဖြစ်နေကြပြီလား'

'ဟာ... မဟုတ်တာပဲ မာမီရာ၊ ခင်တွယ်တာ့ကို သားစိတ်မဝင်စားပါဘူး၊ သားမှာချစ်သူလည်း မတွေ့သေးပါဘူး၊ တကယ်လို့ တွေ့ခဲ့ရင်ပါ'



www.burmeseclassic.com

www.burmeseclassic.com



'မဖြစ်နိုင်ပါဘူး၊ သားမှာ ချစ်တဲ့သူတွေကိုတွေ့နေပါပြီကွယ်၊ မာမီ သိပါတယ်၊ ခင်တွယ်တာနဲ့ နီးစပ်မယ်ထင်တာ'

'ပြောပါ၊ မာမီ့ရင်ထဲကဆန္ဒတွေလေ၊ သားသိထားချင်တယ်'

'မာမီကတော့ အကောင်းဆုံးတွေ ဖြစ်ချင်ပေမယ့် သားနှစ်သက်မယ်ဆိုရင်လည်း မာမီက လက်ခံမှာပါ၊ တစ်ခုတော့ရှိတယ် သား၊ အရမ်းနိမ့်ကျလွန်းတဲ့ မိန်းကလေးမျိုးဆိုရင်တော့ မာမီ သဘောမတူဘူး၊ မိန်းကလေးတွေက သားကို အမိဖမ်းကြမယ်၊ သားက မိန်းကလေးတွေနဲ့ ပတ်သက်လာရင် ကင်းတယ်'

ပန်းမဇ္ဈူရီနဲ့ ပတ်သက်လာရင် မာမီလည်း အထင်သေးမှာပါပဲ။ ပညာလည်းမတတ် အလုပ်က သန့်ရှင်းရေးဝန်ထမ်း။ ရောင်စဉ် ဖွင့်မပြောပြရဲတော့။ မာမီ ဘယ်လိုနည်းနှင့်မှ လက်ခံသဘောတူမည် မဟုတ်ပေ။ သူ စီမံအုပ်ချုပ်နေသော မဟာမြင့်မိုရ်ကုမ္ပဏီကြီးအား မာမီ ဦးဆောင်တည်ထောင်ထားခြင်းဖြစ်သည်။ အနေအထိုင်ကအစ ကြီးကျယ်ခမ်းနားလွန်းတဲ့ မာမီက သန့်ရှင်းရေးဝန်ထမ်းကောင်မလေးနဲ့ချစ်ကြိုက်နေတာသိရင်···။ ရောင်စဉ် ဆက်မပြောတော့ဘဲ စကားလမ်းကြောင်းတွေကို လွှဲပစ်လိုက်သည်။

'ဘာမှမဟုတ်တော့ပါဘူး မာမီရာ၊ သား စိတ်ထဲမှာရှိနေတာပါ၊ သား အိမ်ထောင်ပြုမယ်ဆိုရင်တောင် မာမီ့ရဲ့ သဘောတူညီမှုရှိဖြစ်မယ်မဟုတ်လား'

'သားရယ်··· မာမီ သားအပေါ် အတ္တမကြီးချင်ပါဘူး မင်း နှစ်သက်တယ်ဆိုရင် မာမီစဉ်းစားပေးပါ့မယ်၊ ဒါပေမဲ့ အရှ နိမ့်ကျပြီး နာမည်ဂုဏ်သတင်းညှိုးမှိန်စေမယ့် မိန်းကလေးတွေကိုတော့ သားလုံးဝမစဉ်းစားပါနဲ့'

သားရယ်··· မင်းကို မာမီ အရမ်းချစ်ပြီး ချမ်းသာစေချင်လွန်းလို့ မာမီအချစ်ဆုံး သူငယ်ချင်းအပေါ်မှာတောင် သစ္စာမဲ့ခဲ့တာပါ။ ယုတ်မာကောက်ကျစ်ခဲ့တယ်။ မာမီ နောင်တအမြဲရပြီး တစ်ခါတစ်ရံ စိတ်တွေချောက်ချားသိမ်ငယ်ခဲ့ရတယ်။ နှစ်တွေကြာခဲ့ပါပြီ။ ဘာမှမလုပ်တတ်မကိုင်တတ်နဲ့ မိမိလက်ထဲ ငွေတွေစုပုံအပ်ခဲ့သော သူငယ်ချင်းနီရီသာတို့ မိသားစုရော အရမ်းဒုက္ခအခက်အခဲတွေနှင့် ရင်ဆိုင်ကြုံတွေ့ရမယ်ဆိုတာ မိမိ သိနေသည်။ အရာအားလုံးကို ဒေါ်ခင်မြင့်မိုရ် ေ့ထားခဲ့၏။ ဒေါ်ခင်မြင့်မိုရ်အကြောက်ဆုံးက ပြန်၍ဝဋ်လည်မှာကိုပင်။ အလွန်ရိုးသားပြီးတော်တဲ့သား သက်တန့်ရောင်စဉ်အပေါ် အကျိုးသက်ရောက်မှု ရှိသွားမှာ စိုးရိမ်သည်။

'ခင်တွယ်တာလေးဆိုရင်လည်း သင့်တော်မယ်ထင်တယ် သားရယ်၊ ရုပ်ရည်လေးရော၊ ပညာရော ပြောစရာမှ မရှိတာဘဲ'

'သားက မောက်မာတာမျိုး အတ္တကြီးတာမျိုး လုံးဝမနှစ်သက်ဘူး မာမီ၊ သား မတွေ့သေးပါဘူး၊ တကယ်လို့ တွေ့ခဲ့ရင်ပေါ့၊ စဉ်းစားမိပြီးမေးထားတာပါ'

'သားရယ် မင်းလိမ္မာတယ်ဆိုတာ မာမီ သိပါတယ်၊ မင်း ရွေးချယ်ပါ၊ သားနဲ့ဘဝတစ်သက်လုံး လက်တွဲသွားရမယ့် မိန်းကလေးကိုင ရွေးချယ်စေချင်တယ်'

'ပြီးရောနော်၊ သားလည်း စိတ်ကူးမိတာပါ'





www.burmeseclassic.com

www.burmeseclassic.com



မာမီ့ကို ပန်းမျှူရီအကြောင်း ဖွင့်ပြောလို့မဖြစ်ဘူးထင်တယ်။ ပန်းမျှူရီရဲ့ဘဝကို တိုးတက်မြင့်မားစေရန် ရောင်စဉ် လုပ်ဆောင်ပေးရမည်ဖြစ်သည်။ ပန်းမျှူရီ ကိုယ်တော့ မင်းကို အရမ်းချစ်နေမိပြီကွာ။ သူထုတ်ထားတဲ့ စည်းကမ်းနှင့် တားမြစ်ချက်တွေကြောင့် ပန်းမျှူရီကိုပေါ်ပေါ်တင်တင် မဆက်ဆံရဲပေ။ ဟိုကောင် ထင်လင်းရော။ ဝန်ထမ်းတွေကပါ ပန်းမျှူရီအနား ကပ်ချင်နေကြသည်။

'သား'

'ဗျာ'

'မင်း ဘာတွေစဉ်းစားနေတာလဲ၊ မာမီလည်း ငယ်ရာကကြီးလာတာမို့ ပြောစမ်း၊ မင်းချစ်တဲ့ကောင်မလေးတစ်ယောက်တွေ့နေပြီလား'

'မတွေ့ပါဘူး မာမီရာ၊ သား ခေါင်းထဲကို လုပ်ငန်းတွေဝင်ဝင်လာလို့ စဉ်းစားမိသွားတာပါ'

'မင်းချစ်သူရှာတော့၊ အိမ်ထောင်ပြုဖို့ သင့်နေပြီ၊ မာမီရှာပေးချင်ပေမယ့် သားအပေါ် အတ္တမကြီးချင်တော့ဘူး'

ရီရီသာရယ် နင်ကတော့ ငါ့ကိုမုန်းတီးနာကျည်းနေမှာပဲဟယ်၊ နင့်ကို ရင်မဆိုင်ရဲပါဘူး။ ဒါပေမဲ့ ငါ့ရဲ့ယုတ်မာကောက်ကျစ်မှုတွေကို ငါ့သားသိသွားမှာ ငါအကြောက်ဆုံးပဲ။ ဒါကြောင့် ငါ့အတိတ်ကအကြောင်းကို ငါ လုံးဝဖုံးကွယ်ထားလိုက်တာပဲ။ သားက စိတ်သဘောထားရိုးသားပြီး မတရားလုပ်တာကို မနှစ်သက်။ မိမိ၏သား အထင်သေးနေမှာ မလိုလား၍ ရီရီသာတို့ မိသားစုကို အတော်နိုင်ဆုံး တိမ်းရှောင်နေကာ မိမိသေသည်အထိ ဖုံးကွယ်ထားဖို့ပဲ ဆုံးဖြတ်ထားခဲ့သည်။

'မာမီ အနားယူတော့နော်၊ သားလည်း အိပ်တော့မယ်'

'မာမီ ထူထောင်ထားတဲ့ ကုမ္ပဏီကို သားလေး ဆက်ပြီးအောင်မြင်အောင် ဦးဆောင်ထားနိုင်တာ မာမီကျေနပ်တယ်၊ မာမီ့သားကို စိတ်မပူရတော့ဘူး'

ပြောမယ့်သာပြောရတာ ခေါင်းမြင့်မိုရ်စိတ်တွေ မသက်သာခဲ့၊ ရီရီသာကလည်း သူ့သားနဲ့သမီး ရှေ့ရေးအတွက် မိမိအားငွေတွေပေးအပ်ခဲ့သည်။

'မဟာရယ် နင်က စီးပွားရေးလုပ်တတ်တယ်၊ ငါက မလုပ်တတ်ဘူး၊ နင့်ကိုအားကိုးပါတယ် မဟာရဲ့နော်၊ ငါ့သားနဲ့သမီး ရှေ့ရေးအတွက် နင့်ကိုပဲ အားကိုးပါရစေ'

'အားကိုစမ်းပါ ရီရီသာရယ်၊ ငါ့ကိုယုံပါ၊ နင်လောလောဆယ်အတိုးနဲ့ထိုင်စား၊ ငါ့လုပ်ငန်းတွေ အောင်မြင်လာတဲ့အခါ နင့်သားနဲ့သမီးအတွက် အစုရှယ်ယာခွဲပေးမယ်နော်'

'အေးပါ၊ နင့်ကို ယုံပါတယ်'

ရီရီသာထံမှ ငွေသိန်းပေါင်းများစွာ ယူကာ မိမိစီးပွားရေးတွေလုပ်ခဲ့တာ တဖြည်းဖြည်းအောင်မြင်လာ၍ မိမိလောဘကြီးပြီး မပေးနိုင်တော့သဖြင့် အစအနဖျောက်ကာ ထွက်လာခဲ့သည်။

'အခုလောက်ဆို နင် အရမ်းဒုက္ခရောက်နေတော့မယ် ရီရီသာ၊ ငါ စိတ်မကောင်းပါဘူး၊ နင့်ကိုရှာဖွေတောက်ပံ့ဖို့ နေနေသာသာ နင့်ရဲ့







www.burmeseclassic.com

www.burmeseclassic.com



ရင်မဆိုင်ရဲဘူး၊ ငါလုပ်ခဲ့တာတွေ ငါ့သားမသိစေချင်လို့ဘဲ၊ ငါ့သားက ငါ့ဘဝပဲလေ'

ဒေါ်ခင်မြင့်မိုရ် အသက်အရွယ်ကြီးကမှ သားရဲ့အထင်သေး မှန်းတီးမှုကို မခံယူလိုပေ။ သားက ရှက်မှာ။ ကိုယ်ကျင့်တရားကို တန်ဖိုးကြီးစွာ စောင့်ထိန်းတတ်တဲ့သားပါ။ ဒေါ်ခင်မြင့်မိုရ် အိပ်ခန်းထဲ ဝင်လာခဲ့သည်။

'မာမီ ဂွတ်နိုက်နော်'

'အေးကွယ်··· ဂွတ်နိုက်နော်'

မာမီကို နှုတ်ဆက်ပြီး ရောင်စဉ်လည်း သူ့အိပ်ခန်းထဲ ဝင်လာခဲ့သည်။ သူရေချိုးခန်းထဲ ဝင်လာပြီး သန့်ရှင်းရေးလုပ်တော့ မဥ္ဇူရီကို သတိရသွားသည်။

'တောင်းပန်ပါတယ် အမ်ဒီရယ်၊ အခန်းထဲမှာ လူမရှိဘူး ထင်လို့ပါနော်'

အရမ်းတောင်းပန်တတ်တဲ့ ကောင်မလေးပဲ။ မင်းကို ကိုယ် စတွေ့နဲ့မလပ် သတိရတမ်းတမိနေတယ်။ ပန်းမဥ္ဇူရီရယ် မာမီကတော့ မင်းနဲ့ဆိုရင် လုံးဝသဘောမတူနိုင်ဘူး။ ကိုယ်ကချစ်နေတယ်။ သူများ တွေကို စည်းကမ်းချက်ထုတ်ထားတာက မင်းအနားမကပ်နိုင်အောင်ပါ။ ကိုယ်လည်း မကပ်ရဲတော့ဘူး။ သူ အပြင်ပြန်ထွက်လာခဲ့သည်။ အဝတ်အစားတွေလဲပြီး မဥ္ဇူရီတို့ ရပ်ကွက်လေးဆီ သွားကြည့်ဖို့ ရောင်စဉ် စိတ်ကူးရလာ၏။ သူမရဲ့ ကိုယ်ရေးရာဇဝင်ရေးထားတဲ့ ပုံစံတွင် ပန်းမဥ္ဇူရီရဲ့ နေရပ်လိပ်စာကို ရှာသည်။





'မင်း ဘယ်လိုနေလဲဆိုတာ ကိုယ် အရမ်းသိချင်နေတယ် ပန်းမဥ္ဇူရီ၊ မင်းမိသားစုအကြောင်းကိုလည်း ကိုယ် သိချင်တယ်'

သူအဝတ်အစားလဲပြီး ကားနှင့်အပြင်ပြန်ထွက်လာခဲ့သည်။ ပန်းမဥ္ဇူရီနေတဲ့ ရပ်ကွက်လေးကို သူမောင်းထွက်လာခဲ့၏။ အမှတ်မထင် လမ်းကြုံလို့ရောက်လာသလိုလိုနှင့် ပန်းမဥ္ဇူရီကိုတွေ့ဖို့ ဆုံးဖြတ်ထားသည်။

'ပန်းမဥ္ဇူရီနေတာ ဒီရပ်ကွက်ပဲ၊ အရမ်းဆင်းရဲစုတ်ပြတ်နေတာ တော့မဟုတ်ပါဘူး၊ အသင့်အတင့်ရပ်ကွက်လေးပါ'

ပန်းမဥ္ဇူရီတို့ နေထိုင်တဲ့ ရပ်ကွက်ထိပ်ကိုရောက်လာသည်။ ရှေ့တစ်လမ်းဆို မဥ္ဇူရီနေထိုင်တဲ့လမ်းပဲ။ မင်းနဲ့အမှတ်မထင်ဆုံတွေ့ ချင်တယ်။ မင်းက မိန်းကလေးပဲ။ ဒီအချိန်အပြင်ထွက်မှာတော့ မဟုတ် ပါဘူး။ သူ လမ်းထိပ်လက်ဖက်ရည်ဆိုင်မှာ ဝင်ထိုင်သည်။

'ညီလေး ဘယ်သူ့ကို ရှာနေတာလဲ၊ မင်းကြည့်ရတာ တစ်ယောက်ယောက်ကို ရှာနေသလိုပဲ'

'မရှာပါဘူး၊ ဒါပေမဲ့ ကျွန်တော် ဒီဘက်ရောက်တုန်း အသိ တစ်ယောက်ရှာတာပါ၊ အရေးတော့မကြီးပါဘူး'

'နာမည်ကောဘယ်သူလဲ'

'ကိုပန်းပါ'

'ကိုပန်းတော့ မရှိဘူး၊ ဟိုလမ်းထဲမှာ ပန်းမဥ္ဇူရီဆိုတဲ့ ကောင်မလေးတော့ရှိတယ်၊ အစ်ကိုညီမလေး၊ မင်းနဲ့သိပုံတော့ မရပါဘူးနော်'



www.burmeseclassic.com

www.burmeseclassic.com



မင်းသော်တာက ကားအကောင်းစားကြီးနဲ့ သူဌေးဖြစ်ပုံရတဲ့ လူကို သူ့ညီမလေး ပန်းမဥ္ဇူရီ အသိထင်မိသွားပြီး ဝမ်းသာသွားသလို ဖြစ်သွားပေမယ့် မဟုတ်ဘူးဖြစ်နေသည်။ အလကားကောင်မလေး။ ဖေဒင်က သူဌေးနှင့် လက်ထပ်ရမယ်လို့ ဟောထားတာတော့ မကြာခဏပြောတတ်ပြီး သူဌေးဆို ရှောင်ချင်တယ်။ ညီမလေးက သူ့ကြောင့် ဒုက္ခရောက်နေရတာတော့ မင်းသော်တာ သိသည်။

'အစ်ကို ထိုင်ပါဦး'

'ဟင်'

'ထိုင်ပါ၊ ကျွန်တော့်နာမည် ရောင်စဉ်ပါ၊ အစ်ကိုက ဒီမှာနေတာလား'

'အင်း... ဟိုလမ်းလေ'

သူဌေးနှင့်အပေါင်းအသင်းဖြစ်ရတာလည်း မဆိုးဘူးဟု တွေးကာ မင်းသော်တာ ဝင်ထိုင်မိသည်။ သူ အရက်ဖိုးပြတ်နေပြီ။ မေမေ့ဆီသွားမလို့ဟာ ပန်းမဥ္ဇူရီကို လန့်ပြီး မင်းသော်တာ ထွက်ပြေးနေရသည်။

'မင်းရှာနေတဲ့ ကိုပန်းဆိုတာ ဘာလုပ်လဲ'

'သန့်ရှင်းရေးပါ၊ ဒီမှာနေတာပဲ သိတာ၊ လိပ်စာတော့ အတိအကျမသိပါဘူး အစ်ကိုရာ'

ပန်းမဥ္ဇူရီရဲ့ အစ်ကိုက သူ့ထက်အသက်နည်းနည်းကြီးပုံရသည်။ ပန်းမဥ္ဇူရီနှင့် ရုပ်ချင်းဆင်ပေမယ့် အရက်အလွန်အကျွံသောက်တဲ့ပုံဖြစ်နေ၏။ ကော်ဖီသောက်ပါ အစ်ကိုဆိုတော့ သူနဲ့မတည့်ဘူးတဲ့ ... တော်တော်လေးစုတ်စုတ်ပြတ်ပြတ် ညစ်ညစ်ထေးထေးဝတ်ထားသည်။





'အစ်ကို့ညီမ ပန်းမဥ္ဇူရီကတော့ ရွာတေးလန်မလေးကွ၊ နာမည်က နူးညံ့တယ်၊ မေမေ့ဆီသွားမလို့ဟာ၊ ဒီကောင်မလေးကို ကြောက်လို့ မသွားရဲသေးဘူး'

'အစ်ကို အရက်သောက်ချင်တာလား၊ ကျွန်တော် ကူညီနိုင်ပါတယ်အစ်ကို၊ ဘယ်လောက်လိုလဲ'

'ဟာ... မယူပါဘူး၊ နေပါစေ၊ မေမေ့ဆီပဲ ဝင်တောင်းမယ်၊ အစ်ကို ဒီလောက်အထိ အောက်တန်းမကျပါဘူး ညီလေးရာ၊ ကျေးဇူးပဲ'

'ယူပါ အစ်ကို၊ ကျွန်တော့်ကို ဒီကလူတွေက ပြဿနာရှာမယ်ထင်တာ၊ အစ်ကိုက နွေးနွေးထွေးထွေး ပြောဆိုဆက်ဆံတော့ ကျွန်တော် ခင်မိသွားတယ်'

'အစ်ကိုက သူများကို ပြဿနာမရှာတတ်ပါဘူး၊ ကိုယ့်လွတ်လပ်ခွင့်နဲ့ကိုယ်ပဲဟာ၊ အစ်ကိုလည်း ငယ်စဉ်ကကွာ အသက်နှစ်ဆယ်လောက်က ချမ်းသာတဲ့မိဘတွေက မွေးတာ၊ ဟိုကောင်မလေး ပန်းမဥ္ဇူရီ ဂြိုဟ်ကောင်မလေးမွေးမှ ဖေဖေ ဆုံးသွားပြီး မေမေကလည်း လုပ်တတ် မကိုင်တတ်နဲ့ မေမေ့သူငယ်ချင်းတစ်ယောက်က ရှိသမျှငွေတွေလိမ်ပြီး ထွက်သွားတယ်၊ အစ်ကိုကလည်း ငယ်သေးတော့ အခုလို မွဲတေသွားရတာပဲကွာ'

ပန်းမဥ္ဇူရီရဲ့ ဘဝအကြောင်းလေးတွေကို ရောင်စဉ် ကြားရတော့ စိတ်မကောင်းဖြစ်သွားရသည်။ မင်းက ပိုက်ဆံရှိခဲ့ဖူးတဲ့ အသိုင်းအဝိုင်းက မွေးဖွားလာခဲ့တဲ့ မိန်းကလေးတစ်ယောက်ရဲ့ အသွေးအငွေ



www.burmeseclassic.com

www.burmeseclassic.com



တွေရှိနေတယ်။ မင်းအစ်ကိုကတော့ ဂြိုလ်ကောင်မလေးတဲ့။ ရောင်စဥ်က ပိုက်ဆံတစ်သိန်းထုတ်ပေးတော့ မယူပေ။ သူက အတင်းပေးတော့မှ ယူသည်။

'ယူပါ အစ်ကို၊ ကျွန်တော်တို့က တစ်ချိန်က အရမ်းဆင်းရဲခဲ့တာပဲ၊ ကျွန်တော့်မေမေက ကြိုးစားခဲ့လို့ ကုမ္ပဏီကြီးပိုင်တဲ့အထိ ဖြစ်လာရတာ၊ ကျွန်တော် ဘဝမမေ့တတ်ပါဘူး အစ်ကိုရာ'

'ကောင်းတယ်၊ မင်းကို လေးစားတယ် ညီလေး၊ အစ်ကို့လို ပုံစံကိုများ မင်းက အရေးတယူနဲ့ ဆက်ဆံတယ်၊ အစ်ကို့နာမည် မင်းသော်တာပါ၊ ညီမလေးက ပန်းမဥ္စူရီ၊ မောင်နှမနှစ်ယောက်ပဲရှိတာ၊ အမေ့ကို ဒုက္ခပေးလို့ဆိုပြီး အစ်ကို့ကို ပြဿနာရှာနေတာ အခု ပိုက်ဆံရပြီဆိုတော့ အစ်ကို မေမေ့ဆီ မဝင်တော့ဘူး'

'အစ်ကိုက အိမ်မှာ မိသားစုနဲ့နေတာ မဟုတ်ဘူးလား'

'ဟိုဂြိုလ်ကောင်မလေးကြောင့်လေ၊ မေမေ့ဆီလာတာနဲ့ ကိုကို့ကို အချုပ်ထဲပို့ပစ်မယ်တဲ့'

'အစ်ကိုက ဘာပြစ်မှုတွေ ကျူးလွန်ထားလို့လဲ'

'ခိုးမှု'

'ဗျာ'

'မကြောက်ပါနဲ့၊ အစ်ကိုက ဘယ်လောက်ပဲ ဆင်းရဲဒုက္ခရောက်ပြီး ငတ်ပြတ်နေပါစေ၊ မခိုးပါဘူး၊ အဟဲ… ဂြိုလ်မလေးစုဖူးလေ၊ အစ်ကို ခိုးလာခဲ့တာ၊ ဟာ… ဟိုမှာ ညီမလေးထွက်လာပြီ ကွေ့တော့ အစ်ကို ဒီဆိုင်မှာထိုင်တာ သတင်းရသွားလို့ထင်တယ်





ဂြိုလ်မလေး လာပြီ၊ အစ်ကိုသွားမှဖြစ်မယ်၊ ကျေးဇူးပဲနော် မောင်ရင်'

'အစ်ကို'

'ဟင်'

'ရော့ပါ၊ ဒါက ကျွန်တော့် လိပ်စာကဒ်၊ အကူအညီလိုရင် အချိန်မရွေးလာပါ'

'ရပါတယ်ကွာ၊ မောင်ရင် ဒီလောက်ကူညီတာပဲ ကျေးဇူးတင်ပါပြီ၊ ဂြိုလ်ကောင်မလေး ဒီဘက်မရောက်ခင် လစ်မှ'

'ယူသွားပါ အစ်ကိုရာ၊ လိုလိုမယ်မယ်ပေါ့၊ အားမနာပါနဲ့'

'အေးကွာ'

ကိုမင်းသော်တာ ကပျာကယာထပြီး ထွက်သွားသည်။ ပန်းမဥ္စူရီ ပတ်ဝန်းကျင်ကိုကြည့်ရင်း သူထိုင်နေတဲ့ဆိုင်နား ရောက်လာ၏။ အစောက ကိုကိုလာတယ်ဆိုဟု စားပွဲထိုးကောင်လေးကို မေးနေသည်။

❐ ❐ ❐



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

'ပန်းမဥ္ဇူရီ'

'ဟင်… အမ်ဒီ ဒီကိုဘယ်လိုလုပ် ရောက်နေတာလဲ'

'မင်းက ဒီမှာနေတာပဲ၊ ကိုယ်အလုပ်ကိစ္စ တစ်ခုနဲ့ ဒီဘက်ရောက်လာတာလေ၊ ခဏဝင်ထိုင်နေတာ၊ မင်းရော အချိန်တောင်မနည်းတော့ဘူးနော်'

မထင်မှတ်ဘဲ အမ်ဒီကိုတွေ့လိုက်ရသဖြင့် မဥ္ဇူရီ အံ့သြသွားရသည်။ ကိုကိုပေါ့။ မေမေ့ဆီလာပြီး ဒုက္ခပေးမလို့ ရောက်လာတာ။ သူမ သတင်းရပြီးထွက်လာခဲ့ခြင်းဖြစ်သည်။

'မဥ္ဇူရီ အစ်ကို့ကို လာရှာတာပါ၊ ဒီဆိုင်မှာ ထိုင်နေတယ်လို့ လာပြောလို့လေ၊ ဘယ်ရောက်သွားလဲ မသိဘူး'

'ထွက်သွားပြီ'

'ဟင်'

'မင်းအစ်ကိုက မင်းသော်တာ မဟုတ်လား'

'ရှင်'





'ကိုယ်နဲ့လည်း အခုပဲ သိတာပါ၊ ကိုယ့်အသိနာမည်မေးရင်း မိတ်ဆွေဖြစ်သွားကြတယ်'

ဘုရားရေ… ကိုကို ဘာတွေဝင်လုံးသွားရတာလဲ။ သူမအား အမ်ဒီ မမြင်အောင် စားပွဲထိုးလေးက ကိုကို့အား သူ့ပိုက်ဆံတွေပေးလိုက်ကြောင်း လက်ဟန်ခြေဟန်ဖြင့် ပြနေသည်။ ကို[illegible]ဘာတွေလျှောက်လုပ်နေတာလဲ။ အမ်ဒီဆီက တောင်းသွားတာ[illegible]။ ရက်စ[illegible]ကော[illegible]လိုက်တာ။ ကိုကို လူရှုပ်လူပွေ။ မေမေ့ဆီ အ[illegible]ကြောင်းနှစ်ိုး၍ ပန်းမဥ္ဇူရီ ထွက်လိုက်လာခဲ့ခြင်းဖြ[illegible]သည်။

'အမ်ဒီ'

'ပြော'

'ကျွန်မ အစ်ကိုက အမ်ဒီဆီမှာ ပိုက်ဆံတောင်းလို့လား'

'မတောင်းပါဘူး၊ ဘာဖြစ်လို့လဲ၊ ကိုယ်ကပေးတာတောင် မင်းအစ်ကိုက ငြင်းတယ်'

'ဟို… ဟိုလေ… အမ်ဒီက ကျွန်မအစ်ကိုဆိုတာ ဘယ်လိုလုပ်သိလဲဟင်'

'သူပြောပြတာလေ၊ သူ့ညီမလေးက ပန်းမဥ္ဇူရီတဲ့၊ နာမည်လေးက နွဲ့နှောင်းလှပသလောက် စွာတေးလန်တယ်တဲ့၊ မေမေ့ဆီသွားတော့မှာ ဂြိုလ်ကောင်မလေးကိုကြောက်ပြီး မသွားရဲတာတဲ့'

'ကိုကိုကလည်းနော်၊ ဘာတွေလျှောက်ပြောနေတာလဲ မသိဘူး အရက်တွေ အရမ်းသောက်ပြီး မေမေ့ကို ဒုက္ခပေးလွန်းလို့ပါ၊



www.burmeseclassic.com

www.burmeseclassic.com



အခု မေမေ နေမကောင်းဘူး၊ ကိုကို့ကိုခေါ်ဖို့ မဥ္ဇူရီ လာတာပါ၊ မေမေက သူ့သားစိတ်နဲ့ အိပ်ယာပေါ်မှာလဲနေတာလေ'

'မင်းအစ်ကိုက မင်းကိုတွေ့တာနဲ့ ထပြေးတာပဲ၊ မင်းဆီက စုဗူးခိုးထားလို့ဆို'

'ကြည့်စမ်း၊ အဲဒီကိုကိုကလေ အရှက်ကိုမရှိဘူး၊ ဘာပဲဖြစ်ဖြစ် မေမေက သူ့သားအတွက် အရမ်းစိတ်ပူတတ်တယ်၊ မဥ္ဇူရီ ပြဿနာ မရှာပါဘူး၊ ကိုကို့ကို လာခေါ်တာပါ'

'မင်း အမေ နေမကောင်းဘူးလား၊ ဆေးခန်းပို့ဖို့လိုအပ်ရင် ကိုယ်ပို့ပေးမယ်လေ'

'မလိုပါဘူး၊ ကိစ္စမရှိပါဘူး အမ်ဒီရယ်၊ အချိန်တောင်မရှိတော့ဘူး၊ အမ်ဒီ မပြန်သေးဘူးလားဟင်'

'ပြန်မယ်'

'မဥ္ဇူရီလည်း ပြန်တော့မယ်၊ မောင်ချို တို့ကိုကိုထပ်ရောက်လာရင် မဥ္ဇူရီက ပြဿနာမရှာတော့ပါဘူး၊ မေမေ နေမကောင်းဘူးလို့ ပြောပေးနော်'

'ဟုတ်ကဲ့ပါ'

စားပွဲထိုး ကောင်လေးကို လှမ်းမှာပြီး မဥ္ဇူရီ ပြန်ဖို့ထသည်။ အမ်ဒီအတွက်လည်း စိတ်ပူမိ၏။ ဒါပေမဲ့ အိမ်တော့အလည်မခေါ်ချင်ပါဘူး။ ပတ်ဝန်းကျင်မှာ ဝေဖန်ပြောဆိုစရာ ဖြစ်သွားမှာစိုးရိမ်မိ၍ ဖြစ်၏။ ည ဆယ်နာရီလောက်တောင်ရှိနေပြီ။ အမ်ဒီ ဘယ်လိုလုပ် ရောက်လာရတာလဲ။ ပြဿနာတက်မှာလည်း စိတ်ပူသည်။





'အမ်ဒီ ပြန်တော့လေ၊ ကြာကြာထိုင်လို့မကောင်းဘူးထင်တယ်'

'ပြန်တော့မှာပါ'

မင်းတို့အိမ်ကို အလည်မခေါ်တော့ဘူးလား မဥ္ဇူရီလို့ ပြောချင်ပေမယ့် မဥ္ဇူရီက တစ်မျိုးထင်မှာလည်း ကြောက်ရသည်။

'မောင်ချိုရေ မမမှာတာ မမေ့နဲ့နော်၊ မေမေက တွေ့ချင်နေတယ်လို့ပြောပေးနော်'

'အစ်ကိုမင်းသော်တာက ပိုက်ဆံရှိနေရင် လာမှာမဟုတ်တော့ဘူး မမ၊ တွေ့ရင်ပြောပေးပါ့မယ်'

ကိုကို အမ်ဒီဆီက ပိုက်ဆံယူသွားတာတော့ သေချာသည်။ တကယ်ပါပဲ။ အရက်ဖိုးမရှိတော့ အရှက်မရှိတော့ဘူး။ အမ်ဒီဆီက တောင်းမှာပေါ့။ မဥ္ဇူရီ မျက်နှာပူပူနှင့်ပဲ နှုတ်ဆက်ပြီးပြန်လာခဲ့သည်။

'မင်းနာမည်က မောင်ချိုလား'

'ဟုတ်ကဲ့ပါ အစ်ကို'

'စောစောကလူ၊ ကိုမင်းသော်တာ ဘယ်ဆိုင်မှာ အရက်သောက်တတ်လဲကွ'

'ရပ်ကွက်ထိပ်က မြန်နန္ဒာစားသောက်ဆိုင်မှာ ရှိတတ်တယ်၊ သူကဆင်းရဲနေပေမယ့် အရက်ကောင်းမှ သောက်တာဗျ၊ အစ်ကိုက ပိုက်ဆံပေးလိုက်တော့ အဲဒီဆိုင်မှာ သေချာတယ်၊ အစ်ကိုနဲ့ မမဥ္ဇူရီရဲ့ သိနေကြတာလား'



www.burmeseclassic.com

www.burmeseclassic.com



'အင်း··· သိတယ်၊ ဒီမှာနေမှန်းတော့ မသိပါဘူး၊ ကိုယ့်အခမဲ့ဒါနသင်တန်းမှာတက်တာလေ'

'မမယန်းမဥ္ဇူရီက မာနကြီးတယ်၊ ရပ်ကွက်ထဲက လူပျိုတွေတစ်ယောက်မှ မထိရဲဘူး၊ ကိုမင်းသော်တာက အရမ်းဆိုးတယ်၊ မမယန်းမဥ္ဇူရီရဲ့ ကျူရှင်ခတွေလည်း ခဏခဏခိုးပြီး သုံးပြစ်တယ်'

ရောင်စဥ် နှုတ်ဆက်ပြီး ကိုမင်းသော်တာရှိနေသည့် မြနန္ဒာစားသောက်ဆိုင်သို့ ရောက်လာသည်။ ထင်တဲ့အတိုင်းပင် အရက်ပုလင်းထောင်ပြီး သောက်နေ၏။ သူ့ကိုမြင်တော့ အံ့သြသွားသည်။

'မောင်ရင် ပိုက်ဆံပြန်လာတောင်းတာလား'

'မဟုတ်ပါဘူး အစ်ကို၊ စောစောက အစ်ကို့ညီမရောက်လာပြီး အစ်ကို့အမေ နေမကောင်းလို့တွေ့ချင်နေတယ်တဲ့၊ မဥ္ဇူရီ ပြဿနာမရှာဘူးလို့ ပြောပေးပါတဲ့၊ စားပွဲထိုးကောင်လေးကို မှာနေလို့ပါ'

'မေမေ နေမကောင်းဘူး ဟုတ်လား ညီလေး'

'အစ်ကို့ကို တွေ့ချင်နေတယ်တဲ့'

'ကိုယ် သွားတွေ့တယ်၊ မေမေ့ကို တွေ့ချင်နေတာပါ၊ သွားတွေ့မယ်'

'ဒါဆိုလည်း ကျွန်တော့်ကားနဲ့ လိုက်ပို့ပေးပါ့မယ်။ အစ်ကို့အမေ ဆေးခန်းပို့ရမယ်ဆိုရင်လည်း ကျွန်တော် ပို့ပေးပါ့မယ်'

'နေပါဦး မောင်ရင်က ဘာဖြစ်လို့ အစ်ကို့အပေါ် စေတနာတွေ ဒီလောက်အထိ ရှိနေရတာလဲကွ'

'မဟုတ်ပါဘူး အစ်ကို၊ ကျွန်တော်က စေတနာနဲ့ပါ၊ ဒီလိုပဲ





ခင်မင်တတ်ပါတယ်၊ ကျွန်တော့်မှာလည်း အမေပဲ ရှိတော့တာပါ အစ်ကိုရာ၊ စောစောက အစ်ကို့ညီမလေး စားပွဲထိုးကိုပြောနေတာ ကျွန်တော်ကြားပြီး စိတ်မကောင်းလို့ပါ'

ကိုမင်းသော်တာကို အရခေါ်ပြီး မိခင်ဆီ ပို့ပေးသည်။

'ညီလေး အိမ်ထဲဝင်ပါဦး၊ ကိုယ့်ညီမက ပြဿနာ ရှာချင်ရှာမှာကွ၊ အချိုသတ်ပြီး လာခေါ်တာလည်း ဖြစ်နိုင်တယ်'

'ဟုတ်ကဲ့ အစ်ကို၊ မထူးတော့ပါဘူး၊ ကျွန်တော် အစအဆုံး ကူညီပါ့မယ်'

ကိုယ်လည်း မတတ်နိုင်တော့ဘူး ယန်းမဥ္ဇူရီ။ မင်းတို့ မိသားစုကို ကူညီချင်တာပါ။ မင်းတို့က ပိုက်ဆံမရှိလို့ မင်းအမေကို ဆေးခန်းမပို့တာမဟုတ်လား။ သူပြန်ရောက်သွားတော့ ယန်းမဥ္ဇူရီ အံ့သြသွားသည်။

'မေမေ'

'ဟင်··· သားကြီး မင်း··· မင်း··· ပြန်လာပြီလား၊ အမလေး မေမေတွေ့ချင်နေတာပါ၊ သူက···'

'ကျွန်တော့်သူငယ်ချင်းမိတ်ဆွေပါ မေမေ၊ ကိုရောင်စဥ်တဲ့၊ ကျွန်တော့်ကို ကူညီနေတာပါ'

'အေးကွယ်၊ ကျေးဇူးတင်ပါတယ်၊ အဒေါ့်သားကြီးက သူဆိုးပါ'

မဥ္ဇူရီကတော့ ကိုကိုနှင့် အမ်ဒီ သိကျွမ်းနေတာကို သဘောတော့မိပေ။ ကိုကို လူရှုပ် အမ်ဒီနှင့် မိတ်ဆွေဆိုတာ မဖြစ်နိုင်။



www.burmeseclassic.com

www.burmeseclassic.com



စောစောက လက်ဖက်ရည်ဆိုင်မှာ တွေ့ကြရင်း ဆုံမိကြတာပဲ ဖြစ်နိုင်သည်။

'အဒေါ် နေမကောင်းရင် ဆေးခန်းပြဖို့လိုအပ်မယ်ထင်တယ်၊ ကျွန်တော် ပြပေးပါရစေ'

'အဲဒီလောက်ကြီး ဖြစ်တာမဟုတ်ပါဘူးကွယ်၊ သားကြီးကို တွေ့ချင်နေတာပါ၊ ဘယ်လောက်ပဲဆိုးဆိုး အဒေါ်မွေးထားတဲ့ သားကြီးပဲ တွေ့ချင်တယ်၊ ဘယ်မှာနေပြီး ဘာတွေလုပ်နေလဲလို့ စဉ်းစားနေပါတယ်၊ အဒေါ် အရမ်းချစ်ရတဲ့ သားကြီးပါ'

ဒေါ်ရီရီသာကတော့ သားကြီး ဘယ်လောက်ပဲဆိုးပေတော နေပါစေ ချစ်ရသည်။ အမြဲတမ်း စိတ်ပူပင်နေရသည်။ ညီမလေး ကျောင်းစရိတ်တွေနိုးပြီး အရက်သောက်ပြစ် အကြွေးတွေတင်နှင့် ဘယ်မှာ နေမှန်းမသိ သမီးငယ်ကတော့ အစ်ကိုကို စိတ်ဆိုးတတ်၏။ ဆူပူချင်သည်။ မေမေ အရမ်းအလိုလိုက်ထားလို့ဟု အပြစ်တင်ချင်၏။ ဘယ်တတ်နိုင်မှလဲ။ ကိုယ်မွေးထားတဲ့သားလေး အသက်အရွယ်ရမှ ဆင်းရဲနွမ်းပါးနေရတာ စိတ်ထိခိုက်ရသည်။

'မောင်ရင်လေး ပြန်ပါ၊ အချိန်လည်း မရှိတော့ဘူး၊ ရပ်ကွက်မှာက အန္တရာယ် များပါတယ်၊ အဒေါ်က စိတ်ပါ၊ ဆေးခန်းပြဖို့အထိ မဟုတ်ပါဘူး'

'ဒါဆိုလည်း ကျွန်တော့်ကို ပြန်ခွင့်ပြုပါဦးနော်၊ ကိုမင်းသော်တာလည်း? လိုအပ်တာတွေ အကူအညီတောင်းပါ၊ အားမနာစေချင်ပါဘူး'





'ကျေးဇူးပါပဲ ညီလေးရာ၊ နောက်မှ တွေ့မယ်နော်'

'ဟုတ်ကဲ့'

အမ်ဒီ ပြန်ထွက်သွားပြီး မေမေ အိပ်ပျော်သွာတော့မှ ကိုကို့အား အပြင်သို့ ခေါ်ထုတ်လာခဲ့သည်။

'ဘာလဲဟ၊ ဂြိုလ်ကောင်မလေးနော်၊ မေမေ နေမကောင်းဘူး၊ ဘာပြဿနာ ရှာမလို့လဲ'

'ဟိုလူက ကိုကို မိတ်ရင်းဆွေရင်းတော့ မဖြစ်နိုင်ပါဘူး၊ သူ့ဆီက ပိုက်ဆံတောင်းတယ် မဟုတ်လား'

'ဘာ··· နင်က လူကိုအထင်သေးလှချည်လား မဥ္ဇူရီ၊ ကိုကို့ စိတ်ဓာတ် ဒီလောက်အထိအောက်တန်းမကျပါဘူးဟ၊ သူက မိတ်ဖွဲ့တာ'

'ဟင်'

'ကိုပန်းဆိုတဲ့ အသိကို လာရှာတာတဲ့၊ ကိုကိုက ပန်းမဥ္ဇူရီဆိုတာတော့ ရှိတယ်လို့ ပြောရင်းကနေ မိတ်ဆွေဖြစ်ပြီး ကိုကို့ကို အတင်းပိုက်ဆံပေးတာပါဟ'

အမ်ဒီ ဘာသဘောနဲ့ ဒီလိုလုပ်ရတာလဲ။ မဥ္ဇူရီကို ရှာဖို့ ဒီကိုရောက်လာတာများလား။ မဖြစ်နိုင်ပါဘူး။ အမ်ဒီက တင်းကြပ်တဲ့ စည်းကမ်းတွေထုတ်ပြီး သူလည်း တည်တည်နေထိုင်တာပါ။

'ပြီးတော့ ကိုကို လာရှာတယ်၊ မေမေက တွေ့ချင်နေတယ်တဲ့၊ ထူးဆန်းတယ်ဟ၊ ညီမလေးရ အစ်ကိုကိုတော့ အရမ်းခင်တယ်၊ ဒီမှာ သူ့လိပ်စာကတ်တောင် အတင်းပေးသွားတာပါ ရော့'



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုပေးတဲ့ လိပ်စာကတ်က မဥ္စူရီတို့ ကုမ္ပဏီရဲ့ အမ်ဒီကတ်ပဲ။ ရှုပ်လိုက်တာ။ ညီမလေးပဲ သိမ်းထားမယ်။ ကိုကို သွားမရှုပ်နဲ့။ နာမည်ပျက်မယ်ဆိုပြီး သိမ်းထားလိုက်သည်။

'ကိုကိုကလည်း အကူအညီ သွားမတောင်းပါဘူး၊ နင်ပဲ သိမ်းထားပါ၊ အလုပ်ရှာရင် အသုံးဝင်မယ်၊ ဒါပေမဲ့ တက္ကသိုလ်ဝင်တန်းတောင်မအောင်ဘူးဆိုတော့ နင်က သန့်ရှင်းရေးပဲရမယ်'

'မဥ္စူရီ စာမေးပွဲမအောင်တာ ကိုကို့ကြောင့်လေ၊ မေမေ ရှာဖွေစုဆောင်းထားသမျှ ကိုကိုပဲ ဖြုန်းနေတာ၊ မဥ္စူရီ စုဗူးဘယ်မှာလဲ၊ ကျောင်းစရိတ်စုထားတာ'

'ရှူး··· မပြောနဲ့၊ မေမေ နိုးသွားရင် စိတ်မကောင်းဖြစ်လိမ့်မယ်၊ နင်ပဲ ပြဿနာမရှာဘူးဆိုလို့ ကိုကို ပြန်လာတာ'

ကိုကို ထွက်သွားမှာလည်း မဥ္စူရီ စိတ်ပူသည်။ မေမေ့လိုပါပဲ။ ဘယ်လိုအပြစ်တွေပဲ ကျူးလွန်ပါစေ ကိုကို့အတွက် စိတ်ပူပင်နေရ၏။ မေမေလည်း တွေ့ချင်နေတတ်သည်။

'ကိုကိုရာ ညီမလေးတို့ ပိုက်ဆံကြိုက်သလောက်ဖြုန်းပါ၊ ဒါပေမဲ့ တခြားသူတွေကိုတော့ သွားပြီး ဒုက္ခမပေးပါနဲ့၊ ရှက်စရာကြီး ကိုကိုရာ'

'ကိုကိုက မယူဘူးတောင် ပြောတာပါဟ၊ သူက အတင်းဝင်ရောတာ၊ ကိုကို သိပါတယ်၊ ညီမလေး ရှိသေးတယ်လေ'

'ညီမလေး မျက်နှာကိုထောက်ပါဦးနော်၊ မေမေ အရှက်သနားစရာကောင်းပါတယ်၊ အသက်လည်းကြီးပါပြီ'





'အေးပါ၊ ငါ နောင်တရပါပြီ၊ မေမေသာ တစ်ခုခုဖြစ်သွားရင် ကိုကို့အပြစ်ပဲ၊ ညီမလေးလည်း စာကြိုးစားပါ၊ မေမေက ညီမလေးကို ဘွဲ့ရစေချင်တာ ကိုကိုသိတယ်'

'ဟွန်း··· ဘာသိတာလဲ၊ ကိုကို့ကြောင့်လည်း ပါတယ်နော်၊ ညီမလေး စာမေးပွဲဖြေခါနီးတိုင်း စိတ်ညစ်ရတာ'

'နောက်ဆို ကိုကို ဆင်ခြင်ပါ့မယ်၊ ညီမလေးရော ဗေဒင်ဆရာဟောထားတဲ့ မဟာဘုတ်အတိုင်း မဖြစ်သေးဘူးလား'

'တော်ပါပြီ'

'ကိုကို့မိတ်ဆွေနဲ့ အောင်သွယ်ပေးရမလား'

'ကိုကိုနော်၊ မဟုတ်တာတွေ မလုပ်ပါနဲ့၊ ညီမလေး ရှက်တယ်၊ နောက်တစ်ခါ အဲဒီလူကို ခေါ်မလာပါနဲ့'

'ညီမလေးကလည်း သူ့ငွေနဲ့ညားမယ်လည်း ပြောသေးတယ်၊ မာနက ကြီးသေးတယ်'

'အိပ်တော့မယ်၊ ကျေးဇူးပြုပြီး ကိုကိုလိမ္မာပါတော့၊ မေမေ့အနားမှာ နေပေးပါ၊ ညီမလေး စာမေးပွဲအောင်အောင် ဖြေချင်တယ်'

'သမီး အလိမ္မာကြီး မဥ္စူရီရယ်၊ ဆရာကြီး မလုပ်စမ်းပါနဲ့၊ ဂျိုလ်ကောင်မလေး··· နင့်ကိုမွေးပြီးမှ ဖေဖေဆုံးတာ၊ မိဘတွေ စီးပွားဆုတ်တာ၊ နင်ဂြိုလ်မွှေလို့'

'ကိုကိုနော်··· ပေါက်ကရတွေ ပြောပြန်ပြီလား၊ ကိုကို ဖြုန်းလို့ မိသားစုကို မစောင့်ရှောက်လို့ ဖြစ်ရတာ'



www.burmeseclassic.com

www.burmeseclassic.com



မောင်နှမနှစ်ယောက် စကားများနေတုန်း မေမေ့ချောင်းသံကြား၍ တိတ်သွားကြသည်။

'မဥ္ဇူရီ အိပ်တော့လေ၊ မနက်ကျောင်းသွားရမယ်၊ သားလည်း အိပ်တော့၊ ရန်ဖြစ်မနေကြနဲ့၊ တော်ပြီ'

မေမေကတော့ အမြဲတမ်း ကိုကို့ဘက်ကပဲ။ မဥ္ဇူရီပြောရင် မကြိုက်။ သူမ နှုတ်ခမ်းလေးစူပြကာ အခန်းထဲဝင်လာခဲ့သည်။ အမ်ဒီ အကြောင်းတွေးပြီးတော့လည်း မဥ္ဇူရီ စိတ်ထဲမှာ မကျေနပ်သလိုလို စဉ်းစားဝေခွဲရခက်နေ၏။ အမ်ဒီက မဥ္ဇူရီကြောင့် ဒီရပ်ကွက်ထဲကို ရောက်လာတာ မဟုတ်ပါဘူးလို့တော့ မဥ္ဇူရီ တွေးမိနေလေသည်။

❒ ❒ ❒



အခန်း (၈)

သူ့လုပ်ရပ်တွေ မှားနေပြီလားဆိုတာ ရောင်စဉ် တွေးမိနေသည်။ ပန်းမဥ္ဇူရီရဲ့ဘဝလေးကို သူ သနားနေမိ၏။ ဘဝကို ရိုးသားစွာ ဖြတ်သန်းနေထိုင်သူလေးဟု ရောင်စဉ် တွေးနေမိရင်း ပန်းမဥ္ဇူရီအား ဘယ်လိုအကူအညီပေးရမလဲဆိုတာ စဉ်းစားပေးနေသည်။ ရောင်စဉ် ပြန်လာတော့ အချိန်က ညဉ့်နက်နေပြီ။ မာမီအိပ်နေသဖြင့် သူ့ကိုမမေးပေ။ သူ့အိပ်ခန်းထဲရောက်မှ အဝတ်အစားမလဲတော့ဘဲ အိပ်ယာပေါ် ခေါ်လှဲကာ မဥ္ဇူရီအကြောင်း စဉ်းစားနေမိလေသည်။

'မင်းကို ကိုယ် အရမ်းချစ်နေမိပြီ ပန်းမဥ္ဇူရီရယ်၊ မင်းကို ပိုင်ဆိုင်ချင်တယ်၊ အဲဒါဆို ကိုယ့်ဘဝအရာအားလုံး ပြည့်စုံပြီထင်တယ်'

ပန်းမဥ္ဇူရီ အနားမကပ်နိုင်အောင် သူကိုယ်တိုင် စည်းကမ်းချက်တွေ ထုတ်ထားမိသဖြင့် အခက်တွေ့ကြုံနေရသည်။ သူ့ဂုဏ်



www.burmeseclassic.com

www.burmeseclassic.com



သိက္ခာလည်း ရှိသေးတယ်။ ကုမ္ပဏီမှာ နာမည်ပျက်မရှိစေရ။ သူကိုယ်တိုင် စောင့်ထိန်းနေခဲ့၏။

'မင်းနဲ့နီးစပ်ဖို့ ကိုယ်ဘာတွေပဲပေးဆပ်ပေးဆပ်ရပါစေ မဒ္ဒူရီ ပေးဆပ်မယ်၊ မင်းအစ်ကိုကလည်း စိတ်ဓာတ်အောက်တန်းကျတဲ့ ယောက်ျားတစ်ယောက်တော့ မဟုတ်ပါဘူး၊ မိသားစုအပေါ်ပဲ မကောင်းတာပါ'

မဒ္ဒူရီရဲ့အစ်ကို လာရောက်အကူအညီတောင်းပါစေဟုပဲ ရောင်စဉ် ဆုတောင်းနေသည်။ သူ အိပ်မပျော်။ မဒ္ဒူရီ အကြောင်းလေးတွေ တွေးနေတာနှင့်ပဲ အိပ်ပျက်လွန်းနေ၏။ မနက်မိုးလင်းတော့ ကိုမိုးတိမ်တောင် လာနိုးမှ နိုးသည်။

'အမ်ဒီ'

'အမ်ဒီ··· အိပ်လှချည်လား၊ ကုမ္ပဏီကို သွားဖို့နောက်ကျနေပြီလေ အမ်ဒီ'

'ဟင်'

အပြင်မှ သူ့ကိုခေါ်နေတဲ့ အသံကြောင့် ရောင်စဉ် လန့်နိုးသွားပြီး တံခါးထဖွင့်ပေးလိုက်သည်။

'အမ်ဒီ ဘယ်လိုဖြစ်တာလဲ၊ အမြဲတမ်း စောစောစီးစီး အဆင်သင့်ဖြစ်နေတတ်တဲ့လူက'

'ခဏလေး၊ ကိုယ် အိပ်တာနောက်ကျသွားတယ်၊ ဟုတ်သားပဲ၊ ကိုမိုးတိမ်တောင်နဲ့ သွားစရာရှိတယ်'

ကိုမိုးတိမ်တောင်နှင့် လုပ်ငန်းကိစ္စ သွားစရာရှိတာ သူမေ့နေ





သည်။ ရေချိုးခန်းထဲဝင်ပြီး အမြန်ဆုံး ရေချိုးရ၏။ မဒ္ဒူရီကြောင့် ရောင်စဉ်တောင် စည်းကမ်းတွေ ပျက်ချင်လာရသည်။

'အမ်ဒီ အချိန်ရှိပါသေးတယ်၊ အရမ်းတိကျတဲ့တို့အမ်ဒီ'

'ကိုမိုးတိမ်တောင် စကားတွေအရမ်းများတယ်ဗျာ'

'အမ်ဒီ'

'ပြော'

'ပန်းမဒ္ဒူရီဆိုတဲ့ ကောင်မလေးကို ကြိတ်ပိုးနေကြတဲ့သူတွေ အရမ်းများနေတယ်နော်'

'ခင်ဗျားရော'

'ပါနေတယ်'

'မဒ္ဒူရီကို မနှောင့်ယှက်ပါနဲ့'

'နှလုံးသားထဲကနေ အတည်ရောချစ်လို့မရဘူးလား အမ်ဒီ'

'အရေးထဲဗျာ၊ ပန်းမဒ္ဒူရီကို မထိနဲ့'

'ဗျာ'

သူ့စကား များသွားသည်။ ပြောချင်ဇောနှင့် ပြောမိပြီးမှ ကိုမိုးတိမ်တောင်က နားမလည်သလို ပြန်ကြည့်နေ၏။ သူ့လေသံကလည်း နည်းနည်းလေးမာထန်သွားသည်။

'မနေ့က ထင်လင်းလည်း ပန်းမဒ္ဒူရီကို ထိကပါးရိကပါး လုပ်နေတယ်၊ ကိုယ် မကြိုက်ဘူး၊ သန့်ရှင်းရေးဝန်ထမ်းကို ဘယ်သူ အတည်ကြိုက်မလဲ'

'ကျွန်တော် ကြိုက်တယ် အမ်ဒီ'

'ခင်ဗျားအရွယ်နဲ့'



www.burmeseclassic.com

www.burmeseclassic.com



'အသက်အရွယ်ကြောင့်ပေါ့၊ ဒါပေမဲ့ အမ်ဒီရာ၊ အတွေ့အကြုံနောက်ကျတယ်၊ တူမနဲ့ ဦးလေးအရွယ်ဖြစ်နေလို့ ပန်းမဥ္ဇူရီက မာနကြီးတယ်၊ သူမ အလုပ်တာဝန်ကလွဲပြီး ဘယ်သူ့မှ အရောမဝင်ဘူး'

'ထားလိုက်ပါ'

'ဒါပေမဲ့ အမ်ဒီ စည်းကမ်းထုတ်တာက ပြင်းလွန်းတယ်'

'ကိုမိုးတိမ်တောင်'

'ဟုတ်ကဲ့'

'ဒီနှစ် တက္ကသိုလ်ဝင်တန်းဖြေမယ့် သုံးယောက်ကို လိုအပ်တာတွေ ထောက်ပံ့ပေးပါ၊ အောင်စေချင်တယ်၊ လိုအပ်တာတွေ ပေးပါ'

'ဟုတ်ကဲ့၊ စိတ်ချပါ အမ်ဒီ၊ ဒီနေ့ အစီအစဉ်တွေ လုပ်နေပြီ'

'ဘာပဲဖြစ်ဖြစ်ဗျာ၊ သူတို့အောင်အောင်ဖြေပါစေ၊ စိတ်အနှောင့်အယှက်ဖြစ်ပြီး တစ်ဝက်တစ်ပျက်နဲ့ ကုမ္ပဏီကနေ ထွက်အောင် မလုပ်ပါနဲ့ သတိထားပါ'

ပန်းမဥ္ဇူရီကို ထိပါးချင်တဲ့သူတွေက များနေသည်။ ဒါရိုက်တာ ထင်လင်းကလည်း အတည်တဲ့။ စေ့စပ်ထားတဲ့ ချစ်သူတောင် စွန့်ပစ်မယ့်အထိပဲ။ ရောင်စဉ် စိတ်ပူပြီး အကာအကွယ်ပေးလုပ်နေရသည်။

'သွားမယ်ဗျာ'

'ဟုတ်ကဲ့ အမ်ဒီ'

ကိုမိုးတိမ်တောင်က သူ့ထက်အသက်အရွယ်ကြီးပေမယ့် အ





တရိုတသေဆက်ဆံတတ်သည်။ ရိုးရိုးကြီးပေမယ့် ပန်းမဥ္ဇူရီကို ကြိတ်ပိုးနေတာတော့ ရောင်စဉ် မသိမသာတားဆီးနေရ၏။ ကိုယ့်စည်းကမ်းနှင့်ကိုယ် မဥ္ဇူရီအနားကပ်ဖို့ ခက်ခဲနေသည်။

'သား သွားတော့မယ် မာမီ'

'အေး . . . မင်း ညက ဘယ်ကိုထွက်သွားတာလဲ၊ သားပြန်လာတာ ညဥ့်နက်တယ်၊ မာမီလည်း မထချင်တော့လို့'

'ကိစ္စလေးတစ်ခုရှိလို့ပါ မာမီ၊ သူငယ်ချင်းနဲ့ ချိန်းထားလို့ပါ'

'မောင်မိုးတိမ်တောင် မင်းတို့ အမ်ဒီမှာ ချစ်သူကောင်မလေးတစ်ယောက်ယောက်များ တွေ့နေပြီလား'

'မရှိပါဘူး အန်တီမိုရ်၊ အမ်ဒီက တည်လွန်းအားကြီးတယ်၊ အမည်ပျက်မှာ အရမ်းကြောက်နေတာ၊ ဘယ်မှာတွေ့မှာလဲ၊ ကုမ္ပဏီမှာ အောင် စည်းကမ်းတွေတင်းကြပ်နေလို့ ကျွန်တော်တို့လူပျိုကြီးတွေ သေတဲ့အထိ စွန်မှာမဟုတ်တော့ဘူး၊ ငှက်ပျောတုံးရာရမယ်'

'မင်းတို့ အမ်ဒီ အခုတလော ထူးခြားနေတယ်၊ မောင်မိုးတိမ်တောင် သတိထားကြည့်ဦး၊ ဒီအသက်အရွယ်အထိ မင်းတို့အမ်ဒီ ပြန်လာပြီးရင် အပြင်မှမထွက်တတ်တာ၊ ဒီညတော့ မာမီမသိအောင် တိတ်တိတ်လေး ထွက်သွားပြီး တိတ်တိတ်လေး ပြန်ဝင်လာတယ်'

'မာမီကလည်း ဘာတွေပြောနေတာလဲ၊ ကိုမိုးတိမ်တောင် အခမ်းမျိုးထင်နေဦးမယ်၊ ဘယ်ကောင်မလေးကိုမှ သားမကြိုက်ဘူး၊ တွေ့ရင် မာမီအရင်ဆုံးသိရမယ်'

ရောင်စဉ် ရှေ့ကနေ အရင်ဆုံး ထွက်လာခဲ့သည်။ ကိုမိုးတိမ်



www.burmeseclassic.com

www.burmeseclassic.com



တောင်က ရောင်စဉ်တို့ ကုမ္ပဏီမှာ မာဓီအုပ်ချုပ်စဉ်ကတည်းက ဝင်လုပ် နေတော့ ပြောမနာ ဆိုမနာ ခင်မင်နေ၏။ မာဓီလူယုံ ရောင်စဉ် အုပ် ချုပ်စီမံတာတစ်နှစ်အတွင်း ကိုမိုးတိမ်တောင်က လုပ်ငန်းအတွေ့အကြုံ အရ အများကြီးအကူအညီပေးခဲ့လေသည်။

'အမ်ဒီ'

'ဗျာ'

'ညက ဘယ်သွားတာလဲ၊ အမ်ဒီက အိမ်ကိုခင်တွယ်ပြီး ညဘက်အပြင်မထွက်တတ်ပါဘူး'

'သူငယ်ချင်းတစ်ယောက်နဲ့ တွေ့နေလို့ပါ'

'ခင်တွယ်တာလား'

'မဟုတ်တာဗျာ၊ ကိုယ့်လက်အောက်ငယ်သားကို စိတ်မဝင် စားပါဘူး၊ သိက္ခာမဲ့ပါတယ်'

'အဲဒီအယူအဆကြီးကိုတော့ ပြောင်းလဲပြစ်သင့်တယ် အမ် ကိုယ့်လက်အောက်ငယ်သားလည်း ချစ်သွားရင် ချစ်မိသွားမှာပဲ'

ကိုမိုးတိမ်တောင်က ပန်းမဒူရိုကို ရည်ရွယ်ပြောဆိုနေကြောင်း ရောင်စဉ် ရိပ်မိသည်။

'ကိုယ်ကတော့ လုံးဝမပြောင်းလဲဘူး၊ တခြားအပြင်မှာ ရှ လေဗျာ၊ ဝန်ထမ်းအချင်းချင်း မိသားစုလိုပဲ နေကြပါ'

'ပန်းမဒူရိုရဲ့ မင်းလေးနဲ့ ဘယ်လိုမှ မနီးစပ်နိုင်တော့ပါလား တကယ်လို့ အမ်ဒီရာ ကောင်မလေးကလည်း ပြန်ပြီးချစ်တယ်ဆို ရော'





'ဒါတော့ ရတယ်လေ၊ နှစ်ဦးနှစ်ဖက် ကြည်ဖြူရင် တားဆီး ပိတ်ပင်စရာမရှိပါဘူး'

'ဒါကြောင့် ကြိုးစားရမယ်လေ၊ ရင်းနှီးအောင်လုပ်ရမယ်၊ ဝင်ရောရမယ်၊ မဟုတ်ဘူးလား'

'ဟုတ်ပါတယ်ဗျာ၊ ပန်းမဒူရိုက လက်ခံရင် ကြိုးစားပါ၊ ဒါပေမဲ့ အတင်းအကြပ်ကြီးတော့ စော်ကားတဲ့သဘော မဖြစ်စေချင်တာ ပါ'

'အိုကေ'

ကိုမိုးတိမ်တောင်က ပျော်သွားပေမယ့် ရောင်စဉ် စိတ်ပူသွား ပြန်သည်။ ပန်းမဒူရို လက်ခံဖို့ ကြိုးစားမယ့်သူတွေက အများကြီးပဲ။ ခင်းကရော ဘာလဲ မဒူရို။ ကိုယ်စိတ်ပူတယ်ကွာ။ မင်းကို ကုမ္ပဏီမှာ ခိုင်းဘဲ ကိုယ် အပြည့်အစုံထောက်ပံ့ပေးထားချင်တယ်။ မင်းအစ်ကို အကူအညီလာတောင်းပါစေလို့ပဲ ဆုတောင်းနေရတယ်။

ရောင်စဉ် အလုပ်ကိစ္စတွေ လုပ်နေရတာပင် စိတ်ကမဖြောင့်။ ကိုကောင် ထင်လင်းရော တခြားလူပျိုဝန်ထမ်းတွေရော ပန်းမဒူရိုနှင့် င်းနှီးကျွမ်းဝင်းဖို့ ကြိုးစားနေကြပြီလား။ သူ ကုမ္ပဏီကိုပဲ အမြန်ဆုံး ြန်ချင်နေလေသည်။

'ပြန်ကြမယ်၊ ကိုမိုးတိမ်တောင် ကုမ္ပဏီမှာလည်း အလုပ်တွေ ရှိသေးတယ်'

'ဟုတ်ကဲ့ အမ်ဒီ၊ ကျွန်တော်လည်း ပန်းမဒူရိုတို့အတွက် ညာရေးဒါနကိစ္စ စီစဉ်ပေးရဦးမယ်၊ ဒီနေ့တော့ အမ်ဒီ အခန်းသန့်ရှင်း ရေး တာဝန်ချပေးထားဖို့ ဒေါ်ခင်ညိုပြာကို ပြောထားတယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဘာဖြစ်လို့လဲ'

'ကောင်မလေးနဲ့ ရင်းရင်းနှီးနှီးတွေ့ဖို့လေ၊ ခွင်ဖန်ရတာ'

'ဟာဗျာ'

ပန်းမဥ္ဇူရီ သူ့အခန်းတာဝန်ကျမည်ဖြစ်၍ ရင်တော့ ခုန်ရသည်။ ကိုမိုးတိမ်တောင်ကို ဘယ်ခိုင်းရမလဲ။ မဥ္ဇူရီအား ကြိတ်ပိုးနေတဲ့ လူပျိုကြီး ခွင်ဖန်မှာလည်း ရောင်စဉ် မမြင်ချင်။ ကျွန်တော့်အခန်းထဲ ပန်းမဥ္ဇူရီကို တာဝန်ချပေးဖို့ ဒေါ်ခင်ညိုပြာကို ပြောချင်နေတာပါ။ ကျေးဇူးပဲ ကိုမိုးတိမ်တောင်။ ဒါပေမဲ့ ခင်ဗျားကိုတောင် ပထုတ်ပစ်ရမယ်။ ရောင်စဉ် ရှေ့မှာမှ ပန်းမဥ္ဇူရီကို ထိကပါးရိကပါးလာလုပ်လို့ရမလားဗျာ။ သူ ကိုမိုးတိမ်တောင်ကို တခြားကိစ္စတစ်ခုခု ခိုင်းစေဖို့ ကြံစည်နေသည်။

'ဟာ . . . ကိုမိုးတိမ်တောင် ကိုယ်အခုမှ အလုပ်ကိစ္စတစ်ခုပေါ်လာတယ်၊ ပဲခူးဘက်ကိုလေ၊ ပိုက်ဆံသွင်းရမယ့်ရက် ကျော်နေတာတောင် ကတိပျက်ကွက်နေတဲ့ ကုမ္ပဏီလေ၊ ခင်ဗျား သွားတွေ့ရမယ်'

'အမ်ဒီရယ် . . . မနက်ဖြန်မှ သွားလို့ရပါတယ်၊ အရေးတကြီးမဟုတ်ပါဘူး၊ နှစ်ပတ်မှမပြည့်သေးတာပဲ၊ မနက်ဖြန်မှ ပြည့်မှာပါ။ ဒီနေ့က အရေးကြီးတယ်လေ'

'ဘာအရေးတကြီးကိစ္စရှိနေလို့လဲ'

ပန်းမဥ္ဇူရီ သူတို့ဘက် တာဝန်ချပေးဖို့ သန့်ရှင်းရေးအလုပ်သမားတွေကို အုပ်ချုပ်တဲ့ ဒေါ်ခင်ညိုပြာကို လာဘ်ထိုးခဲ့ရတာပါ။ အမ်ဒီက ကိုယ်ချင်းစာတရားနည်းနည်းမှ မရှိဘူး။ သူ့လို သံမဏိနှလုံးသားမှ မပိုင်တာပဲ။ လူပျိုကြီးဆိုတော့ လူမသိအောင် ကြိတ်ပိုးရတာ။ ပန်းမဥ္ဇူရီက လက်မခံရင် မိုးတိမ်တောင်က အလုပ်ပြုတ်ဦးမယ်။ ဒီနေ့တော့ သန့်ရှင်းရေးတာဝန်က ပန်းမဥ္ဇူရီမို့ မိုးတိမ်တောင်အပြင်မထွက်နိုင်ဘူး။ အမ်ဒီကို နားလည်သဘောပေါက်အောင်ဘယ်လိုပြောရမလဲ။

'မိန်းကလေးတစ်ယောက်ကြောင့် ကုမ္ပဏီရဲ့ အလုပ်တာဝန်ကို ငြင်းဆန်မလို့လား၊ ကိုမိုးတိမ်တောင် ဒီအလုပ်ကိစ္စက ခင်ဗျားပဲ တာဝန်ထမ်းဆောင်နိုင်မယ်လို့ ယူဆထားလို့ပါ၊ သွားပေးစမ်းပါ၊ မဖြစ်မနေဗျာ၊ သွားပါ'

မတတ်နိုင်ဘူး ကိုမိုးတိမ်တောင်ရေ။ ပန်းမဥ္ဇူရီကို ကြိတ်ပိုးတဲ့လူပျိုတွေအထဲမှာ ကျွန်တော်လည်း ပါတယ်ဗျာ။ ကိုမိုးတိမ်တောင်လိုလူပျိုသိုးကြီးတွေကို ပန်းမဥ္ဇူရီလို နုနုထွတ်ထွတ် အပျိုစင်မလေးကလက်ခံမလား။ ငြင်းပယ်မှာပဲ။ အဲဒါကြောင့် စောစောကတည်းကကိုမိုးတိမ်တောင် နာမည်မပျက်အောင်ပါ။ ရောင်စဉ် အတင်းအကြပ်သွားခိုင်းနေ၍ ကိုမိုးတိမ်တောင် မျက်နှာကြီးရှုံ့မဲ့နေသည်။

'သွားစမ်းပါဗျာ၊ ကားယူသွား၊ တိတိကျကျ လုပ်ခဲ့ပါ၊ ကိုမိုးတိမ်တောင်ကို အားကိုးပါတယ်၊ ခင်ဗျားပဲ ဖြစ်မှာမို့ပါ'

အမ်ဒီ သက်တန့်ရောင်စဉ်က တိကျပြတ်သားပြီး အလုပ်တွေဲ ခေါင်းထဲမှာထည့်ထားသူဖြစ်၍ တခြားကိစ္စအကြောင်းပြ၍ မရနိုင်။ မိုးတိမ်တောင် သိထား၍ မလွဲသာမရှောင်သာ ပဲခူးကို သွားရတော့မည်ဖြစ်၏။ အပေါ်သို့ ခဏလေးပင်တက်ခွင့်မပေး။ ကားယူပြီး ချက်ချင်းပဲ သွားတော့တဲ့။ ရက်စက်တယ်။ အင်းလေ အမ်ဒီက







www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးတွေကို စိတ်မှမဝင်စားတာ။ ဘယ်ကိုယ်ချင်းစာတတ်မလဲ။ သေချင်တယ်။ ဒေါ်ခင်ညိုပြာကို ထပ်ပြီးလာဘ်ထိုးရဦးမယ်။ အမ်ဒီဆိုတယ်ဗျာ။ ဒီကိစ္စက မနက်ဖြန်သွားလည်းရတာကို။ ပန်းမဥ္ဇူရီကို ရင်းနှီးအောင် ကြိုးစားမယ့် အစီအစဉ်က ပျက်သွားရတော့သည်။

'အခုပဲ သွားလိုက်ပါ၊ ကိုမိုးတိမ်တောင်ရဲ့ ခံယူချက်က အမြဲတမ်း ကုမ္ပဏီအကျိုးစီးပွားနဲ့ ကိုယ်ရေးကိုယ်တာယှဉ်လာရင် ကုမ္ပဏီအကျိုးစီးပွားပဲ ဦးစားပေးမယ်ဆို၊ မာမီကပြောတာပဲ'

ကိုမိုးတိမ်တောင် မျက်နှာကြီး ရှုံ့တွတွနှင့် ကားပေါ်တက်ကာ မောင်းထွက်သွားသည်။ ကျေးဇူးပဲဗျာ။ ဒီနေ့တစ်နေ့လုံး ခင်ဗျား ပဲခူးမှာပဲနေတော့။ ပန်းမဥ္ဇူရီလို မဥ္ဇူသဏ္ဍာနတ်ပန်းလေးက သက်တန့်ရောင်စဉ်လို လူပျိုမျိုးနဲ့ပဲ တန်ပါတယ်ဗျာ။ နားလည်ပေးစမ်းပါ။ အချစ်ဆိုတာကို ရောင်စဉ် အခုမှ ခံစားမိလို့ပါ။ သူ ကုမ္ပဏီပေါ်တက်ဖို့အတွက် ဓာတ်လှေခါးဝမှာ ရပ်ရင်း ပန်းမဥ္ဇူရီနှင့် ခဏတွေ့ခဲ့ရတာလေးကို အမှတ်ရသွားသည်။

'ဟာ . . . ဦးလေးကြီးပဲ အခ်တာဗျူးမှာ မဥ္ဇူရီပါလားဟင်၊ အောင်စာရင်းသွားကြည့်ရမှာ ရင်ထိတ်လို့ပါ'

ဦးလေးကြီးဟု ခေါ်လိုက်ကာမှ သူ့အမြင်ကတ်သွား၍ ကောင်မလေးကို စကားပင် တုန့်ပြန်မပြောခဲ့။ သန့်ရှင်းရေးဝန်ထမ်းလာလျှောက်ပြီး အမ်ဒီကို ငယ်ရွယ်တဲ့ သူဆိုပြီး မလေးမစားလုပ်မှာ အရှိအသေတန်မှာစိုးရိမ်၍ သူကလူကြီးဆန်ဆန် တည်တည်တင်းတင်းနေထိုင်ပြစ်လိုက်သည်။





'ပန်းမဥ္ဇူရီရယ် မင်းလို ကောင်မလေးမျိုးကို ကိုးမှီနှလုံးသားထဲအထိ စူးရှူးနစ်နစ် တိုးဝင်ချစ်မိသွားမယ်လို့ မထင်မိခဲ့ဘူး၊ ကိုယ်အရမ်းချစ်တယ်၊ အရာအားလုံးထက် တန်ဖိုးထားပြီး ချစ်တယ်'

ပန်းမဥ္ဇူရီဆိုတဲ့ မဥ္ဇူသဏ္ဍာနတ်ပန်းလေးကို ရယူပိုင်ဆိုင်ဖို့ ကြိုးစားနေကြတဲ့ လူတွေများလွန်းလို့ ဂုမ္ဘာန်တစ်ထောင် ငှားရမ်းပြီး စောင့်ကြပ်ထားရမလို ဖြစ်နေပြီ။

အခုလောက်ဆိုရင်တော့ လူပျိုကြီး ကိုမိုးတိမ်တောင် ပဲခူးကို သွားရင်း ပန်းမဥ္ဇူရီ နာမည်ကိုပဲ တတွတ်တွတ်ရွတ်နေမလားပဲ။ အမြဲတမ်း အပြုံးအရယ်ကင်းမဲ့သော သူ့နှုတ်ခမ်းတွေပေါ်မှာ အပြုံးတွေ သိသိသာသာကြီး ထင်ဟပ်သွားလေသည်။

□ □ □



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

ရောင်စဉ် ဓာတ်လှေခါးဝင်လာတော့ တစ်ယောက်တည်းဖြစ်နေ၍ ပန်းမဥ္ဇူရီကို သတိရပြီး သူမဝင်လာရင်ကောင်းမှာပဲဟု တွေးမိနေစဉ် မိန်းကလေးတစ်ယောက် သန့်ရှင်းရေးပစ္စည်းတွေနှင့် ဝင်လာ၍ မသိမသာ ကြည့်လိုက်တော့ ပန်းမဥ္ဇူရီ ဖြစ်နေသည်။ ရောင်စဉ် ခန္ဓာကိုယ်တစ်ခုလုံး နွေးထွေးသွားပြီး ကောင်မလေးကို စကားပြောဖို့ နေနေသာသာ ရင်တွေတုန်ပြီး ကျောက်ရုပ်တစ်ရုပ်ကဲ့သို့ ရပ်နေမိ၏။ အမ်ဒီ အခန်းကို သန့်ရှင်းရေးတာဝန်ကျလို့ ပန်းမဥ္ဇူရီ လာရောက်ခြင်း ဖြစ်နိုင်သည်။

'ဟာ… အမ်ဒီပါလား၊ အတော်ပဲ၊ ညက မဥ္ဇူရီရဲ့ အစ်ကိုကို ပေးထားတဲ့ အမ်ဒီလိပ်စာကတ်ပါ၊ ပြန်ပေးမလို့'

'ဘာဖြစ်လို့ ပြန်ပေးတာလဲ မဥ္ဇူရီ၊ ကိုယ်တို့က မိတ်ဆွေတွေပါ'

'နေပါစေ၊ ကိုကိုက အလုပ်လည်းမလုပ်ချင်ဘူး၊ အချောင်စိတ်ဓာတ်ရှိတာ၊ မဥ္ဇူရီ အမုန်းဆုံးပဲ၊ အားမပေးပါနဲ့ အမ်ဒီ'





'မင်းအစ်ကိုက အတင်းတောင်းတာ မဟုတ်ပါဘူး၊ ကိုယ့် အသိတစ်ယောက်ကိုမေးရင်း မင်းအစ်ကိုဆိုတာ သိလိုက်လို့ အကူအညီ ပေးတာပါ'

'တော်ပါပြီ၊ ကျေးဇူးတင်ပါတယ်၊ အမ်ဒီ နောက်ထပ်မကူညီဖို့ ပြောချင်ပါတယ်'

မဥ္ဇူရီရဲ့ မျက်နှာထားလေးက မာနတွေနှင့် ရိုးသားဖြူစင်မှု ရှိနေတာတော့ ရောင်စဉ် သိနေသည်။ ကိုမိုးတိမ်တောင်က ပန်းမဥ္ဇူရီနှင့် ခင်မင်ရင်းနှီးမှု လိုအပ်တယ်တဲ့။ ရောင်စဉ် ဘယ်လိုလုပ်ရမလဲ။ ကောင်မလေးက ခပ်တည်တည်ပဲ။ သူ့လိပ်စာကတ်ကို ပြန်ပေးပြီး သူမဟာသူမ သပ်သပ်လေး ရပ်နေ၏။ သူ့စိတ်ထဲမှာ တုန်လှုပ်ချောက်ချားစွာ ပန်းမဥ္ဇူရီကို အနားတိုးကပ်သွားပြီး သူ့ရင်ခွင်ထဲမှာ ဆွဲပွေ့ထားချင်မိသည်။

'ကြိုးစားရမယ်လေ အမ်ဒီ၊ ပန်းမဥ္ဇူရီက လက်ခံမယ်ဆိုရင်ရော'

ပန်းမဥ္ဇူရီက လက်ခံမယ်ဆိုရင် သူကိုယ်တိုင် လက်ခံမည်ဟု ပြောခဲ့၍ သူကိုယ်တိုင် ပန်းမဥ္ဇူရီ လက်ခံလာအောင် ကြိုးစားချင်သည်။ မိန်းကလေးတွေနှင့် မပတ်သက်ခဲ့ဖူး၍ ဘယ်ကနေ စရမှန်းမသိ။ ညံ့တယ်။ မဥ္ဇူရီနှင့် နှစ်ယောက်တည်း တွေ့ဆုံနေရတဲ့ အချိန်လေးမှာ ရောင်စဉ် ကြိုးစားသင့်သည်ဟု ထင်နေ၏။ ဒါပေမဲ့ မစရဲ။ ပန်းမဥ္ဇူရီ အထင်သေးသွားမှာလည်း ကြောက်နေသည်။

တော်တော်မာနကြီးတဲ့ ကောင်မလေးပဲ၊ ကြည့်စမ်း၊



www.burmeseclassic.com

www.burmeseclassic.com



မင်းသော်တာဆီက လိပ်စာကဒ်ကို ပြန်တောင်းလာတယ်။ ပြီးတော့ လည်း ရပ်နေတာက သူနဲ့မဆိုင်သလိုလို။

သူ့စိတ်ထဲမှာ မကျေမနပ်နှင့် ပန်းမဥ္ဇူရီအား ဘယ်လိုရင်းနှီး အောင် လုပ်ရမှန်းပင်မသိ။ ကိုမိုးတိမ်တောင်တော့ ပဲခူးခရီးနှင်နေရင်း သူ့ကိုဒေါပွနေမလားပဲ။ ပန်းမဥ္ဇူရီအား အမ်ဒီအခန်းမှာ သန့်ရှင်းရေး တာဝန်ချဖို့ သန့်ရှင်းရေးအဖွဲ့ခေါင်းဆောင်အား လာဘ်ထိုးထားရပုံပင်။ သူရော မဥ္ဇူရီပါ စကားမပြောကြဘဲ နှစ်ယောက်သား မလှုပ်မယှက် ရပ်နေကြသည်။

'ဟာ··· ဒုက္ခပါပဲ'

'ဟင်··· ဒုက္ခပါပဲ'

နှစ်ယောက်သား စကားကို ပြိုင်တူရေရွတ်မိပြီး တစ်ယောက် မျက်နှာတစ်ယောက် ကြည့်မိသွားပြီး အရယ်တွေကို မထိန်းချုပ်ထား နိုင်တော့ဘဲ ရယ်ပြစ်မိသွားသည်။

'ဓာတ်လှေခါးကြီးက ကျွန်မတို့ ဆင်းမယ် နံပါတ်ကို မနှိပ်မိ လို့ အပေါ်ဆုံးကို တက်သွားပြီ၊ အမ်ဒီ ဘယ်လိုလုပ်ရမလဲ၊ ကျွန်မ သန့်ရှင်းရေးလုပ်ဖို့ နောက်ကျသွားပြီ'

'မတတ်နိုင်တော့ဘူးလ၊ နှစ်ယောက်လုံး မေ့သွားတယ်၊ ဒီနေ့ ကိုယ့်အခန်းတာဝန်မဟုတ်လား မဥ္ဇူရီ'

'အင်း··· ဟုတ်ပါတယ်၊ ဟင်··· အမ်ဒီက ဘယ်လိုလုပ် ပြီး ကြိုတင်သိနေရတာလဲ'





'မဟုတ်ပါဘူး၊ ကိုမိုးတိမ်တောင်က ပြောသွားတာ၊ ဒေါ်ခင် ညိုပြာ ပြောတာတဲ့'

သူ့ကိုလည်း ပန်းမဥ္ဇူရီက မယုံသင်္ကာဖြစ်မှာစိုး၍ ကများ ဘယာ ပြန်ရှင်းပြရသည်။

'မဖြစ်ဘူး၊ အမြန်ပြန်ဆင်းမှ နောက်ကျနေပြီဆိုကာမှ အမ်ဒီ ဆောင် ရုံးတက်လာပြီး ကျွန်မ တောင်းပန်ပါတယ်နော်'

ဒေါ်ခင်ညိုပြာက စောစောမသွားနဲ့ ကိုမိုးတိမ်တောင်ရောက်မှ သွားဆိုလို့ပါ။ ကိုမိုးတိမ်တောင်ကိုလည်း မတွေ့ဘူး။ မစောင့်နိုင်တော့ လို့ တက်လာတာပါ။

'အရေးတကြီး လုပ်စရာမလိုပါဘူး မဥ္ဇူရီ၊ အစောကြီးရှိပါ သေးတယ်၊ ကိုယ်တို့တစ်ခုခုစားကြမလား'

'ရှင်'

'စားသောက်ခန်းဘက်ရောက်နေပြီ၊ ကိုယ်လည်း ဘာမှမစားရ သေးဘူးလေ'

'မဖြစ်နိုင်တာပဲ အမ်ဒီ၊ ကျွန်မမှာ အလုပ်တာဝန်ရှိပါတယ်၊ အမ်ဒီတစ်ယောက်တည်းပဲ စားပါ၊ ဒုက္ခပါပဲ၊ ဘယ်လိုလုပ်ရမလဲ၊ နေ့မှ ဘယ်အထပ်ကမှ ဓာတ်လှေခါးစီးမယ့်သူလည်း မရှိဘူး'

'ဘာဖြစ်လို့ ဒီလောက်အထိ ထိတ်ထိတ်ပြာပြာဖြစ်နေရတာလဲ မဥ္ဇူရီ၊ ဒီအတိုင်းလေးဖြစ်နေတာ မကောင်းဘူးလား'

'ရှင်··· အမ်ဒီ'

'ဟို··· ဟို··· ကိုယ်လေ အမြဲတမ်း အလုပ်ကိစ္စတွေနဲ့ နေ့နေရပြီး စိတ်လွတ်လပ်ပေါ့ပါးမှုတွေ မရှိခဲ့ဘူး၊ တစ်ခါလေ



www.burmeseclassic.com

www.burmeseclassic.com



အလုပ်တာဝန်တွေကို မေ့ပြစ်ချင်တယ်၊ မင်းနဲ့တွေ့ရတာ ကိုယ် စိတ်တွေပျော်ရွှင်စေရသလိုပဲ ပန်းမဥ္ဇူရီ'

မျက်နှာထားတည်တည်ကြီးနှင့် လူတွေကို အဖက်မတန်သလိုလို ဆက်ဆံနေတတ်တဲ့ အမ်ဒီ သက်တန့်ရောင်စဉ်က တရင်းတနှီး လာပြောပြနေတော့လည်း ပန်းမဥ္ဇူရီ သနားသွားမိသလိုပင် အိပ်မက်လေးကို သတိရမိသွား၍ အမ်ဒီကို မကြည့်ရဲအောင် မျက်နှာပူသွားရ၏။ ပြီးတော့လည်း ဗေဒင်ဆရာရဲ့ မဟာဘုတ်အဟောက မဆီမဆိုင် မဥ္ဇူရီ အသိထဲ ဝင်ရောက်လာသည်။

'မင်းက ယောက်ျားရ ကံကောင်းလိမ့်မယ် ပန်းမဥ္ဇူရီ၊ သူဌေးနဲ့ လက်ထပ်ရမယ်၊ အရမ်းကျော်ဇောသွားလိမ့်မယ်'

ထိုအတွေးဝင်လာတိုင်း မဥ္ဇူရီနှင့် မဟာဘုတ်တူတဲ့ သူငယ်ချင်း ငွေငွေ ယောကျ်ားရကံဆိုးနေတာကို တွေးမိတော့လည်း မဟာဘုတ်ကို ယုံကြည်ရခက်နေသည်။

'အမ်ဒီ လုပ်ပါဦး၊ ကျွန်မ အလုပ်ဝင်ရတော့မယ်၊ ခလုတ်တွေ နှိပ်ပေးပါနော်'

ပန်းမဥ္ဇူရီက အတင်းအကြပ်တောင်းဆိုနေတော့လည်း ရောင်စဉ် သူတို့ကုမ္ပဏီရှိတဲ့ ငါးထပ်ကို နှိပ်ပေးလိုက်ရသည်။

'ကျေးဇူးပါပဲ အမ်ဒီရယ်၊ မဥ္ဇူရီက ကုမ္ပဏီမှာ သူများ အပြောအဆိုခံရမှာ ကြောက်တယ်၊ ဒီကုမ္ပဏီကနေ မထွက်ချင်ပါဘူး'

'မင်း သန့်ရှင်းရေးအလုပ်လုပ်နေတာ မင်းအမေ သိလား မဥ္ဇူရီ'

'ဟင့်အင်း··· မေမေက ကျူရှင်တက်နေတယ်ပဲ ထင်တာ





မဥ္ဇူရီ ပညာရေးဒါနသင်တန်းမှာ တက်နေတယ်လို့ ပြောထားပါတယ်'

'မင်းကို အကူအညီပေးချင်တယ် ပန်းမဥ္ဇူရီ'

'နေပါစေ အမ်ဒီ၊ ဒီလောက်နဲ့ပဲ လုံလောက်ပါပြီ၊ အမ်ဒီ အသောက်ခန်းသွားချင်သွားပါ၊ ကျွန်မ သန့်ရှင်းရေးလုပ်ရဦးမှာမို့လို့ပါ၊ ခွင့်ပြုပါဦးနော်'

ဓာတ်လှေခါးထဲမှာ အမ်ဒီနှင့် နှစ်ယောက်တည်းနေရတာ စိတ်ကျဉ်းကြပ်လွန်း၍ အပြင်ထွက်လိုက်မှပဲ အသက်ရှူရတာ ချောင်သွားတော့သည်။

'အင်း··· အမ်ဒီလည်း လူကငယ်ငယ်နဲ့ မျက်နှာထားကြီးကြည်ထားရတာ မဥ္ဇူရီ သနားလိုက်တာ၊ သေသေချာချာစကားပြောကြည့်တော့လည်း စိတ်သဘောထား ကောင်းသားပဲ'

မဥ္ဇူရီ စိတ်ထဲကနေ ပြောမိနေပြီး အမ်ဒီ အခန်းအား သန့်ရှင်းရေးလုပ်ရန် ခြေလှမ်းသွက်သွက်နှင့် လျှောက်လာရင်း အမ်ဒီအခန်းထဲ ဝင်တွင် မိန်းကလေးတစ်ယောက်နှင့် ဝင်တိုက်မိသွားတော့သည်။

'အမေ့'

'ဟာ'

ဆပ်ပြာရည်ပုံး ပွင့်ပြီး ထိုမိန်းကလေးခြေထောက်အား ပေကျံသွားသည်။

'ဟို··· ဟို··· တောင်းပန်ပါတယ်ရှင်၊ ကျွန်မ သန့်ရှင်းရေးလုပ်ဖို့ နောက်ကျသွားလို့ အမ်ဒီအခန်းထဲမှာ လူမရှိဘူး ထင်မိသွားလို့ပါ'



www.burmeseclassic.com

www.burmeseclassic.com



'ဖြန်း'

'ဟင်'

'ဖြန်း'

မဉ္ဇူရီက လက်အုပ်မိုး၍ ရှိခိုးတောင်းပန်နေပေမယ့် သူမ လက်ဝါးက ပန်းမဉ္ဇူရီ ပါးပေါ် ဘယ်ပြန်ညာပြန်ကျရောက်သွားသည်။ မထင်မှတ်မိ။ ကြောက်စရာမာထန်လွန်းတဲ့ မျက်ဝန်းတွေနှင့် မဉ္ဇူရီအား ဒေါသတကြီး ကြည့်သည်။

'နင် တမင်လုပ်တာ မဟုတ်ဘား ပန်းမဉ္ဇူရီ၊ နင် ဘယ်လို မိန်းမမျိုးလဲ၊ ရှပ်ပလာ ရှပ်ပလာနဲ့၊ ဒါ ဘယ်လိုလုပ်မလဲ'

'ကျွန်မ တောင်းပန်ပါတယ်နော်၊ ကျွန်မ ဘာလုပ်ပေးရမလဲ ဟင်၊ ဖိနပ်ကို ပြန်ဆေးပေးရမလား'

'လျှာနဲ့ယက်ပေးစမ်း'

'ရှင်'

'နင် တမင်လုပ်တာပဲ၊ အဆင့်မရှိလိုက်တာ၊ ငါ အရမ်း တတ်တယ်ဟဲ့ သိလား၊ ဒုက္ခပါပဲ၊ ဆပ်ပြာရည်တွေ ချွဲကျိုကျိုနဲ့ ငါ ဘယ်လိုလုပ်ပြီး သန့်စင်ခန်းအထိ သွားရမလဲ'

'ကျွန်မ ဖိနပ်ကို စီးသွားပါ'

'ဘာပြောတယ်၊ နင့်လို သန့်ရှင်းရေးမဖိနပ်ကို ငါက စီး မလား၊ ငါ ဘယ်သူလဲ သိလား'

မဉ္ဇူရီလည်း ဘယ်လိုတောင်းပန်ရမှန်းတောင် မသိတော့ သေပြစ်ချင်သည်။ သူမ အမ်ဒီနှင့် တွေ့လာပြီး ရင်တွေခုန်လွန်း





အရာရာ မေ့လျော့နေခဲ့၏။ သူမ ဘယ်သူလဲ။ မဉ္ဇူရီကို ဒေါသတကြီး ပါးရိုက်ပြစ်တာလည်း မမှားပါဘူး။ မဉ္ဇူရီကိုက ညံ့တာပါ။

'ငါက အမ်ဒီရဲ့ အတွင်းရေးမှူး ခင်တွယ်တာပဲ'

'ရှင်. . . အို. . . အမလေး တောင်းပန်ပါတယ်နော်၊ မဉ္ဇူရီ ဘမင်လုပ်တာ မဟုတ်ပါဘူးရှင့်၊ တာဝန်ချိန်နောက်ကျသွားလို့ပါ'

ပန်းမဉ္ဇူရီ ဖြစ်နေ၍လည်း ခင်တွယ်တာ ပိုပြီး အမြင်ကတ် ထတ်နှင့် ဒေါသတွေဖြစ်ကာ သတ်ပစ်ချင်သွားရသည်။ သန့်ရှင်းရေးမ အလုပ်ကို ဘာအကြံနဲ့လာလုပ်ရတာလဲ။ ရုပ်ရည်ဘမ်းပြပြီး ကုမ္ပဏီမှာ မြူဆွယ်ဖြားယောင်းဖို့လားပဲ။ အခု ပန်းမဉ္ဇူရီက ဝန်ထမ်းတွေရဲ့ ပါးစပ်ဖျားမှာ ရေပန်းစားလွန်းနေသည်။

'မမလေးခင်တွယ်တာ ဘာဖြစ်လို့လဲ၊ ဟယ်. . . ဘာတွေလဲ၊ ပန်းမဉ္ဇူရီ နင် လုပ်လိုက်တာလား'

'ဒေါ်ခင်ညိုပြာ သန့်ရှင်းရေးတာဝန်ကို ဘယ်လိုချတာလဲ၊ ဒီရှပ်ပလာကိုများ ဒီမှာလာချရလား'

ဒေါ်ခင်ညိုပြာလည်း ခေါက်သွားသည်။ အမ်ဒီလက်ထောက် ကိုမိုးတိမ်တောင်က ပန်းမဉ္ဇူရီကို အမ်ဒီအခန်းမှာ သန့်ရှင်းရေးတာဝန် ချင်းထားတာပါ။ အရေးထဲ ကိုမိုးတိမ်တောင် ဘယ်ရောက်သွားလဲ။ အမ်ဒီအတွင်းရေးမှူးမက အနံကြီးကွင်းကျယ်။ ဒေါ်ခင်ညိုပြာ ဘယ်လို ရှင်းရမှန်းမသိ။

'ပန်းမဉ္ဇူရီ နင်တော်တော်အသုံးမကျတာပါလား၊ အခန်းထဲ မှာ လူရှိမရှိ စောင့်ကြည့်ရမယ်လေ'

'ကျွန်မ မှားသွားပါတယ်၊ သန့်ရှင်းရေးလုပ်ဖို့ နောက်ကျနေ



www.burmeseclassic.com

www.burmeseclassic.com



လို့ပါနော်၊ တောင်းပန်ပါတယ်၊ ကျွန်မကို ထပ်ရိုက်ပါ၊ ကျေနပ်တဲ့ အထိ ရိုက်ပါ'

'ရိုက်မယ်၊ နင့်လိုကောင်မမျိုးကို အသေရိုက်ပစ်မယ်'

ပန်းမဥ္စူရီရှိရာ တိုးကပ်သွားပြီး သူမလက်ကို မြှောက်လိုက်စဉ် နောက်မှတစ်စုံတစ်ယောက်က ဆွဲထားလိုက်၍ ဒေါသတကြီး ပြန်ကြည့်မိလိုက်တော့ ဒါရိုက်တာ ကိုထင်လင်းတောက် ဖြစ်နေသည်။

'ဖယ်ပါ ဒါရိုက်တာ၊ ဒီဟာမ အရမ်းလူပါးဝတယ်၊ ဒီမှာကြည့်ပါဦး'

'သူ တောင်းပန်နေပြီပဲ ခင်တွယ်တာ၊ ဆပ်ပြာရည်လေး ဖိတ်စင်ကျတာပဲ၊ ငရဲမီးနဲ့ ပက်လိုက်တာမှ မဟုတ်တာ'

'ဒါရိုက်တာ ဘယ်လိုပြောလိုက်တာလဲ၊ သန့်ရှင်းရေးဆိုတာ အနိမ့်ကျဆုံး ဝန်ထမ်းပဲ၊ မလေးမစားနဲ့ ပေါ့ပျက်ပျက်လုပ်နေတာ ခင်တွယ်တာ လုံးဝခွင့်မလွှတ်နိုင်ဘူး'

'ကိုယ် အမ်ဒီနဲ့တွေ့ပြီး ရှင်းပေးပါ့မယ်၊ ပန်းမဥ္စူရီကိုလည်း မင်းကျေနပ်တဲ့အထိ တောင်းပန်ခိုင်းပေးမယ်၊ အခုတော့ မင်း သန့်စင်ခန်း သွားလိုက်ပါ၊ မင်းမှာ ဖိနပ်တွေ အဝတ်အစားတွေ အပိုရှိနေတာပဲ ကိုယ်တောင်းပန်ပါတယ်'

'နင် သိပ်လူပါးမဝနဲ့နော်၊ ရုပ်ကလေးသနားကမားနဲ့ သန့်ရှင်းရေးဝန်ထမ်းဝင်လုပ်တာ နင်သဘောရိုးမဖြစ်နိုင်ဘူး၊ ဒီကိစ္စ ငါ ဘယ်တော့မှ မကျေနပ်ဘူး၊ ဒေါ်ခင်ညိုပြာ ရှင် တာဝန်ယူပါ၊ ဘာမှလုပ်သက် မရှိသေးတဲ့ သန့်ရှင်းရေးဝန်ထမ်းကို အမ်ဒီရုံးခန်း သန့်ရှင်းရေး တာဝန်ချရလား၊ အသုံးမကျလိုက်တာ ထွီ'





အတွင်းရေးမှူးမ ခင်တွယ်တာ ထွက်သွားမှ ပန်းမဥ္စူရီကို ဒေါ်ခင်ညိုပြာ ဆူရသည်။

'နင် တော်တော်အသုံးမကျတာပဲ ပန်းမဥ္စူရီ၊ အလုပ်မှာ စိတ်မဝင်စားတာလား၊ ဘာလဲ အမ်ဒီက နင်တို့ကို ဆယ်တန်းဖြေမယ့် သန့်ရှင်းရေးသမားတွေကို အခွင့်အရေးပေးလို့ ပမာမခန့်လုပ်တာလား'

'ကျွန်မ တောင်းပန်ပါတယ်၊ သန့်ရှင်းရေးလုပ်ဖို့ နောက်ကျသွားလို့ပါ၊ ဟို… ကိုမိုးတိမ်တောင်ကို စောင့်ဆိုလို့ စောင့်နေရတာပါ'

'တော်ပါတော့ ဒေါ်ခင်ညိုပြာ၊ အရိုက်လည်း ခံရပြီးပြီ၊ အနိမ့်ဆုံးဝန်ထမ်းပဲဖြစ်ဖြစ် ပြောဆိုဆက်ဆံတာ ယဉ်ကျေးသင့်ပါတယ်၊ အမ်ဒီကလည်း ကြိုက်မှာ မဟုတ်ပါဘူးဗျာ'

'ကျွန်မလည်း အလုပ်ကနေ ထွက်ရမလားတောင် မသိတော့ပါဘူး ဒါရိုက်တာရယ်၊ အမ်ဒီအတွင်းရေးမှူးမအကြောင်း သိတယ်မဟုတ်လား၊ မီးခဲပဲ'

'ခင်ဗျား သွားပါတော့ ဒီကိစ္စ ကျွန်တော် ဖြေရှင်းပေးမယ်၊ မင်း လုပ်စရာရှိတာ ဆက်လုပ်ပါ ပန်းမဥ္စူရီ၊ သိပ်လည်းကြောက်မနေပါနဲ့၊ ကိုယ် တာဝန်ယူဖြေရှင်းပေးပါ့မယ်'

'ဟုတ်ကဲ့၊ ကျေးဇူးအများကြီးတင်ပါတယ် ဒါရိုက်တာ'

ဒေါ်ခင်ညိုပြာက သူမအား ပြောဆိုကြိမ်းမောင်းပြီး သေသေချာချာစေ့စေ့စပ်စပ်လုပ်ဖို့ မှာသွားသည်။ ပန်းမဥ္စူရီကတော့ သေပြန်



www.burmeseclassic.com

www.burmeseclassic.com



ချင်လောက်အောင် စိတ်ညစ်သွားရ၏။ ပြဿနာမဖြစ်ချင်ပါဘူးဆိုမှ အမ်ဒီအတွင်းရေးမှူးမနဲ့မှ ပြဿနာလာတက်ရတယ်လို့ ဒါရိုက်တာကိုထင်လင်းတောက် ရောက်လာ၍ မဋ္ဌူရီ သက်သာရာရသွားတာပါ။

ဒီအဖြစ်အပျက်က အလွယ်တကူ ပြီးဆုံးသွားမည်ဟု မထင်မိပေ။ မဋ္ဌူရီ အသုံးမကျတာပါ။ သူမပညာနဲ့ လုပ်ကိုင်စားသောက်လို့ မရနိုင်ဘူးဆိုတဲ့ ဗေဒင်ဆရာအဟောက ဖြစ်နိုင်နေသည်။

‘ငါ စာမေးပွဲဖြေခါနီးတိုင်း ပြဿနာတက်ရတယ်၊ အခု လည်း ငါ့ပညာရေးအတွက် အထောက်အပံ့ပေးမယ့် ကုမ္ပဏီကနေ ငါ ထွက်ရတော့မယ် ထင်တယ်’

မေမေက ပန်းမဋ္ဌူရီကို ဘွဲ့တစ်ခုခု ရစေချင်တာ။ မဋ္ဌူရီက လည်း ညှံ့ပါတယ်။ ဘယ်လိုမှ မအောင်ခဲ့။ မေမေ့ကို တွေးပြီး ပန်းမဋ္ဌူရီ မျက်ရည်တွေ သူမပါးပြင်လေးပေါ် လိမ့်ဆင်းကျလာလေသည်။

□ □ □

# အခန်း (၁၀)

‘ပန်းမဋ္ဌူရီ’

‘ဟင်’

သန့်ရှင်းရေးလုပ်နေရင်း သူမ မျက်ရည်တွေလိမ့်ဆင်းကျနေတဲ့ မျက်ဝန်းတွေနှင့် မော့ကြည့်လိုက်တော့ အမ်ဒီဖြစ်နေသည်။

‘မင်း ဘာဖြစ်လို့လဲ၊ မင်းမျက်နှာပေါ်မှာ ဘာတွေလဲ’

ဖြူနုဝင်းအိနေတဲ့ သူမ ပါးပြင်လေးပေါ်မှာ ခင်တွယ်တာရဲ့ တ်ဝါးရာတွေ ထင်ကျန်ရစ်နေမယ်ဆိုတာ ပန်းမဋ္ဌူရီ သိနေသည်။ ါသတကြီး ရိုက်ပစ်တာဖြစ်၍ အလွန်အမင်းစပ်ဖျင်းနာကျင်သွားရ၏။ သူမမျက်ရည်တွေကို သုတ်ပစ်သည်။

‘မင်း ဘာဖြစ်တာလဲ ပြောစမ်းပါ၊ မင်းပါးပြင်ပေါ်မှာ တ်ဝါးရာပဲ မင်းကို တစ်ယောက်ယောက်က ပါးရိုက်တယ်ထင် ယ်၊ ဘယ်သူလဲ ပြောလေ’

‘ကျွန်မ သန့်ရှင်းရေးလုပ်ရင်း ချော်လဲသွားလို့ ဆောင့်မိတာ နာသွားလို့ မျက်ရည်ကျမိတာပါ အမ်ဒီ၊ ဘာပြဿနာမှ မရှိပါ း’



www.burmeseclassic.com

www.burmeseclassic.com



'မဖြစ်နိုင်တာဘဲ၊ မင်း ဒဏ်ရာက လက်ဝါးငါးချောင်းရာ ထင်နေတယ်၊ ချော်လဲလို့ ဆောင့်မိတဲ့ဒဏ်ရာ မဖြစ်နိုင်ဘူး မဉ္စူရီ မင်းကို ရိုက်တဲ့သူက ဘယ်သူလဲ၊ ဘာကြောင့်လဲ'

ရောင်စဉ် စိတ်တွေပူပြီး ပန်းမဉ္စူရီရဲ့အနား တိုးကပ်သွားကာ ဒဏ်ရာကို ကြည့်သည်။

'ဖယ်ပါ အမ်ဒီ၊ ကျွန်မ အပြစ်ပါ၊ အမြဲတမ်း နမော်နမဲ့ အပြစ်တွေ ကျူးလွန်မိနေတယ်၊ ကျွန်မကြောင့်ပါ'

'မင်း ဘာအပြစ်ကျူးလွန်မိလို့လဲ ပန်းမဉ္စူရီ'

အခန်းထဲသို့ အတွင်းရေးမှူးမ ခင်တွယ်တာ ဝင်လာသည်။ အမ်ဒီနှင့်သူမ နီးနီးကပ်ကပ်ရှိနေတာ တွေ့လိုက်ရလို့ မျက်နှာထားကြီး က ကြောက်စရာကောင်းအောင် ရှုပ်မာထန်သွား၏။ ပြေးချင်စိတ်ပေ ပေါက်သွားရလေသည်။

'ဒီကောင်မလေးက ပေါ့ပျက်ပျက်နဲ့ အမ်ဒီ၊ ဆပ်စလူးမဲ အခန်းထဲဘယ်လိုဝင်လာလဲ မသိဘူး၊ တွယ်တာ့ကို ဝင်တိုက်ပြီးတ ကိုယ်လုံး ဆပ်ပြာရည်တွေ ရွှဲစိုပေကျန်ကုန်တယ်လေ'

'သူ့ပါးကိုရိုက်တာ မင်းလား ခင်တွယ်တာ'

'ခံပက်လို့လေ၊ အရမ်းရိုင်းစိုင်းလို့ ဒေါသတွေ ဘယ်လို ထိန်းမရတော့ဘူး၊ ဒါကြောင့် ရိုက်ပစ်လိုက်တာ'

သူမက ရိုင်းလို့တဲ့ မဟုတ်တာတွေ။ ဒီလောက်ရှိုးမတ တောင်းပန်နေတာပဲ။ မထူးတော့ပါဘူး။ အမ်ဒီက သူ့အတွင်းရေးမှူး ခင်တွယ်တာ့စကားပဲ လက်ခံမှာပါ။ သူမအပြစ်အတွက် သူမ ဝန်ခံ သည်။ မခင်တွယ်တာအပေါ် ရိုင်းစိုင်းတဲ့အပြုအမူ မျိုး လုံးဝမလုပ် တောင်းပန်နေတာပဲ ရှိသည်။





'ရုပ်ပလာ ရုပ်ပလာနဲ့ ဝင်လာတာ တွယ်တာတစ်ကိုယ်လုံး ကြမ်းတိုက်တဲ့ ဆပ်ပြာရည်တွေ ပေကျံကုန်တယ်၊ အသုံးမကျတဲ့ သန့်ရှင်းရေးမကြောင့် ဖြစ်ရတာ၊ တွယ်တာ အရမ်းရှုံ့တာပဲ၊ အခု ရေချိုးဖြစ်တာတောင် စိတ်က မသန့်သေးဘူး'

'ဟုတ်ပါတယ် ကျွန်မ အပြစ်ပါ အမ်ဒီ၊ ပေးချင်တဲ့အပြစ် ကို ပေးပါ၊ ကျွန်မ လက်ခံပါ့မယ်၊ ကျွန်မ မှားသွားပါတယ် မခင် တွယ်တာ၊ တောင်းပန်ပါတယ်'

'နင် ငါ့နာမည်မခေါ်နဲ့၊ မတန်ဘူး၊ ထွက်သွား'

ပန်းမဉ္စူရီကို ခင်တွယ်တာက အော်ဟစ်မောင်းထုတ်နေတာ ပါ။ ရောင်စဉ် မကြိုက်ပေမယ့် ဝင်ရောက်တားဆီးဖို့ မသင့်တော်ဘူး ဟုပဲ ရောင်စဉ် တွေးမိသည်။ သူက ကုမ္ပဏီရဲ့ အမြင့်ဆုံး အမ်ဒီ။ ဘာမဟုတ်တဲ့ သန့်ရှင်းရေးမလေးဘက်မှ ဝင်ပါမိလျှင် အတင်းပြောစရာ ဖြစ်သွားနိုင်၍ သူ့ရင်ထဲမှာ နာကျင်ရပေမယ့် ပန်းမဉ္စူရီ ထွက်သွား တာကို မတားဆီးခဲ့။ သူ့ရှေ့ကနေ ပန်းမဉ္စူရီ ထွက်သွားတာ ငေး ကြောင်ကြည့်ရင်း နောင်တရနေသည်။ သူ တားဆီးရမှာပါ။ ပန်းမဉ္စူရီကို ခင်တွယ်တာ စရောက်ကတည်းက အမြင်ကတ်မုန်းတီး နေတာ ရောင်စဉ် သိနေသည်။ ပန်းမဉ္စူရီ ရိုင်းစိုင်းတာတော့ မဖြစ် နိုင်။ သူက ပန်းမဉ္စူရီနှင့်အတူတူ မတက်လိုက်။ တမင် စားသောက် ခန်းမှာ အချိန်ဖြုန်းနေမိသည်။

'ဒေါ်ခင်ညိုပြာကို နောက်ထပ် ကျွမ်းကျင်တဲ့ သန့်ရှင်းရေး သမားတစ်ယောက်ကို ထပ်လွှတ်ဖို့ ပြောလိုက်ပါပြီ အမ်ဒီ၊ ကုမ္ပဏီက



www.burmeseclassic.com

www.burmeseclassic.com



လူတွေကလည်း ပန်းမဥ္ဇူရီဆိုတဲ့ သန့်ရှင်းမကိုပဲ အရေးတယူလုပ်နေကြတယ်၊ အရမ်းယောင့်တက်နေပြီ အမ်ဒီ၊ ပညာမတတ် ဘာမတတ်နဲ့ ညှံ့ဖျင်းတယ်၊ ရိုင်းစိုင်းတယ်'

ခင်တွယ်တာ့ကို မင်း အခုငါ့ရှေ့ကနေ ထွက်သွားဟု ပြောချင်ပေမယ့် ပတ်ဝန်းကျင်မှ ဝေဖန်ပြောဆိုမှာ စိုး၍ ငြိမ်သက်နေရသည်။

'အမ်ဒီ'

'ဟင်'

'ပန်းမဥ္ဇူရီကို အမ်ဒီ အလုပ်ခန့်တာလား'

'ဟုတ်တယ် ခင်တွယ်တာ၊ သူက ဆယ်တန်းအောင်အောင် ဝင်ဖြေချင်တယ်ဆိုလို့ ကိုယ် ခန့်လိုက်တာပါ'

'ထုတ်ပြစ်လိုက်ပါ'

'ဘာပြောလို့လဲ'

'ဒီဟာမမှာ အကြံအစည်တစ်ခုခုကို ရှိရမယ်၊ သဘောရိုးနဲ့တော့ မဖြစ်နိုင်ဘူး ထင်တယ်၊ သန့်ရှင်းရေးအလုပ်နဲ့ သူ့ရုပ်ရည်က တခြားစီပဲ'

'ကိုယ်တို့ ကုမ္ပဏီက ပညာရေးအထောက်အပံ့ပြုတယ်လေ၊ သူများအကြောင်း ဘာမှသေသေချာချာမသိဘဲ မပြောစေချင်ဘူး'

'အမ်ဒီကလည်း ဒီကောင်မဘက်ကပဲလားဟင်၊ ဟိုဒါရိုက်တာကလည်း ဝင်ပါတယ်၊ ဒီကောင်မကို အကာအကွယ်လာပေးတယ်လေ၊ တွယ်တာ ထပ်ရိုက်မလို့ဟာ ဒါရိုက်တာထင်လင်းကြောင့်'

ပန်းမဥ္ဇူရီ သူ့ကုမ္ပဏီမှာ ဝင်လုပ်နေရတာ အန္တရာယ်များ





လွန်းနေပြီဖြစ်ကြောင်း ရောင်စဉ် တွေးမိသွားသည်။ ခင်တွယ်တာ မှာလို ဝန်တိုဖြစ်ပြီး ဒေါသတကြီး သဲသဲမဲမဲ တိုက်ခိုက်နေသဖြင့် ရောင်စဉ် ပန်းမဥ္ဇူရီအား အလုပ်ထုတ်ပစ်ရန်ဆုံးဖြတ်လိုက်သည်။

'ပန်းမဥ္ဇူရီကို အလုပ်ထုတ်ဖို့ ကိုယ် ဒါရိုက်တာအဖွဲ့နဲ့ ဆွေးနွေးပြီး ဆုံးဖြတ်မယ်၊ ခင်တွယ်တာ မင်းကို ရိုင်းရိုင်းစိုင်းစိုင်း ပြောဆိုဆက်ဆံတာ သက်သေအထောက်အထား ရှိလား'

'မရှိဘူး အမ်ဒီ၊ နှစ်ယောက်တည်းဖြစ်နေတာပါ၊ ခင်တွယ်တာ တစ်ကိုယ်လုံးပေကျံနေတာတော့ ဒါရိုက်တာရော၊ ဒေါ်ခင်ညိုပြာရော မြင်တယ်၊ ကုမ္ပဏီမှာ ပန်းမဥ္ဇူရီရှိနေတာ အန္တရာယ်များပါတယ်၊ ခင်တွယ်တာတော့ ရိုးရိုးသားသား အလုပ်ဝင်တာလို့ မထင်ဘူး၊ အကြံအဖန်ကြီး'

'ခင်တွယ်တာ စကားကို အဲဒီလိုလက်လွှတ်စပယ်မပြောပါနဲ့၊ မိန်းကလေးချင်းပဲ၊ ထားလိုက်တော့၊ ဒီကိစ္စကို အဖွဲ့နဲ့ ဆုံးဖြတ်မယ်'

'ပန်းမဥ္ဇူရီဘက်ကနေလိုက်တဲ့သူက မရိုးသားတာပဲ အမ်ဒီ၊ သူ့အလုပ်ကနေ မထုတ်ရင် ခင်တွယ်တာ ထွက်မယ်'

ခင်တွယ်တာ အလုပ်ကနေ ထွက်တာလည်း ကောင်းသားပဲဟု ရောင်စဉ် တွေးမိနေပေမယ့် ပန်းမဥ္ဇူရီဘက်လည်း မလိုက်ရဲ။ မင်းကို သန့်ရှင်းရေးအလုပ်မှာ မထားဘဲ သီးသန့် ကိုယ်ထောက်ပံ့မှု တွေပေးချင်ပါတယ် ပန်းမဥ္ဇူရီ။

'အောက်တန်းစားကောင်မ၊ သန့်ရှင်းရေးမက လူပါးဝလွန်းတယ်'



www.burmeseclassic.com

www.burmeseclassic.com



ခင်တွယ်တာရဲ့ တောင်းဆိုမှုနှင့် သူတို့ကုမ္ပဏီလူကြီးအဖွဲ့ ပန်းမဥ္ဇူရီကို အရေးယူရန် အစည်းအဝေးထိုင်ကြသည်။

'ဘာမဟုတ်တဲ့ သန့်ရှင်းရေးဝန်ထမ်းရဲ့ စော်ကားမှုကို ကျွန်မ လုံးဝ သည်းမခံနိုင်ပါဘူး၊ အလုပ်ကနေ ထုတ်ပစ်ဖို့ တောင်းဆိုပါတယ်၊ ပြီးတော့လည်း ဒီမိန်းမရောက်လာတာ မရှိးသားဘူးလို့ ထင်ပါတယ်'

'ခင်တွယ်တာ လူတစ်ယောက်ရဲ့ ကိုယ်ကျင့်တရားကို မစော်ကားသင့်ဘူး၊ မင်း ရိုက်နှက်ပြီးပြီပဲ၊ ပန်းမဥ္ဇူရီကလည်း တောင်းပန်နေပါတယ်'

ခင်တွယ်တာက အမ်ဒီရဲ့ အတွင်းရေးမှူးဆိုပြီး မောက်မာထောင်လွှားလွန်းနေသည်။ ထင်လင်း အမြင်အကတ်ဆုံးပင်။ အမ်ဒီ အတွင်းရေးမှူးဖြစ်၍ အပြစ်မတင်ချင်။ ပန်းမဥ္ဇူရီကို ချိုးချိုးနှိမ်နှိမ် ပြောနေခြင်းအတွက် ထင်လင်း သဘောမကျ၍ တားဆီးပစ်မိသည်။

'ဒါရိုက်တာက ဒီကောင်မဘက်က အရမ်းအကာအကွယ်ပေးလွန်းတယ် ထင်တယ်'

'တော်ပါတော့ ခင်တွယ်တာ၊ မင်း အရမ်းလွန်နေပြီ၊ မိန်းကလေးချင်း ကိုယ်ချင်းစာမှပေါ့'

'သူက ခင်တွယ်တာ့ကို စော်ကားတာကျတော့ရော'

'မတော်တဆ ဖြစ်တာပဲ ခင်တွယ်တာ၊ ပန်းမဥ္ဇူရီက တောင်းပန်နေတာပဲ၊ မင်းကိုယ်ထိလက်ရောက်စော်ကားတယ်'

ရောင်စဉ် ဘယ်လိုဆုံးဖြတ်ရမလဲ။ ဒါရိုက်တာ ထင်လင်းက ပန်းမဥ္ဇူရီကို ကယ်တင်စောင့်ရှောက်တော့မလိုနှင့် အပိုင်သိမ်းသွင်းတော့မယ်ဆိုတာ သူသိနေသည်။ ကိုယ့်ကုမ္ပဏီမှာလည်း မင်းကို အလုပ်မလုပ်စေချင်တော့ပါဘူး ပန်းမဥ္ဇူရီရယ်။ ရောင်စဉ် ဆုံးဖြတ်လိုက်သည်။

'ပန်းမဥ္ဇူရီကို အလုပ်ကနေ ထုတ်ပစ်လိုက်ပါ၊ သုံးလခ ကြိုထုတ်ပေးလိုက်ပါ'

'အမ်ဒီ'

'ကိုယ့်ဆုံးဖြတ်ချက်ပဲ အတည်ပြုပေးပါ၊ ကိုယ် စည်းကမ်းချက်ထုတ်ထားတယ်လေ၊ ပန်းမဥ္ဇူရီကိုပဲ အလုပ်ကနေ ထုတ်ပစ်လိုက်ပါ'

'ကြီးမားတဲ့ ပြစ်မှုမကျူးလွန်ပါဘဲနဲ့ အနိမ့်ဆုံး ဝန်ထမ်းတစ်ယောက်အပေါ်မှာ မတရားမလုပ်သင့်ဘူး ရောင်စဉ်၊ စဉ်းစားပါဦး၊ မတော်တဆဖြစ်သွားတာပါ၊ ခင်တွယ်တာ ကျေနပ်တဲ့အထိ တောင်းပန်ခိုင်းမယ်'

'အလုပ်ထုတ်ပစ်လိုက်ပါ၊ နစ်နာကြေးပေးလိုက်ပြီးပြီ၊ ဒီကိစ္စ ဆပ်မဆွေးနဲ့တော့'

ရောင်စဉ် ဆက်ပြီးမဆွေးနွေးလိုတော့သဖြင့် အစည်းအဝေးကို သိမ်းပြီး ထွက်လာခဲ့မိသည်။ မင်းအတွက်ပါ မဥ္ဇူရီ။ မင်း ရှင်းရှည်နဲ့ မင်းနာမည်နဲ့ မင်းအလုပ်က မလိုက်ဖက်ပါဘူး။

အလုပ်ကနေ ထွက်လိုက်ပါတော့။ ခင်တွယ်တာရဲ့ မနာလိုမှုတွေနှင့် ဒါရိုက်တာထင်လင်းရဲ့ ဖေးမနေမှုတွေကပင် ပန်းမဥ္ဇူရီအတွက် အန္တရာယ်တွေ ဖြစ်နိုင်သည်။







www.burmeseclassic.com

'အမ်ဒီ ဆုံးဖြတ်ချက် မှန်တယ်၊ ခင်တွယ်တာ့ကို သူက အရင်စစော်ကားတာပါ၊ ဒီဟာမရှိနေရင် ကုမ္ပဏီမှာ ဇာတ်ရှုပ်တွေပဲ ဖြစ်လာနိုင်စရာရှိပါတယ်'

'တော်ပါတော့ ခင်တွယ်တာ၊ ဒီကိစ္စ ထပ်မပြောပါနဲ့တော့၊ မင်းလုပ်စရာရှိတဲ့ အလုပ်ကိုပဲ လုပ်ပါ၊ ကိုယ့်အတွင်းရေးမှူးဆိုပြီး မင်းရဲ့မာန်မာနတွေကိုလည်း ထိန်းသိမ်းသင့်တယ်'

ရောင်စည် ကုမ္ပဏီမှာ မနေချင်တော့သဖြင့် ပြန်ဖို့ပြင်သည်။

'အမ်ဒီ အစောကြီးပဲ ရှိပါတယ်၊ ခင်တွယ်တာကြောင့် စိတ်ဒုက္ခရောက်ရမယ်ဆိုရင် တောင်းပန်ပါတယ်နော်'

'ကိုယ် ရှုံးဆင်းပြီ၊ နောက်ထပ်ပြဿနာဖြစ်တာမျိုး ကိုယ် မမြင်ချင်ဘူး'

'ဟုတ်ကဲ့ပါ အမ်ဒီ'

ရောင်စည် ရင်တွေနာကျင်နေသည်။ ပန်းမဥ္ဇူရီကို အကာ အကွယ်ပေးချင်တဲ့ ဆန္ဒတွေ ပြင်းပြနေသည်။ မင်းကို ဘယ်လိုလုပ်ပေး ရမလဲ ပန်းမဥ္ဇူရီ။ အရမ်းနိမ့်ကျတဲ့ဘဝမှာ မနေစမ်းပါနဲ့။ ရောင်စည် ကုမ္ပဏီကနေ ထွက်လာပြီး အိမ်ပြန်လာတော့ မေမေက သားဘာဖြစ် လို့လဲ နေမကောင်းဘူးလားဟု တယုတယ မေးနေပေမယ့် အလုပ်မ လို့ မာမီ။ နည်းနည်းလေး ဖျားချင်နေတယ်ပြောပြီး အပေါ်ထပ်တ လာခဲ့သည်။

'မဥ္ဇူရီရယ်... ကိုယ် မင်းအတွက် ဆုံးဖြတ်လိုက်တာ မင်း အရင်အရှက်ရမယ်ဆိုတာ ကိုယ် သိပါတယ်၊ မင်း ကိုယ့်





စိတ်နာသွားမှာပဲ၊ ဒါပေမဲ့ မင်းဆက်ပြီး အနိမ့်ခံ၊ အပြောအဆိုခံရမယ့် ဘဝမှာ ကိုယ်ဆက်ပြီး မထားနိုင်တော့လို့ပါ'

ရောင်စည် စားပွဲမှာ ထိုင်ပြီး အသိတွေကင်းမဲ့နေသလို ငြိမ် သက်နေသည်။ မာမီ့ကို သားအနားယူချင်တယ် ပြောထား၍ အခန်းထဲ ဝင်မလာတော့။ ညနေစောင်းတဲ့အထိ စားပွဲမှာပဲ ထိုင်နေမိပြီး အရ သောက်ဆိုလျှင် ပန်းမဥ္ဇူရီ အလုပ်မှထွက်ရန် အကြောင်းကြားပြီး သောက်ပြီ။ ရောင်စည် နာကျင်စွာ တွေးမိနေသည်။

'မင်းကို အရမ်းချစ်မိနေတယ် ပန်းမဥ္ဇူရီ၊ ကိုယ့်ရဲ့အနိမ့်ကျ ဆုံး ဝန်ထမ်းအဖြစ် မဆက်ဆံနိုင်လို့ပါ၊ မင်းအတွက် အကူအညီ အထောက်အပံ့တွေ ပေးချင်တယ်၊ စောင့်ရှောက်ထားချင်ပါတယ်'

သူ အစားအသောက်တွေ စားဖို့ပင် သတိမရတော့ဘဲ ထိုင် နေမိပြီး ညနေစောင်းတော့မှ ကိုမိုးတိမ်တောင်ရောက်လာသည်။

'အမ်ဒီ ဘယ်လိုလုပ်လိုက်တာလဲဗျာ၊ ပန်းမဥ္ဇူရီကို အလုပ် ကနေ ထုတ်ပစ်လိုက်တယ်ဆို'

'ဟုတ်တယ်လေ၊ ပန်းမဥ္ဇူရီက အလုပ်လုပ်တာ မသေသပ် ဘူး၊ စိတ်လည်းမဝင်စားဘူး ထင်တယ်၊ အမှားအယွင်းတွေများတယ်'

'ကျွန်တော့်ကြောင့် ဖြစ်ရတာပါ အမ်ဒီ၊ ပန်းမဥ္ဇူရီကို အမ်ဒီ အခန်းသန့်ရှင်းရေးမချရင် ဒီပြဿနာဖြစ်ရမှာ မဟုတ်ဘူး၊ မိန်းကလေး ချင်းဆိုတော့ မနာလိုဝန်တိုမှု ရှိမှာပါ အမ်ဒီ'

ကိုမိုးတိမ်တောင် နောင်တရသံကြီးနှင့် ကြေကြေကွဲကွဲပြော နေသည်။ ပန်းမဥ္ဇူရီ ပြဿနာဖြစ်ရတာ သူ့တရားခံပါ။ ကိုမိုးတိမ်

www.burmeseclassic.com



တောင်သာ ရှိနေရင် ပန်းမဥ္ဇူရီ အကာအကွယ်ရမှာပဲ။ သူက လုံးဝ အကာအကွယ်ပေးနိုင်ခဲ့။ ကိုမိုးတိမ်တောင်ကို ပဲခူးကို အတင်းလွှတ်ခဲ့တာ သူပဲ။

'ပန်းမဥ္ဇူရီရယ်··· မင်းလေးကို အရမ်းသနားတယ်ဗျာ၊ အစ်ကိုကြီးကြောင့်ပါ၊ မင်း ပညာဆက်သင်ဖို့အတွက် အစ်ကိုကြီး ကူညီမယ်၊ အမ်ဒီ ပန်းမဥ္ဇူရီ လိပ်စာသိချင်ပါတယ်၊ သူ့ကိုယ်ရေးရာဇဝင်ဖိုင်တွဲရှိတယ် မဟုတ်လား'

'ပန်းမဥ္ဇူရီကို မေ့ပစ်လိုက်ပါတော့၊ ပတ်သက်ဆက်ဆံတာတွေ မလုပ်စေချင်ဘူး၊ ဒါရိုက်တာ ထင်လင်းကလည်း အကွက်ချောင်းနေတာပါ၊ ပြဿနာ ရှိနိုင်တယ်'

ကိုမိုးတိမ်တောင်ကို ခပ်ပြတ်ပြတ်ပဲ ရောင်စဉ် ပြောပစ်လိုက်သည်။ ပန်းမဥ္ဇူရီ··· ပန်းမဥ္ဇူရီနဲ့ ဘာဖြစ်နေကြတာလဲ။ သူ့မျက်နှာထား တင်းသွား၍ ကိုမိုးတိမ်တောင် ဆက်မပြောတော့ဘဲ ပြန်သွားသည်။

'ပန်းမဥ္ဇူရီကို ကိုယ်တစ်ယောက်ပဲ ပိုင်ဆိုင်ထားသင့်တယ်ကွာ၊ ကိုယ်ကြိုးစားမယ်၊ ကိုယ့်ရင်ခွင်ကပဲ မင်းဘဝအတွက် အနွေးထွေးဆုံး အလုံခြုံဆုံးဖြစ်မှာပါ'

အခုလောက်ဆို ပန်းမဥ္ဇူရီ ပြန်သွားလောက်ပြီ။ မင်းရင်ထဲမှာ နာကျည်းမှုတွေ အရှက်တရားတွေ ကြီးမားစွာ ထိုးနှက်နေမှာပါ။ ကိုယ်တမင်ဆုံးဖြတ်လိုက်တာပဲ။ ညကျရင် ပန်းမဥ္ဇူရီတို့ ရပ်ကွက်ကို သွားဖို့ ရောင်စဉ် စဉ်းစားနေလေသည်။

□ □ □



## အခန်း (၁၁)

ပန်းမဥ္ဇူရီအား ဘတ်စ်ကားမှတ်တိုင်[illegible] ရပ်[illegible] ၍ ရောင်စဉ် ပျော်သွားသည်။ သနား[illegible]လွန်းတဲ့ ကောင်လေးဟု ရောင်စဉ်တွေးပြီး နာကျင်ရ၏။ [illegible]ရီအနား ထိုးရပ်သွားသည်။

'ပန်းမဥ္ဇူရီ'

'ဟင်'

'ကားပေါ်တက်ပါ၊ ကိုယ် လိုက်ပို့ပေးမယ်'

'အမ်ဒီနဲ့ တွေ့ရတာ အတော်ပါပဲ၊ ကျွန်မလည်း အမ်ဒီကို ပြောစရာစကားတွေ ရှိနေပါတယ်'

အမ်ဒီကို တွေ့လိုက်တော့ ပန်းမဥ္ဇူရီလည်း ကျေနပ်စွာ သူ့ကားပေါ်တက်လိုက်လာခဲ့သည်။ အမ်ဒီနဲ့ တွေ့ရမယ်။ သူ့ရင်ထဲမှာ ပြောစရာစကားတွေနှင့် ပြည့်နှက်နေ၏။ ပန်းမဥ္ဇူရီဆိုတာ ဘယ်လို [illegible]ကလေးလဲဆိုတာ ပန်းမဥ္ဇူရီ ပြောချင်သည်။

'မင်း ဘယ်ကိုသွားချင်လဲ မဥ္ဇူရီ'

'အမ်ဒီကို စကားပြောလို့ရမယ့် တစ်နေရာရာပေါ့'



www.burmeseclassic.com

www.burmeseclassic.com



ပန်းမဋ္ဌုရီကို ရောင်စဉ် ကြည့်လိုက်တော့ တင်းမာခက်ထန်နေတဲ့ မျက်ဝန်းစိမ်းစိမ်းတွေနှင့် ရင်ဆိုင်လိုက်ရသည်။ မင်း ကိုယ့်ကို မုန်းတီးနာကျည်းနေတာလား ပန်းမဋ္ဌုရီရယ်။ သူ့ကားလေးက အေးချမ်းတဲ့နေရာလေးမှာ ထိုးရပ်သွား၏။ ကန်တော်ကြီးရဲ့ ကမ်းစပ်တစ်နေရာဖြစ်သည်။ ချစ်သူစုံတွဲတွေ ဆုံတွေ့တဲ့နေရာလေးဖြစ်၍ ရောင်စဉ်ရင် နည်းနည်းလေးခုန်သွားပေမယ့် ပန်းမဋ္ဌုရီကတော့ အေးစက်စက်တည်တည်ငြိမ်ငြိမ်ပဲ ရပ်နေ၏။ ရောင်စဉ်အား အပြတ်ချဲတော့မည့် အမူအယာတွေဖြစ်နေသည်။

'ပန်းမဋ္ဌုရီကို အလုပ်ထုတ်ဖို့ ဆုံးဖြတ်လိုက်တာ အမ်ဒီရဲ့ တစ်ချက်လွှတ်အမိန့်လို့ သိရပါတယ်၊ ကျွန်မကို အလုပ်ကနေ ထုတ်ပစ်လိုက်လို့ နစ်နာကြေးဆုံးလခစာပေးပါတယ်'

'ဒီလိုရှိပါတယ် မဋ္ဌုရီရယ်'

'ကျွန်မ လက်မခံပါဘူး၊ တကယ်တော့ အမ်ဒီကြောင့်ပဲ ကျွန်မ အမှားအယွင်းတွေ လုပ်မိရတာပါ'

'ဟင်··· ဘာဖြစ်လို့လဲ၊ ကိုယ် မင်းကို ဘာမှမလုပ်ဘူး ထင်တယ်'

'အမ်ဒီနဲ့ ကျွန်မ ဓာတ်လှေခါးထဲမှာ နစ်ယောက်တည်း... နေတာရယ်၊ အပေါ်ဆုံးအထိပါသွားတာရယ်၊ အမ်ဒီက ကျွန်မကို တစ်ခုခု စားသောက်ဖို့ခေါ်တော့ ကျွန်မ ထူပူပြီး အမ်ဒီရုံးခန်းထဲ ပျာယာခတ်ဝင်သွားမိရာကနေ မခင်တွယ်တာကို ဝင်တိုက်မိသွား... တာပါ'





အမ်ဒီ သက်တန့်ရောင်စဉ်က သူ့အတွင်းရေးမှူးမခင်တွယ် ...ကြောင့် သူမအား အလုပ်ထုတ်ပစ်လိုက်တာကို နာကျည်းလို့မဆုံး ...အောင် ခံစားသွားရသည်။ သူမ ဂုဏ်သိက္ခာမဲ့စွာ ပြဿနာနှင့် ...လုပ်ကနေ အထုတ်ခံလိုက်ရခြင်းဖြစ်သည်။

ခွင့်မလွှတ်နိုင်ဘူး။ ပြီးတော့ သူမ ပါးကို မခင်တွယ်တာက ...ယ်ပြန်ညာပြန်ရိုက်ပစ်ခဲ့၏။ ပန်းမဋ္ဌုရီကို ကုမ္ပဏီမှာ သန့်ရှင်းရေး ...အမ်း ဝင်လုပ်တာ မရိုးသားမှုပဲဟုပြောခဲ့တဲ့ မိန်းမကိုလည်း နာကျည်း ...မိသည်။

'ကျွန်မဘက်က နမော်နမဲ့လုပ်မိလို့ အမှားဆိုတာတော့ ဝန်ခံ ...တယ်၊ ဒါပေမဲ့ ကျွန်မပါးကို ဘယ်ပြန်ညာပြန်ရိုက်ပြီး အလုပ်ကနေ ...ထုတ်ပစ်လောက်တဲ့အထိ မပြင်းထန်ဘူးလို့ ထင်ပါတယ်'

ရှင်ကြီး တော်တော်လေးရက်စက်တာပဲ။ ပန်းမဋ္ဌုရီကို ...တာက တဲ့နေတဲ့ကြားကတောင် အလုပ်ထုတ်ပစ်လိုက်ပါတဲ့။ ...င်တွေ မွန်းကြပ်နာကျင်နေရသည်။

'နင်က ငါနဲ့များယှဉ်ပြိုင်ချင်သေးလား ပန်းမဋ္ဌုရီ၊ နင့်နာမည် ...က ဘာသုံးစားလို့ရမှာလဲ၊ ပညာမတတ် ဘာမတတ်နဲ့ သန့်ရှင်း ...တာများ'

'ကျွန်မ ဘယ်တုန်းကမှ မခင်တွယ်တာကို မယှဉ်ပြိုင်ခဲ့ပါ ...ဖြစ်ရတာလည်း မတော်တဆပါ၊ ကျွန်မ အလုပ်ထွက်ရလည်း ...ပါဘူး၊ လစာလည်း သုံးလစာပေးစရာမလိုပါဘူး၊ ဒါပေမဲ့ ...လေးချင်း ကိုယ်ချင်းမစာမနာ အပြစ်မရှိတဲ့ ကျွန်မကို နာမည်



www.burmeseclassic.com

www.burmeseclassic.com



ပျက်နဲ့ ကုမ္ပဏီကနေ ထွက်ရအောင်လုပ်တာတော့ ရှင် တုန့်ပြန်ပေးဆပ် ရလိမ့်မယ်'

အမ်ဒီကိုရောင်စဉ်ကိုရော သူ့အတွင်းရေးမှူးမခင်တွယ်တာ ကိုပါ ပန်းမဥ္ဇူရီကြောင့် နာကျင်ကြေကွဲခြင်းတွေ တမြေ့မြေ့ခံစားစေ မယ်။

'ကျွန်မ တကယ်ပဲ ရိုးရိုးသားသား အလုပ်လာလျှောက်တာ ပါ အမ်ဒီ၊ ပညာရေးအတွက် အထောက်အပံ့ပေးတယ် သတင်းကြား ထားလို့ပါ၊ ကျွန်မ ပညာအရည်အချင်းနဲ့ သန့်ရှင်းရေးအလုပ် လျှောက်တာ ဘာမရိုးသားတာ ရှိနေလို့လဲဟင်'

'မဥ္ဇူရီ . . . မှန်တယ်ဆိုတာ ကိုယ်သိပါတယ်၊ ဒါကြောင့် လည်း အန္တရာယ်တော့ထဲကနေ မင်းကို ဆွဲထုတ်ပစ်လိုက်တာပါ'

'ဒီလိုပုံစံမျိုးနဲ့လား အမ်ဒီ'

ပန်းမဥ္ဇူရီ ကျေနပ်စေရန် ဘယ်လိုရှင်းပြတောင်းပန်ရမှန်း ရောင်စဉ်မသိတော့။ ကုမ္ပဏီမှာ လူကြီးတစ်ယောက်ဖြစ်ပေမယ့် ခေါ် ရေးမှာတော့ အဆိပ်မရှိတဲ့ ရေမြွေတစ်ကောင်ပါ ပန်းမဥ္ဇူရီရယ်။ ကို အလုပ်ထုတ်ခဲ့တာ မင်းကို အန္တရာယ်ပြုကြမယ့် သူတွေလက်ထဲက ကယ်ထုတ်ခဲ့တာပါ။

'ပန်းမဥ္ဇူရီ'

'ပြောပါ အမ်ဒီ'

'မင်းကို ကိုယ် ကူညီထောက်ပံ့ချင်တယ်၊ သဘောရိုးနဲ့ မင်း ပညာရေးအတွက်လေ၊ မင်း တောင်းဆိုနိုင်ပါတယ်၊ ပြော ကိုယ် ဘယ်လိုကူညီရမလဲ'





ပန်းမဥ္ဇူရီ ဘဝကိုက ပညာရေးကံမကောင်းတာပါ။ ရိုးသား စွာ အလုပ်ဝင်လျှောက်ပြီး စားမေးပွဲဆက်ဖြေဖို့ ကြိုးစားတော့လည်း အနှောင့်အယှက် အခက်အခဲတွေက များလွန်းနေသည်။ သို့မှ အရှက် ကြီးရှက်ခဲ့ရ၏။ အမ်ဒီအတွင်းရေးမှူးမခင်တွယ်တာရဲ့ အကြံပက်စက် မှာ ထိုးနှက်လိုက်တာ ဘယ်လိုမှ ဖြေလို့မရနိုင်အောင် ခံစားသွားရ၏။ နေမကောင်းတဲ့မေမေ့မျှော်လင့်ချက်တွေကို ရိုက်ချိုးခံလိုက်ရသည်။

'ပန်းမဥ္ဇူရီ . . . ပြောပါကွာ၊ မင်းကို ကိုယ် စောင့်ရှောက်နိုင် ပါတယ်၊ မင်း ပညာရေးအတွက် ဘယ်လိုဖြစ်စေချင်လဲ'

'ကျွန်မကို အမ်ဒီက ဘယ်လိုပုံစံမျိုးနဲ့ ထောက်ပံ့ပေးချင်တာ လဲ'

'မင်းတောင်းဆိုနိုင်တယ်၊ မင်းအတွက် ကိုယ် အရာအားလုံး ကို ဖြည့်ဆွမ်းပေးနိုင်တယ်'

'အဟင်း . . . ဟင်း . . . ဟား . . . ဟား . . . ဟား . . . ဟင်း . . . ဟင်း'

'မဥ္ဇူရီ'

'ဦးသက်တန့်ရောင်စဉ်က ဘာသဘောနဲ့ ကျွန်မကို အလုပ်က နေထုတ်ပစ်ပြီး ဒီလောက်အထိ သဘောကောင်းပြနေရတာလဲ'

ရှင်ကြီးကြောင့် မဥ္ဇူရီ အပြစ်မရှိဘဲ အလုပ်ကနေ အထုတ်ခံ လိုက်ရတာလေ။ ရှင့်ဆုံးဖြတ်ချက်တဲ့။ အရမ်းရယ်ရတယ်။ အပြစ်ကို ကြီးချုံပြီး အကောက်ကြံတာက ရှင့်အတွင်းရေးမှူးမလေ။ ကျွန်မ ခင်ထဲမှာ မုန်းတီးနာကျည်းမှုတွေ ပြည့်နှက်နေတယ်။ အိမ်ပြန်ဖို့တောင်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ခက်ခဲနေပြီ။ မေမေ့ကို အရမ်းသနားလို့ပါ။ သူမ ငိုပြစ်ချင်သည်။

'ကျွန်မ အနာဂတ်တွေကို အမ်ဒီနဲ့ အမ်ဒီအတွင်းရေးမှူး မခင်တွယ်တာတို့ ပူးပေါင်းကြံစည်ပြီး ဖျက်စီးပြစ်လိုက်တာပဲ ဒါရိုက်တာ ကိုထင်လင်းကတော့ ကျွန်မကို စောင့်ရှောက်ပေးပါရ… တဲ့'

'ပန်းမဥ္ဇူရီ လောကကြီးမှာ လူတွေကို အရမ်းမယုံနဲ့နော် ဒါရိုက်တာ ထင်လင်းအကြောင်း မင်း ဘယ်လောက်သိလို့လဲ'

'လောကကြီးထဲမှာ အမ်ဒီပဲ ကိုယ်ကျင့်တရားကောင်းပြီ… စည်းကမ်းရှိရှိ နေထိုင်တတ်တာလား'

'ကိုယ်တောင်းပန်ပါတယ် မဥ္ဇူရီ၊ မင်းကို အန္တရာယ်တေ… ထဲမှာ မထားချင်လို့ အလုပ်ကနေ ထုတ်ဖို့ ဆုံးဖြတ်လိုက်တာပါ'

'ကျွန်မရဲ့ အရှက်သိက္ခာတွေနဲ့ အလဲအထပ်လုပ်ပြီးတော့လာ… နာမည်ပျက်ရတဲ့ ကျွန်မအတွက် သုံးလစာနစ်နာကြေးနဲ့ ပြီးဆုံးသွာ… တာမျိုးလား'

'မဥ္ဇူရီရယ်'

'ကျွန်မ တစ်ခုပဲပြောချင်ပါတယ် အမ်ဒီ၊ ပန်းမဥ္ဇူရီ မတရာ… လုပ်ခံရတာပါ၊ ကျွန်မ အမ်ဒီတို့ ကုမ္ပဏီကို အလုပ်လျှောက်တ… ရိုးသားစွာနဲ့ ကျွန်မပညာအရည်အချင်းအရ ဝင်လျှောက်တာပဲ၊ အခ… လည်း ကျွန်မကို အထင်သေးနေမယ်ဆိုရင်တော့ အရမ်းမှားနေပြီ… ပြောချင်ပါတယ်'





'မင်း အလုပ်ပြန်ဝင်မလား ပန်းမဥ္ဇူရီ'

'ဆောရီးပဲ၊ အမ်ဒီတို့ ကုမ္ပဏီက ဟန်ပဲကောင်းတာပါ၊ ဘာအထင်ကြီးစရာမှ မရှိဘူး၊ ခွင့်ပြုပါဦး'

'ပန်းမဥ္ဇူရီ ကိုယ် လိုက်ပို့ပေးမယ်၊ မင်းတို့အိမ်ကို ကိုယ် သိနေတာပဲ'

'မပို့ပါနဲ့၊ ကျွန်မ အစ်ကိုက ရူဆိုးနော်၊ လောင်းကစားသမား၊ ကြိုသတိပေးထားမယ်၊ မပေါင်းပါနဲ့၊ ငွေတွေလည်းမပေးပါနဲ့၊ ထပ်ပြီးလည်း လာမပတ်သက်ပါနဲ့၊ ပန်းမဥ္ဇူရီကို အချောင်ရဖို့ မကြိုးစားနဲ့နော်'

'ပန်းမဥ္ဇူရီ'

ရောင်စဉ်ကို လှည့်မကြည့်တော့ဘဲ ပန်းမဥ္ဇူရီ ထွက်သွားသည်။ သူ ကားပေါ်အပြေးတက်ပြီး မဥ္ဇူရီ နောက်သို့ လိုက်ခဲ့၏။ သူမ အငှားကားပေါ်တက်သွားလေသည်။

'ပန်းမဥ္ဇူရီ ကိုယ် တောင်းပန်ပါတယ်၊ မင်းထင်ထားသလို မဟုတ်ပါဘူးကွာ၊ ပြန်ဆင်းခဲ့ပါ'

'မောင်းပါ'

မဥ္ဇူရီ ဘာမှပြောမနေတော့ဘဲ တွေ့တဲ့အငှားကားပေါ်သို့ တက်ပြီး အတင်းမောင်းနိုင်းမိနေသည်။

'ဘာဖြစ်လာတာလဲ မိန်းကလေး၊ သူဌေးတွေက ဒီလိုပဲ၊ မိန်းကလေးတွေကို အပျော်ပဲကြံစည်ကြမှာ'

'ရှင်'



www.burmeseclassic.com

www.burmeseclassic.com



ပန်းမချူရီ မဆင်မခြင်း ကားနောက်ခန်းမှာ ဝင်ထိုင်လိုက်မိတာ နောက်ခန်းမှာ ယောကျ်ားတစ်ယောက်ရှိနေတာ မတွေ့။ သူမ အနားမှာ အသံကပ်ပေါ်လာမှ အထိတ်တလန့် ဖြစ်သွားသည်။

'မကြောက်ပါနဲ့ မိန်းကလေးရဲ့ အခက်အခဲတွေကို ကူညီမှာပါ၊ ပြောလေ ဟိုကားပေါ်က လူနဲ့ ငွေကြေးအပေးအယူ မတည့်ဘူးလား'

'ဘာပြောတယ်ရှင့်'

'မင်းပုံစံက ခပ်နွမ်းနွမ်းပဲ၊ ကိုယ်တို့က အထာသိပါတယ်၊ မင်းလိုမိန်းကလေးမျိုးက သူဌေးရဲ့ချစ်သူတော့ မဖြစ်နိုင်ပါဘူး'

'ရှင်တို့ ဘာတွေလာပြောနေတာလဲ၊ ကားရပ်ပေးပါ၊ ကျွန်မ ရှင်တို့ထင်သလို မဟုတ်ပါဘူး၊ ဆင်းတော့မယ်'

'မင်းက သူဌေးကိုတောင် အထာကိုင်လာတာပဲ'

'ဒီမှာ ဘာတွေလာပြောနေတာလဲ၊ ကားရပ်ပေးနော်၊ ကျွန်မ အော်ပစ်လိုက်မယ်'

'အော်လေ၊ မင်းပဲ မဆင်မခြင် တွေ့တဲ့ကားပေါ် တက်လာပြီးတော့၊ ဘာတွေလာပြောနေတာလဲ၊ မင်းလေးက အရမ်းလှပချောမောနေတယ်၊ အဟဲ··· ချစ်စရာလေး'

'ကျွန်မ အော်လိုက်မှာနော်၊ ကားရပ်ပါ၊ ကျွန်မ လူကောင်းပါ'

'မင်းလေးက တန်ဖိုးတွေ မြှင့်မနေစမ်းပါနဲ့'





မချူရီတော့ ဒုက္ခရောက်ပါပြီ။ ကံတော်တော်ဆိုးတဲ့ မိန်းမတစ်ယောက်ပဲ။ ထိုလူတွေက သူမ ပခုံးကို လာထိသည်။

'ဘာလုပ်တာလဲ၊ ရှင်တို့နော် ကားရပ်ပါ၊ ကျွန်မ တောင်းပန်ပါတယ်နော်'

ပန်းမချူရီ ဒုက္ခအကြီးအကျယ် ရောက်တော့မည့် အခြေအနေတွင်း နောက်မှ အမ်ဒီကားက လိုက်၍မီလာသည်။

'ဟော့ကောင်··· ကားရပ်ပြီး ကောင်မလေးကို ချပေးလိုက်တော့၊ ဟိုလူကားလိုက်လာပြီ'

ကားက ထိုးရပ်သွားပြီး သူမ ကားပေါ်ကနေ ကပျာကယာ ဆင်းလိုက်သည်။

'မင်း ကံကောင်းသွားတယ် မှတ်ပါ'

သူမကို လှမ်းအော်ပြောပြီး ကားကို မောင်းထွက်သွားသည်။ ချူရီ ကြောက်လွန်း၍ ချွေးတွေ သူမ ခန္ဓာကိုယ်တစ်ခုလုံး ဒီးဒီးကျလာကာ ဒူးတွေပင် ညွတ်ခွေကျသွားသည်။

'ပန်းမချူရီ ဘာဖြစ်တာလဲ၊ မင်းကို စိတ်မချလို့ ကိုယ်လိုက်လာတာပါ၊ နောက်ခန်းမှာ ယောကျ်ားတွေပါလာတာ တွေ့လိုက်လို့'

အမ်ဒီအနား ရောက်လာပြီး တဆတ်ဆတ်တုန်ရီနေတဲ့ သူမ ခန္ဓာကိုယ်လေးအား ထိန်းမတ်၍ သူ့ကားပေါ်တင်ပေးသည်။

'မင်း ဘာဖြစ်တာလဲ၊ မင်းကို သူတို့ဘာလုပ်လဲ၊ ကိုယ်ကား နံပါတ်မှတ်မိတယ်၊ သက်ဆိုင်ရာကို တိုင်မယ် မချူရီ'



www.burmeseclassic.com

www.burmeseclassic.com



သူမ ကြောက်ရွံ့တုန်လှုပ်နေသေး၍ ရုတ်တရက် စကား မပြောနိုင်။ မဒ္ဒူရီ ကံဆိုးနေတုန်းပါပဲလား။ သူ နောက်ကနေလိုက်လာ လို့ မဒ္ဒူရီ ကံကောင်းသွားရတာပါ။ ရင်တွေတဒိန်းဒိန်း တုန်ရီနေဆဲပင် ဖြစ်သည်။

'ကိုယ် တောင်းပန်ပါတယ် မဒ္ဒူရီရယ်၊ ကိုယ့်ကြောင့် မင်း ဒုက္ခတွေနဲ့ ရင်ဆိုင်ရတာပါ'

ပန်းမဒ္ဒူရီ အကြောက်လွန်ပြီး ခန္ဓာကိုယ်လေး တဆတ်ဆတ် တုန်ရီနေ၍ ရောင်စဉ် စိတ်မကောင်းဖြစ်ရသည်။

'ကျွန်မကို အမြန်ဆုံး အိမ်ပဲ ပြန်ပို့ပေးပါ အမ်ဒီ'

'ခဏလေးနေပါဦး၊ မင်းတစ်ကိုယ်လုံးချွေးတွေရွှဲပြီး ဖြူဖတ် ဖြူရော်ဖြစ်နေတယ် မဒ္ဒူရီ၊ မင်း စိတ်တွေကို တည်ငြိမ်အောင် ကြိုးစား ပါဦး၊ မင်း လုံခြုံသွားပါပြီ'

မဒ္ဒူရီရဲ့ ခန္ဓာကိုယ်လေးကို သိုင်းဖက်၍ သူ့ရင်ခွင်ထဲမှာ အပ်ထားချင်ပေမယ့် မဒ္ဒူရီ အထင်လွဲမှာကြောက်၍ ရောင်စဉ် မထိရဲ မင်းကို ကိုယ့်နှလုံးသားထဲအထိ စူးနစ်စွာ ချစ်ရပါတယ်ဟု ပြောရင် လည်း မဒ္ဒူရီက လက်ခံမှာမဟုတ်။ မင်းအတွက် ကိုယ့်ဘဝမှာ တစ်ကြိမ်တစ်ခါမှ မလုပ်ဘူးခဲ့ဖူး အမှားအယွင်းတွေတောင် ကိုယ် လုပ်ခဲ့မိတယ်။ မဒ္ဒူရီက ကားပေါ်မှာ ခေတ္တငြိမ်သက်နေပြီးမှ သူမအား အိမ်ပြန်ပို့ဖို့ပဲ ပြောနေလေသည်။

□ □ □



## အခန်း (၁၂)

'ကားရပ်ပေးပါတော့ အမ်ဒီ'

'မင်းစိတ်တွေ တည်ငြိမ်မှုရှိရဲ့လား မဒ္ဒူရီ၊ ကိုယ်အိမ်အထိ လိုက်ပို့ပေးမယ်၊ မင်းအစ်ကိုနဲ့လည်း တွေ့ချင်တယ်'

'မဒ္ဒူရီရဲ့ အစ်ကိုနဲ့ လုံးဝမပတ်သက်စေချင်ပါဘူး အမ်ဒီ'

'ကိုယ်က အခု မင်းရဲ့အမ်ဒီမဟုတ်တော့ဘူး မဒ္ဒူရီ၊ ကိုရောင်စဉ်လို့ပဲခေါ်ပါ'

မဒ္ဒူရီ စိတ်တွေတုန်လှုပ်ချောက်ချားနေဆဲပင်ဖြစ်သည်။ ကြောက်ရွံ့ထိတ်လန့်မှုတွေနှင့် ကိုရောင်စဉ်အား တွေ့လိုက်တဲ့ အချိန် တွင် မဒ္ဒူရီအားကိုးတွယ်တာမိသွားရ၏။ ဒါပေမဲ့ သူနှင့် တရင်းတနှီး ပတ်သက်ဖို့မဖြစ်နိုင်ဟု ထင်နေသည်။ ခင်တွယ်တာကို ယှဉ်ချင်ပေ မယ့် အရှုံးနှင့်ရင်ဆိုင်ရမည့်သူက နောက်ဆုံးတော့ သူမပဲဖြစ်သွားနိုင် ၍ပါ။ သူ့မျက်ဝန်းတွေထဲမှာ အကြင်နာတွေ ပြည့်နေပေမယ့်လည်း သူ့အသိုင်းအဝိုင်းမှာ ပန်းမဒ္ဒူရီ ဘယ်လိုမှ ဝင်ဆန့်နိုင်မှာမဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မ ပြန်တော့မယ်၊ အမ်ဒီမလိုက်ခဲ့ပါနဲ့၊ ကျွန်မအစ်ကိုက အကျင့်မကောင်းဘူး၊ ပေးကမ်းထောက်ပံ့တာမျိုးတွေ မလုပ်ပါနဲ့'

'ကိုယ့်ကို သူစိမ်းတွေလို မဆက်ဆံပါနဲ့ မဒွန်ုရီ'

'ကျွန်မကို အလုပ်ထုတ်ပစ်ဖို့ ဆုံးဖြတ်ခဲ့တာ အမ်ဒီပါ၊ ကျွန်မဘဝကို နာမည်ပျက်စာရင်းထဲ ထည့်ပစ်လိုက်တာလည်း အမ်ဒီပဲ'

'မဒွန်ုရီ'

သူ စိတ်တွေထိန်းချုပ်နိုင်ခြင်းကင်းမဲ့စွာဖြင့် မဒွန်ုရီရဲ့ လက်လေးကို ဆွဲယူကာ သူ့ရင်ခွင်ထဲ ဆွဲယူပွေ့ဖက်ထားမိသည်။ တခဏငြိမ်သက်သွားပြီးမှ သူမက စတင်၍ ရုန်းဖယ်ပစ်သည်။

'ဖြန်း'

'မဒွန်ုရီ'

'ရှင့်အတွင်းရေးမှူးမခင်တွယ်တာက ကျွန်မပါးကို ရိုက်ခဲ့တယ်၊ ရှင်က ကျွန်မကို အလုပ်ထုတ်ပစ်ခဲ့တယ်၊ ဘာလဲ ကျွန်မကို အထင်သေးတာလား၊ ကျွန်မကို အလွယ်တကူရမယ်ထင်လို့လား ကျွန်မ စိတ်ဓာတ်က ရှင့်တို့ထင်သလောက် အောက်တန်းမကျဘူးနော်'

'ကိုယ် ရှင်းပြပါရစေ မဒွန်ုရီ၊ ကိုယ်တကယ်ပဲ မင်းကို ကိုယ့်ကုမ္ပဏီမှာ သန့်ရှင်းရေးလုပ်နေရတာ မမြင်ရက်လို့ပါ'

'ဘာလဲ ကျွန်မကိုချစ်တယ်လို့ ပြောမလို့လား'

'ကိုယ်မင်းကိုချစ်တယ် မဒွန်ုရီ၊ မင်းအတွက် အရာအားလုံးကို ကိုယ်စွန့်လွှတ်နိုင်တယ်'

'ရှင် အရမ်းရယ်ရတဲ့လူပဲ၊ အရာအားလုံးစွန့်လွှတ်ပြီး ရှင်





ရောက်လာလည်း ကျွန်မ အထင်မကြီးဘူး၊ နောက်ထပ်မဆက်သွယ်ပါနဲ့'

သူမ ချာခနဲ လှည့်ထွက်ပြီး အိမ်ပြန်လာခဲ့သည်။ မဒွန်ုရီ ဘဝကံဆိုးလွန်းတယ်။ ဘာမှမဆင်မပြေတာပါလား။

မေမေက သမီးလေး ပြန်လာပြီးလားတဲ့။ ကိုကိုတော့ မရှိပေ။

'ကိုကိုရော မေမေ'

'အပြင်သွားတယ်လေ၊ ညီမလေးအတွက် ပိုက်ဆံသွားရှာရမယ်ပြောတာပဲ၊ အရင်ကထက်စာရင်တော့ လိမ္မာနေပါပြီကွယ်'

ကိုကိုပိုက်ဆံသွားရှာတယ်ဆိုတာတော့ မဒွန်ုရီ လန့်သည်။ အမ်ဒီဆီက သွားတောင်းမှာလား။ အမ်ဒီ ရပ်ကွက်ထိပ်မှာရှိနေဦးမယ်ဆိုတာ မဒွန်ုရီ သိနေ၏။ သူမ စိတ်ကမဖြောင့်။ ကိုကို့အကျင့်တွေကို မဒွန်ုရီ သိနေ၍ဖြစ်သည်။

'သမီးလေး စာသင်ရတာ ပင်ပန်းလာလို့လားကွယ်၊ မျက်နှာလေးလည်း မကောင်းဘူး'

'ဟုတ်တယ် မေမေ၊ ပင်ပန်းလာလို့ အနားယူဦးမယ်'

'သမီးလေး မဒွန်ုရီ၊ သမီးပါးနှစ်ဘက်က ဒဏ်ရာတွေလား၊ ဘာဖြစ်လာတာလဲ မဒွန်ုရီ၊ မေမေ စိတ်ပူလိုက်တာ၊ မျက်နှာမှာ အညိုအမည်းစွဲနေတယ်'

'ဘာမှမဟုတ်ပါဘူး မေမေ၊ လမ်းမှာမိန်းမနှစ်ယောက် ရန်ဖြစ်နေတာကို ဝင်ဖြန်ဖြေမိတာ ကြားထဲက မဒွန်ုရီ အရိုက်ခံရတာလေ'

'မဖြစ်နိုင်ပါဘူး သမီးရယ်၊ မေမေ သိပါတယ်၊ သမီးလေး



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူနဲ့ ရန်ဖြစ်လာလဲ၊ ပြောစမ်းပါ၊ သမီးကို ဘယ်သူ ရိုက်ပစ်လိုက်တာလဲ'

'တကယ်ပါ မေမေရာ၊ မဥ္ဇူရီ ပြောတာ ယုံစမ်းပါ၊ မေမေကိုယ်တိုင်ကလေ ကိုကိုပြောသမျှ ယုံပြီး မဥ္ဇူရီ ပြောရင် ဘယ်တော့မှ မယုံဘူး'

'မေမေ စိတ်ပူတယ်၊ ကိုကိုက ယောကျ်ားလေးလေ၊ မဥ္ဇူရီ ပြောတာတော့မေမေအားလုံးလိုက်ယုံပေးလို့ မဖြစ်ဘူး မဟုတ်လား'

'သမီးမှာ ဘာအန္တရာယ်မှ မရှိပါဘူး၊ ဗိုက်ဆာတယ် မေမေရာ၊ ထမင်းပွဲပြင်ပေးပါ၊ မဥ္ဇူရီ ခဏနားပြီး ရေချိုးမယ်၊ ဘာဟင်းချက်လဲ'

'ဒီကလေးမတော့ မဟုတ်သေးပါဘူး၊ သမီးပါးမှာ လက်ဝါးရာလား'

'ဟုတ်တယ်လေ၊ အဲဒီမိန်းမနှစ်ယောက်ကြား သမီးက ဝင်သွားတာပါ၊ အရိုက်ခံရတာပါဆို'

မေမေ့ရှေ့မှာ မဥ္ဇူရီ ကြာကြာမနေတော့ဘဲ ထွက်လာခဲ့သည်။ သူမ အခန်းထဲရောက်မှ မှန်ရှေ့မှာရပ်မိနေ၏။ ပါးပြင်ပေါ်မှာ လက်ငါးချောင်းရာက အညိုအမဲစွဲနေဆဲပင်။ သူမကလည်း အမ်ဒီကို ရိုက်မိသည်။

'မဥ္ဇူရီ မှားသွားပြီလား မသိဘူး၊ မမှားပါဘူး၊ ဘာဖြစ်လို့ မှားရမှာလဲ၊ သူ့ကြောင့် ငါ နာမည်ပျက်ရတာ၊ ခင်တွယ်တာ မတရားလုပ်ခဲ့တာကို မျက်နှာလိုက်ပြီး ငါ့ကိုအလုပ်ကနေ ထုတ်ပစ်ခဲ့တယ်'





မဥ္ဇူရီ မကျေမနပ်နှင့်ပြောပြီး စိတ်ကို ပေါ့ပါးသွက်လက်စွာ ...ားလိုက်သည်။ မဥ္ဇူရီ တုန်လှုပ်ချောက်ချားနေလျှင် မေမေ စိတ်ပူ ...ည်ဖြစ်၏။ ကိုကို ဘယ်သွားနေလဲ။ ဟိုလူ ပြန်သွားပါစေ။ ကိုကို ...ောင်းနေမှာ မဥ္ဇူရီ စိုးရိမ်မိနေသည်။

'အလကားလူ မဥ္ဇူရီကို အချောင်ရမလားလို့ တမင်အလုပ် ...နေ ထုတ်ပြီး ကယ်တင်ရှင်ကြီးလုပ်တာ၊ မုန်းတယ်'

မဥ္ဇူရီ ရှုပ်ရှုပ်ယှက်ယှက် အတွေးတွေကို ဖျောက်ပစ်လိုက် ...ြီး မေမေ့အနားရောက်လာသည်။ သနစ်ခါးတွေ အထူကြီးလိမ်းထား ...ိုက်၏။ ကိုကို မလာသေးပါလား။ ကိုကိုက မိသားစုအပေါ် ဘယ် ...တော့မှ ထောက်ထားညှာတာမှုမရှိဘူး။ မေမေက ထမင်းပွဲပြင်ထား ...သည်။

'သမီးလေးကြိုက်တဲ့ ကြက်သားကြော်လေး စားနော်'

တကယ်တမ်းကျတော့ မဥ္ဇူရီ မစားနိုင်။ ရင်ထဲမှာ မခံမရပ် ...င်အောင် နာကျင်ကြေကွဲနေရသည်။ အမ်ဒီကို ပါးရိုက်တဲ့အထိတော့ ...ဥ္ဇူရီ မရိုင်းစိုင်းသင့်ဟု ထင်မိ၏။ သွားပြီး တောင်းပန်လိုက်ရင် ...ောင်းမလားပဲ။ အမ်ဒီ ဖုန်းနံပါတ်ကိုလည်း မဥ္ဇူရီ မသိပေ။ မေမေ့ ...ရှေ့မှာ ထမင်းကို အားရပါးရစားပြနေရပေမယ့် မဥ္ဇူရီ ငိုပစ်ချင်သည်။

'မေမေ··· ညီမလေးရေ'

'ဟော··· သားကြီးအသံပဲ၊ ပြန်လာပြီထင်တယ်၊ သားကြီး ...သံက ရွှင်လန်းတက်ကြွနေတာပါလား'

ကိုကို ထမင်းစားခန်းထဲသို့ ဝင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



'မေမေ'

'သားကြီး လာ၊ ထမင်းစား'

'စားပြီးပြီ'

'ဟုတ်လား၊ ဒီနေ့ သားကြီးကိုမြင်ရတာ မေမေ အရမ်းဝမ်းသာလိုက်တာ၊ တက်ကြွနေသလိုပဲ'

'ညီမလေး'

'ဟင်'

'ရော့··· ပိုက်ဆံ'

'ဟင်··· ကိုကို ဘယ်ကနေ တောင်းလာတာလဲ၊ မှန်မှန်ပြောစမ်းပါ၊ ဘယ်ကနေ တောင်းလာတာလဲ'

'ဘာပြောတယ်၊ ငါ ပိုက်ဆံရှာလာတာပါ၊ ဘယ်သူ့ဆီက တောင်းရမှာလဲ၊ ငါက သူတောင်းစားလား မဥ္ဇူရီ'

'ကိုကိုနော် ညီမလေး မသိဘူး ထင်လို့လား၊ ဟိုလူနဲ့ တွေ့ခဲ့ပြီ မဟုတ်လား'

'ဘယ်သူလဲ'

'အမ်ဒီ အဲ···'

'ဘယ်က အမ်ဒီလဲ၊ ငါ့အသိထဲမှာ အမ်ဒီဆိုတာ တစ်ယောက်မှ မရှိဘူး'

'ကိုသက်တန့်ရောင်စဉ်ကို ပြောတာလေ'

'နင်နဲ့သိလို့လား'

'ကိုကို သူ့ဆီကနေ ပိုက်ဆံတွေတောင်းလာတာ မဟုတ်လား'





တကယ်တော့ မင်းသော်တာ ညစ်နေတုန်း ရောင်စဉ်သက်တန့်ဆိုတဲ့ကောင်လေးက သူ့ကိုအတင်းလာပေးခြင်းဖြစ်သည်။ မင်းသော်တာလည်း မေမေနှင့် ညီမလေးကို မျက်နှာလုပ်ချင်၍ ယူလာခဲ့၏။ မဥ္ဇူရီက ပြဿနာ ရှာနေသည်။

'နင် ဘာတွေလာပြောနေတာလဲ မဥ္ဇူရီ၊ ကိုကိုက မေမေ့ဆေးကုသစရိတ်အတွက် ယူလာတာ'

'ဘယ်က ယူလာတာလဲ'

'နင်က အစ်ကိုကို ဒီလောက်အထိ အထင်သေးရလား မဥ္ဇူရီ၊ ငါ ဖဲနိုင်လာတာဟ'

'အမိပ္ပာယ်မရှိတာပဲ၊ ကိုကို ဘယ်တုန်းက ဖဲနိုင်ဖူးလို့လဲ၊ ပြော··· ဟိုလူ့ဆီက ယူလာတာပါ၊ ဆယ်သိန်းတောင်'

'ဖဲနိုင်တာဆိုမှ ဘာဖြစ်လို့ မယုံသင်္ကာဖြစ်နေရတာလဲ ရော့··· နင် ကျောင်းစရိတ်ယူထား'

'ပေး'

'နင် ဘယ်ကိုသွားပြန်ပေးမလို့လဲ၊ ကိုကို့ တကယ်ပဲ ဖဲနိုင်လာတာပါဟာ၊ ······· မသုံးမဖြုန်းဘဲ ပြန်ယူလာတာ'

မဥ္ဇူရီကတော့ မယုံနိုင်အောင် ဖြစ်သွားရသည်။ ကိုကို ဘယ်တုန်းက ဒီလောက်အထိ အစွမ်းအစရှိရှိ ရှာနိုင်ခဲ့လို့လဲ။ ဆယ်သိန်းတောင်။ ရှင်တော်တော်ပဲ ငွေပေါနေလား။ ကျွန်မတို့ မိသားစုကို ဘာထင်နေလို့လဲဟင်။ သူမ ဒေါသတွေ ထွက်လာနေမိသည်။

'မဥ္ဇူရီ နင် ဘာတွေစဉ်းစားနေတာလဲ၊ ကိုကိုပေးတာ ယူထားလိုက်'



www.burmeseclassic.com

www.burmeseclassic.com



'အင်းလေ ယူထားတာပဲ'

'နင် ဟိုလူ့ကို ပြန်မပေးနဲ့နော် မဥ္ဇူရီ၊ အဓိပ္ပာယ်မရှိတာပဲ'

မေမေကတော့ မောင်နှမနှစ်ယောက် ဘာတွေဖြစ်နေလဲဆိုပြီး မဥ္ဇူရီအား အစ်ကိုကို ပြန်မပြောဖို့ တားဆီးနေသည်။

'မေမေ့သားကြီး လိမ္မာလာပါပြီ မဥ္ဇူရီရယ်၊ ကိုယ့်အစ်ကိုကို ဘာဖြစ်လို့ပြောနေရတာလဲ၊ ဘယ်ကပဲရရ ပြန်ပေးတာ ညည်း ကျေးဇူးတင်ဦး'

'မေမေကတော့လေ ကိုကို့ကိုဆိုရင် အရမ်းချစ်တာပဲ၊ မဥ္ဇူရီကို ရောင်းစားရင်တောင် မေမေက သဘောကျနေမှာပဲလား'

'မဥ္ဇူရီနော် ငါ ဘယ်လောက်ပဲ လောင်းကစားလုပ်ပြီး ဆိုး သွမ်းနေပါစေ၊ ကိုယ့်ညီမကိုတော့ ရောင်းမစားပါဘူး'

'သမီး ညည်းပါးစပ်ပိတ်တော့၊ ကိုယ့်အစ်ကိုရောက်လာတာပဲ၊ မေမေ စိတ်ချမ်းသာတယ်'

'မေမေနော် ကိုကို ဘာတွေလုပ်နေလဲ မေမေ သိလို့လား'

'သားကလည်း နောက်ဆို လောင်းကစားတွေမလုပ်နဲ့၊ မေမေလည်း မကြိုက်ဘူးကွယ်၊ ညီမလေးလည်း အရှက်ရစေတယ်၊ ရိုးရိုး သားသားပဲ ငွေရှာပါ'

'အင်းပါ မေမေရာ၊ နောက်ဆို ဒီလိုမဖြစ်စေရပါဘူး၊ သား လိမ္မာပါတော့မယ်'

'တွေ့လား'

'ကိုကိုနော်'





မဥ္ဇူရီကတော့ နည်းနည်းလေးမှ မကျေနပ်မိ။ ကိုကို တောင်း လာတာလား။ ဒီလူအတင်းပေးတာလား။ မဥ္ဇူရီကို အလုပ်ကနေ ဖြုတ်ပစ်လိုက်တာ သူပဲ။ အခုလည်း ဘာသဘောနဲ့ ထောက်ပံ့နေရတာလဲ မသိဘူး။ မဥ္ဇူရီတို့ မိသားစုကို အထင်သေးတာပဲ။ သူမ အခန်း လေးထဲ ဝင်လာခဲ့။

'မဥ္ဇူရီ'

'ပြော'

'မေမေ့ရှေ့မှာမို့ ကိုကို မပြောချင်တာ ဟုတ်တယ်၊ ဟိုလူလေ ရောင်စဉ်ဆိုလားပဲ၊ ကိုကို့ကို အတင်းပေးလို့ ယူလာတာ'

'မနက်ဖြန် ပြန်ပေးမယ်၊ မဥ္ဇူရီ အရမ်းရှက်တယ် သိလား ကိုကို၊ အချောင်ရတဲ့ပိုက်ဆံ ယူကိုမယူချင်ဘူး'

'ကိုကိုလည်း လက်မခံချင်ပါဘူးကွာ၊ ဒါပေမဲ့ ညီမလေး ပညာသင်စရိတ်က ရှိသေးတယ်'

'ဘာပညာသင်စရိတ်လဲ ကိုကို၊ ညီမလေး ဒီလိုဖြစ်ရတာ ကိုကိုကြောင့်ပဲ'

'နင်ပဲ ဗေဒင်ဆရာတွက်ထားတာက ပညာရေးမှာ ဘင်္ဂဆို'

'ကိုကိုနော်'

'ဘာ . . . ယောက်ျားကတော့ ချမ်းသာတဲ့သူဌေးနဲ့ လက်ထပ် ရမယ်၊ ဟုတ်လား'

'အလကားပဲ'

'ဖြစ်နိုင်တယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဘာပြောတယ်'

'နင် သက်တန့်ရောင်စဉ်ဆိုတဲ့ လူကိုသိလား'

'မသိပါဘူး'

'နင်ပဲ စောစောက အမ်ဒီဆို'

'မသိပါဘူးဆို'

'ဒီကောင်က ညီမလေးကို လာပိုးနေတာလဲ ဖြစ်နိုင်တယ်'

'ကိုကို ထွက်သွားတော့'

'စတွေ့တုန်းက ကိုကို့ကို လာမေးတာ၊ ကိုပန်းဆိုတာ ဒီရပ်ကွက်ထဲမှာ ရှိလားတဲ့'

'ကိုကိုကလည်း မူးနေတော့ ကိုပန်း မရှိဘူး၊ ကျွန်တော့် ညီမလေး ပန်းမဥ္ဇူရီဆိုတာ ရှိတယ်လို့ ပြောလိုက်တယ်၊ အဲဒီနောက်မှ ကိုကို့ကို အတင်းဝင်လုံးတော့တာပဲ'

အမ်ဒီက သူမကြောင့် ဒီရပ်ကွက်ထဲ ရောက်လာတာပဲ။ တကယ်ပဲ ကုမ္ပဏီမှာ အနိမ့်ခံဘဝနဲ့ မနေစေချင်လို့ အလုပ်ထုတ်ခဲ့တာလား။ သူမ ငြိမ်သက်သွားသည်။

'မဥ္ဇူရီ ဟုတ်တယ် မဟုတ်လား၊ သူက အမ်ဒီပဲ၊ နင်နဲ့ ဘယ်တုန်းက သိထားကြတာလဲ'

'မသိပါဘူး၊ သူ့အကြောင်းတွေ မပြောချင်တော့ပါဘူး၊ ကိုကိုလည်း နောက်ထပ်မပတ်သက်နဲ့တော့'

'ဒီလူက ညီမလေးကို တော်တော်လေးချစ်ခင်နှစ်သက်နေပုံပဲ၊ မဆိုးဘူး၊ ကိုယ့်အကြောင်း ဒီလောက်အထိသိထားပြီး လက်ခံနိုင်





တာလေ၊ အစ်ကိုကိုတော့ အရက်သမားဆိုးဆိုးပေပေဆိုတာ သိလျက်နဲ့ လေးစားတယ်'

'ကိုကို ဘာတွေလာပြောနေတာလဲ၊ ညီမလေးကို ရောင်းစားမလို့လား၊ စိတ်ကူးထဲတောင် မထည့်ဘူးနော်'

'နင့်ဗေဒင်ဆရာဟောတဲ့ မဟာဘုတ်အရလေ'

'တော်ပြီ ကိုကိုထွက်သွားတော့၊ အဲဒီလိုအချောင်သမား စိတ်ဓာတ်ရှိနေတာကို မုန်းတယ်၊ မုန်းတယ်'

သူမ အသံကျယ်ကျယ်ကြီးနှင့် အော်ဟစ်နေသဖြင့် ကိုကို တဟားဟားအော်ရယ်ရင်း ပြေးထွက်သွားသည်။ မဥ္ဇူရီလည်း ဘာရယ်မဟုတ်ဘဲ ရယ်ဖြစ်နေ၏။ ကိုသက်တန့်ရောင်စဉ် ရှင် ဘယ်လိုလူလဲ။ သူမကတော့ သူပေးတဲ့ပိုက်ဆံကို ပြန်ပေးလိုက်ဖို့ပဲ ဆုံးဖြတ်ထားသည်။

❒ ❒ ❒



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

'နှင် ဘယ်သူနဲ့ တွေ့ချင်လို့လဲ၊ ဘာလာလုပ်ရပြန်တာလဲ ပန်းမဒ္ဒူရီ'

'အမ်ဒီနဲ့ တွေ့ချင်လို့'

'တန်ရာ တန်ရာ မပြောဘဲ နှင့်အဆင့်ကများ ထွက်သွား ပြောချင်တဲ့ကိစ္စရှိရင်လည်း ပြောသွား လျော်ကြေးသုံးလစာပေးတာ နှင်မယူတာနော်၊ ဘာပြဿနာ လာရှာတာလဲ'

'ဒီတစ်ခါ ပါးရိုက်ခံရမယ့်အလှည့်က ရှင့်အလှည့်ဖြစ်သွား မယ်နော် မခင်တွယ်တာ၊ ကျွန်မက အခု ရှင်တို့ရဲ့ သန့်ရှင်းရေးဝန်ထမ်း မဟုတ်တော့ဘူး၊ ကျွန်မတို့ ပုဂ္ဂိုလ်ရေးအရ တွေ့ဆုံတာပါ'

'နှင်… နှင် ဘာတွေလာပြောနေတာလဲ၊ အမ်ဒီကိုများ ရာရာ စစ တန်ရာတန်ရာ မပြောဘူး'

မခင်တွယ်တာက သူမပါးကို ရိုက်ဖို့ပြင်လိုက်သဖြင့် သူမက မခင်တွယ်တာရဲ့လက်ကို ဖမ်းချုပ်လိမ်ချိုးပစ်လိုက်သည်။





'အား… သေပါပြီ အမလေး၊ နှင် လွှတ်စမ်း အား… လွှတ်နော်'

အော်လိုက်လျှင်လည်း အရုက်ကွဲမည်စိုး၍ ခင်တွယ်တာ ကြိတ်မှိတ်ခံရင်း ရုန်းသည်။ မလွှတ်။ အားသန်လွန်းတဲ့ကောင်မ။ သူမ နာကျင်လွန်း၍ မျက်ရည်တွေပင် ကျချင်လာသည်။

'ခင်တွယ်တာ ဘာဖြစ်နေကြတာလဲ'

'အမလေး နာလိုက်တာ အမ်ဒီရယ်၊ သရဲမလေ၊ အမ်ဒီနဲ့ ပုဂ္ဂိုလ်ရေးကိစ္စ ရှိတယ်ဆိုပြီး အထဲဝင်ဖို့ လုပ်နေလို့ ခင်တွယ်တာ ပြောတာ လက်ကို လိမ်ချိုးတယ်လေ'

မခင်တွယ်တာရဲ့ လက်ကို လိမ်ထားရာကနေ လွှတ်ပေး လိုက်သည်။ အမ်ဒီက မဒ္ဒူရီအား မျက်လုံးပြူးတွေနှင့်ကြည့်ပြီး မျက်နှာ အပျက်အပျက်နှင့် အထဲဝင်ဖို့ ပြောနေ၏။ ခင်တွယ်တာ ဝင်မလိုက် အခုနှင့်ဟု ပြောတော့ ဟိုမိန်းမ ဆတ်ဆတ်ခါ တားဆီးနေသေးသည်။

'မင်း လုံးဝ ဝင်မလာနဲ့နော် ခင်တွယ်တာ'

'အမ်ဒီ ဘာဖြစ်လို့ အရေးအရာလုပ်နေရတာလဲ၊ အမ်ဒီ ထိသိက္ခာထိပါးနေတယ်နော်၊ သန့်ရှင်းရေးမက ဘာလာအကြပ်ကိုင် လို့လဲ၊ ခင်တွယ်တာ ဖြေရှင်းပါ့မယ်'

'မင်း ဝင်မပါနဲ့ ခင်တွယ်တာ၊ ကိစ္စမရှိပါဘူး'

ရောင်စဉ် အခန်းထဲ ပြန်ဝင်လာတော့ သူ့စားပွဲပေါ်မှာ သူ ညတ ကိုမင်းသော်တာကို ပေးထားခဲ့တဲ့ ငွေဆယ်သိန်းကို တင်ထား သည်။



www.burmeseclassic.com

www.burmeseclassic.com



'အမ်ဒီက ကျွန်မကို နစ်နာကြေးအတွက် ပေးတာလား'

'မင်း ကုမ္ပဏီအထိ ဘာဖြစ်လို့ လာပေးရတာလဲ မချူရီ'

'ဘာဖြစ်လို့လဲ၊ ကျွန်မကြောင့် အမ်ဒီရဲ့ ဂုဏ်သိက္ခာတွေ ကျသွားမှာ စိုးရိမ်လို့လား၊ ကျွန်မရဲ့ ဂုဏ်သိက္ခာတွေကျဆင်းအောင် လုပ်နေကြတာရော ဘာလုပ်ပေးမှာလဲ၊ အမ်ဒီအတွင်းရေးမှူးမက စပြီး ရိုင်းစိုင်းတာပါ၊ လူတစ်ယောက်ရဲ့ ကိုယ်ကျင့်သိက္ခာအစော်ကားခံရ တာလေ၊ ကျွန်မက အမ်ဒီကို ဘာတွေမြူဆွယ်နေလို့ အမ်ဒီအတွင်း ရေးမှူးမက စော်ကားနေရတာလဲ'

ရောင်စဉ် ဘာပြောရမလဲ။ မချူရီကို ဘယ်လိုရှင်းပြပေး နားလည်လက်ခံပေးမှာလဲကွာ။ ကုမ္ပဏီမှာ တည်တည်တင်းတင်းနေ ထိုင်တတ်တဲ့သူ့အတွက် အရှက်ရစရာ ဖြစ်သလို မျက်နှာလည်း ပူ သည်။ ပန်းမချူရီ မမှားဘူးဆိုတာ သူအသိဆုံးပင်။ ခင်တွယ်တာ အလုပ်ထုတ်ဖို့ နိုင်လုံတဲ့အကြောင်းအချက်က မရှိပေ။

'ထိုင်ပါဦးလို့တောင် မပြောရဲတော့ဘူးလား အမ်ဒီ'

'ထိုင် ... ထိုင်လေ'

'ကျွန်မ ရောက်လာတာ အမ်ဒီအတွက် ဂုဏ်သိက္ခာကျ သွားပြီထင်တယ်၊ အရှမ်းတုန်ရီဖြူဖျော့နေတယ်၊ မထိုင်တော့ပါဘူး ပိုက်ဆံတော့ ပြန်လက်ခံပေးပါ၊ ဒီလိုမလုပ်ပါနဲ့ အမ်ဒီ၊ ကျွန်မကို မပတ်သက်ဖို့ ပြောထားပြီးပြီနော်၊ ကိုကိုက အချောင်သမား ရှင်ပေး ယူမှာပဲ၊ ကျွန်မ သတိပေးထားတာပါ'

မချူရီကို ရောင်စဉ် ဘယ်လိုတားဆီးရမှန်းပင် မသိ။ ခေါင်





မာတဲ့ကောင်မလေးပဲ။ ရောင်စဉ်ကလည်း မချူရီကို ပညာသင်စရိတ် ပေးတာပါ။ မင်းအတွက်ပါ မချူရီရယ်။ ထူပူပြီး ရောင်စဉ် ဘာ လုပ်ရမှန်း ဘာကိုင်ရမှန်းမသိ။ ပိုက်ဆံကို အတင်းပြန်ပေးလို့လည်း မဖြစ်ပေ။ မချူရီ သောင်းကျန်းမှာလည်း ကြောက်မိသည်။ အရှက်ကြီး တဲ့ ရောင်စဉ် တောင်းပန်စကားတွေပြောဖို့ စိတ်ထဲမှာပဲ စကားတွေက ပြည့်ကြပ်နေကာ အသံအဖြစ် ပြောင်းလဲထွက်မလာပေ။

'ကျွန်မ ဒီကို နောက်ထပ်မလာချင်တော့ပါဘူး အမ်ဒီ၊ ကျေးဇူးပြုပြီး ကျွန်မတို့မိသားစုနဲ့ မပတ်သက်ပါနဲ့၊ အမ်ဒီက ဘာသဘောနဲ့ ပတ်သက်နေတာလဲ၊ ကျွန်မကို ချစ်လို့လား'

'မချူရီ'

'အမ်ဒီ ထင်ထားသလို ကျွန်မကို အလွယ်တကူငွေနဲ့ပေါက် ပြီး ရမယ်ထင်မထားပါနဲ့၊ အမ်ဒီ အမေက ကျွန်မလို အောက်တန်းစား ကောင်မလေးနဲ့ သဘောတူမလား၊ ကျွန်မက ချမ်းသာတဲ့ လူပျိုသူဌေး တစ်ယောက်ကိုတော့ လက်ထပ်ချင်ပါတယ်'

မချူရီစကားကြောင့် အမ်ဒီသက်တန့်ရောင်စဉ် မျက်ဝန်းတွေ ပျော်ရွှင်တောက်ပသွားတာ မြင်လိုက်ရတော့လည်း သူမ ကျေနပ်သွား ရသည်။ အမ်ဒီက သူမအား စစ်မှန်တဲ့ ချစ်ခြင်းမေတ္တာတွေနှင့် အကာ အကွယ်ပေးစေချင့်ခဲ့၏။ ငွေတွေအရှိန်အဝါတွေနှင့်ပေါက်ပြီး အပျော်ကြံ ညီတာမျိုးတော့ မချူရီ လုံးဝ လက်မခံနိုင်ပေ။

'အမ်ဒီ'

'ဟင်'



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မကို ချစ်နေလား'

'အင်း . . . ဟာ'

'ဘာလဲ၊ ကျွန်မကို ချစ်တယ်လို့ ပြောလိုက်လို့ အရမ်းဂုဏ်ငယ်သွားတာမျိုးလား၊ ခိုးကြောင်ခိုးဝှက်နဲ့ အချောင်သမားကို ကျွန်မ အရမ်းမုန်းတယ်၊ အမ်ဒီ သတိရှိရင် အခုပဲ ကျွန်မနဲ့ လက်ချင်းတွဲပြီး ထွက်ရဲလား'

'မဥ္ဇူရီ'

'အဲဒီလို သတိမရှိဘဲနဲ့ နောက်ကွယ်ကနေ လူမသိ သူမသိနဲ့ ပေးကမ်းထောက်ပံ့နေတာတွေ စေတနာတွေ အကြင်နာတွေ လာပြမနေစမ်းပါနဲ့၊ ကျွန်မကို တစ်ခုခုတောင်းဆိုပါလို့ အမ်ဒီက ပြောခဲ့တယ်နော်၊ ကျွန်မ တောင်းဆိုရမယ်ဆိုရင် အမ်ဒီနဲ့ ကြီးကျယ်ခမ်းနားတဲ့ လက်ထပ်မင်္ဂလာပွဲကြီးနဲ့ ဂုဏ်ဒြပ်တွေခြံရံနေတဲ့ အမ်ဒီဇနီးဘဝလေ၊ ဒါပေမဲ့ ကျွန်မအမေကို အမ်ဒီအမေက ကြည်ကြည်ဖြူဖြူနဲ့ ကျွန်မကို သားနဲ့ လက်ထပ်ပေးဖို့ တောင်းဆိုပေးရမယ်၊ ကဲ . . . ဘယ်လိုလဲ အမ်ဒီ'

မဥ္ဇူရီ မတ်တပ်ရပ်လိုက်သည်။ အမ်ဒီရဲ့ သွေးမရှိတော့သည့် ဖြူရော်ရော်မျက်နှာကို စူးစိုက်စွာကြည့်မိနေ၏။ ရှင် သတ္တိမရှိဘူးမဟုတ်လား။ အလကားပါ။ ရှင်က ငွေတွေပြည့်လျှံနေတဲ့ သူဖြစ်လို့ *ကျွန်မ ခန္ဓာကိုယ်ကို ငွေနဲ့ပဲ စက်ပြီး ဝယ်ချင်တာမဟုတ်လား။* ကျွန်မက ရှင်အထင်သေး အမြင်သေးနဲ့ စော်ကားနေတာတွေ လုံးဝ လက်ခံနိုင်မှာ မဟုတ်ဘူးနော်။





'အမ်ဒီ စဉ်းစားပါ၊ ကျွန်မကို အထင်သေးတဲ့ စိတ်တွေနဲ့ နိမ့်ချဆက်ဆံဖို့ မကြိုးစားပါနဲ့တော့၊ သွားပါတော့မယ် ခွင့်ပြုပါဦး'

သူမအား ပန်းမဥ္ဇူရီဟု လှမ်းခေါ်လိုက်မလားလို့ တောင်းတနေပေမယ့် သူမ ခြေလှမ်းတွေ အခန်းအပြင်ဘက် ရောက်တဲ့အထိ အမ်ဒီက နှုတ်ဆိတ်နေလေသည်။ မဥ္ဇူရီ ထင်ထားသလိုပါပဲ။ ငွေတွေ ပုံပေးပြီး ကျွန်မခန္ဓာကိုယ် အသွေးအသားကို ပျော်တော်ဆက်စေချင်တာပဲ။ သူမ နှလုံးသားတွေ တစ်စစီ ကွဲအက်ကြေမွသွားမတတ်ပင်။ ကျွန်မဘက်က တုန့်ပြန်ပြီး အမ်ဒီကို မချစ်မိခင် အဝေးဆုံးမှာပဲ နေပါ အမ်ဒီ။ ထိခိုက်နစ်နာရဆုံးက ပန်းမဥ္ဇူရီပဲဖြစ်ရမှာမို့ပါနော်။ သူမ အခန်းထဲကနေ ထွက်လာခဲ့သည်။

'ပန်းမဥ္ဇူရီ မင်းလာတယ်ဆိုလို့ပါ၊ ကိုမိုးတိမ်တောင် ဘာကူအညီပေးရမလဲ ပြောပါ'

'မလိုပါဘူး'

'အမ်ဒီက ဘာပြောလဲ၊ မင်းကို ကုမ္ပဏီမှာ ပြန်ခန့်ဖို့ တောင်းဆိုတာလား မဥ္ဇူရီ'

'ဟင့်အင်း'

'မင်း ဘာလာလုပ်တာလဲ'

'ကျွန်မနဲ့ အမ်ဒီ တခြားပုဂ္ဂိုလ်ရေးအရ ပတ်သက်မှုတွေရှိတယ် ကိုမိုးတိမ်တောင်'

'ဟင်'

'မအံ့သြပါနဲ့၊ ကျွန်မကိုကိုနဲ့ အမ်ဒီက သူငယ်ချင်းတွေပါ'



www.burmeseclassic.com

www.burmeseclassic.com



မခင်တွယ်တာ အနားရောက်လာ၍ တမင်ပြောပစ်လိုက်ခြင်း ဖြစ်သည်။

'နင် ငါတို့အမ်ဒီကို သိက္ခာကျအောင် လာလုပ်ပြမနေနဲ့ ပန်းမဥ္ဇူရီ၊ ပတ်ဝန်းကျင်က လူတွေ ထင်ယောင်ထင်မှား ဖြစ်အောင် လာလုပ်ပြမနေနဲ့'

'မခင်တွယ်တာနဲ့ ဘာဆိုင်လို့လဲ၊ ပါးစပ်ပိတ်ထားတာ အကောင်းဆုံးဖြစ်လိမ့်မယ်၊ ကိုမိုးတိမ်တောင် သွားပြီနော်'

ခင်တွယ်တာ ဒေါသတွေ ပေါက်ကွဲထွက်ချင်ပေမယ့် စောစောက လက်လိမ်ချိုးခံထားရ၍ ကိုယ်ထိလက်ရောက် မစော်ကား ရဲတော့။ ပန်းမဥ္ဇူရီက အမြင်ကတ်စရာကောင်းလောက်အောင် ကျော့ ကျော့ကော့ကော့လေးလှမ်းပြီး ထွက်သွားသည်။

'ကိုမိုးတိမ်တောင် ရှင်က ဘာဖြစ်နေတာလဲ၊ ပန်းမဥ္ဇူရီကို ငမ်းနေတာလား၊ အကျင့်ပျက်ဝန်ထမ်းအဖြစ် အလုပ်ထုတ်ခံထားရအောင် နော်'

ကိုမိုးတိမ်တောင်လည်း ပန်းမဥ္ဇူရီက ဘာတွေအကျင့်ပျက်နေ လို့လဲဟု မေးချင်ပေမယ့် အမ်ဒီအတွင်းရေးမှူးမဖြစ်နေ၍ စကားအချေ အတင်မများအောင် ရှောင်နေလိုက်သည်။

'ဟင် . . . အမ်ဒီ'

အမ်ဒီက အခန်းဝမှာ ရပ်နေတာ တွေ့လိုက်သဖြင့် ခင်တွယ်တာ မျက်နှာလေး ရှုံ့မဲ့သွားရသည်။

'ဟိုဟာမ အမ်ဒီကို ဘာတွေလာခြိမ်းခြောက်သွားလဲဟင်'





အမ်ဒီ မျက်နှာသွေးမရှိတော့သလို ဖြူရော်နေတယ်၊ ခင်တွယ်တာ့ သက်လည်း နာလိုက်တာ၊ သရဲမတစ်ကောင်လို အားသန်ပြီး ရက်စက် တယ်'

'ခင်တွယ်တာ'

'ပြောပါ အမ်ဒီ'

'နောက်ဆို ပန်းမဥ္ဇူရီနဲ့ပတ်သက်ပြီး ဘာအကြောင်းမှ မပြောပါနဲ့တော့၊ ကိုယ့်စည်းကမ်းပဲ၊ ဝေဖန်ပြောဆိုတာတွေ အားလုံး ရပ်ပစ်ပါ'

'ဟုတ်ကဲ့ အမ်ဒီ၊ ခင်တွယ်တာကလည်း မပြောချင်ပါဘူး နော်၊ မုန်းလွန်းလို့ပါ'

'ကိုမိုးတိမ်တောင် အလုပ်ရှိလား၊ အခန်းထဲ ဝင်လာခဲ့ပါ'

'ဟုတ်ကဲ့'

ရောင်စဉ် သူ့ရုံးခန်းထဲ ပြန်ဝင်လာခဲ့သည်။ ပန်းမဥ္ဇူရီကြောင့် သူ့ ရင်ထဲမှာ ပူလောင်မွန်းကြပ်နေ၏။ မင်းပြောတာတွေ မှန်ပါတယ် ဥ္ဇူရီ။ ကိုယ်က သတ္တိမရှိတာပါ။ မင်းထင်ထားသလို ငွေနဲ့ပေါက်ပြီး ကိုယ်အပျော်ကြံတာမျိုးတော့ မဟုတ်ပါဘူး။ မင်းတောင်းဆိုတဲ့အတိုင်း ဖြစ်လာအောင် ကိုယ်အစွမ်းကုန် ကြိုးစားပြမယ်။ အဲဒီတော့ မင်း ငြင်းနဲ့နော် ကောင်မလေး။ သူ့စိတ်တွေ မသက်မသာဖြစ်ရလွန်းသည်။

'အမ်ဒီ'

'ပြော'



www.burmeseclassic.com

www.burmeseclassic.com



'ဟို··· အမ်ဒီကို ကျွန်တော် တစ်ခုလောက် အမှန်တရားကို ပြောပြချင်ပါတယ်'

'ပြောလေ'

'ဟို··· အမ်ဒီက စည်းကမ်းထုတ်ထားတော့ အဲဒီ စည်းကမ်းကို ချိုးဖောက်တာမျိုး ဖြစ်သွားနိုင်လို့ပါ'

'ခင်ဗျားကလည်းဗျာ ခင်တွယ်တာတစ်ယောက်တည်းကို အမိန့်ထုတ်တာပါ၊ မိန်းကလေးဆိုတော့ စကားများလွန်းတယ်'

'ဟုတ်ပါတယ် အမ်ဒီ၊ တကယ်တော့ ပန်းမဥ္ဇူရီမှာ လုံး အပြစ်မရှိပါဘူး၊ မတော်တဆဖြစ်ရတာကို ခင်တွယ်တာက ပုံကြီးချဲ့ပြီး ပြဿနာရှာခဲ့တာပါ'

'အဲဒီတော့ကိုမိုးတိမ်ခေါင်က ဘာဖြစ်ချင်လို့လဲ'

'အလုပ်ပြန်ခန့်စေချင်ပါတယ်၊ မိန်းကလေးတစ်ယောက်အတွက် အရမ်းနစ်နာနေပါတယ် အမ်ဒီ၊ အကျင့်ပျက်ဝန်ထမ်းအဖြစ်နာမည်ပျက်ကြီးနဲ့ဆိုတော့'

'တော်စမ်းပါဗျာ၊ အဓိပ္ပာယ်မရှိတာဘဲ၊ ထုတ်ပြီးတဲ့ ဝန်ထမ်းကို ပြန်ခန့်တာမျိုး မရှိဘူး၊ မဖြစ်နိုင်တာကို မတောင်းဆိုပါနဲ့'

'ဒါဆိုလည်း ကောင်းပါပြီ အမ်ဒီ၊ ညနေရုံးဆင်းရင်တော့ ပန်းမဥ္ဇူရီအိမ်သွားခွင့်ပြုပါ၊ ကျွန်တော် ကောင်မလေးကို လိုအပ်တာတွေ ကူညီထောက်ပံ့ဖို့ပါ၊ ဒါက ကျွန်တော့်ပုဂ္ဂိုလ်ရေးမို့ အမ်ဒီ ဝင်ကွက်ဖို့မရှိပါဘူးနော်'

'ဘာပြောတယ်'





ရောင်စဥ်က အထိတ်တလန့် ဒေါသတကြီး အော်ဟစ်လိုက်၍ ကိုမိုးတိမ်တောင် အံ့သြကြီးစွာ နားမလည်နိုင်သလို ကြည့်သည်။

'ခင်ဗျား လုံးဝသွားပတ်သက်ခွင့်မရှိဘူး'

'ဘာဖြစ်လို့လဲ အမ်ဒီ၊ ပန်းမဥ္ဇူရီက မိန်းမကောင်းလေးပါ၊ ဖြူစင်လွန်းပါတယ်၊ ဒီကောင်မလေးမှာ ကျောင်းစရိတ်အခက်အခဲရှိနေပါတယ်'

'တော်ပြီဗျာ၊ ဘာပဲဖြစ်ဖြစ် ပန်းမဥ္ဇူရီကို လုံးဝသွားမပတ်သက်နဲ့လို့ ပြောထားလိုက်မယ်၊ အဲဒါလည်း ကုမ္ပဏီရဲ့ တင်းကြပ်တဲ့စည်းကမ်းချက်ပဲ ကိုမိုးတိမ်တောင်'

'ဘာဆိုင်လို့လဲ အမ်ဒီ၊ ကျွန်တော်က လူပျိုပဲ၊ ပန်းမဥ္ဇူရီကိုချစ်တယ်၊ ရအောင်ကြိုးစားရမယ်၊ အမ်ဒီက ဘာဖြစ်လို့ အကြောက်အကန်နဲ့ စည်းကမ်းချက်တွေ ထုတ်ပြီး တားဆီးပိတ်ပင်နေရတာလဲ'

ကိုမိုးတိမ်တောင် မေးခွန်းကို သူဖြေဖို့ အဖြေကမရှိပေ။ ကိုယ်လည်း လူပျိုပဲလေ။ ပန်းမဥ္ဇူရီက ကိုယ်နဲ့ပဲ ထိုက်တန်တယ်လို့။ ကုမ္ပဏီကလူတွေအားလုံး ဘာဖြစ်လို့များ ပန်းမဥ္ဇူရီကိုမှ ဝိုင်းပြီးကြိုက်နေကြတယ် မသိပါဘူး။ ရောင်စဥ် စိတ်ပေါက်ပေါက်နှင့် ကုမ္ပဏီကြီးကိုပါ ဖျက်သိမ်းပစ်ချင်လာသည်။

'ပန်းမဥ္ဇူရီ ဝင်လာမှ ကုမ္ပဏီမှာ အမ်ဒီ ထုတ်တဲ့စည်းကမ်းချက်တွေက တင်းကြပ်လွန်းပြီး အရမ်းများနေပါပြီ'

'ကိုမိုးတိမ်တောင် ခင်ဗျား အခုတလော စကားအရမ်းများတယ်၊ ကျွန်တော်က အမ်ဒီလေ။ ကုမ္ပဏီပိုင်ရှင်ပဲ ပန်းမဥ္ဇူရီကြောင့် မလိုလားအပ်တဲ့ ကုမ္ပဏီနာမည်မထိခိုက်စေချင်လို့'



www.burmeseclassic.com

www.burmeseclassic.com



'မဟုတ်သေးပါဘူး အမ်ဒီရယ်၊ ပန်းမန္တျူရီလေးက ထိခိုက်နစ်နာရဆုံးပါ၊ မတရားအထုတ်ခံလိုက်ရတာပဲ'

'ကဲဗျာ ဒါဆိုလည်း ခင်ဗျား ကုမ္ပဏီထောင်ပြီး ပန်းမန္တျူရီကို လက်ထောက်ခန့်လိုက်တော့၊ ဘယ်မှာလဲ လက်မှတ်ထိုးစရာတွေ'

'ဒီမှာပါ'

ကိုမိုးတိမ်တောင် ဆက်မပြောရဲအောင် ရောင်စဉ် စကားကို ဖြတ်ပစ်လိုက်သည်။ ပန်းမန္တျူရီကို ချစ်ကြိုက်နေတာပင် သူ့အတွက် စည်းကမ်းချက်တွေ တင်းကြပ်သထက် တင်းကြပ်အောင် ထုတ်ပြီးတားဆီးဖို့ အကြောင်းဖြစ်နေတယ်။ မင်းကြောင့်ပဲ ပန်းမန္တျူရီ။ ကိုယ့်ရင်ထဲမှာ မီးတောက်နေတယ်။ စိတ်မချတာတွေရော မင်းအထင်လွဲမှာတွေရော ကိုယ့်မှာသတ္တိရှိရှိ ရင်မဆိုင်ရဲတာတွေရော။ ရှုပ်ထွေးနေတယ်။ ကိုယ်ရှင်းပြချင်တယ်။ မင်းလက်ခံမှာမဟုတ်လို့ပါ။ မင်းတောင်းဆိုတာက တရားမျှတပါတယ်။ မာမီ့ကို ဘယ်လိုပြောရမလဲဆိုတာလည်း သူ့အတွေးတွေက စက္ကန့်မလပ်လွှမ်းမိုးထားလေသည်။

□ □ □



## အခန်း (၁၄)

'မာမီ'

'သား··· ပြောလေ၊ အခုတလော မာမီ့သားလေး အရမ်းချွဲနေပါလား၊ သားအမူအယာတွေထူးခြားနေတယ်၊ ပြောလေ သား၊ မာမီမှာ ဒီသားတစ်ယောက်တည်းရဲ့ ဆန္ဒကိုပဲ ဖြည့်ဆွမ်းပေးစရာရှိပါတယ်'

ဒေါ်ခင်မြင့်မိုရ်ကတော့ သားမှာ ချစ်သူရှိနေပြီဆိုတာ သတိထားမိနေသည်။ မိမိလည်း ငယ်ရာကနေ ကြီးလာတာပဲ။ သားနှင့်ဘဝတစ်လျှောက်လုံးလက်တွဲဖော်ကို သားဆန္ဒအတိုင်းပဲ ရွေးချယ်စေချင်မိသည်။

'မာမီ သိပါတယ်၊ သားမှာချစ်ရတဲ့ မိန်းကလေးတွေ့နေပြီ မဟုတ်လား'

'ဟုတ်တယ် မာမီ'

'ဒါများကွယ်၊ သားလည်း အရွယ်ရောက်နေပြီပဲ၊ ပြောပါ၊ မာမီ ဘာလုပ်ပေးရမလဲ၊ ဘယ်ကောင်မလေးလဲ'



www.burmeseclassic.com

www.burmeseclassic.com



'မာမီ သဘောမတူနိုင်တဲ့ ရပ်ကွက်ထဲကကောင်မလေးတစ်ယောက်ပါ'

'ဟင်'

ဒေါ်ခင်မြင့်မိုရ် နည်းနည်းလေးတော့ အံ့ဩတုန်လှုပ်သွားသည်။ ရပ်ကွက်ထဲက ကောင်မလေးတစ်ယောက်က သားကို စွဲဆောင်ထားနိုင်သူဆိုတော့ လျော့တွက်ထားလို့တော့ မရပေ။

'သားရယ်... ဘာဖြစ်လဲ၊ မာမီလည်း တချိန်က ရပ်ကွက်ထဲက မိန်းကလေးပါပဲ၊ မာမီ့ကိုပြလေ၊ မာမီ ရွေးချယ်ပေးမယ်'

'သားရဲ့နှလုံးသားထဲအထိ စွဲနစ်ချစ်မြတ်နိုးရတဲ့ ကောင်မလေးပါ မာမီ'

ရောင်စဉ် ကိုယ်တိုင်က မာမီသဘောမတူလည်း လက်ထပ်ယူဖို့ ဆုံးဖြတ်ထားပေမယ့် ပန်းမျှူရီက လက်ခံမှာမဟုတ်။ သူ့စိတ်တွေထင့်နေသည်။ မာမီက အပြင်းအထန် မငြင်းဆန်သဖြင့် ရောင်စဉ်စိတ်တော့အေးသွားရသည်။

'နာမည်က ဘယ်သူလဲ သား၊ သူ့မိဘတွေကရော'

'နာမည်က ပန်းမျှူရီပါ မာမီ၊ အမေနဲ့အစ်ကိုပဲ ရှိတယ်'

'နာမည်လေးက ချစ်စရာလေးပဲ၊ ပန်းမျှူရီတဲ့လား'

ဒေါ်ခင်မြင့်မိုရ် စဉ်းစားမိသွားရာက ပန်းမျှူရီ နာမည်လေးနှင့် ရင်းနှီးနေသလိုပင်။ ရီရီသာရဲ့သမီးလေးနာမည်ကို သတိရသွားသည်။

'သူ့အမေနာမည်က ဘယ်သူလဲ သား'





'ပန်းမျှူရီအမေနာမည်တော့ သား မသိဘူး၊ အမှတ်တမဲ့ပဲ'

'မင်းနဲ့ချစ်သူတွေ မဟုတ်ဘူးလား သားရယ်'

'ပန်းမျှူရီကို သားက ချစ်မြတ်နိုးရတာပါ'

'ရပ်ကွက်ထဲက ကောင်မလေးကို သားက ချစ်မြတ်နိုးရတာပါ ဟုတ်လား'

'ဟုတ်ပါတယ် မာမီ၊ သားအရမ်းချစ်တယ်၊ မာမီ သဘောတူပေးပါ၊ ဘယ်လိုအဆင့်အတန်းက မိန်းကလေးပဲဖြစ်ဖြစ် မာမီ ကြည်ကြည်ဖြူဖြူလက်ခံပေးပါ'

ထူးဆန်းလိုက်တာ။ ဘယ်လိုကောင်မလေးမျိုးမို့လဲ။ ရီရီသာရဲ့သမီးလေးများဖြစ်နေမလားပဲ။ နာမည်တူတာမျိုးလည်းဖြစ်နိုင်တာပဲလေ။ သားနှင့်လည်း ဒေါ်ခင်မြင့်မိုရ် ပဋိပက္ခတွေ မဖြစ်ချင်။ သားသဘောပါပဲ။ အရင်ကတည်းက ရွေးမလောင်းရာတာမျိုးတွေ မလုပ်ဘဲ ဘာရယ်မဟုတ်ပေမယ့် မျှူရီဆိုတဲ့ နာမည်ကြားတာနှင့် မိမိရင်တွေ လေးလံသွားရသည်။

'မာမီ လက်ခံပါတယ်၊ ဘယ်လိုမိန်းကလေးမျိုးပဲဖြစ်ဖြစ် မာမီက သားချစ်မြတ်နိုးတယ်ဆိုရင် ပြီးတာပါပဲကွယ်'

'တကယ်ပြောတာလား မာမီ၊ သားကို မျှူရီနဲ့ တကယ်ပဲ သဘောတူတာလား၊ မာမီ ကိုယ်တိုင် တောင်းပေးမှာလားဟင်'

'ပန်းမျှူရီက ဘယ်လိုကောင်မလေးမျိုးလဲ သားရယ်၊ ဆင်းရဲပေမယ့် မာနနဲ့လား၊ သားက အရူးအမူးစွဲလမ်းနေသလိုပဲ'

'အဟဲ... ဖူးစာရေစက်လို့ ပြောရမလားပဲ မာမီ'



www.burmeseclassic.com

www.burmeseclassic.com



သူနှင့် ပန်းမဥ္ဇူရီတို့ တွေ့ဆုံခဲ့တဲ့အကြောင်းတွေကို မာမီ့အား ရင်ဖွင့်ပြောပြလိုက်သည်။ မာမီကလည်း သားတို့က ဖူးစာရေစက်တွေ ထင်တယ်ဟုလိုလိုလားလား ပြောနေသဖြင့် သူ့စိတ်တွေ ပေါ့ပါးသွား၏။ သူ့ကို အရမ်းချစ်တဲ့ မာမီက သူ့သဘောဆန္ဒတွေကို လိုက်လျော မည်ဟု ထင်ပြီးသားပါ။ ရောင်စဉ် လက်တွေက မာမီ့ကို ဖက်လိုက် သည်။

'မာမီ ကိုယ်တိုင်တောင်းပေးပါ၊ သားချစ်မြတ်နိုးရတဲ့ မိန်း ကလေးတစ်ယောက်နဲ့ပဲ သားလက်ထပ်ပါရစေ မာမီ'

'ပန်းမဥ္ဇူရီကို မာမီ သွားလှေ့လာမယ်၊ သားက မိန်းကလေး တွေအကြောင်းမှ မသိတာဘဲ'

'မာမီ'

'စိတ်မပူပါနဲ့၊ မာမီ သဘောတူပါတယ်၊ အဆင့်အတန်း မခွဲခြားပါဘူး၊ ပန်းမဥ္ဇူရီကိုတော့ မာမီ လေ့လာပါရစေ'

ရီရီသာရဲ့သမီးလေးဖြစ်နေရင် မိမိအတွက် အခက်တွေ့ရမည် ဖြစ်သည်။ သားချစ်မြတ်နိုးမယ်ဆိုရင် ဘယ်လိုမိန်းကလေးမျိုးနှင့်ဖြစ် ပါစေ မိမိကိုယ်တိုင်တောင်းပြီး တခမ်းတနား လက်ထပ်ပေးနိုင်၏။ ဒါပေမဲ့ ဒေါ်ရီရီသာရဲ့သမီးလေးဖြစ်နေမှာပဲ စိတ်ပူသည်။

'မဥ္ဇူရီကို ဘယ်လိုအကြောင်းမျိုးနဲ့ပဲ ဖြစ်ပါစေ သား လက် ထပ်ပါရစေနော်၊ သား ဒီအသက်အရွယ်အထိ မာမီ့စကားတွေကို တသွေမတိမ်း လိုက်နာခဲ့တာပါ၊ သားချစ်ရတဲ့ မဥ္ဇူရီနဲ့ပဲ ဘယ်လို အကြောင်းမျိုးနဲ့ပဲ ဖြစ်ပါစေ လက်ထပ်ခွင့်ပြုပါ'





'စိတ်တော့ သိပ်ပြီးအလောတကြီးမလုပ်ပါနဲ့ သားရယ်၊ မာမီ က သားဆန္ဒကိုပဲ အတတ်နိုင်ဆုံး ဖြည့်ဆွမ်းပေးမှာပါကွယ်'

မာမီ့မှာ အတိတ်ကအမှားတွေ ရှိနေတယ်သားရယ်။ အရှက်မဲ့ တဲ့ အဖြစ်အပျက်တွေလေ။ ပန်းမဥ္ဇူရီက ရီရီသာ့သမီးလေး မဖြစ်ပါစေ နဲ့လို့ပဲ ဆုတောင်းပါတယ်။ ဒေါ်ခင်မြင့်မိုရ် စိတ်ထိခိုက်ကြေကွဲနေ သည်။

'မာမီက တကယ့်ကို စိတ်သဘောထားပြည့်ဝတဲ့ မိခင်တစ် ယောက်ပါ၊ သားအတွက် အရာအားလုံးဖြည့်ဆွမ်းပေးနိုင်တာပဲ၊ မာမီ့ကို သား ကျေးဇူးတွေအများကြီးတင်ပါတယ်၊ အရမ်းလည်းချစ်တယ်'

ဒေါ်ခင်မြင့်မိုရ် စိတ်ပူနေသည်။ သားခေါင်းလေးကို ပွတ် သပ်ပြီး နှစ်သိမ့်ပေးနေရင်း မိခင်အပေါ် အထင်သေးစေမည့် အတိတ် ကအကြောင်းတွေ သိသွားမှာ ဒေါ်ခင်မြင့်မိုရ် စိုးရိမ်ကြောက်လန့်လာ ၏။ သားချစ်မြတ်နိုးတဲ့ ပန်းမဥ္ဇူရီက ရီရီသာရဲ့သမီးလေးမဖြစ်ပါစေနဲ့။ မာမီ ဘယ်လိုဆုံးဖြတ်ရမှန်းတောင် မသိတော့ပါဘူး သားရယ်။

'သားရဲ့ ဆန္ဒက မာမီရဲ့ ဆန္ဒပါပဲ သားရယ်၊ မင်းပျော်နေ ရင် မာမီပျော်ပါတယ်'

သားကို အသိမပေးဘဲ ပန်းမဥ္ဇူရီကို စုံစမ်းရမည်ဖြစ်သည်။ ရီရီသာ့သမီးသာဆိုရင် မိမိ ဘယ်လိုဆက်လုပ်ရမှန်းပင် မသိတော့။ ဒေါ်ခင်မြင့်မိုရ် စိတ်သောကတွေ အကြီးအကျယ် ရောက်နေရသည်။

'မာမီ'

'ပြောလေ သား'



www.burmeseclassic.com

www.burmeseclassic.com



'ပန်းမဥ္ဇူရီရဲ့ သားကို ဘယ်လိုအကြောင်းနဲ့မှ မခွဲဖို့ မာမီ ကတိပေးပါနော်'

'အင်းပါကွယ်'

'သား အရမ်းပျော်သွားပြီဗျာ၊ မာမီ့ကို အရမ်းချစ်တယ်၊ သားချစ်သူကောင်မလေးက ဘယ်လိုဘဝမျိုးပဲ ဖြစ်နေပါစေ၊ မာမီ ကြည်ကြည်ဖြူဖြူ တောင်းရမ်းပေးပါ၊ ပန်းမဥ္ဇူရီကို သား အရမ်းချစ် တယ်၊ ဘယ်လိုနည်းနဲ့မှ မစွန့်လွှတ်နိုင်လို့ပါ'

'မာမီ သိပါပြီကွယ်'.

ဒေါ်ခင်မြင့်မိုရ် အိပ်လို့မပျော်နိုင်ပေ။ သားပြန်ထွက်သွားတာ တောင် မိမိ မျက်စိတွေကြောင်နေသည်။ အတိတ်ကအကြောင်းတွေကို မိမိတွေးမိတိုင်း စိတ်ချောက်ချားခဲ့ရ၏။ ရီရီသာ့ကို သတိရမိလာသည်။

'မဟာရယ်... နင့်ကို အားကိုးတယ် သိလား၊ နင့်ကြောင့် ငါ ဝင်ငွေရနေတာပါ၊ ငါ ဘာမှမလုပ်တတ်ဘူး'

'စိတ်ချပါ ရီရီသာရယ်၊ နင့်ကိုငါ စောင့်ရှောက်ပေးမယ်၊ နင် လောလောဆယ် အတိုးပဲ ယူထားပါ၊ လုပ်ငန်းအောင်မြင်လာရင် နင့်သားကြီး မင်းသော်တာ ကြီးပြင်းလာရင် လွှဲပေးမယ်'

'ကျေးဇူးအရမ်းတင်ပါတယ် မဟာရယ်၊ နင်က အရမ်းတော် တယ်၊ ကြီးကြီးကျယ်ကျယ်တွေ လုပ်တတ်တယ်၊ နင်အောင်မြင်မှာ သိလား'

ရီရီသာက ရိုးသားသူပါ။ စီးပွားရေးလည်း မသိ။ ခင်မြင့်မိုရ် ကသာ ကြီးကြီးကျယ်ကျယ်တွေ လုပ်တတ်ပြောတတ်၍ နာမည်တောင်





ဘာလို့တွင်ခဲ့တာ။ မိမိမှာလည်း ယောက်ျားရှိသည်၊ သားတစ်ယောက် နှင့်ပါ။ မိမိခင်ပွန်းက ရိုးအေးသူ။ စီးပွားမရှာတတ်။ မိမိသားလေး အနာဂတ်ကို မိမိတွေးပူမိသည်။

'ငါ့သားသမီးတွေ အနာဂတ်ကိုလည်း နင့်လက်ထဲပဲ အပ်ပါ တယ်၊ နင် စောင့်ရှောက်ပေးပါဟယ်'

'စိတ်ချစမ်းပါ ရီရီသာရယ်၊ နင့်မှာရှိတာတွေ အားလုံး ငါ့ လက်ထဲအပ်ပါ၊ ငါ အားလုံးလုပ်ပေးမယ်'

'အေးပါဟယ်၊ ငါ့မှာ ရွှေတွေ ရတနာပစ္စည်းတွေ အများကြီး ရှိသေးတယ်၊ နင်က စီမံတတ်တယ်၊ အားကိုးပါတယ်ဟယ်'

'အေးပါဟယ်'

ရီရီသာက ရှိသမျှပစ္စည်းတွေရော သူပိုင်တဲ့ တိုက်ကိုရော ...င်ပြီး မိမိလက်ထဲ အားလုံးထည့်ပေးခဲ့သည်။ မိမိက အကြံနှင့် ...သာ့ငွေတွေကိုဘတ်ပြီး လစ်ထွက်လာခဲ့သည်။ ရီရီသာ လိုက်မရှာ ...န်း မိမိသိနေ၏။ သူတို့ဘဝ ဘာပဲဖြစ်ဖြစ် မဟာကတော့ ရန်ကုန် ...က်လာပြီး စီးပွားရေးတွေ လုပ်ခဲ့သည်။

'ရီရီသာရယ် ငါ မိုက်မဲရက်စက်ခဲ့ပါတယ်၊ ငါ ရှာဖွေသမျှ ...လုံး ငါ့သားကိုပဲ ပေးချင်တယ်၊ အတ္တကြီးခဲ့တယ်'

ရီရီသာ့မိသားစုကို ရှာဖွေဖို့ပင် မိမိ သတိမရခဲ့။ အတိတ်ကို ...မိတိုင်း မိမိစိတ်တွေ ချောက်ချားနေရပေမယ့် မိမိအတ္တကြီးစွာဖြင့် ...ယ်ကျိုးအတွက်သာ အသုံးပြုခဲ့သည်။

'ပန်းမဥ္ဇူရီဟာ နင့်သမီးမဖြစ်ပါစေနဲ့လို့ပဲ ဆုတောင်းပါတယ် ...သာရယ်'



www.burmeseclassic.com

www.burmeseclassic.com



မိမိကတော့ သားကို အဆင့်အတန်းရှိရှိ မိန်းကလေးတ ယောက်နှင့် လက်ထပ်စေလိုခဲ့ပေမယ့် ပန်းမဥ္ဇူရီကို သားက အလွ အမင်း ချစ်ခင်နေပုံပင်။ နင့်သမီးလေးဆိုရင် ငါပိုပြီးတောင် လက်ထ ပေးချင်ပါတယ်။ ငါ့အတိတ်ကလုပ်ရပ်တွေအတွက်ပါဟာ။ မနက် မိုးလင်းသည်နှင့် ဒေါ်ခင်မြင့်မိုရ် သားမသိအောင် ပန်းမဥ္ဇူရီရ ရပ်ကွက်ကို ရောက်လာခဲ့၏။ ကားကို အဝေးတစ်နေရာမှာ ရပ်ထား ပြီး သူရပ်ကွက်ထဲဝင်လာပြီး ပန်းမဥ္ဇူရီတို့ အိမ် ရှာဖွေမိသည်။

'ဟင်··· နင်··· နင်··· မိမဟာမဟုတ်လား၊ ဒီကို ဘာလ လုပ်တာလဲ၊ ကလိမ်ကကျစ်မ၊ နင့်ကြောင့် ငါတို့မိသားစု ဆင်းရဲဒု တွေ ရောက်ခဲ့ရတယ်၊ နင် ဒီကိုဘာလာလုပ်တာလဲ၊ လူလိမ်မ'

'ရီရီသာ တိုးတိုးပြောပါဟယ်၊ နင့်ကိုပြောစရာရှိတယ်၊ ငါ့ လုပ်ရပ်တွေအတွက် ငါ တောင်းပန်ပါတယ်ဟယ်'

'ဘာတောင်းပန်မှာလဲ မိမဟာ၊ နင့်ကို ဘယ်တော့မှမ တော့ဘူး၊ ဒီကိုဘာလာလုပ်တာလဲ'

ဒေါ်ရီရီသာ ဒေါသတွေပေါက်ကွဲပြီး မိမဟာနောက် သံကြ မဲကြီးလိုက်သည်။

'နင့်ကို သတ်ပစ်မယ်၊ နင်ကတော့ အရမ်းချမ်းသာနေတာ ဟုတ်လား၊ နင့်ကိုငါကောင်းကောင်းအရှက်ခွဲပြမယ်၊ ငါ့သားသမီးတွေ ဆင်းရဲတွင်းနက်ရတာ နင့်ကြောင့်ပဲ'

'ငါ တောင်းပန်ပါတယ် ရီရီသာ၊ နင့်စိတ်ကိုလျှော့စမ်းပါ ပန်းမဥ္ဇူရီကနင့်သမီးလား'





'ဟုတ်တယ်၊ ဘာဖြစ်လဲ'

'နင့်သမီး ပန်းမဥ္ဇူရီကို ငါ ကူညီထောက်ပံ့ပေးချင်တယ်၊ နင် လက်ခံပါ ရီရီသာ'

'လက်မခံဘူး၊ နင့်ကိုလည်း လုံးဝမယုံဘူး၊ လူလိမ်မ၊ သူငယ်ချင်းအရင်းခေါက်ခေါက်ကြီးကို လိမ်ရက်တယ်၊ နင် ဘယ် လောက်ပဲ ချမ်းသာချမ်းသာ ငါ လုံးဝအထင်မကြီးဘူး၊ လူလိမ်မ··· နင့်ကိုသတ်မယ်၊ အရှက်ခွဲပစ်မယ်'

ဒေါ်ခင်မြင့်မိုရ် ပြေးလွှားရင်း ကားဆီသို့ ရောက်လာသည်။ ရီရီသာက နောက်မှပြေးလိုက်လာပြီး သူမဆံပင်ကို ဆွဲပြီး ရိုက်တော့ သည်။

'နင်ကတော့ ကားနဲ့မဟုတ်လား၊ ချမ်းသာနေလိုက်တာ၊ နင့်ကိုဖမ်းပြီး ထောင်ထဲထည့်မယ်၊ လူလိမ်မ'

'မလုပ်ပါနဲ့ ရီရီသာ၊ ငါပြောတဲ့စကားကို နားထောင်ပါ၊ ပြီးမှ နင်လုပ်ချင်တာလုပ်ပါ'

'မရဘူး၊ နင့်ဆီက ဘာအကူအညီမှလည်း မလိုဘူး၊ နင့်ကို ဖမ်းမယ်၊ အချုပ်ထဲထည့်မယ်၊ နင် အနည်းဆုံးတော့ အရှက်ကွဲစေ ရမယ်'

'ရီရီသာ ခဏလေးပါဟာ၊ ငါ တောင်းပန်နေပြီပဲ'

'လာကြပါဗျို့၊ ဒီမှာ လူလိမ်မ ထွက်ပြေးတော့မယ်၊ ဖမ်းပေး ကြပါ'

ဒေါ်ခင်မြင့်မိုရ် ကြောက်ကြောက်လန့်လန့်နှင့် ကားပေါ်တက် ပြီး အမြန်ဆုံးမောင်းထွက်လာခဲ့မိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



'ချွမ် ··· ချလ်'

'ဟင်'

ဒေါ်ခင်မြင့်မိုရ်ရဲ့ဘေးမှ ကားမှန်ကို ပတ်ဝန်းကျင်မှ လူတစ်ယောက်က ခဲလုံးနှင့် ပစ်လိုက်သဖြင့် မိမိလက်မောင်းမှာ ကွဲရှဒဏ်ရာတွေဖြစ်သွားသည်။

'ဒီက စိတ်ကောင်းနဲ့လာလုပ်တာကို သူက အရှက်ခွဲချင်သေးတယ်'

ဒေါ်ခင်မြင့်မိုရ် အိမ်ကိုပြန်ရောက်တော့မှ စိတ်အေးသွားရသည်။

'ကြည့်စမ်း အရှက်ကွဲတော့မလို့၊ ကံကောင်းတာယ်'

မိမိအပြေးမြန်လို့ပေါ့။ မဖြစ်ဘူး။ ရီရီသာနဲ့တွေ့လို့မဖြစ်ဘူး။ အတိတ်က မိမိလုပ်ရပ်တွေအတွက် သားသိသွားလို့ လုံးဝမဖြစ်ဘူးထင်တယ်။ မိမိအရှက်သိက္ခာတွေကျတော့မည်ဖြစ်သည်။

'မဖြစ်ဘူး၊ လုံးဝ လက်ထပ်ပေးလို့ မဖြစ်ဘူး၊ ငါ့အရှက်သိက္ခာတွေ အဖတ်ဆယ်လို့ ရမှာမဟုတ်တော့ဘူး'

ရီရီသာက ဘယ်လိုမှ မိမိအား ခွင့်လွှတ်မှာမဟုတ်ပေ။ အရှက်ခွဲမှာ သေချာသည်။ အချုပ်ထဲရောက်မလားပဲ။ တော်ပါပြီ။ သားကို ဘယ်လိုလုပ်ရမလဲ။ ယန်းမဥ္ဇူရီနှင့် အဆက်အသွယ်ပြတ်သွားအောင်ပဲ လုပ်ပစ်ရမယ်။ မိမိအိပ်ခန်းထဲလာပြီး သန့်ရှင်းရေးတွေ လုပ်ပစ်ရသည်။

□ □ □



## အခန်း (၁၅)

'မာမီ့ကား ဘာဖြစ်တာလဲ၊ မှန်တွေကွဲနေပါလား'

'ကလေးတွေလေ လက်ဆော့ရင်းခဲနဲ့ပေါက်လိုက်တာ မာမီ့ကားမှန်ကို ထိသွားတယ်၊ မာမီ့လက်မောင်းမှာတောင် ဒဏ်ရာရထားတယ်'

'ဟုတ်လား၊ မာမီရယ် ··· ပြစမ်းပါ၊ ဟုတ်သားပဲ၊ မှန်ကွဲစစိုက်ထားတယ်၊ ကြည့်စမ်း၊ ဒီကလေးတွေ အရမ်းဆိုးတယ်၊ ဆေးခန်းကို သားကိုယ်တိုင် လိုက်ပြရမလား၊ လာပါ မာမီရာ'

'မာမီ ဘာမှမဖြစ်ပါဘူး သားရယ်၊ သက်သာပါတယ်'

'မာမီ တစ်ခုခုဖြစ်သွားမှာ သား အရမ်းစိုးရိမ်တယ်'

မာမီ့ကို ဖက်၍ ကလေးတစ်ယောက်လိုပြောနေတာကို ကြည့်ပြီး သားရဲ့ရင်ထဲမှ ဆန္ဒကို မိမိသိနေသည်။ ယန်းမဥ္ဇူရီကို အရမ်းချစ်မြတ်နိုးပုံပင်။ မာမီလည်း သားလေးနဲ့ ယန်းမဥ္ဇူရီကို လက်ထပ်စေချင်ပါတယ်။ အတိတ်က အပြစ်တွေကို ဆေးကြောပြစ်ရမယ်။ ဒါပေမဲ့ ရီရီသာက မိမိအား သဲကြီးမဲကြီး မုန်းတီးနေသည်။



www.burmeseclassic.com

www.burmeseclassic.com



'မာမီ'

'ဟင်'

'သား . . . ပန်းမျှုရီကို အိမ်ခေါ်လာချင်တယ်'

'ဟင်'

'ဘာဖြစ်လို့လဲ မာမီ၊ ပန်းမျှုရီရဲ့ သားကို လက်ခံတယ် မဟုတ်လား'

'နေပါဦး၊ သားနဲ့ ပန်းမျှုရီက ချစ်သူတွေဖြစ်နေကြပြီလား ကွယ်'

'မဖြစ်သေးပါဘူး'

'သား ကြိုးစားပါဦး၊ ဆင်းရဲသား လူတန်းစားတွေမှာ မာန ဆိုတာရှိတယ်၊ အရမ်းလည်းပြင်းထန်ကြတယ်'

'မာမီ လက်ခံတယ်နော်၊ မျှုရီက မာမီကိုယ်တိုင် သူ့အမေ ဆီမှာ တောင်းပေးရမယ်တဲ့'

'ဟင်'

'မာမီ ဘာဖြစ်လို့လဲ'

ဘုရားရေ . . . ရီရီသာက မိမိကိုတွေ့တာနဲ့ သားကြီးမဲကြီး လိုက်အရှက်ခွဲနေတာ မိမိမျက်နှာချင်းဆိုင်ဖို့ပင် ကြောက်သည်။

'ပန်းမျှုရီကို သားအလုပ်ပြန်ခန့်မယ်၊ ဒီအတိုင်း ပိုက်ဆံ ထောက်ပံ့တာမျိုး ပန်းမျှုရီက လက်မခံဘူး မာမီ'

'မင်းသဘောပဲလေ၊ လူကြီးချင်းတောင်းတာက လူငယ် တွေ ချစ်သူတွေဖြစ်ပြီးမှ လုပ်ရမယ်လေ သား'





'မာမီ သဘောတူတယ်မဟုတ်လား၊ သားကိုချစ်လို့ လက်ခံ သဘောတူချင်ဟန်ဆောင်နေတာလား'

'သားရယ်'

ဒေါ်ခင်မြင့်မိုရ် ဘာဆက်ပြောရမှန်းမသိအောင် ဖြစ်သွားရ သည်။ မာမီ အတိတ်က ကောက်ကျစ်ယုတ်မာတာတွေကို သားသိ သွားရင် ရှက်မှာလား။ တိုက်ဆိုင်လိုက်တာကွယ်။ ဝဋ်ကြွေးပဲထင် တယ်။ ရီရီသာရဲ့သမီးလေးဖြစ်နေတယ်။ မာမီတောင်းပန်ဖို့ သွားတာ တောင် ဒင်းက ရန်လုပ်တယ်။ ဘယ်လိုဖြေရှင်းရမလဲ။ ပန်းမျှုရီ အမေထံ ဒေါ်ခင်မြင့်မိုရ် ဘယ်လိုမှ မျက်နှာချင်းဆိုင်၍ မဖြစ်ပေ။ သားနှင့်လက်ထပ်ပေးလို့တော့ မဖြစ်ဘူး။ ဒေါ်ခင်မြင့်မိုရ် ခေါင်းစား နေသည်။

'သား တောင်းဆိုတာပါ မာမီ၊ ကျေးဇူးပြုပြီး သားနဲ့မျှုရီ ကို လက်ခံပေးပါ'

'မာမီ လက်ခံမယ်လို့ ပြောထားပြီးပြီပဲကွယ်'

'သား စိတ်ပူတယ်၊ မျှုရီကို အလုပ်ပြန်ခန့်ဖို့ သား စီစဉ်နေ ပြီ'

'ပန်းမျှုရီက သားနဲ့ချစ်သူတွေ ဖြစ်နေပြီဆိုရင် မာမီ လက် ခံပါတယ်၊ အခုတော့ သား လုံးဝခေါ်မလာပါနဲ့ဦး'

'ပန်းမျှုရီကို တွေ့သွားရင် မာမီ အရမ်းချစ်သွားမှာပါ'

'အမလေး မာမီ အရမ်းကြောက်သွားမှာ၊ ရင်တောင်မဆိုင်ရဲ ပါဘူး'



www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲကနေ သားကိုပြောနေမိသည်။ ရီရီသာ သာကြီးမဲကြီးနှင့် မိမိအား အရှက်ခွဲဖို့ ကြိုးစားနေ၏။ မဖြစ်ပါဘူး။ သားကြောင့် မိမိက အောက်ကျို့ဖို့လုပ်တာပါ။ မိမိအတိတ်ကအကြောင်းတွေ သား သိသွားလို့မဖြစ်ပါဘူး။ မိမိသေလိမ့်မယ်။ မိမိကိုအထင်တကြီးလေးစားနေတဲ့သားပါ။

'မာမီ'

'ဟင်'

'ဘာတွေစဉ်းစားနေတာလဲဗျာ၊ မဥ္ဇူရီအကြောင်းလား၊ ရိုးသားဖြူစင်တဲ့ မိန်းကလေးပါ'

'မာမီ စဉ်းစားနေတာက ပန်းမဥ္ဇူရီကို သားလက်ထပ်ရင် ပတ်ဝန်းကျင်ကနေ အပြစ်တင်ပြောစရာဖြစ်နေမလားပဲ'

'ဘာဆိုင်လို့လဲ မာမီရာ၊ သား ချစ်မြတ်နိုးတဲ့ မိန်းကလေးက အကျင့်စာရိတ္တ ပျက်ပြားနေတာမှ မဟုတ်တာ၊ သူကြိုးစားနေတာပါ၊ ကံကြမ္မာကြောင့် မဥ္ဇူရီ အခက်အခဲတွေ ဖြစ်နေတာပါ၊ သူ့ကို သား မြေတောင်မြှောက်ပေးပါ့မယ်'

'မာမ့်အနေနဲ့ လက်မခံနိုင်စရာအကြောင်း မရှိပါဘူး သားရယ် သဘောတူပါတယ်၊ သားဖြစ်စေချင်တာတွေ မာမီ လုပ်ပေးနိုင်ပါတယ်'

'ဝမ်းသာလိုက်တာ မာမီရာ၊ သားရဲ့ဆန္ဒကို မာမီ ဖြည့်ဆည်းပေးတာ ကျေးဇူးအများကြီးတင်ပါတယ်ဗျာ'

သားက မိမိကို ချစ်မြတ်နိုးစွာ ဖက်ထားတော့ ဒေါ်ခင်မြင့်မိုရ်





နာကျင်ရသည်။ သူချစ်မြတ်နိုးရတဲ့ ပန်းမဥ္ဇူရီ မိခင်ဆိုက မိမိငွေတွေ လိမ်လည်ယူထားတယ်ဆိုတာသာ သိသွားရင် ရှက်ရှာမှာပဲ။ မိမိ ဘယ်လိုလုပ်ရမလဲ။ ဒေါ်ခင်မြင့်မိုရ် အိပ်ယာထဲပင် လဲချင်နေသည်။

'မာမီ'

'ဟင်'

'မဥ္ဇူရီက မာမီရှေ့မှာ သူ့ကိုမိတ်ဆက်ပေးရဲရင် သားကို ချစ်သူအဖြစ် သတ်မှတ်မယ်တဲ့'

'ဟုတ်လား'

'ဒီညနေ ပန်းမဥ္ဇူရီကို ညစာစားဖို့ သားခေါ်လာပါ့မယ်'

'ကောင်မလေးက လိုက်မယ်တဲ့လား'

'ပန်းမဥ္ဇူရီက သားကို သစ္စာမရှိဘူးလို့ ထင်နေတယ်၊ မာမီကလည်း သူမလို အဆင့်မျိုးကို လုံးဝသဘောမတူဘူးလို့ ယူဆနေတယ်လေ၊ မဥ္ဇူရီကို ဂုဏ်သိက္ခာရှိရှိတောင်းယူမယ်ဆိုရင် အမ်ဒီကို လက်ထပ်မယ်တဲ့'

မာနကတော့ မသေးပါလား။ ပန်းမဥ္ဇူရီတို့ ငယ်စဉ်က ချမ်းသာခဲ့တာ မိမိအသိဆုံးပင်။ မိမိကြောင့်ပဲ။

'နင် လူလိမ်မ၊ အယုတ်တမာမ၊ နင့်ကြောင့် ငါတို့မိသားစု ဘဝပျက်ရတာပဲ၊ နင့်ကိုထောင်ထဲထည့်ပစ်ရမယ်'

မိမိ ဘယ်လိုမှ ရှင်းပြခွင့်မရလိုက်။ ရီရီသာ ဒေါသကြီးတာ ဒီတစ်ခါပဲ မြင်ဖူးသည်။

'နော်... မာမီ၊ မဥ္ဇူရီကို သားနဲ့လက်ထပ်မယ့် ကောင်မလေး အဖြစ် မိတ်ဆက်ပေးပါရစေ'



www.burmeseclassic.com

www.burmeseclassic.com



'အေးပါ သား၊ ခေါ်လာခဲ့ပါ၊ မာမီနဲ့မိတ်ဆက်ပေးလေ၊ ချွေးမလောင်းကို တွေ့ချင်တယ်၊ ခေါ်ခဲ့လေ၊ မာမီ ညနေစာကို အကောင်းဆုံးပြင်ပြီး စောင့်နေမယ်'

'မာမီရယ်'

ရောင်စဉ် အရမ်းပျော်ပြီး မာမီ့ကို ဖက်ထားမိသည်။ ကိုယ့်မာမီ ဘယ်လောက်အထိ သဘောထားကြီးလဲဆိုတာ မဥ္ဇူရီ သိစေရမယ်။ မင်းအပေါ် ကိုယ်ဘယ်လောက်အထိ တန်ဖိုးထားချစ်မြတ်နိုးရလဲဆိုတာ ပြသရမယ်။ မာမီ့ရဲ့ခွင့်ပြုချက်နှင့် ရောင်စဉ် ပီတိတွေနှင့် ကုမ္ပဏီကို ရောက်လာသည်။

'အမ်ဒီ ခင်တွယ်တာ ကုမ္ပဏီကနေ ထွက်တော့မယ်၊ အမ်ဒီက ပန်းမဥ္ဇူရီကို အလုပ်ပြန်ခန့်မယ်ဆို'

'ဒါရိုက်တာအဖွဲ့ဝင်တွေရဲ့ ဆန္ဒပါ၊ ခင်တွယ်တာ အပြစ်မရှိဘဲ အလုပ်ထွက်ရတော့ ပန်းမဥ္ဇူရီရဲ့ အနာဂတ်ကို ဖျက်ဆီးသလိုဖြစ်နေလို့ပါ'

'ဘာမဟုတ်တဲ့ သန့်ရှင်းရေးမကြောင့် ခင်တွယ်တာ့လို အရည်အချင်းရှိတဲ့ အတွင်းရေးမှူးတစ်ယောက် အမ်ဒီက အဆုံးရှုံးခံတော့မလို့လား'

'ကိုယ်က ခင်တွယ်တာ့ကို အလုပ်မထုတ်ပါဘူး၊ ပန်းမဥ္ဇူရီနဲ့ မင်းလည်း ပတ်သက်စရာ အကြောင်းမှ မရှိတာပဲ'

ခင်တွယ်တာကတော့ ပန်းမဥ္ဇူရီကို သဲသဲလှုပ်ဖြစ်နေကြတဲ့ ကုမ္ပဏီကယောက်ျားတွေကို မုန်းမိသည်။ ရုပ်လေးချောတာ ဘာအသုံးကျမှာလဲ။ ပန်းမဥ္ဇူရီ ရှိနေရင်တော့ ခင်တွယ်တာ အလုပ်ကထွက်တော့





မည်။ အမ်ဒီက အတင်းအကြပ်မတားတာလည်းခင်တွယ်တာ မကျေမနပ်ဖြစ်ရသည်။

'ခင်တွယ်တာ ထွက်မယ်၊ အမ်ဒီကရော ဘာဖြစ်လို့ ဘက်လိုက်နေရတာလဲ၊ ခင်တွယ်ကမမှားဘူးဆိုတာ အမ်ဒီသိတယ် မဟုတ်လား'

ပန်းမဥ္ဇူရီလည်း မမှားပါဘူးဟု ရောင်စဉ် မပြောရဲပေ။ ခင်တွယ်တာက ကြောက်ရသည်။ မနာလိုဝန်တိုတဲ့နေရာမှာ နှစ်ယောက်မရှိ။

'ကုမ္ပဏီက ယောက်ျားတွေ အားလုံး ကိုယ်ကျင့်တရားမကောင်းတဲ့လူတွေပဲ၊ တော်ပါပြီ၊ ထွက်မယ်၊ ဒီမှာထွက်စာ၊ နောက်နေ့ကစပြီး ခင်တွယ်တာ ကုမ္ပဏီကို မလာတော့ဘူး'

'ခင်တွယ်တာ သဘောပါပဲလေ၊ မင်းအတွက် သုံးလခစာကြိုထုတ်သွားပါ၊ နောက်လည်း လိုအပ်တဲ့အကူအညီပေးပါ့မယ်'

'ဘာပြောတယ် အမ်ဒီ'

'ဟိုလေ မင်း ထွက်စာကို ကိုယ်လက်ခံလိုက်တာပါ၊ ထုံးစံအတိုင်း နှစ်နာကြေးသုံးလစာပေးတာလေ ခင်တွယ်တာ'

'ပန်းမဥ္ဇူရီကို ပိုးပန်းနေကြတဲ့အထဲမှာ အမ်ဒီလည်းပါနေတာလား'

'အား··· မဟုတ်ပါဘူး ခင်တွယ်တာ၊ ကိုယ်က အများဆန္ဒပါ၊ ဒါရိုက်တာအဖွဲ့က အရမ်းဖိအားပေးနေတယ်လေ၊ မင်းကိုယ်တိုင်လည်းထွက်ချင်တာ မဟုတ်လား၊ ကိုယ် မထုတ်ပါဘူး'



www.burmeseclassic.com

ပြောမယ့်သာပြောရတာ ခင်တွယ်တာကို အလုပ်ကနေ ထွက်စေချင်နေသည်။ ရောင်စဉ် ပေါ်တင်မပြောရဲ။ ခင်တွယ်တာက ကြောက်စရာကောင်းလောက်အောင် အတင်းအဖျင်းပြောမှာ ကြောက်သည်။ ထို့ကြောင့်ပင် သူ ဝန်မခံရဲ။ ပန်းမဥ္ဇူရီကတော့ သတ္တိမရှိဘူးဟု ပြောတော့မှာပဲ။ ခင်တွယ်တာ အလုပ်ထွက်စာကို စောစောစီးစီးပဲ လက်ခံအတည်ပြုပေးလိုက်သည်။

'ကိုယ်က ဒါရိုက်တာအဖွဲ့ရဲ့ ဆန္ဒပါ၊ အများဆန္ဒလေ၊ ကိုယ် ဘာတတ်နိုင်မှာလဲ'

'တော်ပါတော့ အမ်ဒီ၊ ခင်တွယ်တာ အလုပ်ထွက်မယ်၊ သုံးလစာလည်း မလိုပါဘူး၊ ကျွန်မက ပန်းမဥ္ဇူရီထက် ချမ်းသာတယ်၊ ပညာတတ်တယ်၊ အစွမ်းအစရှိတယ်၊ သူတောင် ကြီးကြီးကျယ်ကျယ်နဲ့ နစ်နာကြေးမယူတာ၊ သွားမယ်'

ခင်တွယ်တာ ထွက်သွားမှ ရောင်စဉ် စိတ်အေးသွားရသည်။ ထွက်စာကို အလျင်အမြန်အတည်ပြုလိုက်၏။ လက်ထောက်ကိုမိုးတိမ်တောင်ကို လွှဲအပ်ပြီး ခင်တွယ်တာ အလုပ်ကနေထွက်သွားပြီဖြစ်ကြောင်း ထုတ်ပြန်သည်။

'ခင်တွယ်တာက မာန်မာနကြီးလွန်းပါတယ် အမ်ဒီ၊ ကောင်းပါတယ်၊ အတွင်းရေးမှူးအသစ် ထပ်ခန့်ပါ့မယ်'

'လောလောဆယ် ခင်ဗျားပဲ တာဝန်ထမ်းဆောင်ပါ'

'အမ်ဒီ'

'ပြော'





'ပန်းမဥ္ဇူရီဆိုရင်ရော'

'ဟာဗျာ··· တက္ကသိုလ်ဝင်တန်းတောင် မအောင်တာ၊ ထားလိုက်ပါ နောက်မှစီစဉ်မယ်'

'ပညာမတတ်ပေမယ့် အရမ်းချောတဲ့ ပန်းမဥ္ဇူရီကြောင့် အမ်ဒီ [...]ကျောက်နာအရမ်းပွင့်မှာပါ၊ အင်းလေ ကုမ္ပဏီကို ပန်းမဥ္ဇူရီ ပြန်ရောက်လာတယ်ဆိုရင်ပဲ ကုမ္ပဏီမှာ အရမ်းပျော်စရာကောင်းပြီး အလုပ်လုပ်ရတာ တက်ကြွနေကြမယ်'

'တော်ပါတော့ဗျာ'

'အမ်ဒီက တကယ့်ကို စိတ်မာတတ်နိုင်မာတယ်၊ အင်းလေ ပန်းမဥ္ဇူရီက အမ်ဒီ အဆင့်နဲ့တော့ မိုးနဲ့မြေကြီးလို ကွာဟလွန်းနေတော့ [...]ဆင်ကြီးစရာ မရှိဘူးပေါ့'

သူ ကုမ္ပဏီကနေ ထွက်လာသည်။ ကုမ္ပဏီက လူတွေရှေ့[...] ဟန်ဆောင်နေရပေမယ့် ကိုမိုးတိမ်တောင်တို့ထက်တောင် သူ့စိတ်[...] လန်းဆန်းတက်ကြွနေသေးသည်။ ကိုယ် ရည်မှန်းထားတဲ့ အတွင်း[...]ရေးမလေးကလည်း မင်းပဲ ပန်းမဥ္ဇူရီ။ ဒါပေမဲ့ သူများတွေငမ်းလို့[...]အောင် ကိုယ်လက်ထပ်ဖြစ်မယ်။ ကိုယ့်မှာ သတ္တိအပြည့်ရှိပါတယ်။ [...]အတွက်လေ။ သူ့ကားနှင့် ပန်းမဥ္ဇူရီတို့အိမ်ကို ရောက်လာသည်။ [...]မှာ ပန်းမဥ္ဇူရီ တစ်ယောက်တည်းရှိနေ၏။ ပန်းမဥ္ဇူရီရဲ့ မေမေရော [...]တို့ရော မရှိကြ။ ရောင်စဉ် ပျော်သွားသည်။

'ပန်းမဥ္ဇူရီ'

'အမ်ဒီ ဘာလာလုပ်တာလဲဟင်၊ ပန်းမဥ္ဇူရီကို ကုမ္ပဏီ[...] [...]နဲ့ဖို့လာပြောပြန်ပြီလား၊ တော်ပါပြီ တစ်ခါပဲ အရှက်ကွဲခံမယ်'

www.burmeseclassic.com



'မဟုတ်ပါဘူး ပန်းမဥ္ဇူရီ၊ မာမီက မင်းကို ညစာဖိတ်ခိုင်း လိုက်လို့ပါ'

'ဟင်'

'တကယ်ပါ၊ မင်းကိုတွေ့ချင်နေတယ်'

'အမ်ဒီ ဘာတွေပြောထားလဲ၊ မဥ္ဇူရီက အမ်ဒီမခေါ်သွား ဘူးထင်လို့ ပြောတာပါ၊ ဒါပေမဲ့ ကျွန်မကိုတစ်ခုခုပြောရင်ရော'

'ကိုယ့်မာမီက ကိုယ့်ဆန္ဒပဲလေ၊ ကိုယ့်ကို အရမ်းချစ်တယ်'

ပန်းမဥ္ဇူရီကတော့ အမ်ဒီရဲ့လုပ်ဆောင်မှုအတွက် သူ ရင်ထဲမှာ ကျေနပ်သွားရပေမယ့် အမ်ဒီ မာမီက ကြည်ကြည်ဖြူဖြူ လက်ခံပေးတယ်ဆိုတာတော့ မယုံကြည်မိ။ မဖြစ်နိုင်တာပဲ။ ပန်းမဥ္ဇူရီ လို အဆင့်အတန်းကို ဘယ်မိခင်က သူ့သားလုပ်ငန်းရှင်ကြီးနဲ့သဘော တူမှာလဲ။

'ကျွန်မကို ဘယ်လိုအဆင့်အထိ အမ်ဒီ ပြောထားတာလဲ'

'အဆင့်အတန်းကို ကိုယ့်မာမီက မခွဲခြားပါဘူး၊ ကိုယ် ဘဝတစ်လျှောက်လုံး လက်တွဲရမယ့် မိန်းကလေးက ကိုယ်တန် အထားဆုံး အချစ်မြတ်နိုးရဆုံး မိန်းကလေးပဲ ဖြစ်စေချင်တယ်တဲ့'

သူမ အမ်ဒီအား လှောင်ပြောင်မရယ်ရက်တော့။ အ မျက်ဝန်းတွေထဲမှာ အချစ်တွေနှင့် လင်းလက်တောက်ပစွာ အကြည့် စူးစိုက်လွန်း၍ သူမ ခေါင်းလေးကို ငုံ့ပြစ်မိသည်။

'ညနေ ကိုယ့်မာမီနဲ့ တွေ့ပေးရုံလေးပါ၊ မင်းမာနကို မထိ စေရပါဘူး၊ ပန်းမဥ္ဇူရီရယ်··· ကိုယ့်ကို ပြန်ချစ်ပေးပါ၊ ကိုယ်အ ချစ်တယ်'





'ကောင်းပြီလေ၊ ကျွန်မတွေ့ကြည့်မယ်၊ အမ်ဒီ လာမခေါ်ပါနဲ့၊ ကျွန်မ ထွက်လာခဲ့မယ်၊ လမ်းထိပ်ကပဲ စောင့်ပေးပါ'

'တကယ်လား ပန်းမဥ္ဇူရီ၊ ကိုယ် အရမ်းဝမ်းသာတယ်၊ မင်း ထွက်လာခဲ့နော်၊ ခြောက်နာရီ ကိုယ်စောင့်နေမယ်'

အမ်ဒီ ကားလေး ပြန်ထွက်သွားတာကို ပန်းမဥ္ဇူရီ ငေးမော ကြည့်မိသည်။

❐ ❐ ❐



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

ဒေါ်ခင်မြင့်မိုရ် စိတ်တွေ အတော်လေးလှုပ်ရှားနေလေသည်။ ရီရီသာရဲ့သမီး ပန်းမဥ္ဇူရီကို တွေ့ရတော့မည်ဖြစ်၍ မိမိ သူဌေးမကြီး ဖြစ်ပေမယ့် စိတ်တွေချောက်ချားသိမ်ငယ်နေရ၏။ မိမိချွေးမအဖြစ် လက်ခံချင်ပေမယ့် ခမည်းခမက်တော်ရမည့် ရီရီသာက ခွင့်လွှတ်မှာ မဟုတ်ပေ။ မိမိမှားပါတယ်။ ငယ်ရွယ်စဉ်က အတ္တကြီးစွာဖြင့် သူငယ်ချင်းရဲ့ ငွေတွေကို လိမ်ယူခဲ့မိသည်။

'သားတို့ရောက်လာတော့မယ်၊ ခင်မြင့်မိုရ် နင် ဘာဖြစ်လို့ ဒီလောက်အထိ ကြောက်နေရတာလဲ'

ပန်းမဥ္ဇူရီလေးကိုတော့ ဒေါ်ခင်မြင့်မိုရ် တွေ့ချင်နေသည်။ ငယ်ငယ်လေးပဲ ချစ်စရာကောင်းလွန်းတဲ့ကလေး။ နှစ်နှစ်အရွယ်မှာပင် စကားတတ်လွန်း၏။ မိမိလည်း ပန်းမဥ္ဇူရီလေးကို ချစ်ခဲ့မိသည်။ သားက ဖုန်းဆက်ထားတယ်။ ပန်းမဥ္ဇူရီ လာမယ်တဲ့။ မာမီ ဖော်ဖော် ရွှေရွှေဆီးကြိုပေးပါတဲ့။ မကျေနပ်တာရှိရင် သားနဲ့တွေ့မှပြောပါတဲ့။ သားအလွန်အမင်းချစ်မြတ်နိုးပြီး တန်ဖိုးထားရတဲ့ကောင်မလေးပါ။ ... ကြမ္မာက ဆိုးလိုက်တာနော်။ သားချစ်မြတ်နိုးတဲ့ ကောင်မလေး...





ရီရီသာရဲ့သမီးလေးဖြစ်နေရတယ်လို့။ ဒေါ်ခင်မြင့်မိုရ် စိတ်ကို အတတ်နိုင်ဆုံး ထိန်းချုပ်နေရသည်။

'တီ... တီ'

'ဟင်... သား ကားလာပြီပဲ၊ ရင်တွေတုန်လိုက်တာနော်'

ဒေါ်ခင်မြင့်မိုရ် ပြင်ဆင်ပြီး ဧည့်ခန်းမှာ ထွက်ထိုင်နေလေသည်။

'မာမီ'

'အို... ဧည့်သည်တွေလာကြပြီလား၊ ထိုင်ကြပါဦးကွယ်'

ဧည့်ခန်းမှာ ဝင်ထိုင်တော့မှ ဒေါ်ခင်မြင့်မိုရ် အသေအချာကြည့်မိသည်။ ချစ်စရာကောင်းလိုက်တာ။ ချောတယ်။ နုဝတ်စင်းစင်းလေးက ငယ်ရုပ်လေးကို မှတ်မိစေ၏။ အန်တီခင်မြင့်မိုရ်ပါ ပန်းမဥ္ဇူရီလေးရယ်။ ညည်းလေး ဘယ်မှတ်မိမလဲ။ မိန်းမလယ်မကြီး လူလိမ်မကြီး မိမဟုတ်ပါ။ ဒေါ်ခင်မြင့်မိုရ် အတိတ်ကို တွေးမိပြီး ရှက်နေသည်။

'မာမီ'

'ဟင်'

'ဒါလေ... သားချစ်သူ ပန်းမဥ္ဇူရီပါ၊ မဥ္ဇူရီ... ဒါက ကိုယ့်မာမီ ဒေါ်ခင်မြင့်မိုရ်ပါ'

သားက မိတ်ဆက်ပေးနေတော့လည်း ဒေါ်ခင်မြင့်မိုရ် အပြုံးတွေကို ချိုသာအောင် အတော်လေး ဟန်ဆောင်ပြုံးပြရသည်။ ပန်းမဥ္ဇူရီလေးကို တွေ့ရတာ အရမ်းကိုပျော်ရွှင်နေမိပါတယ်။ သမီးလေးရယ်... ညည်းတို့မိသားစု ဆင်းရဲဒုက္ခရောက်ရတာပါ။ ဒေါ်လေး မဟာစိတ်



www.burmeseclassic.com

www.burmeseclassic.com



မကောင်းဖြစ်ရပါတယ်။ သားနဲ့လည်း တကယ်လက်ထပ်ပေးချင်ပါတယ်။ ဒေါ်လေးမဟာရှာဖွေထားတဲ့ စည်းစိမ်ဥစ္စာတွေကို သမီးလေး ခံစားသင့်ပါတယ်လေ။

'သမီးလေးအတွက် မာမီကိုယ်တိုင် စီစဉ်ထားတဲ့ ထမင်းဟင်းတွေကို ကျွေးချင်တယ်၊ သားက ချစ်မြတ်နိုးတဲ့မိန်းကလေးဆိုတော့လည်း မာမီက ချစ်ချစ်ခင်ခင်လေးပဲ ဆီးကြိုပါတယ်ကွယ်'

'ကိုယ်ပြောသားပဲ၊ ကိုယ့်မာမီက စိတ်သဘောထားကောင်းပါတယ်လို့ အဆင့်အတန်းလည်းမခွဲဘူး'

'အဆင့်အတန်းဆိုတာ ခွဲခြားစရာမလိုပါဘူးကွယ်၊ အတူတူပါပဲ၊ မာမီတို့လည်း အရင်က ဆင်းရဲခဲ့တာပဲ၊ မာမီ အရမ်းကြိုးစားခဲ့ရတာလေ'

'ဟုတ်ကဲ့၊ မဥ္ဇူရီလည်း ချမ်းသာတဲ့အမ်ဒီကို လုံးဝမမှန်းပါဘူး၊ အမ်ဒီက စိတ်ဝင်စားတယ်ဆိုလို့ပါ၊ မဥ္ဇူရီကို အဆင့်အတန်းချင်းမတူလို့ သဘောမတူတာမျိုး မဖြစ်စေချင်လို့ပါ၊မေမေနဲ့ ကိုကို့ကိုလည်း အနှိမ်မခံနိုင်ပါဘူး'

'ပန်းမဥ္ဇူရီ မင်းကို မာမီ မြင်မြင်ချင်းပဲ ချစ်ပါတယ်၊ သမီးလေးလိုပါပဲကွယ်၊ သားကို သမီးလေးကရောချစ်ရဲ့လား'

'ရှင်'

'သမီးလေး ရင်ထဲနှလုံးသားထဲကနေ ချစ်ရဲ့လားလို့ပါ'

'အမှန်အတိုင်းဝန်ခံရရင်တော့ အချစ်ဆိုတာကို မဥ္ဇူရီ မယုံ[illegible] သေးတာအမှန်ပဲ၊ ဟိုလေ... မဥ္ဇူရီရဲ့ဘဝက နိမ့်ကျလွန်းတဲ့အဖြ[illegible]





ပညာလည်းမတတ်ဘူးလေ၊ အမ်ဒီက ချစ်တယ်ဆိုတာကိုလည်း အိပ်မက်လိုပါပဲ'

'မဥ္ဇူရီရယ်... ကိုယ်လည်း မင်းကိုတွေ့မှ အချစ်ဆိုတာကို ရှာဖွေတွေ့ရှိခဲ့ရတာပါ၊ ကိုယ်လူပျိုကြီးလုပ်မလို့ဟာ'

'ဟုတ်တယ် သမီးလေးရယ်၊ သားက မိန်းကလေးကိစ္စ တစ်ကြိမ်တစ်ခါမှ မပြောဖူးဘူး၊ ပန်းမဥ္ဇူရီနဲ့တွေ့မှပါ၊ မာမီလည်း သားချစ်မြတ်နိုးလွန်းတဲ့ မိန်းကလေးနဲ့ပဲ လက်ထပ်စေချင်ပါတယ်'

မဥ္ဇူရီ ကြုံတွေ့နေရတာတွေဟုတ်ရဲ့လား။ အိပ်မက်တွေလားလို့ ထင်ယောင်ထင်မှား ဖြစ်နေရသည်။ အမ်ဒီမိခင်က သဘောကောင်းလိုက်တာ။ ဖော်ရွေတယ်။ ဟန်ဆောင်နေတာလားပဲ။ ပန်းမဥ္ဇူရီပင် ယုံကြည်နေမိသည်။

'ညစာ စားကြရအောင်'

'လာ... မဥ္ဇူရီ'

'ဟုတ်ကဲ့'

အမ်ဒီတို့က အရမ်းချမ်းသာကြတာပဲ။ အမ်ဒီမာမီ ဝတ်ထားတဲ့ စိန်တွေက တန်ဖိုးကြီးမားတဲ့ စိန်တွေဖြစ်နေမှန်း မဥ္ဇူရီ သိနေသည်။ ဒါပေမဲ့ မဥ္ဇူရီ မမက်မောပါဘူး။ လောကကြီးက ထူးဆန်းလိုက်တာ။ မဥ္ဇူရီကို ပေါထားတဲ့ ဗေဒင်မှန်နေပြီပဲ။ ချမ်းသာတဲ့သူနှင့် လက်ထပ်ရမှာတဲ့။ မဥ္ဇူရီ မယုံနိုင်အောင်ဖြစ်နေသည်။

'သမီးလေးပန်းမဥ္ဇူရီ စားနော်၊ အားမနာနဲ့၊ ဒီလိုကြက်သားပေါင်းကို သမီးလေးအရမ်းကြိုက်တာမဟုတ်လား'



www.burmeseclassic.com

www.burmeseclassic.com



'ရှင်'

ပန်းမျှုရီ ငယ်ငယ်က ကြက်သားပေါင်းကို ကြိုက်နှစ်သက်တာ မိမိသိထားသည်။ ထို့ကြောင့်ပင် တမင်ကြက်ကိုအကောင်းဆုံးပေါင်းထားပေးတာပါ။ မျှုရီလေးက တအံ့တသြနှင့် ကြည့်နေသည်။

'သမီးလေးအကြိုက်ကို မာမီက မှန်းဆပြီး ပြောတာပါနော်၊ ဘာလဲကွယ်၊ မှန်သွားလို့လား'

'ဟုတ်ကဲ့ အန်တီ၊ ဟို··· မာမီ··· သမီးလေ ငယ်ငယ်လေးကတည်းက ကြက်ပေါင်းကို အရမ်းကြိုက်တယ်၊ နောက်ပိုင်း ဆင်းရဲနေတာတောင် မေမေကအကြွေးပဲဖြစ်ဖြစ်ယူပြီး ကျွေးရတာ'

'ဟုတ်လား'

'တကယ်ပဲကွာ၊ မာမီက မျှုရီရဲ့အကြိုက်ကိုတောင် သိနေတယ်၊ စိတ်ချင်းဆက်စပ်နေပြီထင်တယ်'

'မာမီက စဉ်းစားထားတာလေ၊ သမီးလေးအကြိုက်တွေ ဘာတွေဖြစ်မလဲလို့၊ ငါးခေါင်းဟင်းချိုလည်းကြိုက်တယ် မဟုတ်လား'

'ဟုတ်တယ် မာမီ၊ မာမီ စဉ်းစားတာတွေ အားလုံး ပန်းမျှုရီကြိုက်တာတွေပဲ'

မျှုရီလည်း အမ်ဒီမာမီကို သူမအကြိုက်တွေ ဘာဖြစ်လို့များ သိနေရတာလဲဆိုတာ စဉ်းစားမရ။ အမ်ဒီလည်း မျှုရီအကြိုက်တွေကို မသိပါဘူး။ တကယ်ပဲ အမ်ဒီမာမီနဲ့ မျှုရီက စိတ်ချင်းဆက်စပ်နေတာလား။ သူမ အကြိုက်တွေဖြစ်နေသည်။

'အရမ်းစားလို့ကောင်းတာပဲ မာမီ၊ မျှုရီ့အကြိုက်တွေကို သိနေတယ်၊ မေမေ့လက်ရာတောင် မျှုရီက မကြိုက်ချင်ဘူး'





ညည်းလေးကို ငယ်ငယ်လေးကတည်းက ဒေါ်လေးမဟာ ချက်ကျွေးလာခဲ့တာပါ။ မင်းသော်တာက အသားတွေကြိုက်တယ်။ အမဲသားတို့၊ ဝက်သားတို့ အရမ်းဆိုးပေတဲ့ကောင်လေးပါ။ ပန်းမျှုရီလေးက လိမ္မာသည်။

'မျှုရီလေ အမ်ဒီမာမီကို အရမ်းအံ့သြတာပဲ၊ ဘာဖြစ်လို့များ မျှုရီ့အကြိုက်တွေကို သိနေရတာလဲလို့၊ မေတ္တာတွေအရမ်းပြည့်နှက်နေလို့ထင်တယ်'

'ဟုတ်တာပေါ့'

ပန်းမျှုရီကို ဒေါ်လေးမဟာ စေတနာတွေအပြည့်နဲ့ ကျွေးချင်တာပါ။ ညည်းလေးကြိုက်တာတွေကို ဒေါ်လေးမဟာကျွေးမွေးနေကျပါ။ ဒါကြောင့်လည်း ရီရီသာက ဒေါ်လေးမဟာကို ယုံကြည်ပြီး ရည်းစိမ် ဥစ္စာတွေအားလုံး အပ်ခဲ့တာပါ။ ဒေါ်လေးမဟာ အတ္တကြီးပြီးလောဘ တွေတက်ခဲ့တယ်။ နောက်ကြောင်းပြန်လှည့်မကြည့်မိခဲ့ဘူးလေ။ ပန်းမျှုရီလေးကို တယုတယ ကျွေးမိနေသည်။

'သားတို့ညွှန်းမှာ အေးအေးဆေးဆေး စကားပြောကြနော်၊ မာမီအနားယူတော့မယ်၊ သမီးလေးကို ပြန်ပို့ပေးလိုက်နော် သား၊ သမီးလေး အားမနာနဲ့၊ လွတ်လွတ်လပ်လပ်နေပါ'

'ဟုတ်ကဲ့ပါ မာမီ'

အမ်ဒီမာမီက တော်တော်လေး စိတ်သဘောထားပြည့်ဝလွန်းသည်။ မျှုရီပင် ကြောက်လာ၏။ ဘာဖြစ်လို့များ ဒီလောက်အထိ ဆော်ရွေပျူငှာနေရတာလဲ။ မျှုရီလို အဆင့်အတန်းနှင့် ပညာမတတ်တဲ့ ...နေကလေးကိုမှ ကြည်ကြည်ဖြူဖြူလက်ခံသည်။



www.burmeseclassic.com

www.burmeseclassic.com



'မဉ္ဇူရီ'

'ဟင်'

'တွေ့ပြီလား၊ ကိုယ့်မာမီက မင်းကို ဘယ်လောက်အထိ ဖော်ရွေပျူငှာလည်းဆိုတာ မဉ္ဇူရီ ယုံပြီလား'

'အမ်ဒီ'

'ဘယ်အချိန်အထိ ကိုယ့်ကို အမ်ဒီလို့ ခေါ်နေမှာလဲ မဉ္ဇူရီ'

'ရှင်'

'ကိုရောင်စဉ်လို့ခေါ်ပါ မဉ္ဇူရီ၊ မင်း ကိုယ်တိုင်က ကိုယ့်မာမီ လက်ခံရင် လက်ထပ်မယ်လို့ ပြောခဲ့တယ်နော်'

'အမ်ဒီကရော ဟို . . . ကိုရောင်စဉ်ကရော မဉ္ဇူရီကို ချစ်ရဲ့လား၊ အရမ်းအံ့သြဖို့ကောင်းတယ်နော်၊ ပန်းမဉ္ဇူရီကို အလွယ်တကူလက်ခံတာ တကယ်တော့ မဉ္ဇူရီက ကန့်ကွက်မယ်ထင်ထားတာပါ'

'ကိုယ်ပြောပြီးပြီးပဲ၊ ကိုယ့်အမေက ကိုယ့်ဆန္ဒကိုပဲ အဓိကလေ၊ အစောကြီးကတည်းကပဲ ကိုယ့်ကို ရွေးချယ်ပိုင်ခွင့်ပေးထားတာပါ'

'မဉ္ဇူရီတော့ အိပ်မက်မက်နေလားလို့ ထင်မိတယ်'

'အိပ်မက်'

'အင်းလေ'

သူ့လက်တွေက မဉ္ဇူရီရဲ့ ခန္ဓာကိုယ်လေးကို ဆတ်ခနဲ ဆွဲယူလိုက်သဖြင့် မဉ္ဇူရီ အထိတ်တလန့်နှင့် ရုန်းနေသည်။

'အမ်ဒီ ဘာလုပ်တာလဲ၊ ကိုရောင်စဉ် လွှတ်ပါ'





'မင်းက အိပ်မက်လို့ ထင်နေတယ်ဆို၊ ဒါကြောင့် ကိုယ်ဖက်လိုက်တာ'

'လွှတ်ပါ၊ ဘာကြီးလဲ မဉ္ဇူရီ မနေတတ်ဘူး၊ လွှတ်ပါ၊ လွှတ် . . .'

'မဉ္ဇူရီ'

'ဟင်'

'ကိုယ့်ကိုချစ်တယ် မဟုတ်လား၊ ကိုယ့်မာမီကလည်း မင်းကို သမီးလေးတစ်ယောက်လို နွေးနွေးထွေးထွေးကြိုဆိုခဲ့တာပဲ'

'လွှတ်ပါ ကိုရောင်စဉ်၊ မဉ္ဇူရီ လုံးဝမစဉ်းစားရသေးဘူး၊ မဖြစ်နိုင်ဘူးထင်တာပဲ၊ အမ်ဒီကို ပြောထားပြီးပြီပဲ၊ မေမေ့ကို လာတောင်းရမယ်လေ'

'ကိုယ် စီစဉ်ထားပြီးပါပြီ၊ မာမီက သားချစ်တဲ့မိန်းကလေးကို ရစေရမယ်တဲ့'

ရောင်စဉ်လည်း ပန်းမဉ္ဇူရီကို ဖက်ထားရပေမယ့် သူ့လက်တွေက တုန်တုန်ရီရီနှင့် လွှတ်ထွက်မသွားအောင် ထိန်းနေရသည်။ ပန်းသွေးရောင်ထနေတဲ့ ပန်းမဉ္ဇူရီရဲ့ မျက်နှာလေးကို နမ်းချင်ပေမယ့် သူမ မျက်နှာလေးကို ဆွဲမမော့ရဲ။

'ကိုရောင်စဉ်'

'ပြော'

'မဉ္ဇူရီကို တကယ်ပဲ တန်ဖိုးထားပြီး ချစ်တာလား'

'မဉ္ဇူရီရယ် . . . ကိုယ့်မာမီကိုတောင် မိတ်ဆက်ပေးထားပြီးပြီပဲ၊ ကိုယ်လက်ထပ်မယ့်ချစ်သူလို့'



www.burmeseclassic.com

www.burmeseclassic.com



'မဥ္ဇူရီ မယုံနိုင်သေးဘူး၊ ကိုရောင်စဥ့်မာမီက မဥ္ဇူရီရဲ့ အကြိုက်တွေကိုလည်း သိနေတယ်'

'ကိုယ်ပြောပြတာ မဟုတ်ဘူးနော်၊ မဥ္ဇူရီအကြိုက်ကိုတောင် ကိုယ်မသိဘူး'

'အင်းနော်'

မာမီက မဥ္ဇူရီအား သမီးလေးတစ်ယောက်လိုတယုတယ ကျေးမွေးနေသည်။ မာမီ့မျက်ဝန်းတွေက ကြေကွဲနွမ်းဖတ်နေသလိုပဲ။ သားနှင့်မလွဲသာမရှောင်သာလို့ပဲ လက်ခံလိုက်ရတာလား။ မဥ္ဇူရီ လည်း မာမီ့ကို သနားနေမိသလိုပင်။ ဘာတွေလဲ။ ဗေဒင်အရပဲ ယောကျ်ားနှင့် ပတ်သက်ပြီး မဥ္ဇူရီ ကံကောင်းနေတာလားဟင်။ မဥ္ဇူရီ မယုံရဲအောင် ဖြစ်နေသေးသည်။

'မဥ္ဇူရီ'

'ရှင်'

'မယုံနိုင်သေးဘူးလား၊ အိပ်မက်လို့ ထင်နေတုန်းလားဟင်'

'အမ်ဒီကို ဟို··· ကိုရောင်စဥ့်ကို မဥ္ဇူရီ ချစ်ပါတယ်'

'ဟာ··· တကယ်လား မဥ္ဇူရီ'

'အို'

ကိုရောင်စဥ့်လက်တွေက မဥ္ဇူရီရဲ့ ခန္ဓာကိုယ်လေးကို ဆတ်ခနဲ ပွေ့ဖက်လိုက်သဖြင့် မဥ္ဇူရီ ထိတ်လန့်သွားပေမယ့် မရုန်းဖယ်မိတော့ ငြိမ်သက်သွားသည်။

'စိတ်မပူပါနဲ့ မဥ္ဇူရီရယ်၊ ဘယ်လိုအခက်အခဲတွေပဲရှိရှိ လက်





ထပ်မယ်၊ ကိုယ် ဘယ်တော့မှ လက်လွှတ်မခံနိုင်တော့ဘူး၊ ကိုယ်အရမ်း ချစ်တယ်၊ ကိုယ့်ဘဝတစ်လျှောက်လုံးမှာ ပထမဆုံးချစ်တယ်လို့ပြော ဖူးတဲ့ မိန်းကလေးကလည်း မဥ္ဇူရီတစ်ယောက်တည်းကိုပါ၊ ကိုယ့် အချစ်ဦးပဲ'

'မဥ္ဇူရီကလည်း ကိုရောင်စဥ့်လိုပဲနော်၊ ဒါပေမဲ့ ကိုရောင်စဥ့် နဲ့ မဥ္ဇူရီက မတန်ဘူးထင်တယ်'

'မာမီကိုယ်တိုင်တောင် လက်ခံနေပြီပဲ မဥ္ဇူရီ၊ ဘာဖြစ်လို့ မယုံနိုင်ရတာလဲ'

'ကိုရောင်စဥ့်ရယ်'

မဥ္ဇူရီလည်း အိပ်မက်တွေလို ပြောင်းလဲမသွားပါနဲ့ဟု ဆု တောင်းမိသည်။ ကိုရောင်စဥ့်လို ယောကျ်ားတစ်ယောက်ကို လက်ခံရ လိမ့်မည်ဟု မဥ္ဇူရီ ဘယ်တုန်းကမှ မျှော်လင့်မထားမိခဲ့။ ဗေဒင်ဆရာရဲ့ ဟောဘုတ်အဟောကို သူမနောက်ပြောင်ပြီးပြောနေမိတာပါ။ အခုတော့ အမှန်တွေဖြစ်နေ၏။ မေမေ့ကိုပြောပြရင် ယုံသွားမလားပဲ။ ငွေငွေ့လို ခင်ကံမဆိုးနိုင်ပါဘူး။ မေမေနှင့်ကိုကို့ကိုလည်း ကိုရောင်စဥ့်မာမီက ခေါ်တဲ့ တန်းတူဆက်ဆံပေးမည်ဖြစ်၏။ မဥ္ဇူရီကတော့ ကိုရောင်စဥ့် လက်မောင်းတွေကို ကယောင်ကတမ်းနှင့် အိပ်မက်မက်နေသလိုလို ငြိမ်သက် စွာ လက်ခံနေမိလေသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

ဒေါ်ခင်မြင့်မိုရ်ကတော့ ပန်းမချူရီလေးနှင့် သားကိုကန့်ကွက်စရာမရှိပေမယ့် ရီရီသာ့ကို ဘယ်လိုလုပ်ရမလဲ။ ဒင်းနှင့်ကြိုတင်ညှိနှိုင်း ဖြစ်မည်။ အမလေး ကြောက်စရာကောင်းလိုက်တာ။ မိမိကိုထောင် ပို့မည်တဲ့။ ဖုန်းဆက်ပြီး ညှိနှိုင်းဖို့ကလည်း ရီရီသာဖုန်းကိုင်ထားနိုင်မှ မဟုတ်။ သေချာတယ်။ ဘယ်လိုလုပ်ရမလဲ။ မိမိရဲ့ အတိတ် လိမ်လည်မှုတွေကို သားသိလို့မဖြစ်ပါဘူး။ ပြီးတော့ သား ရက် မယ်။ မာမီ ဘယ်လောက်ပဲ သဘောတူနေပါစေ။ ဘယ်လိုလုပ်ရမ

'လူလိမ်မ၊ နင့်ကို လုံးဝခွင့်မလွှတ်ဘူး၊ ထောင်ထဲထည့် မယ်၊ နင့်ကိုသတ်ရရင်တောင် ငါမကျေဘူး'

ရီရီသာ့ကို ဘယ်လိုမှတောင်းပန်၍မရဘဲ မိမိ သဲကြီးမဲကြီး လိုက်လံရိုက်နှက်နေတဲ့အပြင် ပတ်ဝန်းကျင်ကို လူလိမ်မဆိုပြီး အော်ဟစ်အကူအညီတောင်းနေသေးသည်။

'မာမီ... အတတ်နိုင်ဆုံး သားဆန္ဒကို ဖြည့်ဆည်း မယ်ကွယ်'





ရီရီသာ့ကို ထပ်ပြီး ညှိနှိုင်းတောင်းပန်ကြည့်ဖို့ ဒေါ်ခင်မြင့်မိုရ် ကြံစည်နေသည်။ ကားနှင့်အပြင်ထွက်လာခဲ့၏။ ခြံထဲမှာသားကုမ္ပဏီကို သွားမှာနှင့်ဆုံသည်။

'မာမီ ဘယ်သွားမလို့လဲ'

'အပြင်လေ၊ သားကုမ္ပဏီမှာ မချူရီလေး အလုပ်ဝင်ပြီလား ကွယ်'

'သူက မာနကြီးတယ် မာ… သန့်ရှင်းရေးပဲ ဝင်မယ်တဲ့'

'သားအနားမှာပဲ ခေါ်ထားလိုက်ပါ၊ ကုမ္ပဏီအ… သင့်ရင်း ဆယ်တန်းဖြေပါစေ'

'မချူရီက မာမီ လက်… သဘောတူတာကို … မက်လို့ ထင်နေတယ်၊ မယုံနိုင်ဘူး'

'သားရယ်… မာမီတို့လည်း တစ်ချိန် … ဆင်းရဲခဲ့တာပဲ၊ အဆင့်အတန်းခွဲခြားစရာတော့ မရှိပါဘူး၊ ဒါပေမဲ့ ကံကြမ္မာဆိုတာ ရှိတယ်'

'ဗျာ'

'သားကလည်းကွယ်၊ ကံကြမ္မာဆိုတာနဲ့ အထိတ်တလန့် မချူရီကိုတော်တော်လေးချစ်တဲ့ပုံပဲ'

'မာမီသားကိုတော့ ဟန်ဆောင်သဘောတူတာမျိုး မလုပ်ပါနဲ့၊ မာမီ စိတ်ရင်းနဲ့ လက်ခံတာမဟုတ်လား'

'ဟုတ်ပါတယ်၊ မာမီစိတ်ရင်းနဲ့ပါ၊ မချူရီလေးကို မြင်မြင်ချင်းပဲ မာမီအရမ်းချစ်မိသွားတယ်'



www.burmeseclassic.com

www.burmeseclassic.com



ပန်းမဥ္ဇူရီလေးကို မိမိငယ်စဉ်က ချစ်စရာကောင်းလွန်း၍ ချစ်မိသည်။ မိမိလက်ပေါ်မှာ ကြီးပြင်းလာခဲ့တာပဲ။ စကားတတ်လွန်းပြီး အစားအသောက်ဂျီးများ၍ မိမိကိုယ်တိုင် ချက်ပြုတ်ကျွေးမွေးခဲ့ရ၏။ အရင်ကတော့ ရီရီသာ့ကို အယုံသွင်းနေပြီး ဖားနေရသည်။

'မာမီ'

'ဟင်'

'သား စိတ်ပူတယ်၊ မဥ္ဇူရီနဲ့ သားကို ကွဲကွာသွားအောင်တော့ မာမီမကြံစည်ပါဘူးနော်'

မာမီ့ကိုကြည့်ရှုတဲ့ တစ်ခါတလေ ငေးငိုင်တွေဝေသွား၍ ရောင်စဉ်လည်း မဥ္ဇူရီကဲ့သို့ပင် စိတ်ပူမိသည်။

'သားရယ်··· မာမီ လိမ်လည်း မလိမ်ဘူး၊ ခွဲဖို့လည်း အကြံအစည်မရှိဘူး၊ ပေါင်းစေချင်တဲ့ဆန္ဒတွေပဲ ရှိပါတယ်၊ စိတ်ချပါကွယ်၊ မာမီလည်း မဥ္ဇူရီကိုချစ်ပါတယ်'

'မဥ္ဇူရီကလည်း မယုံရဲသေးဘူးတဲ့၊ သူ့ဘဝကလုံးဝနိမ့်ကျနေတဲ့ဘဝဖြစ်နေလို့ပါတဲ့၊ အရမ်းကြောက်စရာကောင်းတယ်လို့ပဲ ထင်နေတယ်တဲ့'

'မဥ္ဇူရီလေးကို ညနေ မာမီ့ဆီခေါ်လာခဲ့ပါဦး၊ မဥ္ဇူရီလေးကြိုက်တဲ့ အစားအစာတွေကို ကျွေးချင်လို့ပါ'

မာမီ့ကိုကြည့်ရတာလည်း မဥ္ဇူရီကိုချစ်ပုံပင်။ ဒါပေမဲ့ မာမီဟန်ဆောင်နေတာလားပဲ။ ဒီလောက်အလွယ်တကူ သဘောတူတာရော ချစ်နေတာရော ရောင်စဉ်တောင် မယုံနိုင်သလိုဖြစ်နေလေသည်။





'မာမီ သွားမယ်၊ မာမီ့အပေါ် သံသယမဖြစ်ပါနဲ့ သားရယ်၊ သားဆန္ဒက မာမီ့ဆန္ဒပဲလို့ ပြောပြီးပြီမဟုတ်လား'

သားနှင့်စကားမပြောချင်တော့၍ ဒေါ်ခင်မြင့်မိုရ် ထွက်လာခဲ့သည်။ မိမိအရမ်းပဲ နောင်တတွေနှင့်အတူ နာကျင်ကြေကွဲမှုတွေ ခံစားလာရ၏။ မာမီ့ကို လူလိမ်မကြီးတစ်ယောက်သားလက်ထပ်မယ့် မိန်းကလေး မိဘတွေကို အယုံသွင်းပြီး ပိုက်ဆံတွေလိမ်ယူပြီး စီးပွားရေးတွေအောင်မြင်တော့ ကိုယ့်သားအတွက် အတ္တကြီးခဲ့တဲ့ မိန်းမကြီးအဖြစ် သားသိသွားမှာ မာမီသေရတာထက်ကြောက်တယ်။ ရီရီသာသတ်လို့ပဲ သေပစ်ချင်လာသည်။

'ရီရီသာရယ်··· နင်သတ်လည်း ငါခံပါ့မယ်၊ ငါ့ရဲ့အတိတ်က အကြောင်းတွေကို သားမသိအောင် ဖုန်းကွယ်ထားပေးပါ'

မိမိတောင်းပန်မယ်။ ဒေါ်ခင်မြင့်မိုရ် မယောင်မလည်နှင့် ရီရီသာတို့ ရပ်ကွက်ထိပ်ရောက်လာပြန်သည်။

'မဥ္ဇူရီရယ်··· ဒေါ်လေးမဟာပါ၊ မင်းတို့အပေါ် မတရားသုပ်မိပါတယ်'

ကံကြမ္မာကလည်း ဒီလိုပဲ တစ်ပတ်လည်တတ်ပါလား။ ရီရီသာရယ်··· တကယ်ပဲ တိုက်ဆိုင်လွန်းတယ်။ နင့်သမီးက ငါ့သားနဲ့မှ လာတွေ့တယ်။ မုန်းစရာကောင်းလွန်းတဲ့ ကံကြမ္မာရယ်။ အခြေအနေကို စောင့်ကြည့်နေရ၏။ ရီရီသာနှင့် သူ့သားမင်းသော်တာကတော့ မိမိကိုမှတ်မိနေနိုင်သည်။

'ဒီမှာ'



www.burmeseclassic.com

www.burmeseclassic.com



'ဟင်'

'ဘယ်သူ့ကိုရှာနေတာပါလဲ အန်တီ'

အသက်သုံးဆယ်ကျော်အရွယ် သားနှင့်နည်းနည်းလေးပဲ ကြီးမည့်ကောင်လေးက အရက်တွေမူးနေပုံပင်။ ဒေါ်ခင်မြင့်မိုရ် သေသေချာချာကြည့်မိတော့ မြင်ဖူးသလိုထင်သည်။

'ခင်ဗျား··· ခင်ဗျား··· ဒေါ်မဟာမဟုတ်လား'

'ဟင်··· မင်း ဘယ်သူလဲ'

'ဒေါ်ရီရီသာရဲ့သား မင်းသော်တာပါ၊ ခင်ဗျားကြီးက ဒေါ်မဟာ မဟုတ်လား'

ထိုအချိန်က မင်းသော်တာက ရှစ်နှစ်အရွယ်လောက်ရှိမည်ထင်သည်။ ဟုတ်တယ်။ မင်းသော်တာပဲ။ ဒေါ်မဟာဘယ်လိုလုပ်ရမှန်းပင်မသိတော့။ မျက်နှာထားကို တင်းပြစ်လိုက်သည်။

'မင်း ဘာတွေလာပြောနေတာလဲ၊ ယ်က ဒေါ်မဟာလည်း မသိဘူး၊ ငါ့နာမည်က ဒေါ်ခင်မြင့်မိုရ်ပါ၊ ဉ်း အကြောင်းမရှိက်နဲ့နော်'

မင်းသော်တာလည်း သေသေချာချာကြည့်လေ သူတို့ငယ်စဉ်က မေမေ့မိတ်ဆွေဒေါ်လေးမဟာနှင့် တူလေပဲဟု တွေးမိနေပေမယ့် သူပဲလူမှားတာလားဟု ဗလေဗလါနှင့် ထိုအမျိုးသမီးက ကားပေါ်တက်နေသည်။

'ဒီမှာ နေပါဦး၊ ဒီရပ်ကွက်ထဲမှာ ဘယ်သူ့ကိုလာရှာတာလဲ ပြောပါ၊ ကျွန်တော်နဲ့မသိတဲ့လူ မရှိဘူး'





'မဟုတ်ပါဘူး၊ ဒီရပ်ကွက်ထဲကလူတစ်ယောက်နဲ့ ချိန်းထားတာပါ၊ မလာဘူး၊ အန်တီ ပြန်တော့မယ်'

'အန်တီက ကျွန်တော်တို့ငယ်ငယ်က အသိ ဒေါ်လေးမဟာနဲ့ အရမ်းတူတယ်၊ တောင်းပန်ပါတယ်၊ ကျွန်တော် မူးနေလို့ထင်တယ်၊ ငယ်ငယ်ကဗျာ ဒီမိန်းမကြီးကြောင့် ကျွန်တော်တို့ ဆင်းရဲဒုက္ခရောက်သွားရတာပါ၊ တွေ့ရင်တော့လား တွေ့ရာသချိုင်း မားမဆိုင်းဘဲ'

မင်းသော်တာ မူးနေလို့ထင်တယ်။ ဒေါ်လေးမဟာနဲ့တူလိုက်တာ။ သူသေသေချာချာကြည့်သည်။

'မောင်ရင်'

'ဗျာ'

'မင်း ဘာလုပ်လဲ'

'အလုပ်မရှိ အကိုင်မရှိ ပညာမတတ် ဘာမတတ် မိဘလုပ်စာရော ညီမလေးလုပ်စာရော ထိုင်ဖြုန်းနေတယ်'

'အဲဒါတော့ ်ယ်ကောင်းမလဲကွယ်၊ အလုပ်လေးဘာလေး လုပ်ပါ'

'အရင်းအနှီး မရှိဘူးဗျ၊ တွေးမိတိုင်း ဒေါ်မဟာဆိုတဲ့ မိန်းမကြီးကို သတ်ပြစ်ချင်တယ်၊ လူလိမ်မကြီး'

ဘုရားရေ··· ဒေါ်ခင်မြင့်မိုရ် ထပြီးထွက်ပြေးချင်မိသည်။ အဖြစ်ဘူး။ မြန်မြန်ပြန်မှပါ။ ရီရီသာ ထွက်လာရင် ပိုဆိုးမယ်။ ဒေါ်ခင်မြင့်မိုရ် ကားပေါ်ပြန်တက်လိုက်သည်။

'သွားပြီနော်'



www.burmeseclassic.com

www.burmeseclassic.com



မင်းသော်တာ ဇဝေဇဝါနှင့် ဒေါ်လေးမဟာမှ ဒေါ်လေးမဟာဟု စဉ်းစားနေသည်။ အရမ်းကိုချမ်းသာနေတာပဲဖြစ်တော့မဖြစ်နိုင်ပါဘူး။ လူလိမ်မကြီးဒေါ်မဟာက သိပ်အသားမဖြူဘူးလို့ ထင်တာပဲ။ မင်းသော်တာ အရမ်းမူးနေသည်။ ယောက်ဖလောင်းရောင်စဉ်က ပေးကမ်းထောက်ပံ့နေတော့ စိုပြေနေ၏။ မိမဍူရီက အင်တင်တင်။ မင်းသော်တာကတော့ သဘောအရမ်းတူနေသည်။

'ကိုကို ဘာလုပ်နေတာလဲ'

'ဩော်··· သူဌေးကတော်လောင်းမလေး ကုမ္ပဏီသွားတော့မလား'

'ကိုကိုနော်'

'မဍူရီ··· ညီမလေး··· ရောင်စဉ်က စိတ်သဘောထားပြည့်တယ်၊ ကိုကိုတို့ဘဝကိုလည်း သိနေတယ်၊ သဘောတူတယ်ဟာ'

'ကိုကိုနော် အလုပ်မလုပ်ချင်တိုင်း သူများဆီက ပိုက်ဆံသွားမတောင်းနဲ့ မဍူရီ ရှက်တယ်၊ ဘာမှန်းမသိသေးဘဲနဲ့ အရက်တွေသောက်နေပြန်ပြီလား၊ အရမ်းမူးမနေနဲ့၊ အခုတလော မေမေ နေမကောင်းဘူးထင်တယ်နော်'

'သွား··· သွား··· နင်ပဲ ကြိုးစား၊ သူဌေးရောင်စဉ်ကိုလည်း နင်ကလန်ကဆန်မလုပ်နဲ့ဦး၊ နင့်မဟာဘုတ်အရလေ'

ညီမလေးအား စနောက်ပြီး မင်းသော်တာ အိမ်ပြန်လာခဲ့သည်။ သူအိမ်ရောက်တော့ မေမေက အိပ်ယာမှ လူးလဲထကာ သူ့ကို ဆီးကြိုနေ၏။ မေမေအနားမှာ မင်းသော်တာ ထိုင်သည်။





'မေမေ'

'သားကြီး မင်းမလိမ္မာသေးဘူးလားကွယ်၊ အရက်တွေသောက်နေတုန်းပဲလား၊ ညီမလေးကို သနားပါဦး သားရယ်'

'မေမေရာ သားအရင်လောက် မဆိုးတော့ပါဘူး၊ အရက်မသောက်ရင်နေလို့မရတော့ဘူး၊ ဒါနဲ့မေမေ မနက်ကလေ ရပ်ကွက်ထိပ်မှာ ဒေါ်လေးမဟာနဲ့တူတဲ့ မိန်းမတစ်ယောက်ကို တွေ့တယ်၊ သူက မဟုတ်ဘူးအတင်းငြင်းလို့'

'ဘာပြောတယ် သား၊ ဟုတ်တယ် မင်းတွေ့တာ မိမဟာပဲ'

'မေမေနဲ့ရော်တွေ့လား'

'တွေ့တယ်၊ မေမေတို့ ရပ်ကွက်ထိပ် ဘာလာလုပ်တာလဲမသိဘူး၊ ဒင်း ဘာလာလုပ်တာလဲ၊ မေမေလည်း တွေ့တွေ့ချင်းပဲ လူလိမ်မဆိုပြီး လိုက်ရိုက်တာ၊ သူ့ကားမှန်တောင် ကွဲသွားတယ်၊ ထောင်ထဲထည့်မလို့'

'သားလည်း ထင်သားပဲ၊ ဒီမိန်းမကြီးက ငြင်းနေတယ်၊ ဒီလိုမှန်းသိရင် သားအသေရိုက်ပစ်တယ်'

'မင်း မလုပ်နဲ့၊ အမှုဖြစ်မယ်၊ မိမဟာက ချမ်းသာနေတယ်လေ၊ ဒီဟာမ အခုတလော မေမေတို့ရပ်ကွက်ထဲကို ခဏခဏလာနေတယ်၊ ဒင်းက အကြံနဲ့ရောက်လာတာပဲ'

မိမဟာ ဘာအကြံနဲ့ မိမိတို့ရပ်ကွက်ကို ချဉ်းကပ်ရတာလဲ။ ဒင်း အကောင်းလာတာတော့ မဖြစ်နိုင်ပေ။ မိမိနှင့်တွေ့ရင်တော့ ထောင်ထဲထည့်ပစ်မယ်။ မိမိသားနှင့်သမီး ဒုက္ခရောက်ရလေ မိမဟာကိုအေါ်သဖြစ်ရလေပဲ။



www.burmeseclassic.com

www.burmeseclassic.com



'ဒီမိန်းမကြီး ပြောင်လိမ်သွားတာပဲ၊ သားတို့ ငွေညှစ်လို့ရတယ်'

'မင်းသော်တာ အဲဒီစိတ်ဓာတ်တွေကို မေမေ မကြိုက်ဘူး၊ ဘာငွေညှစ်မှာလဲ၊ ဒင်းဆီကလည်း ဘာမှမလိုချင်ဘူး၊ သေအောင် ရိုက်ပစ်မယ်'

မိမိက ဒေါသဖြစ်ပြနေလျှင် သားကပိုဆိုးမည်ဖြစ်၍ ဒေါ်ရီရီသာ ဒေါသကို လျှော့ပစ်သည်။

'ထားလိုက်ပါ၊ မင်းလည်း ညီမလေးပညာရေးအတွက် မဟုတ်တာတွေ မလုပ်ပါနဲ့တော့ သားရယ်၊ မေမေ့သမီးချောချောလေးပါ၊ ညီမလေးအတွက် မေမေ စိတ်ပူနေတယ်'

'ဘာမှမပူနဲ့ ညီမလေးကို မဟာဘုတ်က ဟောထားတယ် သူဌေးကိုရမှာတဲ့'

'လာပြန်ပြီ ဒီမဟာဘုတ်၊ ငွေငွေ့ကိုပဲကြည့်၊ အမိပ္ပာယ်မရှိတာ သားရယ်၊ သူဌေးကို သွားမှန်းရင် ပိုပြီးအရက်တကွဲနဲ့ မတူမတန်တာတွေဖြစ်နေလိမ့်မယ်၊ မင်းလိုအချောင်သမားစိတ်ဓာတ် မမွေးစေနဲ့'

ညီမလေးကို သူ့မိတ်ဆွေ ရောင်စဥ်ဆိုတဲ့ သူဌေးက စိတ်ဝင်စားနေတာ အမှန်ပင်။ သူ့ကိုလာရောနေသည်။ မေမေ့ကိုတော့မပြောပြရဲ။ မေမေက ပိုက်ဆံသာမရှိတာ။ ပတ်ဝန်းကျင်မှာ အတင်းအဖျင်းပြောခံရမှာ အရမ်းစိုးရိမ်သည်။ အထင်သေးမခံနိုင်ဘူးတဲ့။ မင်းသော်တာလည်း သူ့စိတ်ကို ထိန်းချုပ်တာပဲ မရ။ ရောင်စဥ်က ထောက်ပံ့နေတာ လက်မခံခဲ့ပေမယ့် သူ့အတွက် စိုးပြေနေ၍ ရောင်စဥ်နှင့်ပတ်သက်နေရလေသည်။





'သားကြီး'

'ဗျာ. မေမေ'

'မိမဟာကိုတွေ့ရင် မေမေတို့အိမ်ထဲချော့ခေါ်လာခဲ့၊ ပြဿနာရှာပစ်မယ်'

'စိတ်ချ'

'သားကြီး အရက်သောက်တာတော့မေမေ ဘာမှမပြောလိုပါဘူး၊ ဒါပေမဲ့ ညီမလေး စိတ်အနှောင့်အယှက်မပေးနဲ့ကြားလား'

သားကြီးကြောင့်ပါ။ ဘာတစ်ခုမှ အားမကိုးရဘဲ ပေတေလေလွင့်နေသည်။ အခုမှ နည်းနည်းလေးငြိမ်သွားတာပါ။ သားကို ချော့မော့ထားရ၏။ အတိတ်ကိုမတွေးတာပဲ ကောင်းပါတယ်လေ။ ဒေါ်ရီရီသာ ဈေးထဲသို့ ထွက်လာခဲ့သည်။

❐ ❐ ❐



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

မင်းသော်တာဆိုတဲ့ ကောင်လေးနဲ့တွေ့လို့ ပြေးလိုက်ရတာ အမလေး ရင်တွေတဆတ်ဆတ်တုန်နေသည်။ ဒေါ်လေးမဟာလားဟု မေးပြီး မင်းသော်တာရဲ့ မျက်ဝန်းတွေက မီးတောက်မတတ်ဒေါသတွေ ထွက်သွားလိုက်တာ။ ရိရိသာ့ကိုတွေ့ပြီး ညှိနှိုင်းမလို့ဟာ မဖြစ်နိုင်ဘူးထင်တယ်။ သူမရင်တွေ ပူလာသည်။

'သား မသိအောင် ဘယ်လိုလုပ်ရမလဲ၊ ရိရိသာနဲ့ ငါ မျက်နှာ ချင်းဆိုင်လို့မှ မရတာဘဲ'

မင်းသော်တာလေး အရက်သမားဖြစ်နေတာလည်း မိမိစိတ် မကောင်းဖြစ်မိသည်။ ဒေါ်လေးမဟာကြောင့်ပါ။ ဒေါ်လေးကိုယ်ချင်း စာတတ်နေပါပြီ။ မိမိသားကတော့ ချမ်းသာနေ၏။ ပညာတတ်လုပ် ငန်းရှင်ကြီး။ ရိရိသာရဲ့သားနှင့်သမီးက ဘဝပျက်လုမတတ်ပင် မင်းသော်တာကို ညှိနှိုင်းပြီး ဖွင့်ပြောပြရင်လည်း ပြဿနာက မအေး ချမ်းနိုင်ကြောင်း မိမိအသိဆုံးဖြစ်သည်။





'မဖြစ်ဘူး၊ ပန်းမဍ္ဍုရီလေးကို ချစ်ပေမယ့် လက်ထပ်ပွဲက တော့ မဖြစ်နိုင်ဘူး၊ ငါ့ကိုလူလိမ်မကြီးလို့ လူတွေကြားထဲမှာ ခေါ်လိုက် ရင် ဒုက္ခ၊ သား မသိဖို့ အရေးကြီးတယ်'

ဒေါ်ရိရိသာ ရှူးမတတ် အပူသောကတွေတောက်လောင်ပြီး အိမ်ပြန်လာခဲ့လေသည်။ သားကြီးထံမှ ဖုန်းလာ၏။ ပန်းမဍ္ဍုရီကို ညခေါ်လာမည်တဲ့။ မာမီစိတ်ချပေးထားပါဦးနော်တဲ့။ သားရဲ့အသံလေး က မိမိရင်ကို နာကျင်ကြေကွဲစေသည်။

'မာမီ စဉ်းစားကြည့်ဦးနော်၊ ပန်းမဍ္ဍုရီ ဘာကြိုက်လဲလို့၊ မာမီ စိတ်မှန်းတွေက ပန်းမဍ္ဍုရီ စိတ်ကို အလုံးစုံသိနေတယ်'

သားရယ် ပန်းမဍ္ဍုရီလေးက မာမီ့လက်ပေါ်မှာ ကြီးပြင်းခဲ့တာ ပါ။ မာမီမသိဘဲ နေမလား ဒေါ်လေးမဟာ ဒေါ်လေးမဟာဆိုပြီး မာမီ့ထမီစကို လိုက်ဆွဲနေတာ။ ဒေါ်ခင်မြင့်မိုရ်ကလည်း ရိရိသာ့ကို အယုံသွင်းဖို့ ကလေးတွေကို ဂရုတစိုက် ကြင်နာပြရသည်။ ပန်းမဍ္ဍုရီ လေးကိုတော့ မိမိတကယ်ပဲ ချစ်ခဲ့၏။ ဆိုးပေတဲ့ မင်းသော်တာကို အမြင်ကတ်မိသည်။

'မာမီ'

'ဟင်'

'နားထောင်နေလား'

'အင်းပါ၊ ပြောလေ သား'

'မဍ္ဍုရီကို သားခေါ်လာခဲ့မယ်နော်'

'ခေါ်ခဲ့ပါ သားရယ်၊ မာမီ ကိုယ်တိုင် ဖိတ်ခိုင်းတာပဲ'



www.burmeseclassic.com

www.burmeseclassic.com



မာမီလည်း တစ်ဦးတည်းသော ချွေးမလောင်းလေးနဲ့ ရင်းနှီးကျွမ်းဝင် ချင်ပါတယ်ကွယ်'

'သား··· ကျေးဇူးတင်ပါတယ် မာမီ၊ တကယ်ပဲ သား အတွက် ဘယ်အရာမဆို ဖြည့်ဆည်းပေးနိုင်တဲ့ မာမီ့ရဲ့ မိခင်မေတ္တာ ရှားပါးတယ်'

သားနှင့်စကားပြောပြီး မိမိအိပ်ခန်းထဲဝင်ကာ မျက်ရည်ကျ သည်။ မာမီက သားအတွက် ဘယ်အရာမဆို ဖြည့်စွမ်းပေးချင် မယ့် ကံကြမ္မာတွေက ရှိပါသေးတယ်။ ယန်းမဥ္ဇူရီလေးကိုတော့ ဒေါ်ခင် မြင့်မိုရ် ချစ်သည်။ ချွေးမွေးချင်၏။ အကောင်းကြိုက်တဲ့ ကောင် လေးပဲ။

'ဒေါ်လေးမဟာ ဟင်းကောင်းကောင်းတွေ ချက်ကျွေးနော် မမေ့လက်ရာက မကောင်းဘူး၊ ဒေါ်လေးမဟာပဲ မဥ္ဇူရီကို ထမင်း ကျွေးပါ'

အရွယ်နှင့်မလိုက်အောင် စကားတတ်တဲ့ ယန်းမဥ္ဇူရီလေး မင်းသော်တာက လူတွေကို အနိုင်ကျင့်တတ်တဲ့ လူဆိုးကောင်။ ရီရီသ နှင့် မင်းသော်တာကိုရှောင်၍ ရမှာမဟုတ်။ သားက လိမ်လည်ကော ကျစ်တာမကြိုက်။ သူ့ကုမ္ပဏီမှာလည်း လက်မခံပေ။ ဒေါ်ခင်မြင့်မို အခက်တွေ့နေရလေသည်။

'မေမေကြီး ဈေးသွားဖို့ ဘာတွေမှာဦးမလဲ၊ အစ်ကိုလေ ညှို့သည် လာမှာလားဟင်'

'ဟုတ်သားပဲ နော်နော်၊ ချွေးမလောင်းလေးလာမယ်၊ ဘာ





ရာတွေပြင်ရမလဲ၊ ချွေးမလောင်းလေး အကြိုက် ဘာကျန်သေးလဲ'

'အစ်ကိုလေး ချစ်သူက အရမ်းချောတယ်နော်၊ မေမေကြီးက ဆင့်အတန်းမခွဲခြားဘဲ လက်ခံတာ လေးစားလိုက်တာ'

အတိတ်ကအကြောင်းတွေကို မသိကြတဲ့သူတွေကတော့ သက်ကြီးမှ နောင်တတရားတွေ ရနေတဲ့ မိမိအား လေးစားကြမည် ဖြစ်သည်။ မိမိဆက်မတွေးရဲတော့။ အိမ်ဖော်ကောင်မလေး နော်နော်ကို ဘောင် မျက်နှာချင်းမဆိုင်ရဲအောင် ဖြစ်နေ၏။ တစ်ခါတစ်ရံ မိမိ ဘယ်လောက်ပဲချမ်းသာပါစေ။ သိမ်ငယ်သလိုကြီး ခံစားရသည်။

'မေမေကြီး'

'ဩော်'

'ဈေးသွားမယ်လေ'

'ငါးဖယ်ခြစ် ဝယ်ခဲ့ နော်နော်၊ အုန်းနို့ညှစ်ခဲ့··· ပြီးတော့ ရမ်းချဉ်သီးသုပ်မယ်၊ ချွေးမလေးအရမ်းကြိုက်တယ်'

'မေမေကြီးက မမလေးမဥ္ဇူရီအကြိုက်တွေ သိနေတယ်'

'ဒီလိုပဲလေ၊ လူငယ်တွေဆိုတာ အကောင်းကြိုက်တယ်၊ ချွေးမလေးက ဆင်းရဲတော့ အကောင်းစားရမှာ မဟုတ်ဘူးလေ၊ ကျွေး ချင်တယ်'

'မေမေကြီးလို ယောက္ခမမျိုးရတာ မမလေး မဥ္ဇူရီ အရမ်း ကောင်းတာပဲ'

'သွား··· သွား··· မြန်မြန်ပြန် စကားကျော့ရှည်တယ်'

နော်နော် ရယ်ကြဲကြဲနှင့် ထွက်သွားပေမယ့် မိမိမပျော်နိုင်။



www.burmeseclassic.com

www.burmeseclassic.com



မဒ္ဒူရီက ခရမ်းချဉ်သီးမီးဖုတ်ပြီး သုတ်ပေးလျှင်ကြိုက်သည်။ မိမိက ချော့မော့၍ မဒ္ဒူရီလေး အသားအရည်လှအောင် ကျွေးတာစားနော်ဟု ပြောလျှင် အလှကြိုက်တဲ့ မဒ္ဒူရီလေးက အားပါးတရစားသည်။

'သားရယ်··· သတ္တိမရှိဘူး၊ မဒ္ဒူရီ အမေနဲ့ရင်ဆိုင်ဖို့လေ'

သားအတွက် အကောင်းဆုံးတွေ လုပ်ပေးချင်ပေမယ့် မတတ်နိုင်ဘူးကွယ်။ မာမီ သေချင်တယ်။ ရီရီသာ့ကို ဒူးထောက်ပြီး တောင်းပန်ချင်ပါတယ်။ သားသိသွားမှာ မာမီအကြောက်ဆုံးပဲ။ လူလိမ်မကြီး သူငယ်ချင်းအပေါ် ကောက်ကျစ်ခဲ့မိတယ်။ မဒ္ဒူရီလေးနှင့် ရင်ဆိုင်ရတာပင် ဒေါ်ခင်မြင့်မိုရ် အတော်လေး ထိန်းချုပ်ထားရသည်။

နော်နော် ဈေးက ပြန်လာတော့ မိမိကိုယ်တိုင် ချက်ပြုတ်ပေးနေ၏။ မဒ္ဒူရီလေးအကြိုက် မိမိအသိဆုံးပဲ။ နော်နော်ကတော့ မိမိအား လေးစားနေလေသည်။ ထမင်းပွဲကို အဆင်သင့်ပြင်ပြီး အဆင်သင့်စောင့်နေလိုက်၏။ သားကတော့ ချစ်သူမဒ္ဒူရီကို လက်ဆွဲလျက် အပျော်တွေနှင့် ပြန်လာသည်။

'မာမီ မဒ္ဒူရီက သူ့လခနဲ့မာမီ့အတွက် ပန်းသီးတွေ ဝယ်လာတယ်'

'သမီးလေးရယ် သမီး မေမေကိုပဲ ပေးလိုက်ပါ၊ သမီးလုပ်အားခစပြီးရတာဆိုတော့ သမီး မေမေကိုပဲ ဝယ်ကျွေးပါ'

'မေမေ့ကို ပိုက်ဆံပေးလိုက်မယ် မာမီ၊ မဒ္ဒူရီ စားစရာတွေ ဝယ်သွားရင် ပိုက်ဆံဖြုန်းတယ်ဆိုပြီး မေမေက ဆူတယ်'

'သူ ပန်းသီးကြိုက်တယ် မဟုတ်လား'





'ရှင်'

'သြော်··· မာမီက စားစေချင်တာပါ၊ နှလုံးအားကို ကောင်းစေလို့ပါ'

'သမီးတောင် လန့်သွားတယ်၊ မေမေ ပန်းသီးကြိုက်တာ မာမီသိနေလို့'

'မသိပါဘူး၊ မာမီလည်း ကြိုက်တယ်လေ၊ သမီးမေမေလည်း ကြိုက်မှာပဲလို့ တွေးမိတာပါ'

'မာမီက တကယ်ပဲနော်၊ ဉာဏ်ပညာကြီးတယ်၊ အင်းလေ ကုမ္ပဏီကြီးတစ်ခုကိုတောင် ဦးဆောင်ထူထောင်နိုင်တာပဲ'

ခင်မြင့်မိုရ် အလုပ်အကိုင်တွေ အကြီးအကျယ်လုပ်တတ်တာ ဉာဏ်ပညာထက်မြက်တာ ရီရီသာ သိသည်။ အားကိုးတကြီးရှိခဲ့တဲ့ ရီရီသာ။ ငါ မမေ့ပါဘူး။ နင် ပန်းသီးအရမ်းကြိုက်တယ်လေ။ ငယ်စဉ်က ငါ အတ္တကြီးပြီး မှောင်မိုက်နေတာပါဟယ်။ ရီရီသာ့ကို အခွင့်သာရင်တော့ တောင်းပန်ဖို့ စဉ်းစားနေသည်။

'ဒီညနေတော့ မာမီ့လက်ရာ ငါးဖယ်နဲ့အုန်းနို့ချက်ထားတယ်၊ ခရမ်းချဉ်သီးကို မီးဖုတ်သုပ်ထားတယ် သမီး'

'ဟယ်··· မဒ္ဒူရီ အကြိုက်တွေ ဘာဖြစ်လို့ ဒီလောက်အထိ သိနေရတာလဲ မသိဘူးနော်၊ မဒ္ဒူရီ ငယ်ငယ်က အရမ်းကြိုက်တဲ့ဟင်းတွေပါ၊ အခုတော့ မစားနိုင်တော့ဘူးလေ'

'မာမီနဲ့ မဒ္ဒူရီက အတိတ်ကတစ်ခုခုတော့ နီးစပ်ခဲ့ဖူးကြလား'



www.burmeseclassic.com

www.burmeseclassic.com



မသိဘူးကွယ်၊ မာမီအကြိုက်တွေက မဠျုရီ အကြိုက်တွေဖြစ်နေတယ်၊ ခရမ်းချဉ်သီးက အသားအရေကို လှပစေတယ်လေ'

မိမိငယ်စဉ်က မဠျုရီအား မကြာခဏ ပြောခဲ့ဖူးတဲ့စကားတွေ ဖြစ်နေသည့်အတွက် အကဲခတ်တဲ့အနေနှင့် ပြောကြည့်လိုက်တာဖြစ်သေ မယ့် မဠျုရီက မမှတ်မိပေ။ စိတ်အေးသွားရသည်။

'စားလေ သမီးကြိုက်ရင်လည်း အားရပါးရစားနော်'

သားကတော့ အပေါ်တက်သွားပြီး ရေချိုးအဝတ်အစားလဲ ပြီး ပြန်ဆင်းလာသည်။ ယောက္ခမနှင့်ချွေးမလောင်း ရင်းနှီးနေတာတွေ့ရ တော့ ပျော်သွားသည်။

'မာမီနဲ့ မဠျုရီတို့ ရင်းနှီးချစ်ခင်နေတာမြင်ရတော့ သား စိတ်ချမ်းသာရတယ်၊ လူကြီးတွေကို ဖွင့်ပြောပြီး သားတို့စေ့စပ်ထား ချင်တယ် မာမီ၊ မဠျုရီ့အစ်ကိုက သားနဲ့ ရင်းနှီးတယ်'

'ကောင်းပါတယ် သားရယ်၊ ဒါပေမဲ့ ခဏလေးတော့ စောင့် ပါ၊ လူကြီးတွေကို ဖွင့်မပြောနဲ့ဦးလေ၊ သားတို့ချစ်သူသက်တမ်းလေး ရစေချင်သေးတယ်၊ သံယောဇဉ်တွယ်ဖို့ အချိန်ယူပါဦး'

'သားကတော့ မဠျုရီကို အရမ်းချစ်နေတယ်၊ ဝေးသွားမှာ အရမ်းကြောက်နေတယ် မာမီ'

'ဟုတ်ပါတယ် သမီးလေး သံယောဇဉ်က အရေးကြီးတယ် သမီးက ငယ်တယ်၊ တက္ကသိုလ်ဝင်တန်းလေးအောင်စေချင်သေးတယ်'

'ဟုတ်ပါတယ် အမ်မီရယ်၊ အချိန်လေးတော့ စောင့်ပေးပါဦး'

'ခုထိ အမ်မီလို့ ခေါ်နေတုန်းပဲလားကွယ်'





'ဟို··· မဠျုရီက နှုတ်ကျိုးနေတယ် မာမီ၊ ကိုကိုလို့လည်း ခေါ်ချင်ဘူး၊ မဠျုရီအစ်ကိုကို မဠျုရီက ကိုကိုလို့ ခေါ်တာလေ'

'သမီးရင်ထဲမှာ သံယောဇဉ်လိုအပ်နေသေးတယ်၊ အခေါ် အဝေါ်တွေ ပြောင်းလာတဲ့အထိပေါ့'

ခေါ်ခင်မြင့်မိုရ်အတွက် အကြောင်းတွေရှာပြီး သားနှင့်မဠျုရီ တို့ လက်ထပ်ပွဲကို အချိန်ဆွဲနေမိသည်။

'လူကြီးချင်း စေ့စပ်ထားမှာပဲ မာမီရာ'

'ဘာပဲဖြစ်ဖြစ် သားရယ်၊ သားရဲ့သတို့သမီးလောင်းက တက္ကသိုလ်ဝင်တန်းတော့ အောင်ထားသင့်တယ်လေ'

ရောင်စဉ်ကတော့ မဠျုရီ ရင်ထဲက သံယောဇဉ်ကို မာမီ ခုံကြည်အောင် ပြောင်းလဲပြသင့်သည်ဟု ထင်မိသည်။ ဒီကောင် လေး မာမီရှေ့မှာ အမ်မီတဲ့။ ထမင်းစားပြီး မဠျုရီကို ခြံကြီးထဲခေါ်လာ ခဲ့၏။ မာမီပြောသလို အခေါ်အဝေါ်တွေ ပြောင်းပစ်သင့်သည်ဟု ထင်သည်။

'မဠျုရီ'

'ရှင်'

'မင်း ဘယ်အချိန်အထိ ဒီအမ်မီဆိုတဲ့ အသုံးအနှုန်းကို သုံးနှုန်း နေဦးမှာလဲကွယ်'

'နှုတ်က ကျိုးနေလို့ပါ အမ်မီ၊ အဲ··· ကိုရောင်စဉ်'

'ကိုရောင်စဉ်လည်း မရဘူး၊ သူစိမ်းဆန်တယ်၊ မောင်လို့ ခေါ်ပါ'

www.burmeseclassic.com



'ဘာလဲ၊ မခေါ်ချင်ပါဘူး၊ အဲဒါက သက်တူရွယ်တူ ခေါ်တာ၊ ရှက်တယ်'

'မရွှေရှိရဲ့အခေါ်အဝေါ်တွေ ပြောင်းသွားရင် မာမီက မောင် နှစ်ယောက်ကို လက်ထပ်ပေးမှာ'

'ဟင် ··· အဲဒီလိုကြီး မခေါ်ချင်ပါဘူး၊ ကိုယ်လို့ပဲ ခေါ်မယ်'

'မရဘူး၊ မောင်လို့ပဲခေါ်'

'ဟင့်အင်း ··· ရှက်တယ်'

'မာမီထင်နေသလိုပဲ မရွှေရှိက မောင့်အပေါ် စိမ်းတယ် ဘာဖြစ်လို့လဲကွာ၊ မချစ်လို့လား၊ ကုမ္ပဏီမှာတောင် မောင်တို့ ချစ်သူတွေလို့ သိထားကြပြီပဲ'

တကယ်တော့ ကိုရောင်စဉ်ဘက်ကနေ မရွှေရှိ အကြိုက် အောက်ကျခံကာ ဖြည့်စွမ်းပေးနေခဲ့ပေမယ့် မရွှေရှိက သူ့ဒွေးမို့ အရ ချွဲနေသည်ဟုထင်မှာ ကြောက်သည်။ စိမ်းစိမ်းလေးနေပြခဲ့၏။ မောင် ခေါ်ချင်ပါတယ်။ မရွှေရှိလည်း မောင့်ကို အရမ်းချစ်နေမိပါပြီ။ ဒါပေ လည်း မရွှေရှိ စိတ်ထဲမှာ အိပ်မက်တွေဟုပဲ ထင်မှတ်နေသေး စိတ်မလုံ။ မောင်က သူမခန္ဓာကိုယ်လေးအား ရုတ်တရက် သိုင်းဖ လိုက်သဖြင့် မရွှေရှိ လန့်သွားသည်။

'အို ··· မောင်'

'မောင် ··· ရင်ထဲမှာ အရမ်းကို အေးစိမ့်ကြည်နူးသွားတာ မရွှေရှိရယ်၊ ဟန်တွေဆောင်မနေပါနဲ့တော့၊ မောင့်အချစ်တွေကို ယုံကြ ပေးပါ'





'မောင်ရယ် ··· မရွှေရှိလည်း ပတ်ဝန်းကျင်က ကဲ့ရဲ့ပြော ဆိုမှာတွေ ကြောက်မနေတော့ပါဘူး၊ မောင့်ကိုချစ်တယ်၊ မရွှေရှိလည်း မောင်နဲ့ခွဲခွာရမှာ အရမ်းကြောက်တယ်၊ ဒါပေမဲ့ မာမ့်ဆန္ဒကိုလည်း စဉ်းစားပေးရမယ်လေ၊ မရွှေရှိ တက္ကသိုလ်ဝင်တန်းကို ထူးထူးချွန်ချွန် အောင်ဖို့ ကြိုးစားမယ်'

'ကောင်းပါပြီဗျာ၊ မောင်လို့ ပြောင်းလဲခေါ်တာနဲ့ပဲ မရွှေရှိကို မောင် ယုံကြည်ပါပြီ'

သူမကိုယ်တိုင် ချစ်သူရဲ့ရင်ခွင်ထဲသို့ အားကိုးတကြီးတိုးဝင် မိလေသည်။

❐ ❐ ❐



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

ဒေါ်ခင်မြင့်မိုရ်အနေနှင့် သားရဲ့ဆန္ဒကို ဖြည့်စွမ်းပေးဖို့ နောက်ဆုံးကြိုးပမ်းမှုအဖြစ် ရီရီသာ့ကို တောင်းပန်ဖို့ပဲ ရှိသည်။

‘ငါ နင့်ကို ဒူးထောက်တောင်းပန်ပါတယ် ရီရီသာရယ်၊ အတိတ်ကအဖြစ်အပျက်တွေကို မေ့ပစ်လိုက်ပါတော့ဟာ’

မိမိမျက်ဝန်းတွေထဲမှာ မျက်ရည်တွေပြည့်နေသည်။ သားက သူ့ကို မဥ္စူရီက မောင်လို့ခေါ်ပြီပဲ သားရော မဥ္စူရီပါ အရမ်းချစ်ကြတဲ့ ချစ်သူတွေပါဟု ပြောလာ၍ ပိုပြီးနာကျင်ကြေကွဲရ၏။ သားအတွက် မာမီ မဖြစ်မနေ ကြိုးစားပေးပါ့မယ်၊ သားကုမ္ပဏီသို့ သွားသည်နှင့် ဒေါ်ခင်မြင့်မိုရ် အပြင်သို့ထွက်လာခဲ့သည်။ ရီရီသာနေတဲ့ ရပ်ကွက်ထိပ်ကိုထပ်၍ ရောက်လာခဲ့၏။ နင့်ကို ငါတောင်းပန်ဖို့ပါ ရီရီသာ။ ငါလည်း နင့်ဆီကငွေတွေနဲ့ ချမ်းသာပြီးနေထိုင်ရပေမယ့် စိတ်မချမ်းသာခဲ့ရပါဘူးဟယ်။ ငါ မှားပါတယ်။ နင်တို့မိသားစုကို မရှာခဲ့တာပါ။ မိမိ ရပ်ဖျက်ထား၍ ဘယ်သူမှ မသိကြပေ။

‘ဟော... ရီရီသာ ထွက်လာပြီ’





မိမိ ခပ်လှမ်းလှမ်းကနေ ရီရီသာ လာမယ့်လမ်းမှာ စောင့်နေမိသည်။ နင်တော်တော်လေး အရွယ်ကျသွားတာပဲ ရီရီသာ၊ ဘဝကို ခက်ခက်ခဲခဲ ရင်ဆိုင်ဖြတ်သန်းခဲ့ရတယ်ထင်တယ်။ ဈေးထဲမှာ ဈေးရောင်းနေတဲ့ ရီရီသာ့က တဖြည်းဖြည်း မိမိအနားရောက်လာ၏။ နီးကပ်သွားမှ ခေါ်လိုက်သည်။

‘ရီရီသာ’

‘ဟင်’

‘ငါ မဟာပါ၊ နင့်ကို တောင်းပန်ချင်လို့ပါဟာ’

‘မိမဟာ... နင်ကိုး၊ ဘာတောင်းပန်မှာလဲ၊ ငါက ထောင်ထဲကို ထည့်မှာကြောက်လို့လား’

‘ငါ မှားပါတယ် ရီရီသာ၊ ငါ နင့်ကို ဒူးထောက်ပြီး တောင်းပန်ရမယ်ဆိုရင်လည်း တောင်းပန်ပါတယ်ဟာ’

ဒေါ်ရီရီသာကတော့ လူလိမ်မကို ဘယ်တော့မှ ခွင့်မလွှတ်နိုင်ဘဲဖြစ်နေသည်။ သူငယ်ချင်း အချင်းချင်း သစ္စာမဲ့လွန်း၏။ ရက်စက်တဲ့ မိန်းမ၊ အတ္တကြီး၏။ မိမိတို့သားအမိတွေ ဘယ်လောက်အထိ ဒုက္ခတွေ အခက်အခဲတွေနှင့် ရင်ဆိုင်ရလဲ။ မိမဟာကတော့ အရမ်းချမ်းသာနေသည်။

‘ငါ မှားပါတယ် ရီရီသာ၊ နင့်ကို ငါပြောစရာတွေ ရှိပါတယ်၊ နင့်ကို ငါ ရှာဖွေထားသမျှ စည်းစိမ်တွေကို တစ်ဝက်ခွဲပေးပါ့မယ်၊ ငါ့ကို ခွင့်လွှတ်ပေးပါ’

‘မယူဘူး၊ နင် ဘယ်လောက်ပဲ ချမ်းသာချမ်းသာ နင့်စည်း



www.burmeseclassic.com

www.burmeseclassic.com



စိမ်ဥစ္စာတွေကို မသတီဘူး၊ ဘယ်သူတွေကို ဘယ်လောက်အထိ လိမ်လည်ကောက်ကျစ်ပြီး ရှာထားတာတွေလဲ၊ လက်မခံဘူး၊ နင့်ကိုငါ့ ငွေတွေယုံကြည်စွာ အပ်နှံထားခဲ့တဲ့ နင်ကိုယ်တိုင် လက်မှတ်ထိုးထားတဲ့စာရွက် စာတမ်းတွေရှိတယ်'

'အေးပါ၊ ငါ ပြန်ပေးမယ်၊ နင့်ငွေတွေကိုလေ ငါ နင့်ကိုမရှာလည်းရပါတယ် ရီရီသာရယ်၊ ငါ့စိတ်တွေ တစ်နေ့မှ မလုံခြုံခဲ့ရပါဘူး'

'နင်လိမ်သွားတာ နှစ်ပေါင်းနှစ်ဆယ်လောက်ရှိခဲ့ပြီးမှ မလုံခြုံဘူးလို့ ပြောရလား လူလိမ်မရဲ့၊ နင့်စကားတွေကို ငါ ယုံမယ်ထင်လား'

'ပြီးတာတွေ ပြီးသွားပါပြီ ရီရီသာရယ်၊ သင်ပုန်းချေပေးပါဟာ'

'နင် အခုမှ ဘာအကြံအစည်တွေနဲ့လာပြီး ပြောနေရတာလဲ၊ မိမဟာ အကောင်းလာတာတော့ မဖြစ်နိုင်ဘူး'

'အကောင်းလာတာပါဟာ၊ နင့်လိပ်စာ အခုမှသိရလို့ လာတာပါ၊ တောင်းပန်ပါတယ်၊ ရှိခိုးပါတယ် ရီရီသာရယ်၊ ခွင့်လွှတ်ပေးပါ၊ နင်လိုချင်တာ ဖြစ်စေချင်တာ ပြောပါ ငါပေးပါ့မယ်'

'နင့်ဆီက ဘာမှမလိုချင်တော့ဘူး၊ နင့်ကို ဘယ်တော့မှလည်း ခွင့်မလွှတ်ဘူး၊ နင် ထောင်ထဲပဲဝင်၊ ဒါမှ ငါ ကျေနပ်မယ်၊ လူလိမ်မနင့်အကြံပက်စက်လွန်းတယ်၊ ငါ့ကိုအယုံသွင်းပြီး လိမ်ရက်တယ်၊ နင်ချမ်းသာတာလည်း ဘာမှအထင်ကြီးစရာ မရှိဘူး၊ ရွံတယ်၊ လာခဲ့နင့်ကို အချုပ်ထဲထည့်မယ်'





'နေ··· နေပါဦး ရီရီသာ၊ အဲဒါတော့ မဖြစ်ဘူး၊ ငါ့အတိတ်ကို မဖော်ဖို့ ငါလာတောင်းပန်တာပါ၊ ဘယ်လိုအကြောင်းတွေနဲ့ပဲဖြစ်ဖြစ်'

'ဖော်ရမှာပဲ၊ ငါ့ဘဝကြီးကို နင်ဖျက်ဆီးပစ်လိုက်တာလေ'

'ငါ မှားပါတယ်ဟာ၊ နင်တို့မိသားစုအပေါ် ရက်စက်မိပါတယ်'

'လာ တောင်းပန်မနေနဲ့၊ နင့်ကို လုံးဝခွင့်မလွှတ်ဘူး၊ နင့်မှာတခြားအကြံအစည်တွေရှိနေလို့ လာရှာတာ၊ နင်သာအသိတရားရရင်နှစ်တွေအများကြီး ငါတို့မိသားစုကို ပြစ်ထားမလား၊ နင့်စကားကိုမယုံဘူး၊ နင် ဟိုနေ့က ငါ့သားနဲ့ တွေ့တယ်မဟုတ်လား၊ နင်ကံကောင်းတယ် မှတ်၊ ငါ့သားက နင့်ကိုသတ်မှာ၊ နင့်သားတော့ သူ့ငွေးစည်းစိမ်တွေ ခံစားနေရမှာ သေချာတယ်လေ၊ ငါ့သားက အရက်သမားသူပေ လူတေဖြစ်နေတယ်'

'ဟုတ်ပါတယ် ရီရီသာရယ်၊ နင့်သားသမီးတွေ ဘဝရှေ့ရေးအတွက် ငါ့စကားကို နားထောင်ပါ၊ နင် ကြေအေးပြီး ငါပေးတဲ့ငွေကိုလက်ခံပါ'

'မယူဘူး၊ အပူငွေတွေ နင် လူတွေကို ကလိမ်ကကျစ်လုပ်ပြီး ရှာဖွေထားတာပဲ၊ နင့်ကိုထောင်ထဲမပို့ဘူး၊ ဒါပေမဲ့ နင် ငါတို့မိသားစုရှေ့ကိုမလာနဲ့၊ နင့်ကိုဘယ်တော့မှ ငါ ခွင့်မလွှတ်ဘူး'

'ရီရီသာ ငါ နင့်ကိုအရင်ကလို ချစ်ချစ်ခင်ခင်ပြန်နေချင်တယ်ဟာ၊ ခွင့်ပြုပါ'



www.burmeseclassic.com

www.burmeseclassic.com



'နင့်လိုလူလိမ်မကို ငါ ဘယ်တော့ ခွင့်မလွှတ်ဘူးလို့ ပြော
ထားပြီးပြီနော်၊ ငါ သွားမယ်'

'ရီရီသာ'

'ဆက်မပြောနဲ့တော့၊ နင့်ဆီက ဘာမှမလိုချင်ဘူး၊ နင်နဲ့လည်း
ထပ်မပတ်သတ်ချင်ဘူး၊ ငါ့သားထောင်ထဲရောက်မယ်၊ နင်ထပ်မလာ
နဲ့၊ ငါတို့မိသားစုနဲ့ အဝေးဆုံးမှာနေပါ'

ဒေါ်ရီရီသာကတော့ မိမဟာနှင့် မပတ်သက်လိုတော့ပေ
ထောင်ထဲလည်း မပို့တော့ပါဘူး။ မိမဟာအကြံနဲ့လာတာ။ မိမိမှာ
သူ့လက်မှတ်ထိုးထားတဲ့စာချုပ်ရှိနေ၍ ဖြစ်နိုင်သည်။ ဒီဟာမက ယုံ
တာမဟုတ်။ သူလား စည်းစိမ်တစ်ဝက်ပေးမှာ၊ ဝေးသေးတယ်
ကလိမ်ကကျစ်မ။ မိမဟာက နောက်မှ လိုက်ဆွဲနေသည်။

'ရီရီသာ ငါ တောင်းပန်ပါတယ်၊ နင်ယုံအောင် ငါ ဘာလုပ်
ပြရမလဲ၊ ငါ့အတိတ်ကို ချေဖျက်ပေးပါ'

'နင့်ကိုငါပြောပြီးပြီနော်၊ ဘယ်တော့မှ မချေဖျက်ပေးဘူး
နင် နောက်ထပ်ငါ့ရှေ့ရောက်လာရင် နင်မလွယ်ဘူးမှတ်၊ ငါတောင်
စားချင်တောင်းစားရပါစေ၊ နင်နဲ့လုံးဝမပတ်သက်ဘူး'

ရီရီသာ ထွက်သွားသဖြင့် ဒေါ်ခင်မြင့်မိုရ် မျက်ရည်
စီးကျလာသည်။ နင် အရမ်းမာနကြီးတာပဲ ရီရီသာ။ ငါ့အပြစ်တွေ
ကြီးမားတယ်ဆိုပေမယ့် ငါတောင်းပန်နေပြီပဲ။ ရီရီသာက စိတ်မာ
ဘယ်တော့မှ ခွင့်လွှတ်မှာမဟုတ်။ အခြေအနေတွေကို ဒေါ်ခင်မြင့်
သိလိုက်ပြီဖြစ်၍ ရီရီသာနှင့် မျက်နှာချင်းဆိုင်၍ မဖြစ်နိုင်တော့





သားရယ် မာမီ မတတ်နိုင်တော့ဘူး။ ရီရီသာက မာမီ ဘယ်လိုပဲ
တောင်းပန်နေပါစေ လက်မခံဘူးလေ။ စိတ်မကောင်းပါဘူးကွယ်။
ပန်းမွှေးရီနဲ့ သားလက်ထပ်လို့ မဖြစ်ဘူး။ မာမီလည်း မွှေးရီအမေရှေ့
ကို ဘယ်လိုမှသွားလို့မရနိုင်တော့ဘူးထင်တယ်။ ဒေါ်ခင်မြင့်မိုရ်စိတ်ကို
လျှော့ပစ်လိုက်သည်။ သားကိုတောင် ဘယ်လိုရင်ဆိုင်ရမလဲ။ အတိတ်
က ဖြစ်ရပ်တွေအတွက် မာမီ ဘယ်လိုမှသားကို အသိမပေးနိုင်ဘူး
ဖြစ်ချင်ရာဖြစ် မွှေးရီနှင့်သားကို ခွဲပစ်ရတော့မှာပဲဖြစ်သည်။

'ရီရီသာ ငါ့အမှားတွေကို နောင်တရပြီး နင့်သားသမီးတွေရှေ့
ရေးအတွက် လုပ်ပေးချင်ပေမယ့် နင်ကမှ လက်မခံတာပဲ'

မိမိအိမ်ပြန်ရောက်လာပြီး အခန်းထဲမှာ ဝင်ခွေနေမိသည်။
မျက်ရည်တွေက မိမိပါးပြင်ပေါ် လိမ့်ဆင်းကျလာ၏။ ငယ်သူငယ်ချင်း
ကိုလည်း တရင်းတနှီးနေချင်လာသည်။

'ရီရီသာရယ် ငါလေ အရမ်းနောင်တတွေရနေပါတယ်၊ ငါ့
သားလေးက နင့်သမီးကိုချစ်နေတယ်၊ အရူးအမူးပဲလေ'

သားကိုပျော်ရွှင်စေချင်ပေမယ့် မဖြစ်နိုင်တော့ဘူး။ မာမီလည်း
အတတ်နိုင်ဆုံး ကြိုးစားခဲ့တာပဲကွယ်။ ဒေါ်ခင်မြင့်မိုရ် အိပ်ရေးပျက်တဲ့
ညတွေများနေသည်။ စိတ်တွေချောက်ချားနေရလို့ပါ။ ခဏကြာတော့
မျက်လုံးတွေ လေးသွားပြီး အိပ်ပျော်သွားသည်။

'ကလိမ်ကကျစ်မ မိမဟာ နင်က ငါ့ပိုက်ဆံတွေလိမ်သွား
ပြီး ချမ်းသာနေတာပဲ'

'ငါ့သားရှေ့မှာ မပြောပါနဲ့ ရီရီသာ၊ ငါ ဒူးထောက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



တောင်းပန်ပါတယ်၊ နင့်သမီးနဲ့ ငါ့သားကို လက်ထပ်ဖို့ သဘောတူပေးပါ'

'သဘောမတူဘူး၊ နင်တို့ ဘယ်လောက်ပဲ ချမ်းသာချမ်းသာ သွေးမသန့်ဘူး၊ လူလိမ်မသားပဲ၊ နင်တို့ချမ်းသာတာ အပူတွေ၊ ငါ့သမီးကို ဆိုက်ကားသမားနဲ့ပဲ ပေးစားမယ်'

'အဲဒီလိုမလုပ်ပါနဲ့ ရီရီသာ၊ ငါ့သားက ရိုးသားပါတယ်၊ ငါနဲ့မတူပါဘူး၊ နင့်သမီးလေးကိုလည်း အရမ်းချစ်နေတယ်'

'မပေးစားဘူး လူလိမ်မသားနဲ့၊ နင့်အမေက လူလိမ်မ၊ ငါ့ဆီက ငွေတွေလိမ်ယူပြီး ချမ်းသာနေတာ၊ လူလိမ်မသား'

'မပြောပါနဲ့၊ ငါ့သားကို မပြောပါနဲ့'

'ပြောမယ်၊ နင့်အမေက လူလိမ်မ၊ ငါတို့မိသားစုကို ဘဝပျက်အောင် လုပ်ခဲ့တာ၊ ကလိမ်ကကျစ်မပဲ'

'ဟင် · · · မာမီ · · · မဒ္ဒူရီအမေပြောတာတွေ အမှန်တွေပဲလား၊ ရှက်စရာကောင်းလိုက်တာဗျာ၊ သားနဲ့မဒ္ဒူရီ ဘယ်လိုမျက်နှာချင်းဆိုင်ရမလဲ၊ ရှက်တယ်'

'သားရယ် မာမီ ရှင်းပြပါ့မယ်၊ ငယ်ရွယ်စဉ်က · · ·'

'တော်ပါတော့ မာမီရာ၊ သားအရမ်းရှက်တယ်၊ မာမီ ဘာဖြစ်လို့ လုပ်ရတာလဲ၊ သားက မဟုတ်တာ မမှန်တာ လုပ်ရင် ဘယ်လိုမှ လက်မခံနိုင်ဘူး၊ မာမီထောင်ထားတဲ့ ကုမ္ပဏီမှာလည်း သားမလုပ်တော့ဘူး၊ မတရားရထားတဲ့ငွေတွေပဲ'

'သား · · · သား'





မိမိအော်ဟစ်ရင်း အိပ်ယာကနေ လန့်နိုးသွားသည်။ အိပ်မက်ပဲ။ ဘုရားရေ ကြောက်စရာကောင်းလိုက်တာ။ သားရဲ့ မျက်ဝန်းတွေက စိမ်းနေ၏။ မျက်နှာပြင်တစ်ခုလုံး ရှက်သွေးတွေနှင့် နီရဲနေသည်။

'မာမီ'

'မာမီ'

'ဟင်'

'မာမီ · · · တံခါးဖွင့်ပါဦး၊ ဘာတွေအော်နေတာလဲ မာမီ'

'ဒေါက် · · · ဒေါက်'

သားပဲ အပြင်မှတံခါးခေါက်သံကြားပေမယ့် ဒေါ်ခင်မြင့်မိုရ် ခန္ဓာကိုယ်တစ်ခုလုံး ချွေးတွေပျံပြီးမထနိုင်။ သားနှင့်မျက်နှာချင်းဆိုင်ရမှာ ကြောက်နေသည်။

'မာမီ · · · ဒေါက် · · · ဒေါက် · · · ဘာဖြစ်လို့လဲ အိပ်နေတာလား'

မိမိထလိုက်သည်။ သားရှေ့မှာ မျက်နှာပျက်နေလို့မဖြစ်ဘူး။ မိမိရဲ့တစ်ဦးတည်းသောသားလေးကို မိမိအချစ်ဆုံးပင်။ မာမီ ရင်ကွဲတော့မယ် သားရယ်။ ဒေါ်ခင်မြင့်မိုရ် တံခါးဖွင့်ပေးလိုက်သည်။

'မာမီ'

'သား · · · မာမီ အိပ်ပျော်သွားပြီး အိပ်မက်ဆိုးတွေ မက်နေတယ်လေ'

'ဟုတ်လား မာမီ၊ အချိန်မဟုတ်ဘဲ အိပ်တာကိုး၊ ကြည့်ပါဦး ချွေးတွေနဲ့'



www.burmeseclassic.com

www.burmeseclassic.com



'အင်းလေ အိပ်မက်ထဲမှာ သရဲခြောက်ခံနေရလို့'

'ညည့်ခန်းထဲမှာ မဠျူရီ စောင့်နေတယ် မာမီ'

'ဟင်'

'ဘာဖြစ်လို့လဲ'

'အို··· ဘာမှမဖြစ်ပါဘူး၊ ချွေးမလောင်းလေးက အကြောင်းမကြားပဲ ရောက်လာလို့ပါ'

'ညစာကို အပြင်မှာထွက်စားကြမလို့၊ မာမီကို လာခေါ်တာပါ'

'ဘယ်သူတွေနဲ့လဲ'

'သားတို့ပဲလေ၊ ဒီညက မဠျူရီ့မွေးနေ့ပါ၊ မာမိကို ကျွေးချင်လို့တဲ့'

'ဟုတ်လား၊ သုံးယောက်တည်းနော်'

'သုံးယောက်တည်းပါ မာမီရာ၊ ဘာလဲ ယောက္ခမလောင်းနဲ့ ယောက်ဖလောင်းပါ လာမှာကြောက်လို့လား၊ မာမီနော် ကတိအတိုင်း တွေ့ပေးရမယ်'

'မဟုတ်ပါဘူး၊ အခုတလော မာမီ သိပ်နေမကောင်းလို့ နွမ်းနေတယ်လေ၊ ဒါကြောင့်ပါ'

'ဟုတ်တယ်၊ မာမီ့မျက်နှာ ချောင်ကျနေတယ်၊ သားကြောင့်လား မာမီ'

'မဟုတ်ပါဘူး သားရယ်၊ မာမီ့သားက လိမ္မာပါတယ်၊ အိမ်ထောင်ပြုတာကတော့ အစောကြီးကတည်းက သားရွေးချယ်မှုလို့





မာမီပြောထားတာပဲ၊ ကဲ··· သွား··· မာမီ ရေချိုးအဝတ်အစားလဲလိုက်ဦးမယ်'

'ချွေးမလေးကိုတော့ ခဏလေးစောင့်ခိုင်းလိုက်'

'မာမီ'

'ဟင်'

'သားနဲ့ မဠျူရီကို မာမီ မလွဲသာမရှောင်သာလို့ လက်ခံပေးနေရတာလား'

'ကဲပါ မာမီ ရေချိုးပစ်မယ်၊ ရင်ထဲမှာ နှံးနေသလိုပဲ၊ ချွေးမလေးကိုသာ စောင့်ခိုင်းထားပါ၊ မွေးနေ့ဆိုတော့ ပျော်ရွှင်အောင် ထားရမယ်လေ'

'မာမီ့ကိုချစ်တယ်'

'သားရယ်'

မိမိကိုဖက်ပြီး ချစ်တယ်ဟု ပြော၍ သားထွက်သွားသည်။ ဒေါ်ခင်မြင့်မိုရ်နေရာမှာပင် ခွေလဲကျသွားချင်၏။ မာမီအပြစ်တွေပါသားရယ်။ ချွေးမလေး မဠျူရီ မျက်နှာကိုပင် ရင်မဆိုင်ရဲအောင် ဖြစ်နေသည်။

□ □ □



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

အရမ်းချစ်နေကြတဲ့ သားနှင့် မဥ္ဇူရီကို ဒေါ်ခင်မြင့်မိုရ် မမြင်ရက်။ လက်ထပ်ပေးဖို့လည်း ဘယ်လိုမှမဖြစ်နိုင်တော့ကြောင်း မိမိအသိဆုံးပင်။ မဥ္ဇူရီလေးကိုလည်း စိတ်သောကတွေ မရောက်စေချင်ပါဘူးကွယ်။ ဒေါ်လေးမဟာ ကျေးမွေးစောင့်ရှောက်ချင်တာပါ။ မဖြစ်နိုင်တော့ဘူးထင်တယ်။ ပန်းမဥ္ဇူရီသာ ရိုရိုသာသမီး မဟုတ်ရင် ဘယ်လောက်ကောင်းလိုက်မလဲ။ ဒေါ်ခင်မြင့်မိုရ် အစားအစာတွေကို မျိုမချနိုင်။ သားရှေ့မှာ ပျော်ရွှင်ဟန်လည်း ဆောင်နေရသေးသည်။

'သမီးလေး ပန်းမဥ္ဇူရီရဲ့ မွေးနေ့မှာ အခုလို ကုသိုလ်ပြုရတဲ့အကျိုးကြောင့် အသက်ရာကျော်ရှည်ပြီး ကျန်းမာချမ်းသာပါစေကွယ်၊ ချစ်သူနှင့်လည်း အိုအောင်မင်းအောင် ပေါင်းရပါစေ'

'ပေးတဲ့ဆုနဲ့ ပြည့်ပါစေ'

မဥ္ဇူရီကတော့ မာမီက သူမအပေါ် မထင်မှတ်ဘဲနှင့် ကောင်းလွန်းနေသည့်အတွက် ကြောက်လာသည်။ မောင်နှင့် မဥ္ဇူရီက အဆောင်





အတန်းချင်းက မိုးနှင့်မြေကြီးလို ကွာခြားနေ၏။ မာမီ အလွယ်တကူဘာဖြစ်လို့ သဘောတူရတာလဲ။ မဥ္ဇူရီ မယုံမရဲ ဖြစ်နေသေးသည်။

'သမီးလေးလည်း စားလေ၊ ကျက်သရေမင်္ဂလာရှိလိုက်တာ၊ မာမီတော့ ပျော်တယ်'

'မာမီ'

'ဟင်'

'သားတို့နှစ်ယောက်ကို စေ့စပ်ပေးပါတော့'

'သမီးလေး တက္ကသိုလ်ဝင်တန်း ဖြေပါစေဦးကွယ်၊ အောင်တော့ ကောင်းတာပေါ့၊ ဘာဖြစ်လို့ သားက လောကြီးနေတာလဲ'

'ဟုတ်သားပဲ မောင်ရယ်၊ မေမေ့ကိုလည်း မပြောရသေးဘူး၊ ကိုကိုတောင် မသိသေးဘူး၊ မဥ္ဇူရီကတော့ စာမေးပွဲပဲ အာရုံစိုက်ချင်တယ်၊ အချိန်မှမလိုတော့တာ'

မေမေ့ကိုလည်း မဥ္ဇူရီ မပြောရဲသေးဘူး။ မောင့်မာမီ ဘက်က သဘောတူလက်ခံနေပေမယ့် လူကြီးချင်းပြောဖို့ အစီအစဉ်မရှိသေးတဲ့ပုံပါ။ ကိုကို သိသွားရင်လည်း လောဘတက်မှာ ကြောက်ရသည်၊ အခုတောင် မောင်က ပေးကမ်းထောက်ပံ့နေတာ ကိုကို ကျေနပ်နေသည်။ မဥ္ဇူရီ စာမေးပွဲအောင်ဖို့ မေမေ့ဆန္ဒက ပြင်းပြနေလို့ စာတွေပဲ ကြိုးစားနေသည်။

'မဥ္ဇူရီ မေမေကလည်း စာမေးပွဲအောင်စေချင်နေတယ်၊ အရမ်း မလောပါနဲ့ မောင်ရယ်နော်'

'မောင်ကတော့ စိတ်ပူနေတယ်၊ မဥ္ဇူရီနဲ့ ဝေးသွားမှာစိုးလို့ပါ'



www.burmeseclassic.com

www.burmeseclassic.com



'သားရယ်… တစ်နေ့နေ့တော့ သားတို့လက်ထပ်ဖြစ်မှာပါ မပူပါနဲ့'

'မောင် စားလေ၊ တကယ်ပဲ မဍ္ဍူရီ့မွေးနေ့မှာ စိတ်အနှောင့်အယှက်ဖြစ်စရာတွေ ပြောမနေပါနဲ့တော့၊ စားနော်၊ ပြီးရင် ဘုရားတက်ကြမယ်'

မဍ္ဍူရီလေးကလိမ္မာယဉ်ကျေးတဲ့ မိန်းကလေးပါပဲ။ ဒေါ်ခင်မြင့်မိုရ် နှစ်သက်မိသည်။ ဝတ်ချင်စားချင်တဲ့ အရွယ်လေးမှာ ဆင်းရဲနေရ၏။ မိန်းမချောလေး ယန်းမဍ္ဍူရီကို မွေးနေ့လက်ဆောင် ထိုက်ထိုက်တန်တန်ပေးဖို့ ဆုံးဖြတ်ထားသည်။

'မာမီက သမီးလေးကို မွေးနေ့လက်ဆောင်ပေးဖို့ ယူလာတယ်'

'ရှင်'

'မာမို့ချွေးမလောင်းလေးကို အမှတ်တရပေါ့၊ သမီးလေး အတွက် မာမီ စိန်တစ်ဆင်စာပေးမယ်နော်'

'အို… မာမီ၊ ဒီလောက်အဖိုးတန်တဲ့ ပစ္စည်း လက်မခံပါရစေနဲ့၊ မဍ္ဍူရီ ဒါမျိုးတွေ မမက်မောပါဘူး၊ အခုတောင် မောင့်ရဲ့ထောက်ပံ့မှုတွေက အရမ်းများနေပါပြီ'

'မာမီ စေတနာကို အသိအမှတ်ပြုရင် လက်ခံပါ မဍ္ဍူရီရယ်။ အားနာစရာမလိုပါဘူး၊ လက်ခံပါ၊ မာမို့မှာ ဒီသားပဲရှိတာ၊ မွေးနေ့လက်ဆောင်ပါကွယ်'

'လက်ခံလိုက်ပါ မဍ္ဍူရီ၊ မာမီ မေတ္တာပါ'





မဍ္ဍူရီ လက်ခံလိုက်ရပေမယ့် သူ့စိတ်တွေ ချောက်ချားနေမိသည်။ မာမို့ရဲ့လိုက်လျောမှုတွေက လွန်နေ၏။ ဖြစ်နိုင်ပါ့မလား။ လူကြီးချင်းစေ့စပ်ဖို့ မာမီက တွန့်ဆုတ်နေသည်။ ညစာစားပြီးတော့ မာမီ ပြန်သွား၏။ သားက သမီးလေးပျော်ရွှင်မှုအတွက် အစွမ်းကုန်ဖြည့်စွမ်းပေးပါတဲ့။ လွတ်လွတ်လပ်လပ်နေကြဆိုပြီး ပြန်သွားသည်။

'မဍ္ဍူရီ'

'ဟင်'

'မောင့်မာမီကို သံသယဝင်နေတာလား၊ မာမီက မောင့်ကို စိတ်ချမ်းသာစေချင်တာပါ၊ မဍ္ဍူရီ လက်ခံပေးပါ'

'မဍ္ဍူရီတော့ ကြောက်လာပြီ၊ မာမီက အရမ်းဖော်ရွေနေလို့လေ၊ မောင်ရယ် မဍ္ဍူရီက အရမ်းဆင်းရဲတယ်လေ၊ မောင်နဲ့ဘဝချင်းက အရမ်းကွာဟတယ်၊ ပညာလည်း မတတ်ပါဘူး'

'မဍ္ဍူရီ ဘာတွေအားငယ်နေတာလဲကွာ၊ မောင့်ကို မယုံဘူးလား၊ ဒါဆို မောင်တို့နှစ်ဦးသဘောတူလက်ထပ်ကြမယ်'

'ဟင့်အင်း… အဲဒီလိုကြီးတော့ မလုပ်ချင်ပါဘူး မောင်ရယ်၊ မဍ္ဍူရီ စိတ်ပူတာပါ၊ မောင့်ကို သူဌေးအဖြစ် လက်ထပ်ရမှာ မဍ္ဍူရီ ရှိမ်ငယ်တယ်၊ မေမေကလည်း မဍ္ဍူရီကို သူဌေးနဲ့ လက်ထပ်ရမယ်ဆိုတဲ့စကားကြီးကို မကြိုက်ဘူး'

တကယ်ပဲ မဍ္ဍူရီ မဟာဘုတ်မှန်နေပြီလား။ မောင်နဲ့ရော လက်ထပ်ရမှာလား။ မေမေက မဍ္ဍူရီ စိတ်ကြီးဝင်နေတာ မကြိုက်တာ။ မောင့်ရဲ့ထောက်ပံ့မှုနဲ့ ကိုကိုလည်း စိုပြေနေတာလည်း မဍ္ဍူရီ စိတ်ညစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



'မဠူရီ'

'ဟင်'

'မင်း ဘာတွေစဉ်းစားနေတာလဲကွာ'

'မောင်'

'ပြော'

'ဒီစိန်တစ်ဆင်စာကို မောင် ပြန်ယူထားပါနော်၊ မောင်နဲ့ မဠူရီ လက်ထပ်ပြီးမှ လက်ခံပါရစေ၊ တော်ကြာ'

'မဠူရီ'

ရောင်စဉ် အထိတ်တလန့်နှင့် ချစ်သူမဠူရီအား ဆွဲပွေ့လိုက်ကာ သူမနှုတ်ခမ်းလေးကို သူ့ပါးနှင့် ထိကပ်ပိတ်ထားမိသည်။

'ဘာတွေပြောနေတာလဲကွာ၊ နိမိတ်မရှိတာပဲ၊ ဘယ်လိုအခြေအနေမျိုးပဲဖြစ်ဖြစ် မောင်နဲ့မဠူရီ လက်ထပ်မယ်'

ချစ်သူကို တင်းတင်းကြပ်ကြပ် ပွေ့ဖက်၍ ရောင်စဉ် ပြောနေမိသည်။ မောင်လည်း မာမီ့လိုက်လျောမှုအတွက် စိတ်ပူတာပေါ့ မဠူရီရယ်။ ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် မောင်တို့မခွဲဘူး။ မောင် မဠူရီကို ဘယ်တော့မှ မစွန့်လွှတ်ဘူး။

'မဠူရီ'

'ရှင်'

'မောင်တို့ ဘုရားကို သွားကြမယ်၊ မဠူရီရဲ့ မွေးနေ့ မောင်တို့ ဘုရားမှာ သစ္စာဆိုကြမယ်'

'အင်းနော်'





ရောင်စဉ်တို့ ဘုရားပေါ်တက်ပြီး မဠူရီမွေးနေ့အတွက် အလှူလှူ၍ သစ္စာဆိုကြသည်။

'ဘယ်လိုအကြောင်းနဲ့ပဲဖြစ်ဖြစ် မောင်နဲ့ မဠူရီ မခွဲခွာပဲ လက်ထပ်ပေါင်းသင်းရပါစေ၊ နှစ်ယောက်လုံး ကတိသစ္စာရည်ကို ရွှေတိဂုံစေတီတော်ကြီးရှေ့မှာ သောက်ပါတယ်'

မောင်ကလေ မဠူရီနှင့်ပတ်သက်လျှင် ကလေးတစ်ယောက်လိုပါပဲလားဟု တွေးမိနေသည်။ မဠူရီလည်း စိတ်ပူနေမိတာပါ။ မဠူရီလည်း မောင့်ကို ချစ်မိနေပါပြီ။ မခွဲခွာနိုင်တော့ပါဘူး။ သစ္စာရည်ကို သောက်ကြသည်။

'မဠူရီ'

'မောင်'

'မောင်တို့ မဠူရီမေမေနဲ့ ကိုကို့ကို ဖွင့်ပြောကြမယ်'

'မေမေက မောင့်မာမီရဲ့ဆန္ဒကိုတောင်းဆိုမှာပဲ၊ ခဏလေး စောင့်ပေးပါနော်၊ မာမီပြောသလိုပဲ မဠူရီ စာမေးပွဲအောင်မှ လူကြီးတွေ အသိပေးပါရစေ၊ မေမေကလည်း မဠူရီကို တက္ကသိုလ်ကနေ ဘွဲ့တစ်ခုခုရစေချင်နေတယ်'

'မောင့်မာမီကို မယုံနိုင်ဘူး၊ မာမီ့ဆီမှာ ဘာအကြံအစည်တွေ ရှိနေလဲ မသိဘူး၊ ဘယ်လိုအကြောင်းနဲ့ပဲဖြစ်ဖြစ် မဠူရီက မောင့်ကို ခွဲခွာမသွားပါနဲ့'

'မောင်ရယ် မဠူရီက နိမ့်ကျတဲ့သူပါ၊ စိတ်ပူရတာက မဠူရီပဲ ဖြစ်လိမ့်မယ်'



www.burmeseclassic.com

www.burmeseclassic.com



'မောင့်ဘက်ကတော့ မဥ္ဇူရီကို ဘယ်လိုအကြောင်းနဲ့မှ နောက် မဆုတ်ဘူး၊ အရယူရမယ်'

ချစ်သူ မဥ္ဇူရီ လက်ကိုဆွဲပြီး ဘုရားပေါ်မှ ဆင်းလာခဲ့ကြသည်။ မာမီက ထူးခြားနေတယ်။ မဥ္ဇူရီကို လိုအပ်တာထက် ပိုပြီး ယုယကြင်နာနေတယ်။ မာမီက မာနကြီးတဲ့သူပါ။ သားကြောင့် မဥ္ဇူရီကို လက်ခံတယ်ဆိုရင်တောင် မာမီ့အပြုအမူတွေက ထူးဆန်းနေသည်။

'မဥ္ဇူရီ ပြန်တော့မယ် မောင်'

'မောင် အိမ်အထိလိုက်ပို့မယ်'

'မပို့ပါနဲ့တော့၊ မဥ္ဇူရီမွေးနေ့မှာ မေမေနဲ့ကိုကိုလည်း ပြင်ဆင်ထားမှာပါ၊ နောက်နေ့မှ တွေ့မယ်နော် မောင်'

ချစ်သူအား ကျေနပ်စေရန် မဥ္ဇူရီ အနမ်းလေးနှင့် နှုတ်ဆက်ပြီး ပြန်လာခဲ့သည်။ မောင့်မာမီပေးလိုက်တဲ့ စိန်တစ်ဆင်စာက သူမစိတ်ကို ချောက်ချားနေ၏။ မာမီ့ရဲ့ ဂရုစိုက်မှုတွေက ထူးခြားနေသည်။ သူမ အိမ်ရောက်တော့ မေမေနှင့်ကိုကိုက မွေးနေ့ကိတ်တစ်လုံးနှင့် စောင့်နေ၏။ မွေးနေ့ကို သူမကိုကိုက လုပ်ပေးတာတဲ့။ မဥ္ဇူရီက ကိုကို့ကို စိုက်ကြည့်သည်။

'ဘာကြည့်တာလဲ မဥ္ဇူရီ၊ နင်က ကိုကို့ကိုဆိုရင် အမြဲတမ်း အထင်သေးနေတာပဲ၊ နင့်အစ်ကို အရင်ကနဲ့ မတူတော့ပါဘူးဟ'

'ဘယ်ကနေ ပိုက်ဆံရတာလဲ ကိုကိုနော် ထူးထူးခြားခြား မဥ္ဇူရီကို အရေးအရာလုပ်နေပါလား'

'ကဲပါ သမီးရယ် ကိုကိုက စေတနာနဲ့ လုပ်ပေးတာပါ ကဲ··· လာ၊ ကိတ်မုန့်စားမယ်'





မေမေကတော့ အမြဲတမ်း ကိုကို့ဘက်မှာပဲ ဖြစ်နေသည်။ မဥ္ဇူရီ စိတ်ထဲမှာ မောင့်ဆီက အထောက်အပံ့တွေ ကိုကိုယူနေတာ မနှစ်သက် ရှက်မိနေ၏။

အရင်ကနှင့်စာရင်တော့ ကိုကို ပိုပြီးတည်ငြိမ်နေသည်။

'မဥ္ဇူရီ'

'ပြော'

'နင့်ရဲ့မဟာဘုတ်လေ'

'တော်ပြီ'

'ထိုင်ပါဦး ညီမလေးရယ်၊ ကိုကို့ညီမလေးက အရမ်းချောတယ်၊ အဟဲ··· သူဌေးနဲ့ပဲ ညားမှာပါ'

'ကိုကိုက ညီမကို သူဌေးနဲ့ရပြီး ကြားထဲကနေ အချောင်လက်ဖြန့်တောင်းမလို့လား'

'ဒီကောင်မလေးတော့'

'သမီးရယ်··· ကိုကိုက အခုအရက်တောင် သိပ်မသောက်တော့ပါဘူး၊ လိမ္မာနေပါပြီ၊ ညည်း မရှိမသေ မဆက်ဆံနဲ့၊ အစ်ကိုဆိုတာ ကိုယ့်ညီမ သူဌေးနဲ့ ရစေချင်တာပေါ့ဟဲ့၊ အစ်ကိုမေတ္တာလေ'

မေမေကလေ ကိုကို့ဘက်ကပဲ ဒါကြောင့် ဆိုးနေတာ။ အခုတလော ကိုကို နည်းနည်းလေးတော့ ငြိမ်သက်နေသည်။ ကိုကိုက မောင်နှင့် သဘောတူနေ၏။ မေမေ့ကို ပြောမပြချင်။ မောင်မာမီ့ဆန္ဒအတိုင်း မဥ္ဇူရီ တက္ကသိုလ်ဝင်တန်းအောင်ဖို့ ကြိုးစားရမယ်။ မေမေ့ကြောင့်တော့ ကျတယ်။ သမီးအနာဂတ်အတွက် အရမ်းစိတ်ပူတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုနှင့်အတူ မွေးနေ့ပွဲလေးကျင်းပပြီး ကိတ်မုန့်တွေစားကြ၏။ ကိုကို အပြင်ထွက်သွားမှ မေမေ့နားကပ်ပြီး မသိမသာလေး မေမေ့အတွင်းစိတ်ကို တီးခေါက်လိုက်သည်။

'မေမေ'

'ဘာလဲ သမီး'

'တကယ်လို့လေ၊ မဥ္ဇူရီရဲ့ မဟာဘုတ်အရ သူဌေးတစ်ယောက်က လက်ထပ်မယ်ဆိုရင်ရော'

'မိမဥ္ဇူရီနော် စိတ်ကူးယဥ်မနေနဲ့၊ မဖြစ်နိုင်ပါဘူး၊ သမီးလေးက ချောလွန်းတော့ သူဌေးတစ်ယောက်ယောက်က စိတ်ဝင်စားချင်လည်း စိတ်ဝင်စားမှာပေါ့ကွယ်၊ ဒါပေမဲ့ ပြဿနာတွေက အတောသတ်မှာမဟုတ်ဘူး၊ မှန်းမထားနဲ့နော် မိမဥ္ဇူရီ၊ ဘယ်လိုမိဘတွေက ညည်းအဆင့်ကို လက်ခံမလဲ'

'လက်ခံမယ်ဆိုရင်ရော'

'ဘာပြောတယ်'

'မေမေကလည်းလေ လူတစ်ယောက်ရဲ့ ကံကြမ္မာဆိုတာ ဘယ်ပြောလို့ရမလဲ၊ တကယ်လို့ လက်ခံမယ်ဆိုရင်ရောလို့'

'လက်ခံမယ်ဆိုရင် အရင်ဆုံး မေမေ့ဆီ လူကြီးတွေကိုယ်တိုင် လာတောင်းရမ်းရမယ်၊ မဖြစ်နိုင်ပါဘူးအေ၊ သူဌေးကိုလည်း အထင်မကြီးနဲ့၊ ညည်းပဲ မျက်ရည်နဲ့ဒူး သုတ်နေရမယ်'

မောင်ကတော့ မဥ္ဇူရီကို ချစ်မြတ်နိုး တန်ဖိုးထားလွန်းပါတယ် မေမေရယ်ဟု ပြောချင်ပေမယ့် မောင်မာမီရဲ့ဆန္ဒက မရေရာမသေချာဖြစ်နေသည်ဟု ထင်သည်။





'ညည်းနော် သူဌေးကို မှန်းမနေနဲ့၊ မေမေ့ကို ဘာမဆိုပြောပြ၊ မဟုတ်တာတွေ လုပ်မယ်ဆိုရင်တော့ သမီးအဖြစ်ကနေ စွန့်လွှတ်မယ်'

'ဟွန်း . . . မေမေကလည်းလေ ကိုကို ဘယ်လောက်ပဲဆိုးဆိုး အမြဲတမ်း ခွင့်လွှတ်ထားပြီးတော့ မဥ္ဇူရီကျမှ သမီးအဖြစ်ကနေ စွန့်လွှတ်မလို့လား'

'ဟဲ့ . . . သားက ယောကျ်ားလေး၊ ဘာမှမဖြစ်ဘူး၊ ညည်းက မိန်းကလေး မဥ္ဇူရီ၊ သမီးလေး လိမ္မာပါတယ်အေ၊ တက္ကသိုလ်ဝင်တန်းပဲ အောင်အောင်ကြိုးစား၊ ဘွဲ့တစ်ခုရအောင် ယူ၊ တခြား ဘာတွေမှ စိတ်ကူးယဥ်မနေနဲ့၊ စာသွားကျက်တော့'

မေမေ့အနားကနေ မဥ္ဇူရီ ထွက်လာခဲ့သည်။ ဟုတ်ပါတယ်လေ။ မောင့်မာမီက မဥ္ဇူရီကို လက်ခံတယ်ဆိုတာ သံသယဖြစ်စရာပါပဲ။ အခန်းထဲရောက်မှ မောင့်မာမီပေးတဲ့ စိန်တစ်ဆင်စာကို ကြည့်ပြီး မက်မောခြင်းမရှိဘဲ သိမ်းထားလိုက်၏။ တစ်နေ့နေ့မှာ ပြန်ပေးရမလား။ သူမရင်လေးနေလေသည်။

□ □ □



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

ဒေါ်ခင်မြင့်မိုရ် တစ်စုံတစ်ခုအား ပြတ်သားစွာ ဆုံးဖြတ်ရမည့်အချိန်က မျှော်လင့်ထားသည့် အတိုင်းပင် ရောက်လာတော့သည်။ မဥ္ဇူရီ တက္ကသိုလ်ဝင်တန်းကို ထူးချွန်စွာ အောင်မြင်ခဲ့၏။ သားနှင့် မဥ္ဇူရီတို့ လူကြီးချင်း စေ့စပ်ပေးရမည့်အချိန်ကာလရောက်ရှိလာခြင်း ပင်ဖြစ်သည်။

'မာမီ ကတိအတိုင်းပဲ သားနဲ့ မဥ္ဇူရီကို စေ့စပ်ပါတော့'

ထိုတောင်းဆိုမှုအတွက် ဒေါ်ခင်မြင့်မိုရ် ဆင်ခြေပေး၍ ရွှေ့ပစ်၍မရနိုင်တော့။ တစ်စုံတစ်ခုအား ပြတ်သားစွာလုပ်ဆောင်ရမည် ဖြစ်သည်။ ရိရိသာဘက်မှ မိမိအား လုံးဝလက်မခံခြင်းပင်။ ကြိုးစား၍ မရနိုင်။ မိမိကို အပြစ်ပေးဖို့ထက် လူလိမ်မအဖြစ် သတ်မှတ်ပြီး သူ့ရှေ့ရောက်မလာဖို့ ပြင်းထန်စွာ ရာဇသံပေးထားခဲ့၏။ ထို့ကြောင့်ပင် သားကို မဥ္ဇူရီနှင့် လက်ထပ်ပေးဖို့မဖြစ်နိုင်တော့ကြောင်း သိလိုက်သည်။

'အတိတ်ကအကြောင်းတွေ သားသိလို့မဖြစ်ဘူး၊ မဥ္ဇူရီ မိခင်





က ငါ့ရဲ့လိမ်ညာကောက်ကျစ်မှုကြောင့် ဆင်းရဲဒုက္ခရောက်သွားရတာ သိလို့ မဖြစ်ပါဘူး'

အတိတ်ကို မတွေးရဲ။ သားက ရှုံ့မုန်းသည်။ မိမိတို့ချမ်းသာမှုက မသမာကြောင်း သိလို့မဖြစ်ပါဘူး။ မဥ္ဇူရီတို့မိသားစုဖြစ်နေ၍ အရမ်းရှက်ရှာမှာပဲ။ ဒေါ်ခင်မြင့်မိုရ် ဆုံးဖြတ်လိုက်၏။ သားနဲ့ မဥ္ဇူရီကို လိမ္မာပါးနပ်စွာ ခွဲပစ်ဖို့ပဲဖြစ်သည်။

'သားရဲ့ဆန္ဒကို ဖြည့်စွမ်းပေးနိုင်ဖို့ မာမီ အစွမ်းကုန်ကြိုးစားခဲ့ပါတယ်ကွယ်၊ မဖြစ်နိုင်တော့ပါဘူး'

ဒေါ်ခင်မြင့်မိုရ် ဆုံးဖြတ်ချက်နှင့်အတူ သားမသိစေဘဲ ပန်းမဥ္ဇူရီအား ခေါ်ယူတွေ့ဆုံခဲ့သည်။

'သမီးလေး စာမေးပွဲအောင်တဲ့အတွက် မာမီ ဂုဏ်ပြုပါတယ်ကွယ်'

'သမီးကို ပါးစပ်နဲ့ပဲ ဂုဏ်ပြုပေးပါ မာမီရယ်၊ ရပါပြီ'

'မဥ္ဇူရီလေးက ငွေကြေးလည်းမမက်မောဘဲနဲ့ ဖြူစင်သူလေး ဖြစ်နေပါတယ်၊ ဒါပေမဲ့ မာမီ့မှာ ပြောစရာစကား ရှိနေတယ်ကွယ်'

မဥ္ဇူရီ အထိတ်တလန့်နှင့် မာမီ့ကို မော့ကြည့်မိသည်။ မောင့်မာမီ မျက်ဝန်းတွေထဲမှာ ကြေကွဲရိပ်တွေ ရှိနေပေမယ့် သူမထင်ထားတဲ့ အတိုင်း မောင်နှင့်ခွဲခွာဖို့ စကားတွေပဲ ဖြစ်နေနိုင်သည်။

'ပြောပါ မာမီ၊ ပြောစရာရှိတာကို ပွင့်ပွင့်လင်းလင်းပဲ ပြောပါ၊ မဥ္ဇူရီကို အားမနာပါနဲ့'

'သားနဲ့လက်ထပ်ဖို့ လုံးဝမဖြစ်နိုင်ဘူး ထင်တယ်'



www.burmeseclassic.com

www.burmeseclassic.com



'ရှင်'

'စိတ်မကောင်းပါဘူး မဠူရီ၊ တက္ကသိုလ်ဝင်တန်းမအောင်မြင်သေးလို့ မာမီ မပြောသေးတာပါ'

မောင့်မာမီကို မဠူရီ နားမလည်နိုင်သလို အံ့ဩထိတ်လန့်စွာ ကြည့်မိသည်။ ဟန်ဆောင်ကောင်းလိုက်တာ။ မဠူရီတို့ကို ဘာဖြစ်လို့ လုပ်ရတာလဲ။ မောင့်ရှေ့မှာ သဘောကောင်းချင်ယောင်ဆောင်ပြခဲ့၏။ လက်ဆောင်ပေး၊ စားစရာသောက်စရာကအစ ဂရုတစိုက်ဟန်ပြခဲ့သည်။

'မာမို့သားကို စွန့်ခွာပေးပါ၊ ညည်းဘက်ကလေ အကြောင်းရှာပြီး ဖြတ်ပေးပါ၊ နောက်ထပ်မပတ်သက်စေချင်ဘူး၊ အဲဒီအတွက် ညည်းလေးမနစ်နာစေရအောင် မာမီ စီစဉ်ပေးပါ့မယ်၊ ကြိုက်တာတောင်းဆိုပါ'

'တော်ပါတော့ အန်တီ၊ ကျွန်မ သဘောပေါက်ပါတယ် အန်တီ အစောကြီးကတည်းက အန်တီဟန်ဆောင်မာယာများပြနေတယ်ဆိုတာ ကျွန်မ ရိပ်မိနေပါတယ်၊ ဒါကြောင့်လည်း အန်တီ့ကို ပြန်ပေးဖို့ ကျွန်မ ပစ္စည်းတွေ ပြန်ယူလာခဲ့ပါတယ်'

ပန်းမဠူရီက သူ့အမေလိုပဲ မတာရားတဲ့ ပစ္စည်းကို လက်မခံခဲ့။ မိမိက ရှက်စရာကောင်းလှန်းနေသည်။ ဒေါ်လေးမဟာ စေတနာနဲ့ ပေးတာပါ မဠူရီရယ်။ မင်းတို့မိသားစုကို ဒေါ်လေးမဟာကြောင့် ဒုက္ခတွေ အခက်အခဲတွေ ထပ်မရောက်စေချင်တော့ပါဘူးကွယ်။ ဒါပေမဲ့ ဘယ်နည်းနဲ့မဆို မာမို့ရဲ့အတိတ်က အကြောင်းတွေ သား





သိလို့မဖြစ်ပါဘူး။ လူ့လောကကြီးထဲမှာ ရပ်တည်ဖို့တောင် သား ခက်ခဲသွားလိမ့်မယ်။ ဒေါ်ခင်မြင့်မိုရ် ရင်ကွဲမတတ်နာကျင်ကြေကွဲရသည်။

'ဒီပစ္စည်းတွေက အန်တီ စေတနာနဲ့ပေးခဲ့တာပါ၊ မင်းပဲယူပါ၊ ထပ်ပြီးတော့ ပေးဖို့တောင်'

'တော်ပါတော့ အန်တီ၊ ဒီလိုမသန့်ရှင်းဘဲရလာတဲ့ ဘယ်အရာကိုမှ ကျွန်မ လက်မခံနိုင်ပါဘူး၊ အန်တီက အရမ်းပဲတော်ပါတယ်၊ ဒါပေမဲ့ ကျွန်မကတော့ ကြိုတင်တွေးထားပြီးသားပါ၊ အန်တီ့သားကို ရိုးသားစွာနဲ့ပဲ ချစ်ခဲ့မိလို့ ငွေကြေးအကြောင်းမပြောပါနဲ့'

'ပန်းမဠူရီ'

'အန်တီဖြစ်စေချင်တာတွေအားလုံး ဖြစ်စေရပါမယ်၊ ကျွန်မဘက်ကပဲ အန်တီ့သားကို ဖြတ်ပေးပါ့မယ် စိတ်ချပါ'

'မင်း'

'ကျွန်မကို ဘာမှပေးစရာမလိုပါဘူး၊ အန်တီ့ဘက်ကနေ ခဲ့စားတော့လည်း ကျွန်မလိုအဆင့်အတန်းမျိုး ရှိတဲ့ မိန်းကလေးမျိုးနဲ့ ဘယ်သဘောတူနိုင်ပါ့မလဲ၊ ဒါပေမဲ့ သားသမီးချင်းကိုယ်ချင်းစာပြီး အစောကြီးကတည်းက ကန့်ကွက်သင့်ပါတယ်၊ အခုတော့ ကျွန်မနဲ့ မောင် ချစ်သူတွေဆိုတာ ပတ်ဝန်းကျင်က သိထားပြီးကြပါပြီ၊ အဲဒါလည်း အန်တီ့သားက အတင်းထုတ်ဖော်ပြသခဲ့တာပါပဲ'

မောင်ရယ် မဠူရီတို့ ဘယ်လိုလုပ်ကြမလဲဟင်။ ဘယ်လို အကြောင်းနဲ့မှ မခွဲကြဘူးလို့ ကတိသစ္စာပြုထားခဲ့ပေမယ့် မောင့်မာမီက တင်းကြပ်စွာ တောင်းဆိုလာခဲ့ပါပြီ။ သူမထလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ပန်းမဥ္ဇူရီ··· မာမီက'

'ရပါတယ် အန်တီ၊ ဒီလိုပဲ ဖြစ်မှာပါပဲလေ၊ ကျွန်မကို စိတ်အေးလက်အေးနဲ့ တက္ကသိုလ်ဝင်တန်းဖြေခွင့်ရအောင် ထောက်ပံ့ခဲ့လို့ ကျေးဇူးတင်ပါတယ်နော်၊ အန်တီ့သားကို အဆက်အသွယ်ဖြတ်ပါ့မယ်၊ စိတ်မပူပါနဲ့၊ မဖြစ်နိုင်ဘူးဆိုတာလည်း အစောကြီးကတည်းက ကျွန်မ တွေးထားပြီးသားပါ'

မောင်··· မဥ္ဇူရီ အရမ်းနာကျင်နေရတယ်။ မောင့်မာမီကိုလည်း အပြစ်မတင်ချင်တော့ပါဘူး။ မိခင်ပဲလေ။ ကျွန်မက အသုံးလည်း မကျဘူး။ အဆင့်အတန်းလည်း နိမ့်ကျတယ်။ မဥ္ဇူရီမှာ မောင်အထင်ကြီးစရာ ဘာတစ်ခုမှမရှိနိုင်ပါဘူး။ သူမ ထွက်လာခဲ့သည်။

'အန်တီရယ် အစောကြီးကတည်းက ကန့်ကွက်ရင် မဥ္ဇူရီတို့ ဒီလောက်အထိ ခံစားရမှာ မဟုတ်ပါဘူး'

မတတ်နိုင်တော့ဘူးလေ။ မောင့်မာမီက လက်မခံဘူးဆိုရင် မဥ္ဇူရီ မေမေကလည်း ငြင်းပယ်လိမ့်မယ်။ အစောကြီးကတည်းက မောင့်ကို ပြန်မချစ်သင့်ပါဘူး။

'ဘာမဟာဘုတ်လည်း မဥ္ဇူရီ၊ နင့်သူဌေးကို မှန်းမထားနဲ့၊ သမီးပဲ မျက်နှာငယ်ရမယ်၊ နာကျင်ကြေကွဲရလိမ့်မယ်၊ ဘယ်မိဘက သမီးနဲ့ သဘောတူမှာလဲ၊ မေမေကလည်း ပိုက်ဆံဆင်းရဲပေမယ့် မာနတော့ချမ်းသာတယ်၊ စိတ်ကူးယဉ်မနေနဲ့ မဥ္ဇူရီ'

မဥ္ဇူရီ ခြေလှမ်းတွေက မောင်တို့ခြံကြီးထဲကနေ တစ်လှမ်း





ချင်းထွက်ခွာလာခဲ့သည်။ ကုမ္ပဏီကို ပြန်မသွားတော့ပါဘူး။ အိမ်ပဲပြန်မယ်။ မေမေ ပြောသလိုပဲ ဘွဲ့တစ်ခုခုရအောင်ယူမယ်။ ဘဝကို ကြိုးစားမယ်။ မေမေ့ဆီပဲ ပြန်မယ်။ သူမ အိမ်ပြန်ဖို့ အငှားကားငှားနေစဉ် မောင့်ကားက မဥ္ဇူရီအနား ရောက်လာသည်။

'မဥ္ဇူရီ မင်း ဘယ်ကိုသွားတာလဲ၊ မင်းကို မောင်တို့ခြံထဲဝင်သွားတယ်လို့ ကိုမိုးတိမ်တောင်က ပြောလို့ မောင်လာခဲ့တာပါ'

သူမ ငိုပြစ်ချင်နေသည်။ မောင်နှင့်မျက်နှာချင်းဆိုင်ဖို့ အရမ်းကြောက်ရွံ့နေခဲ့၏။ မဥ္ဇူရီ မျက်ဝန်းတွေ ကြေကွဲနေလို့မဖြစ်ဘူး။ စိတ်ကို ထိန်းချုပ်ပြီး မောင့်ကို ဆတ်ခနဲ မော့ကြည့်ဖြစ်သည်။

'ကိုရောင်စဉ်'

'ဟင်···'

'ကျွန်မ အခုပဲ ရှင့်မာမီကို သူပေးခဲ့တဲ့ ပစ္စည်းတွေယူသွားပြီး ပြန်ပေးခဲ့တယ်'

'ဟင်'

'အစောကြီးကတည်းက ကျွန်မ တက္ကသိုလ်ဝင်တန်းအောင်ချင်လို့ ရှင့်ကိုခုတုံးလုပ်ပစ်တာပါ'

'ဘာပြောတယ် မဥ္ဇူရီ၊ မင်းဘာတွေပြောနေတာလဲ၊ အိပ်မက်ယ် မရှိလိုက်တာကွာ၊ မဖြစ်နိုင်ဘူး၊ မင်းက ဒီလိုမိန်းကလေးမျိုးမဟုတ်ဘူးဆိုတာ မောင် သိတယ်'

'တကယ်ပြောတာပါ၊ ကိုရောင်စဉ် ကျွန်မကို လာမပတ်သက်ပါနဲ့တော့၊ မေ့ပစ်လိုက်ပါ'



www.burmeseclassic.com

www.burmeseclassic.com



'မင်း . . . မင်း . . . သစ္စာရေတွေ သောက်ထားတယ်လေ၊ ဘယ်လိုအကြောင်းကိစ္စနဲ့မှ မခွဲကြေး'

'ကျွန်မ အပေါ်ယံပဲ သစ္စာဆိုခဲ့တာပါ၊ စိတ်ထဲမပါပါဘူး။ ရှင့်ကိုလည်း မချစ်ဘူး၊ ကျွန်မအစ်ကိုအရွယ်ဖြစ်နေတယ်လေ၊ ကျွန်မ လက်ထပ်ချင်တာက စီးပွားရေးအရာကောင်းတဲ့ ယောက်ျားမဟုတ်ပါဘူး၊ ဆရာဝန်ပါ၊ ကျွန်မ ဆေးကျောင်းတက်မယ်၊ ရှင်နဲ့ ကိစ္စ ရပ်ပစ်ရမယ်၊ ကျွန်မအနာဂတ်မှာ အနှောင့်အယှက်ဖြစ်လို့ပါ၊ သွားပါပြီ'

'မဠူရီ'

အငှားကားပေါ်သို့ တက်သွားတဲ့ မဠူရီကို ရောင်စဉ် မဟန့်တားနိုင်ခဲ့။ ဘာတွေဖြစ်ရတာလဲ။ အဓိပ္ပာယ်မရှိတာပဲ။ မင်းက ဒီလို လိမ်ညာလှည့်ဖြားတတ်တဲ့ မိန်းကလေးတစ်ယောက်မဟုတ်ဘူးဆိုတာ မောင် သိပါတယ်ကွာ။ သူလုံးဝမယုံနိုင်။ မာမီ့ကြောင့်ပဲဖြစ်မယ်။ သူ နှင့် မဠူရီတို့ လူကြီးချင်းစေ့စပ်ဖို့ကိစ္စ မာမီကပဲ အကြောင်းအမျိုးမျိုးပြပြီး အချိန်ဆွဲနေခဲ့တာပါ။ သူတိုက်ကြီးထဲ ဝင်လာခဲ့သည်။ မာမီက ဧည့်ခန်းမှာထိုင်နေဆဲဖြစ်ပြီး မဠူရီ ပြန်ပေးခဲ့တဲ့ ပစ္စည်းတွေက မာမီ့ရှေ့မှာ ရှိနေသေး၏။ သူ့ကိုမြင်တော့ မာမီတုန်လှုပ်ချောက်ချားသွားသည်။

'သား . . . မင်း ပြန်လာပြီလား၊ စောလိုက်တာကွယ်'

'မာမီ'

'ဟင်'

'ဘာဖြစ်လို့ လုပ်ရတာလဲဗျာ၊ ရက်စက်လိုက်တာ၊ မာမီ





ဟန်ဆောင်ကောင်းလွန်းတယ်၊ သားထင်ထားတဲ့အတိုင်း မာမီက အကြံအစည်တွေနဲ့ ပန်းမဠူရီနဲ့ သားကိစ္စ အကွက်ဆင်ဖန်တီးခဲ့တာပဲ၊ မာမီ ဘာဖြစ်လို့ လိမ်ညာဟန်ဆောင်ရတာလဲ'

'ထိုင်ပါဦး သားရယ်၊ မာမီ ရှင်းပြပါ့မယ်၊ မင်း ပန်းမဠူရီနဲ့ တွေ့ခဲ့လို့လားကွယ်'

သားကို နှစ်သိမ့်ဖျောင်းဖျဖို့အတွက် ဒေါ်ခင်မြင့်မိုရ် စကားလုံးတွေ ရှာဖွေမရဖြစ်သွားသည်။ သားရဲ့မျက်ဝန်းအကြည့်တွေက မိမိအား အထင်သေးသလိုပင်။ ဒေါ်ခင်မြင့်မိုရ်က သားကို မိမိဘယ်လောက်ချစ်မြတ်နိုးကြောင်း ပြသချင်တာပါ။ ဘယ်မိခင်နှင့်မှမတူအောင် လိုက်လျောမှုတွေပေးချင်ခဲ့တာပါ။ သားက ထိုင်နိုင်းတာပင် လက်မခံ။ သားရဲ့ ဝမ်းနည်းကြေကွဲမှုတွေက သားမျက်ဝန်းတွေထဲမှာ ပြည့်နေသည်။

'မာမီကြောင့်ပါ၊ သား သိတယ်၊ အစောကြီးကတည်းက သားမယုံရဲတာ၊ သံသယရှိခဲ့တယ်၊ မာမီ ဘာဖြစ်လို့ ဒီလိုလုပ်ရတာလဲ'

'မဠူရီက မာမီ့ကိုလာတွေ့ခဲ့တယ်၊ သားကို လက်မထပ်နိုင်တဲ့အကြောင်း ပြောပြီး ပစ္စည်းတွေ ပြန်ပေးသွားတာပါ'

'မာမီ ထပ်လိမ်ပြန်ပြီလား၊ မဠူရီကြောင့်မဖြစ်နိုင်ဘူး၊ သား လက်မခံနိုင်ဘူး၊ မဠူရီက လိမ်ညာလှည့်ဖြားတတ်တဲ့ မိန်းကလေးမျိုးမဟုတ်ပါဘူး၊ အပြစ်မရှိတဲ့ မိန်းကလေးတစ်ယောက်ရဲ့ ဂုဏ်သိက္ခာညှိုးမှိန်အောင် ထပ်မပြောပါနဲ့တော့'



www.burmeseclassic.com

www.burmeseclassic.com



'မင်း ထင်ချင်သလိုထင် ရောင်စဉ်၊ မာမီ့ကို ဘာမှထပ်မပြော နဲ့တော့၊ မဋ္ဌူရီကိုယ်တိုင်က မင်းကိုလက်မထပ်နိုင်တဲ့အကြောင်း ပြောမှာပါ'

'အဲဒါ မာမီပြောခိုင်းတာပဲ၊ အကြပ်ကိုင်ပြောခိုင်းတာ၊ မဋ္ဌူရီ အကြောင်း ကျွန်တော် သိတယ်၊ မာမီ ဘယ်လောက်ပဲ လက်မခံဘဲ နေပါစေ၊ သား မဋ္ဌူရီကိုပဲ အရယူမယ်'

'ဘာပြောတယ်'

'ကျွန်တော့်ကို မာမီ သားအဖြစ်ကနေ စွန့်လွှတ်ပေးပါ၊ သားဘာမှ မယူဘဲ မဋ္ဌူရီဆီ သွားမယ်'

'မာမီ့စကားကို မင်း ဘယ်တုန်းကများ ဆန့်ကျင်ခဲ့လို့လဲ သားရယ်၊ မာမီ တောင်းပန်ပါတယ်၊ မဋ္ဌူရီနဲ့ လက်မထပ်ပါနဲ့၊ လောကကြီးထဲမှာ သူ့ထက်သာတဲ့မိန်းမတွေ အများကြီးပါ'

'တော်ပါတော့ မာမီ၊ ဘာမှဆက်မပြောပါနဲ့တော့၊ သား ဆုံးဖြတ်ထားပြီးပြီ၊ မဋ္ဌူရီကို ဘယ်လိုမှ မစွန့်လွှတ်နိုင်တော့ဘူး၊ သား တောင်းပန်ပါတယ်ဗျာ၊မာမီ လက်ခံပေးပါ၊ အစောကြီးကတည်းက မာမီ ဒီလိုလုပ်မယ်ဆိုတာ ကျွန်တော်တို့ တွေးပြီးကြောက်လန့်နေခဲ့ရတာပါ'

ဒေါ်ခင်မြင့်မိုရ် နာကျင်ထိခိုက်ရလွန်း၍ နှလုံးသားတွေ ကွဲအက်မတတ်ခံစားရသည်။ မာမီလက်ခံခဲ့ပါတယ် သားရယ်။ ထိုကြမ္မာက လက်မခံနိုင်တာပါ။ ဒါပေမဲ့ ဘယ်လိုမှ မဖြစ်နိုင်တဲ့ အခြေအနေဖြစ်နေရပါပြီ။





သားက အကြိမ်ကြိမ်တောင်းပန်နေသည်။ ဒေါ်ခင်မြင့်မိုရ် ငြင်းပယ်ရုံကလွဲပြီး တခြားနည်းလမ်းမရှိတော့။ သားက ထွက်သွားသည်။

'သား ဒီလောက်တောင်းပန်နေတာတောင် မာမီ လက်မခံနိုင်ဘူးဆိုရင်လည်း သားကို မာမီ့သားအဖြစ်ကနေ စွန့်လွှတ်လိုက်ပါ၊ သား မဋ္ဌူရီကိုပဲ လက်ထပ်မယ်၊ ဘာစည်းစိမ်အဆောင်အယောင်မှ မရှိတဲ့ဘဝနဲ့ပဲ လက်ထပ်မယ်၊ ကုမ္ပဏီနဲ့ စီးပွားရေးလုပ်ငန်းတွေ အားလုံး မာမီ့လက်ထဲပဲ ပြန်အပ်ပါတယ်ဗျာ'

'သား'

မာမီမှားပါတယ် သားရယ်။ သားလေးဆန္ဒကို မာမီအစွမ်းကုန်ဖြည့်စွမ်းပေးဖို့ ကြိုးစားခဲ့တာပါ။ မာမီ ဝဋ်ပြန်လည်တော့မယ်ဆင်တယ်။ မကြာခင် မာမီဟာ လူလိမ်မကြီးဆိုတာ သား သိလာရတော့မှာပါ။ မာမီ သေပစ်ချင်ပါတယ်။ ရင်ထဲမှာ မီးတောက်လောင်နေသည်။

❐ ❐ ❐



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

'သမီး စာမေးပွဲအောင်တဲ့အတွက် မေမေပျော်တယ်၊ စိတ်ချမ်းသာလိုက်တာကွယ်၊ မေမေ စိတ်ချရပြီ၊ ဘွဲ့လေးတစ်ခုလောက်တော့ ယူပါ သမီးလေးရယ်၊ လိုအပ်တဲ့သင်တန်းတွေလည်း တက်ရမယ်'

မေမေရယ် သမီးမပျော်ဘူး။ သမီး စာမေးပွဲအောင်ခဲ့တာက သမီးရဲ့မျှော်လင့်ချက်တွေ ပြိုကွဲပျက်စီးသွားရတာပါပဲ။ မောင်နဲ့ဝေးရတယ်။ မောင့်မာမီအရမ်းရက်စက်တယ်။ အကြံကြီးလွန်းတယ်။ ဒါပေမဲ့ မဓူရီကို စာမေးပွဲအောင်တဲ့အထိ စောင့်ပေးတာတော့ ကျေးဇူးတင်ပါတယ်။ မေမေပြောသလိုပဲ မဓူရီအထက်အမြင့်ကို မမှန်းတော့ပါဘူး။ မောင်က မဓူရီကို ရင်ထဲက ချစ်ခဲ့တာပါ။ မဓူရီကြောင့် မောင့်စိတ်တွေ နာကျင်ရပြီး ဂုဏ်သိက္ခာမဲ့မှာလည်း မလိုလားနိုင်လို့ပါ။ မဓူရီလည်း နာကျင်ရပါတယ်မောင်ရယ်။ မဓူရီ ဘယ်လိုမှ ဟန်ဆောင်နေနိုင်ခြင်းပင် မရှိတော့။ ကိုကိုလည်း ဝမ်းသာအားရနှင့် မဓူရီအတွက် ပျော်နေသည်။





'ညီမလေး စာမေးပွဲအောင်တာ ဘာဖြစ်လို့မပျော်ရတာလဲ၊ ကြည့်စမ်း ဝမ်းနည်းကြေကွဲနေသလိုပဲ၊ မျက်ဝန်းတွေက ရီဝေနေတယ်'

'ပျော်လို့ပါ ကိုကိုရာ၊ မဓူရီလေ အရမ်းပျော်တာပဲ၊ မေမေ့အတွက် အောင်မြင်သွားလို့လေ၊ မေမေက မဓူရီကို ဘွဲ့တစ်ခုခုအရမ်းရစေချင်တာ မဟုတ်လား'

'ဟုတ်တယ် သမီးလေး၊ မေမေ့ဘဝမှာ သမီးလေးအတွက် စိတ်အေးချင်တာ အဓိကပါပဲ'

သမီးလေးကို ကျောင်းဆက်ထားဖို့ပင် ဒေါ်ရီရီသာ့မှာ ခက်ခဲနေသေးသည်။ ငွေရှာရမယ်။ သမီးလေးအတွက် အရေးကြီးတယ်။ သားကိုလည်း လိမ္မာဖို့ ပြောနေရ၏။ သမီးလေး မျက်နှာလေး ညှိုးငယ်နေသလိုပင်။ ရှေ့ဆက်သင်ရမည့် ပညာရေးအတွက် သမီးလေးစိတ်ပူနေမလားပဲ။ ဒေါ်ရီရီသာ ပွေ့ဖက်၍ နှစ်သိမ့်ပေးနေရသည်။

'သားလည်း ညီမလေးအတွက် တာဝန်ယူနိုင်အောင် ကြိုးစားစမ်းပါ၊ သမီးလေး စာမေးပွဲအောင်ပေမယ့်လည်း ပညာဆက်သင်ဖို့က ရှိသေးတယ်၊ မပူပါနဲ့ သမီးရယ်၊ မေမေ ရှိပါတယ်၊ ကိုကိုလည်း အရင်ကလို မဆိုးတော့ပါဘူး'

'သူ့ကို ထောက်ပံ့မယ့်သူ ရှိပါတယ်၊ သူကမှ လက်မခံတာပဲ'

'ဟင်… ဘယ်သူလဲ၊ ပြောစမ်း မဓူရီ၊ ဘယ်သူထောက်ပံ့မှာလဲ'



www.burmeseclassic.com

www.burmeseclassic.com



'အလကားပါ မေမေရာ၊ ကိုကို လျှောက်ပြောနေတာ၊ မရှိပါဘူး'

'ရှိတယ် မေမေ၊ အရမ်းသဘောကောင်းပြီး ယောကျ်ားပီသတယ်၊ ညီမလေးရဲ့ ဗေဒင်မဟာဘုတ်မှာ ဗေဒင်ဆရာက ဟောထားတယ်လေ၊ သူဌေးနဲ့ ညားမယ်ဆိုတာ'

'ကိုကိုနော် မဟုတ်တာတွေ အဲဒီလိုအချောင်သမားစိတ်ဓာတ်ကို မဠုရီ မကြိုက်ပါဘူး၊ တော်ပြီ၊ ပေါက်ကရတွေ လျှောက်ပြောမနေနဲ့နော်၊ ဘာမဟာဘုတ်လဲ၊ ကိုကိုပြောတာတွေ မယုံနဲ့ မေမေ'

မေမေသိသွားမှာ မဠုရီ အရမ်းကြောက်တယ်။ မတန်မရာ မှန်းရမလားဆိုပြီးလေ။ မေမေက ပြောပြီးသားပဲ။ သူဌေးသားကို စိတ်ကူးထဲတောင် မထည့်နဲ့တဲ့။ မတူမတန်တာတွေ အဆင့်အဆန်းခွဲခြားခံရတာတွေမေမေ ကြိုက်ဘူးတဲ့ ကိုယ်နဲ့ဘဝတူပဲ စဉ်းစားလို့ပြောထားခဲ့သည်။

'မဠုရီ ရေချိုးဦးမယ် မေမေ'

'ချိုးချိုး သမီး၊ ပြီးမှ သမီး စာမေးပွဲအောင်လို့ မေမေက ကြက်ပေါင်းဟင်းချက်ထားတာ၊ သမီးငယ်ငယ်ကတည်းက အရမ်းကြိုက်တဲ့ဟင်း'

မေမေ့စကားကြောင့် မောင်မာမီကိုပင် မဠုရီ သတိရသွားသည်။ မဠုရီ့အကြိုက်တွေကို သိနေခဲ့ပြီး တယုတယ ကျွေးမွေးခဲ့ကာ ဟန်ဆောင်အလွန်ကောင်းခဲ့၏။ ရက်စက်တယ်။ မဠုရီကို အစကတည်းက အဖက်မတန်သလို ဆက်ဆံခဲ့ပါလား။ မေမေတို့ရှေ့မှာ ဟန်ဆောင်မနေနိုင်တော့သဖြင့် သူမ အိပ်ခန်းလေးထဲ ဝင်လာခဲ့သည်။





'ညီမလေး နင် စိတ်ကူးမလွဲနဲ့နော်၊ ကိုကိုက လူရွေးတတ်ပါတယ်ဟ၊ သက်တန့်ရောင်စဉ်က လူတော်နော်'

'သားကြီး'

'ဗျာ'

'ဘယ်က သက်တန့်ရောင်စဉ်လဲ၊ မင်း ကိုယ့်ညီမလေးကို ဘယ်သူနဲ့ အောင်သွယ်ပေးနေတာလဲ'

'ဟို··· အား·· မေမေ သားက အောင်သွယ်တာမဟုတ်ပါဘူး၊ တကယ့်ကို တည်ကြည်ခန့်ညားတဲ့ ယောကျ်ားပါ မေမေ၊ စီးပွားလည်း အရမ်းကောင်းတယ်၊ လုပ်ငန်းရှင် သူဌေးပါ'

'ဘယ်ကလုပ်ငန်းရှင်သူဌေးလဲ မင်းသော်တာ၊ အဓိပ္ပာယ်မရှိတာပဲ၊ ဘယ်သူဌေးက မင်းညီမကို တင့်တင့်တယ်တယ် လက်ထပ်ယူမလဲ၊ မလုပ်နဲ့၊ မကြိုက်ချင်နေပါစေ၊ တော်ပြီ သားအရေးကြီးတာ သမီးဘွဲ့တစ်ခုရဖို့ပဲ'

ဘယ်ကသူဌေးလဲ။ ဒီကောင်မလေးက ဗေဒင်ရှူးပြီး အိမ်ထောင်ရေးကိုပဲ စဉ်းစားနေပြီလား။ သားသမီးတွေ ဆင်းရဲဒုက္ခရောက်လေ မိမဟာကို ဒေါသဖြစ်လေပဲ။ ဒီကောင်မ မိမဟာ မိမိတို့မိသားစုကို ချဉ်းကပ်ဖို့ ကြိုးစားနေသလိုပင်။ ဒီတစ်ခါရောက်လာလို့ကတော့ အသေပဲ။ မိမဟာပေးတဲ့ငွေတွေလည်း မိမိလက်မခံချင်ပါဘူး။ မသမာတဲ့ငွေတွေပဲဖြစ်မယ်။ မယူဘူး။ ဒေါ်ရီရီသာက မာနရှိသည်။

'သား··· သမီး မကြိုက်ရင် ယောကျ်ားအကြောင်းတွေ မပြောနဲ့တော့၊ ဘယ်ကလူလဲ၊ ပြဿနာကို မီးခွက်ထွန်းမရှာနဲ့ မင်းသော်တာ'



www.burmeseclassic.com

www.burmeseclassic.com



မင်းသော်တာလည်း သက်တန့်ရောင်စဉ်ကို သဘောကျ တယ်။ ယောက်ဖတော်ချင်နေတာပါ။ ဒီကောင်မလေးက မကြိုက်ဘူး။ ညီမလေးပြောသလို မင်းသော်တာလည်း ဘာလုပ်ရမှန်းမသိတော့ ဘူး။ လက်ကျောမတင်းလို့ထင်တယ်။ ယောက်ဖသူဌေးပဲ လိုချင်တယ်။ မင်းသော်တာကို ထောက်ပံ့မည့်သူရှိနေတာတောင် ညီမလေးက မကြိုက်ဘူး။ မေမေကလည်း မင်းသော်တာကိုပဲ ဆူနေသည်။

'ညီမလေးကို မင်းမဟုတ်တာတွေ သင်ပေးမနေနဲ့၊ မင်း အလုပ်လုပ်ပါကွယ်၊ ညီမလေးက မင်းကြောင့်ပဲ ဒုက္ခတွေရောက်နေ ရရှာတာပါ၊ မေမေလည်း အလုပ်ပြန်လုပ်မယ်၊ ငွေရှာရမယ် သားရယ်'

ဒေါ်ရီရီသာလည်း သမီးလေးတက္ကသိုလ်တက်ဖို့အတွက် ငွေရှာရမည်ဖြစ်သည်။ ဈေးပြန်ရောင်းရမယ်။ မိမိအနားယူနေလို့ မဖြစ် ဘူး။ ဒေါ်ရီရီသာ အားလျှော့လို့မဖြစ်သေးပါဘူး။ သမီးလေးက အလှူ ဝင်မယ်တဲ့။ သမီးလေး မဍ္ဂုရီကျမှ အခက်အခဲတွေ ဖြစ်နေရသည်။

'သားလည်း ငွေရှာမှာပါ မေမေ၊ မပူပါနဲ့'

'သား'

'ဗျာ'

'ညီမလေးအတွက် အစ်ကိုကောင်း ပီသပြစမ်းပါ၊ နည်းနည်း ပါးပါး အထောက်အကူရရင် တော်ပါပြီကွယ်'

မင်းသော်တာ ညနေစောင်းတော့ ရောင်စဉ်ကို တွေ့ချင် တွေ့ငြား လက်ဖက်ရည်ဆိုင်သို့ ထွက်လာခဲ့သည်။ ထင်ထားသည့် အတိုင်းပင် ခဏကြာတော့ ရောင်စဉ် ရောက်လာ၏။ သူ့ကိုတွေ့ချင် လို့ လာတာဟု ပြောသည်။





'ကိုယ်လည်း မောင်ရင့်ကို တွေ့ချင်လို့လာတာပဲ'

'ဘာကိစ္စရှိလို့လဲ အစ်ကို'

'မင်းက ကုမ္ပဏီထောင်ထားတာဆိုတော့ အစ်ကို အလုပ် လုပ်ချင်တယ်၊ ညီမလေး တက္ကသိုလ်ဝင်တန်းအောင်တယ်လေ၊ ပညာ ဆက်သင်ဖို့ အစ်ကိုအလုပ်လုပ်ရမယ်'

'အစ်ကို'

'ပြော'

'အလုပ်က မခက်ပါဘူး၊ ဒါပေမဲ့ အစ်ကို့ကို ကျွန်တော် ဖွင့်ပြောစရာ ရှိတယ်'

'ပြောပါ ညီလေး၊ အစ်ကို့ကိုတော့ အထင်မသေးနဲ့နော်၊ အစ်ကိုက အခုတော့ လိမ္မာဖို့ ကြိုးစားနေတယ်၊ ညီမလေးကို သနား လို့ပါ'

'ကျွန်တော် အထင်မသေးပါဘူး၊ အစ်ကိုက လေးစားစရာ ကောင်းပါတယ်၊ ကျွန်တော်ပြောချင်တာက အစ်ကို့ညီမကို လက်ထပ်ခွင့် တောင်းဖို့ပါ'

'ဘာပြောတယ်ကွ'

'အားတော့နာပါတယ် အစ်ကို၊ ပန်းမဍ္ဂုရီကို လက်ထပ်ပါ ရစေ'

ရောင်စဉ်ဆိုတဲ့ သူဌေးလေးကို မင်းသော်တာ တအံ့တသြ ကြည့်မိသွားသည်။ ဘယ်လိုကောင်လေးလဲ။ မဍ္ဂုရီကို လက်ထပ်ပါရ စေတဲ့။ မေမေပြောသလိုပဲ တင့်တင့်တယ်တယ် လက်ထပ်ပါ့မ လား။



www.burmeseclassic.com

www.burmeseclassic.com



ရောင်စဉ်မျက်ဝန်းတွေက ကြေကွဲထိခိုက်နေ၍ မင်းသော်တာ ယုံကြည်မိနေသလိုပင်။ အစ်ကိုတစ်ယောက်အနေနှင့် ညီမလေးဘဝ တင့်တယ်သွားဖို့လုပ်ပေးချင်တဲ့ ဆန္ဒတွေ ရှိလာခဲ့ပေမယ့် ညီမလေး စိတ်သောကရောက်မှာလည်း ပူမိသည်။

'အစ်ကိုက လူဆိုးလူတောဆိုပေမယ့် ညီမလေးဘဝတစ် လျှောက်လုံး စိတ်ဒုက္ခရောက်ရမယ့်ကိစ္စမျိုးတော့ မလုပ်ချင်ဘူး၊ မင်း က ငါ့ညီမကို လက်ထပ်ချင်လို့ ငါ့ကိုထောက်ပံ့နေတာလား'

'မဟုတ်ပါဘူး အစ်ကိုရာ၊ ကျွန်တော်က လူတွေကို ကူညီ ထောက်ပံ့ပေးတာပါ'

'ငါ့ညီမလေးက မင်းကို ချစ်ဖို့လည်း လိုအပ်တယ်၊ အစ်ကို ကတော့ မင်းကိုကြည့်တာနဲ့ အမှန်အကန်ဖြစ်မယ်လို့ ယုံကြည်တယ် ကွာ၊ ဒါပေမဲ့ မေမေနဲ့မဋ္ဌူရီက ရှိသေးတယ်၊ မင်းမိဘက ငါ့ညီမလေးနဲ့ သဘောတူပါ့မလားကွ'

'ကျွန်တော် လက်ထပ်မယ် အစ်ကိုရယ် မဋ္ဌူရီနဲ့ ကျွန်တော် ချစ်သူတွေပါ'

'ဘာပြောတယ်ကွ'

'ကျွန်တော့်မာမီက သဘောမတူလို့ပါပဲ၊ ကျွန်တော်က သားအဖြစ်ကနေ စွန့်လွှတ်ပါစေ မဋ္ဌူရီကို လက်ထပ်မယ်၊ ကျွန်တော် အိမ်ကနေ ထွက်လာခဲ့ပါပြီ'

'ညီမလေးကရော'

'ကျွန်တော့်မာမီသဘောမတူရင် လက်မထပ်နိုင်ပါဘူး'





ညီမလေးက ခေါင်းမာတယ်။ မေမေကလည်း လက်ခံမှာ မဟုတ်။ မင်းသော်တာကတော့ ယောကျ်ားပီသ၍ သဘောတူသည်။

'အစ်ကို ကူညီနိုင်မှာမဟုတ်ဘူး ညီလေးရာ'

'ကျွန်တော် မဋ္ဌူရီနဲ့ တွေ့ပါရစေ'

'မဖြစ်နိုင်ဘူးထင်တယ်ကွာ၊ မေမေက မာနကြီးတယ်၊ မင်းမာ မီလက်မခံဘဲ သဘောတူမှာမဟုတ်ဘူး၊ ညီမလေးကလည်း မေမေ့လိုပဲ မင်းပြန်ပါ၊ အမေကိုလည်း ပြစ်မထားနဲ့၊ မင်းနောင်တရလိမ့်မယ်၊ ညီမလေးနဲ့ ဖူးစာမှန်ရင် မလွဲမသွေ လက်ထပ်ရမှာပါ၊ စောင့်နေပါကွာ'

'ကျွန်တော် ဘယ်လိုမှ စောင့်နေလို့မရဘူး အစ်ကိုရာ၊ တစ်နာရီ တစ်စက္ကန့်လောက်တောင် သည်းမခံနိုင်ဘဲ စိတ်ပူနေတယ်'

'အစ်ကိုလည်း မတတ်နိုင်ဘူး၊ မိသားစုအပေါ် တာဝန်မကျေ ဘဲ ဒုက္ခပေးလာခဲ့တဲ့လူပါကွာ၊ အခုမှပြင်နေတာ၊ မေမေက မရဘူး၊ မဖြစ်နိုင်ဘူး ညီလေးရာ'

ရောင်စဉ်ကတော့ မာမီ ရက်စက်သည်ဟု ထင်သည်။ သူနှင့် မဋ္ဌူရီ ချစ်ကြတာ သိသိကြီးနှင့် ခွဲပစ်လိုက်၏။ ဘယ်လိုမှ ပြောမရ။ မဋ္ဌူရီကိုတော့ ရောင်စဉ် မစွန့်လွှတ်နိုင်ပါဘူး။ သူ့နှလုံးသား တွေ ကြေကွဲနာကျင်လွန်း၍ ဘယ်လိုမှ သည်းခံမနေနိုင်တော့။ မဋ္ဌူရီကို တွေ့ဖို့ပဲ ကြိုးစားနေသည်။

'ကျွန်တော် အစ်ကိုနဲ့ လိုက်ခဲ့ပါရစေ၊ တောင်းပန်ပါတယ် ဗျာ၊ ကျွန်တော့်အစ်ကိုကျေးဇူးကို 'မမေ့ပါဘူး၊ ကူညီပါ'

မင်းသော်တာလည်း ညီမလေးချစ်သူဖြစ်နေ၍ ကူညီဖို့ ဆုံး



www.burmeseclassic.com

www.burmeseclassic.com



ဖြတ်လိုက်သည်။ မထူးတော့ဘူး။ ရောင်စဉ်က သူ့ကိုထောက်ပံ့ပေးကမ်းနေသူပဲ။ အိမ်ကိုခေါ်လာခဲ့၏။

ညီမလေး မိတ်ဆွေပါဟုပဲ မေမေ့ကို ပြောလိုက်သည်။

'မဥ္ဇူရီ ထွက်ခဲ့ဦး သမီး ဧည့်သည်လာနေတယ်'

သားကြီးကိုတော့ လန့်ရသည်။ သမီးလေးမိတ်ဆွေဖြစ်နေ၍ ဒေါ်ရီရီသာ လက်ခံရသည်။

'သားနဲ့မဆိုင်ဘူးနော် မေမေ၊ မဥ္ဇူရီနဲ့ပတ်သက်တာပါ၊ ဟဲ့·· ညီမလေး ထွက်ခဲ့ဦး'

မောင် ရောက်လာပြီဆိုတာ မဥ္ဇူရီ သိလိုက်သည်။ ထွက်မတွေ့ရင်လည်း ပြဿနာက ပိုပြီးရှုပ်ထွေးသွားမယ်ဆိုတာ သိလိုက်၏။ မောင်လည်း အရမ်းခံစားနေရမယ်ဆိုတာ မဥ္ဇူရီ သိပါတယ်။ သူမ ထွက်လာခဲ့သည်။

'မေမေ မဥ္ဇူရီ အပြင်ကို ခဏသွားမယ်၊ ကိုရောင်စဉ် အပြင်မှာပဲ စကားပြောကြရအောင်'

'သမီးလေး မြန်မြန်ပြန်လာခဲ့နော်'

'ဟုတ်ကဲ့'

မေမေကတော့ မဥ္ဇူရီအား တင်းမာပြတ်သားတဲ့အကြည့်တွေနှင့် ကြည့်ပြီး မြန်မြန်ပြန်လာဖို့မှာနေသည်။ မဥ္ဇူရီရင်ထဲမှာ အင်အားတွေဆုတ်ယုတ်နေပြီထင်၏။ ခြေလှမ်းတွေက ယိုင်ခွေကျချင်လာသည်။ မောင့်ကိုမကြည့်။ ယောကျ်ားတစ်ယောက်ကိုချစ်ပေမယ့်လည်း လူကြီးမိဘတွေ အတင်းအကြပ်တားဆီးခံရသည့်ကြားမှ အတင်းအကြပ်





လက်ထပ်ယူဖို့ မဥ္ဇူရီ ဘယ်လိုနည်းနှင့်မှ မလုပ်နိုင်။ သူမ စိတ်တွေကို တင်းထားသည်။

'ကိုရောင်စဉ် ကားကို ရပ်လိုက်တော့၊ ကျွန်မအိမ်နဲ့ အဝေးကြီးကို မသွားချင်ဘူး၊ ကျွန်မဆုံးဖြတ်ချက်ကတော့ ရှင့်ကို ဘယ်လိုအကြောင်းနဲ့မှ လက်မထပ်နိုင်ဘူး'

'မင်းနဲ့မောင် ဘုရားမှာသစ္စာဆိုခဲ့ကြတယ်လေ ဘယ်လိုအကြောင်းနဲ့မှ မခွဲခွာကြပါဘူးလို့'

'ကျွန်မဘက်ကပဲ စတင်ဖျက်ပါတယ်၊ သ[illegible]ယ် ကိုရောင်စဉ်၊ မိခင်တစ်ယောက်ရဲ့ စိတ်သဘောတွေက[illegible]သည်။ စဉ်းစားရပါမယ်'

ဒေါ်ခင်မြင့်မိုရ် အနေနဲ့ သူ့သားကို ကျွန်မလို [illegible] ရှိတဲ့မိန်းကလေးနဲ့ သဘောတူနိုင်မှာမဟုတ်ဘူး။ ကျွန်မကို တက္ကသိုလ်ဝင်တန်းအောင်တဲ့အထိ စောင့်ပေးတဲ့အတွက် ကျေးဇူးတင်ချင်ပါတယ်။

'မောင်ကတော့ လုံးဝလက်မခံနိုင်ဘူး မဥ္ဇူရီ၊ မောင့်ရင်ထဲက အချစ်တွေက လက်မခံဘူး မောင်တို့လက်ထပ်ကြအောင်ပါ'

'ကိုရောင်စဉ် ခဏလေး သည်းခံစောင့်ပေးပါ၊ ရှင့်အမေ လက်ခံလာတဲ့အထိလေ၊ ရှင့်မာမီအပေါ် ကျွန်မ လုံးဝမရက်စက်နိုင်ပါဘူး၊ ကျွန်မ ဆုံးဖြတ်ထားပြီးပါပြီ၊ ရှင်နဲ့ဘယ်တော့မှ ကိုယ့်သဘောဆန္ဒအတိုင်း လက်မထပ်ဘူး၊ ကျွန်မ မေမေကလည်း လက်ခံမှာမဟုတ်ဘူးပဲ၊ ကျွန်မ ပြန်မယ်၊ နောက်ထပ်ဘယ်တော့မှ ကျွန်မနဲ့ မဆက်သွယ်ပါနဲ့၊ ကျွန်မမှာ ပတ်ဝန်းကျင်ရှိတယ်၊ ဂုဏ်သိက္ခာလည်းရှိတယ်၊ ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



တောင်းဆိုတာပါ၊ မိန်းကလေးတစ်ယောက်ရဲ့ အရှက်သိက္ခာကို စောင့်ထိန်းပေးပါ'

'မဉ္ဇူရီ'

'ကျွန်မကိုတန်ဖိုးထားတယ်ဆိုရင် အဲဒီလိုပဲလုပ်ပေးပါ၊ ကျွန်မအလုပ်ကလည်း ထွက်ပါပြီ၊ ရှင့်ကိုစိတ်ဒုက္ခတွေ ရောက်စေတဲ့အတွက် တောင်းပန်ပါတယ်'

'မောင်လုံးဝလက်မခံနိုင်ဘူးနော် မဉ္ဇူရီ၊ မင်းနဲ့မောင် ချစ်သူတွေပဲ [illegible] ကုမ္ပဏီပိုင်ရှင်လည်း မဟုတ်တော့ဘူး၊ ကိုယ်အိမ်ကနေဆင်းလာပြီ'

'အဲဒါ ရှင့်ကိစ္စပဲ၊ မိခင်တစ်ယောက်ကို ပစ်ထားခဲ့တာ ရှင်တစ်နေ့ နောင်တတွေအကြီးအကျယ်ရလိမ့်မယ်၊ ပြန်သွားပါ၊ ရှင့်မာမီ မမှားပါဘူး၊ ပြန်ပါ'

မောင့်အနားမှာ မဉ္ဇူရီ ဆက်နေလျှင် စိတ်တွေပျော့ပြီး မောင့်ရင်ခွင်ထဲတိုးဝင်မိတော့မည်ဖြစ်သည်။ မဉ္ဇူရီ ပြန်မှဖြစ်မယ်။ မဉ္ဇူရီရဲ့ ခြေလှမ်းတွေက ရွေ့ရှားမရ။ မောင်အထီးကျန်နေတော့မည်။ ကုမ္ပဏီကလည်း မောင် မဦးစီးလို့မဖြစ်ပါဘူး။ မဉ္ဇူရီ ဘယ်လိုလုပ်ရမလဲ။ မောင့်ကို အရမ်းသနားတယ်။ ဒါပေမဲ့ မဉ္ဇူရီ ဆုံးဖြတ်ပြီးသားဖြစ်နေသည်။

'နေပါစေ၊ မောင် သူ့အမေဆီ သွားချင်သွား၊ မသွားချင်နေ ဘာဆိုင်လဲ'





သူမ စိတ်ကိုတင်းပစ်လိုက်ပြီး သူ့အနီးကနေ ချာခနဲ လှည့်ထွက်လာခဲ့လေသည်။

'မဉ္ဇူရီ မောင်လုံးဝ မင်းကို မစွန့်လွှတ်နိုင်ဘူးနော်၊ လက်ထပ်ဖြစ်အောင် ကြိုးစားမယ်၊ မင်း စောင့်နေပါ'

'မျှော်လင့်မနေပါနဲ့ ရှင့်အမေဆီပဲ ပြန်ပါ'

သူမခြေလှမ်းတွေက ရပ်ကွက်ထဲသို့ အပြေးကလေး ဝင်ခဲ့သည်။ မျက်ရည်တွေက သူမမျက်ဝန်းတွေထဲမှ ဖိတ်စင်လွင့်ကျ ကုန်၏။ အိမ်နားမရောက်ခင် ခြေစုံရပ်ပြီး မျက်ရည်တွေကို သိမ်းဆည်းပစ်လိုက်သည်။

'မဉ္ဇူရီ မောင့်ကို အရမ်းချစ်တယ်၊ စောင့်နေပါ့မယ်၊ ဘယ်နေ့ပဲဖြစ်ဖြစ်လေ၊ မောင်နဲ့လက်ထပ်ရမယ့်နေ့လေးကိုပါ'

သူမ အိမ်လေးထဲ ဝင်လာခဲ့လေသည်။

❐ ❐ ❐



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)

'မဠူရီ'

'ရှင်'

'မေမေ့ကို ပြောပြစမ်းပါ၊ ဘာတွေဖြစ်ကြတာလဲ၊ ဟိုလူယ်က'

'အားလုံးပြီးပါပြီမေမေ'

'ဘာပြောတယ်'

'ကိုရောင်စဉ်နဲ့ သမီးက ချစ်သူတွေပါ၊ အခုတော့ လမ်းခွဲလိုက်ကြပါပြီ'

'ညည်း… ညည်း ဘာတွေလုပ်ခဲ့တာလဲ မဠူရီ၊ ညည်းအတွက် ကျောင်းစရိတ်တွေကို ဒီကောင်လေးက ထောက်ပံ့ခဲ့တာလား ယောကျ်ားလေးတစ်ယောက်ရဲ့ အထောက်အပံ့ကို ညည်း… ညည်းလက်ခံပြီး စာမေးပွဲဖြေခဲ့တာလား'





မေမေ့ကိုတော့ မဠူရီ အကျိုးအကြောင်းဖွင့်ပြောပြမှဖြစ်မည်။ မဠူရီ တစ်ယောက်တည်း ကြိတ်ပြီး မခံစားနိုင်တော့လို့ပါ။ မဠူရီ ဘာဆက်လုပ်ရမလဲဆိုတာတိုင်ပင်စရာ ရင်ဖွင့်ပြစရာ မေမေပဲ ရှိနေသည်ထင်သည်။

'ပြောပြစမ်းပါ၊ ညည်းကိုယ်ကျင့်တရားတွေ ဒီလောက်အထိပဲ ပျက်စီးယိုယွင်းသွားပြီလား'

'မဟုတ်ပါဘူး မေမေ၊ မဠူရီ အားလုံး ပြောပြပါ့မယ်၊ မဠူရီ အရမ်းခံစားနေရလို့ မေမေ နှစ်သိမ့်ပေးပါနော်'

မေမေ့ရင်ခွင်ထဲသို့ တိုးဝင်ဖက်ထားမိသည်။ မျက်ရည်တွေက တားမရတော့ဘဲ တလိမ့်လိမ့်ကျလာ၏။ တသိမ့်သိမ့်ရှိုက်ငိုပစ်မိသည်အထိပင်။ မေမေ့လက်တွေက သူမခန္ဓာကိုယ်လေးအား တင်းကြပ်စွာ ပွေ့ဖက်ထားသည်။

'ပြောပြပါ မေမေ၊ နားလည်ပါတယ်၊ မချွင်းမချန် မေမေ့ကို ဖွင့်ပြောပြပေးပါ သမီး'

မေမေ့ကို မဠူရီ အဖြစ်အပျက်တွေအားလုံး ဖွင့်ပြောပြလိုက်သည်။ ရင်ထဲမှာ သိမ်းဆည်းထားရတာ မွန်းကြပ်လွန်း၍ ဖြစ်၏။ အမေက မဠူရီအပေါ် အမြဲတမ်း နားလည်ပေးတတ်သည်။

'မောင်သက်တန့်ရောင်စဉ်ရဲ့အမေက နာမည်ဘယ်သူလဲ သမီး'

'အရမ်းတော်ပြီး ထက်တဲ့ မိန်းမတစ်ယောက်ပါ မေ၊ မဟာမြင့်မိုရ်ကုမ္ပဏီကို ထူထောင်ခဲ့တဲ့သူပါ၊ နာမည်က ဒေါ်ခင်မြင့်မိုရ်'



www.burmeseclassic.com

www.burmeseclassic.com



'ဘာပြောတယ်'

ဒေါ်ရီရီသာ ထိတ်လန့်တုန်လှုပ်ရလွန်း၍ ခေါင်းထဲမှ မိုက်ခနဲ ပြာဝေသွားပြီး သမီးကိုဖက်ထားတဲ့လက်တွေပင် ပြေလျော့သွားရသည်။

'ငါတောင်းပန်ပါတယ် ရီရီသာ၊ နင့်ကိုခြေသလုံးဖက်တောင်းပန်ပါတယ်၊ ငါတို့အတိတ်က အဖြစ်အပျက်တွေကို မေ့ပစ်ပေးပါ၊ လျှို့ဝှက်ထားပေးပါဟယ်'

ဒေါ်ခင်မြင့်မိုရ်ဆိုတာ မိမဟာပဲဖြစ်နိုင်သည်။ မဟာ့ငယ်နာမည်က ခင်မြင့်မိုရ်ပါ။ ကြီးကျယ်လွန်း၍ မဟာဟု အမည်တွင်ခဲ့၏။ မောင်သက်တန့်ရောင်စဉ်က မိမဟာရဲ့သားပဲ။ ဖြစ်မှဖြစ်ရလေကွယ်။ ဒေါ်ရီရီသာ ဘယ်လိုလုပ်ရမှန်းမသိအောင် ဖြစ်သွားသည်။

'မောင့်မာမီရဲ့သဘောထားက အရမ်းကြီးတော့ မဆိုးပါဘူး မေမေရယ်၊ သမီးအပေါ်လည်း အရမ်းကြင်နာယုယခဲ့ပါတယ်၊ ထူးဆန်းတာကလေ သမီးကြိုက်တဲ့ အစားအစာတွေကအစ သိလွန်းတယ်'

မိမဟာပဲ သမီး မဥူရီကို ငယ်စဉ်ကလည်းကတည်းက ထိန်းကျောင်းခဲ့သူပါ။ မိမိကို အယုံသွင်းဖို့ရော သမီးလေး မဥူရီကို အရမ်းချစ်ခဲ့သည်။

လေးနှစ်သမီးအရွယ် ပန်းမဥူရီက မဟာ့ကို သံယောဇဉ်တွေတွယ်ခဲ့သည်။ မဟာချက်တဲ့ဟင်းမှ မဟာထမင်းခွံ့ကျွေးမှ ကြိုက်နှစ်သက်ခဲ့၏။ မိမဟာလာတောင်းပန်တာ သူ့သားကြောင့်ပဲ ဖြစ်နိုင်၏။ ဒေါ်ရီရီသာ ဘယ်လိုလုပ်ရမလဲ။ မိမိကခွင့်မလွှတ်၍ သားနှင့်သမီးကို ခွဲပစ်တာလည်း ဖြစ်နိုင်သည်။





'သမီးကို ငွေတွေလည်းပေးပါတယ်၊ စိန်တွေတောင်ပေးတယ်၊ သမီးက ပြန်ပေးခဲ့တာပါ၊ သမီးကိုလည်း တက္ကသိုလ်ဝင်တန်းအောင်ဖို့ မောင့်မာမီကပဲ အလိုက်အထိုက် နေပေးပါတယ်'

မိမဟာ နင့်အကြောင်းတွေ မေ့ပစ်လို့ရမှာမဟုတ်ဘူး။ နင့်ယုတ်မာကောက်ကျစ်မှုတွေကို ငါ ဘယ်တော့မှ ခွင့်မလွှတ်နိုင်ဘူး။ ကောင်းတယ်။ နင့်သားကိုလည်း ငါ့သမီးနဲ့ မပေးစားဘူး။ နင့်သွေးကို ရွံလို့ သမီးလေးကိုတော့ သနားသည်။

'မောင့်မာမီကို သမီးအပြစ်မတင်ပါဘူး၊ သမီးက နှိမ့်ကျတဲ့ မိန်းကလေးပါ၊ ဘယ်မိဘက သူ့သားနဲ့သဘောတူပါ့မလဲ၊ သမီးကို မတူမတန်သလို မဆက်ဆံပါဘူး'

သမီးရယ် ဒင်းက ကောက်ကျစ်စဉ်းလဲတဲ့ မိန်းမပါ။ မေမေတို့ ဒီလိုဆင်းရဲဒုက္ခရောက်ရတာ မိမဟာကြောင့်ပဲ။ မေမေတို့ စည်းစိမ်ဥစ္စာတွေကို လိမ်ယူထွက်ပြေးသွားတာပါ မိန်းမယုတ်မ။ ဒေါ်ရီရီသာ ဘယ်လိုမှ ခွင့်မလွှတ်နိုင်ဘဲ ဖြစ်နေသည်။

'သမီးရယ် . . . ဘယ်သူ့ကိုမှ လျှော့တွက်မထားစမ်းပါနဲ့၊ သူ့သားကြောင့် အတင်းအကြပ်မပြောသေးဘဲ ကြိုးရှည်ရှည်နဲ့ လှန်ထားတာပါ၊ ရေစက်မပါဘူးလို့ပဲ မှတ်လိုက်ပါ'

'မေမေ'

'မောင်ရောင်စဉ်ကို မေ့ပစ်လိုက်တာ အကောင်းဆုံးပဲကွယ်၊ သူ့မာမီက သမီးကို လုံးဝသဘောတူမှာ မဟုတ်ပါဘူး'

မိမဟာသားနဲ့တော့ မဖြစ်နိုင်ပါဘူး။ ကောင်လေးကတော့



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားပီသတဲ့ယောက်ျားတစ်ယောက်ဖြစ်ပေမယ့် မိမဟာသားက တော့ မဖြစ်ဘူး။ မိမိကိုယ်တိုင်လည်း သဘောမတူနိုင်ပေ။ သမီးကို တားဆီးရမယ်။ ဒေါ်ရီရီသာ ဆုံးဖြတ်ထားသည်။

‘သမီး ကြိုးစားပါ၊ သမီးဘွဲ့ရအောင် ကြိုးစား၊ မောင်ရင်စဉ်က သမီးလက်ထပ်ဖို့မသင့်တော်တဲ့ ယောက်ျားတစ်ယောက်ပဲ၊ စောစောကဖြတ်လိုက်တာ ကောင်းတယ် သမီး’

‘မောင့်ကို မဉ္ဇူရီ အရမ်းချစ်တယ် မေမေ၊ ဘယ်လိုအကြောင်းနဲ့မှ မခွဲပါဘူးလို့ မဉ္ဇူရီတို့ သစ္စာဆိုထားကြတယ်’

‘မေ့ပစ်လိုက်တော့’

‘မေမေ’

‘မဖြစ်နိုင်တာကို မခံစားနဲ့ မဉ္ဇူရီ၊ မေမေလည်း သဘောမတူဘူး’

ဒေါ်ရီရီသာ ပြောပြီး လှည့်ထွက်လာခဲ့သည်။ မိမဟာ သားနဲ့တော့ မဖြစ်ဘူး။

‘မေမေ လုံးဝလက်မခံနိုင်ဘူး မဉ္ဇူရီ၊ ဒင်းနဲ့လည်း အမျိုးမတော်နိုင်ဘူး’

မိမဟာ သားကတော့ ရိုးသားဖြူစင်တဲ့ ကောင်လေးပါပဲ။ ကလေးတွေမှာ အပြစ်မရှိဘူးဆိုပေမယ့်လည်း မိမဟာလို ကောက်ကျစ်တဲ့ မိန်းမသားဖြစ်၍ သဘောမတူနိုင်။ သမီးလေးကို ပြောပြချင်ပေမယ့် ရှုပ်ရှုပ်ယှက်ယှက် ပြောပြမနေဖို့ပဲ ဆုံးဖြတ်ထားသည်။

‘မေမေ’





‘အတော်ပဲ သားကြီး၊ မေမေလည်း မင်းကို ပြောစရာရှိတယ်’

‘ညီမလေးကိစ္စက ရောင်စဉ်ဆိုတဲ့ကောင်လေးကတော့ ရိုးသားပါတယ်မေမေ လူကောင်းပါ’

‘သူ့အမေက ဘယ်သူလဲဆိုတာ မင်းသိလား သား၊ မိမဟာပဲ’

‘ဗျာ’

‘မိမဟာလေ၊ ဒါကြောင့် သူ့အကျင့်တွေ သူ့သားသိမှာစိုးလို့ မေမေ့ကိုလာတွေ့ပြီး ဒူးထောက်မတတ် တောင်းပန်နေတာပဲ’

‘ဒေါ်လေးမဟာရဲ့သား ဟုတ်လား’

‘ဟုတ်တယ် သား၊ မေမေလည်း လုံးဝသဘောမတူဘူးလို့ ပြောထားတယ်၊ လူငယ်တွေမှာ အပြစ်မရှိပေမယ့် မိမဟာနဲ့တော့ မပတ်သက်ချင်ဘူး၊ သူ မေမေ့အပေါ် ကလိမ်ကကျစ်ကျခဲ့တာတွေ သူ့သားသိသွားမှာ အရမ်းကြောက်နေတယ်’

‘အင်းလေ . . . ညီမလေးကတော့ ဒေါ်လေးမဟာကို ဘယ်သိပါ့မလဲ၊ ငယ်သေးတာပဲ၊ သားတောင် သိပ်မမှတ်မိဘူး’

မင်းသော်တာပင် အံ့သြတုန်လှုပ်သွားပါသည်။ သူတို့မိသားစုကို ဒုက္ခပေးသွားတဲ့ မိန်းမကြီးရဲ့သားပဲ။ မင်းသော်တာကတော့ ရောင်စဉ်နှင့် ညီမလေးကို သနားနေမိ၏။

မေမေ့ဆုံးဖြတ်ချက်မှန်သည်ဟုပဲ ထင်သည်။

‘မင်းလည်း ဒီကောင်လေးကို လက်မခံနဲ့တော့၊ မဖြစ်နိုင်



www.burmeseclassic.com

www.burmeseclassic.com



ဘူးလို့ ပြောလိုက်၊ မိမဟာအကြောင်းတွေးမိရင် ခွင့်မလွှတ်နိုင်တဲ့အဖြစ် အသေသတ်ပစ်ချင်တယ်'

'ညီမလေးကို ပြောပြလိုက်ပါလား မေမေ၊ ဒါမှပြတ်မှာ'

'မပြောနဲ့ဦး၊ မေမေ ကြည့်ပြီး စီစဉ်မယ်၊ မိမဟာသားကိုသာ မပတ်သက်နဲ့တော့'

'စိတ်ချပါမေမေ၊ သားလည်း သဘောမတူပါဘူး၊ ဒီမိန်းမ ကြီးကိုတော့ ပညာကောင်းကောင်းပေးချင်တယ်'

'မပေးနဲ့တော့၊ သူ့ရဲ့စည်းစိမ်ချမ်းသာတွေက ဖြူစင်မှာမဟုတ် ဘူး၊ မပတ်သက်တာအကောင်းဆုံးပဲ သားကြီး'

ဒေါ်ရီရီသာ ဆုံးဖြတ်ချက်ကို ခိုင်ခိုင်မာမာ ချလိုက်သည်။ သမီးကတော့ ကြိတ်မှိတ်ခံစားနေရပုံပင်။ စာမေးပွဲအောင်တာတောင် မပျော်နိုင်။ သမီးလေး ပိန်ခြုံးကျသွား၏။ မိမဟာအကြောင်းလည်း ပြောပြလိုက်ရမှာ ဝန်လေးနေသည်။

'မေမေ'

'ပြော'

'သမီးလေ မောင့်အပေါ် သစ္စာဖောက်လိုက်လို့လား မသိ ဘူး၊ ထမင်းတောင်မျိုချလို့မရတော့ဘူး၊ ရင်ဝမှာ မီးတောက်တွေ လောင်မြိုက်နေတယ်၊ အိပ်လို့လည်းမရဘူး၊ ဒါပေမဲ့ မောင့်ဖာသာ သဘောမတူဘဲ သမီး လက်မထပ်ပါဘူး အသေပဲခံမယ်'

'မဋ္ဌူရီ သမီးမိုက် ယောကျ်ားတစ်ယောက်အတွက် ညည်း





အသေခံတော့မလို့လားဟဲ့၊ မေမေ့အတွက် မကြိုးစားတော့ဘူးလား၊ ညည်းဘွဲ့တစ်ခုရအောင်ယူမယ်ဆို၊ မေမေ့ဆန္ဒလေ'

'သမီး ကြိုးစားပေးချင်ပါတယ်၊ ဒါပေမဲ့ သမီး သစ္စာရှုံးနေပြီ'

'အဓိပ္ပာယ်မရှိတာပဲ၊ ဘာသစ္စာမှ မရှုံးဘူး၊ သူ့အမေ ကလိမ် ကကျစ်မကြောင့်ဖြစ်ရတာ'

'မောင့်မာမီက လိမ်ညာခဲ့ပေမယ့် သမီးအပေါ် အများကြီး ကျေးဇူးတင်ထားခဲ့ပါတယ် မေမေ၊ သူပေးတဲ့ ပစ္စည်းတွေကို သမီးက အတင်းပြန်ပေးထားခဲ့တာပါ'

'တော်စမ်း'

'မောင်ကလည်း သမီးကို အရမ်းချစ်တယ်၊ သူ့အမေကို ဆောင် စွန့်ထားခဲ့ပြီး၊ လုပ်ငန်းတွေလည်းထားခဲ့တယ်၊ မောင်လည်း မဋ္ဌူရီလိုပဲ အရမ်းခံစားနေရမှာပါ၊ သူကတစ်ယောက်တည်းလေ'

'ဆက်မပြောနဲ့တော့ မဋ္ဌူရီ၊ မဖြစ်နိုင်ဘူး၊ ညည်းက လင်ကံ ကောင်းစရာမရှိတော့ဘူး၊ ငွေ့ငွေ့လိုပဲလာမှာ'

သမီးလေးက မိမိအကြောင်းကိုသိပြီးသားဖြစ်သည်။ မဖြစ် နိုင်ဘူးဆိုရင် မဖြစ်နိုင်ဘူးပဲ။ မိမိအပြင်ထွက်လာတော့ သမီးလေး အသိမ့်သိမ့် ရှိုက်ငိုရင်း ကျန်ရစ်ခဲ့၏။ မိမိတို့အိမ်ရှေ့သို့ သမီးချစ်သူ မောင်စဥ်ရောက်လာ၍ မိမိပြန်မောင်းထုတ်ပြစ်သည်။

'မဖြစ်နိုင်ဘူး မောင်ရင်၊ ပြန်ပါ၊ မင်းအမေမှ သဘောမတူ



www.burmeseclassic.com

www.burmeseclassic.com



တာပဲ၊ သမီးကလည်း မင်းကို ဘယ်လိုမှ လက်ထပ်မှာမဟုတ်ဘူး ပြောပြီးပြီ၊ မင်း ပြန်ပါ၊ တို့မိသားစုကို အရှက်မခွဲပါနဲ့'

'ကျွန်တော် တောင်းပန်ပါတယ် အန်တီ၊ မဩူရီနဲ့ ဘယ်လိုမှ အဝေးမခံနိုင်လို့ပါ၊ ကျွန်တော့်မှာမိလွန်ပါတယ်၊ ဒီလိုလုပ်တာ ကျွန်တော် လက်မခံနိုင်ပါဘူး၊ အန်တီ ကျွန်တော့်ကို လက်ခံပေးပါ'

'လက်မခံနိုင်ဘူး မောင်ရင်၊ မင်းမှာမီ လက်မခံဘဲ အန်တီတို့ ဘယ်နည်းနဲ့မှ လက်မခံနိုင်ပါဘူး၊ မင်းထပ်ပြီး မပတ်သက်ပါနဲ့'

ဒေါ်ရီရီသာ အိမ်ပေါ်ပြန်တက်လာပြီးတံခါးကိုပိတ်ပစ်လိုက်သည်။ ကောင်လေးလည်း ပိန်သွားတယ်။ မင်းကို လက်ခံချင်ပေမယ့် မိမဟာသားဖြစ်နေလို့ပါကွယ်။ မိခင်စကားနားထောင်တတ်ပြီး စိတ်မာတဲ့သမီးလေးပင် အိပ်ယာထဲမှာလဲနေရှာ၏။ မိမဟာသားနဲ့မဖြစ်ပါဘူး။ တစ်ပတ်လောက်အထိ သမီးမဩူရီ အစာမစားနိုင်ဖြစ်နေပြီး လုံးဝမထူထောင်လာသောအခါ ဒေါ်ရီရီသာ စိတ်ပူလာမိတော့သည်။

'မေမေ ညီမလေး ဒုက္ခကို မကြည့်ရက်တော့ဘူးဗျာ ကျွန်တော်တို့ အကောင်းဆုံးဖြစ်အောင် လုပ်ပေးကြရအောင်'

'ဘာလုပ်ပေးရမှာလဲ သား၊ သမီးလေး ဒီအတိုင်းဆို ဘယ်လိုမှ အသက်ရှင်နိုင်မှာ မဟုတ်တော့ဘူး၊ ဘယ်လိုလုပ်မလဲ'

'ဒေါ်လေးမဟာနဲ့ သွားတွေ့ကြမယ်'

'ဘာပြောတယ်'

'ဆွေးနွေးကြည့်မယ်၊ သူ့စိတ်သဘောထားအရ လုပ်ကြရအောင်ပါ မေမေ၊ ညီမလေး ဒုက္ခဖြစ်လိမ့်မယ်၊ ရောင်စဉ်လည်း





မြင်မကောင်းတော့ဘူး၊ ညတိုင်းလက်ဖက်ရည်ဆိုင်လာထိုင်တယ်၊ ညီမလေးတို့က အချစ်ကြီးကြတဲ့သူတွေဖြစ်နေလို့ပါ'

'မေမေလည်း စဉ်းစားနေတယ်၊ မတတ်နိုင်ဘူးလေ၊ မိမဟာသဘောထားကြည့်မယ်၊ ဒင်းတောင်းပန်ရင်တော့ မေမေတို့ ခွင့်လွှတ်ပေးလိုက်မယ်'

'ကောင်းတယ် မေမေ၊ သွားကြမယ်'

သမီးအတွက် မိမဟာနှင့် ပတ်သက်ရတော့မည်ဖြစ်သည်။

□ □ □



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

သားထွက်သွားပြီးကတည်းက ဒေါ်ခင်မြင့်မိုရ် အိပ်ယာကနေ မထနိုင်တော့။ မိမိအတိတ်အကြောင်းတွေ သားသိသွားပြီလားပဲ။ ရီရီသာတို့ သားအမိဖွင့်ပြောလိုက်မှာ သေချာပါတယ်။ ရှက်စရာကောင်းလိုက်တာ။ မိမိသေပစ်ချင်တယ်။ သားနှင့်လည်း အဆက်အသွယ်မရလေ။ မိခင်ကို အရမ်းချစ်တဲ့သားပါ။ မိမိအပြစ်တွေပါပဲလေ။ ပန်းမဋ္ဌူရီလေးကလည်း မိမိကိုမုန်းနေပြီထင်တယ်။ ဟန်ဆောင်လိမ်ညာတတ်တဲ့ မိန်းမကြီးတစ်ယောက်အဖြစ်လေ။ မတွေးရဲတော့ဘူး။ ကုမ္ပဏီကိုလည်း သားမလာဘူးတဲ့။ လက်ထောက်တွေကပဲ အုပ်ချုပ်နေကြသည်။

'မာမီ သေသွားတာပဲ ကောင်းပါတယ် သားရယ်၊ ဒါမှ မင်းတို့နှစ်ယောက် ပေါင်းကြရမှာပါ၊ မာမို့ကို ကလိမ်ကကျစ်မကြီး အဖြစ် မာမီအသက်ရှင်နေစဉ်မှာ သားသိသွားလို့ မဖြစ်ဘူး'

ဒေါ်ခင်မြင့်မိုရ် တွေးရင်းနှင့် မစားနိုင်မသောက်နိုင်နှင့် ကျန်းမာရေးချို့တဲ့နေသည်။ အိမ်ဖော်ကောင်မလေးက ဆေးခန်းပြဖို့





ပြောနေပေမယ့် မိမိခေါင်းမာစွာနှင့် မသွားခဲ့။ သေပစ်ချင်ပါတယ်။ အချစ်ဆုံးသူငယ်ချင်း မိသားစုကို မိမိရက်စက်စွာ ဘဝပျက်အောင် လုပ်ခဲ့တာပါ။ မောလိုက်တာ။ ဆေးခန်းမပြဘူး။ သေချင်တယ်။ ငါသေသွားမှကောင်းမှာပါ။ အိမ်ဖော်ကောင်မလေး မိမိအခန်းထဲ ဝင်လာပြီး ညှိုသည်တွေက ဖွတ်အတင်းပဲ မေမေကြီးအခန်းထဲသို့ လိုက်လာနေသည်ဟု ပြောနေစဉ်မှာပဲ ညှိုသည်တွေက မိမိအိပ်ခန်းထဲ ရောက်လာသည်။

'ဟင်... ရီရီသာ... နင်... နင်'

'မိမဟာ'

'ဒေါ်လေးမဟာ'

'ငါ တောင်းပန်ပါတယ် ရီရီသာ၊ မင်းကိုရော ဒေါ်လေးမဟာတောင်းပန်ပါတယ်၊ ငါက သေတော့မှာပါ၊ အားအင်တွေလည်း မရှိတော့ပါဘူးဟယ်၊ ငါ မှားပါတယ်၊ နင်တို့မိသားစုအပေါ် ယုတ်မာခဲ့ပါတယ်၊ ခွင့်မလွှတ်ရင်တော့ ငါသေပေးပါ့မယ်၊ ငါသေမှ ငါ့သားကို ပြောပြပါ'

'မိမဟာ အဲ... ခင်မြင့်မိုရ် အတိတ်ကကိစ္စတွေ ငါတို့မေ့ပစ်လိုက်ပါပြီဟာ၊ နင့်ကို ငါ စိတ်မကောင်းပါဘူး၊ နင်နေကောင်းအောင်အရင်လုပ်ပါ၊ ငါ့သမီးနဲ့ပတ်သက်ပြီး နင့်သဘောထားကိုလည်း သိချင်တယ်'

'ငါ့သဘောထားက ရှင်းပါတယ်ဟာ၊ မဋ္ဌူရီလေးက ငါ ငယ်ငယ်လေးကတည်းက ချစ်ရတဲ့သူလေးပါ၊ တွေ့တော့ ငါအရမ်း



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းသာပြီး သမီးလေးလိုသတ်မှတ်ခဲ့တာပါ၊ ဒါကြောင့် နင်တို့ကို လာပြီး ငါတောင်းပန်ဖို့ ကြိုးစားခဲ့တာပါ'

မိမဟာကို ရောဂါသည်ပုံစံကြီးလို အိပ်ယာပေါ်လဲနေတော့လည်း ဒေါ်ရီရီသာ စိတ်မကောင်းဖြစ်သွားရသည်။ မိမဟာက မာန်ကျသွားပြီပဲ။

'ငါ့သားကို အတိတ်ကအကြောင်းတွေ မပြောပြပါနဲ့နော် ရီရီသာ၊ မင်းသော်တာရောပဲ၊ ငါမှားပါတယ်၊ ငါ့သားကို လက်ခံပေးပါနော်'

'မိမဟာ'

'ဟင်'

'နင်နဲ့ငါ ဒေါ်ခင်မြင့်မိုရ်အဖြစ်ပဲ ပတ်သက်ကြမယ်၊ နင့်ကို ကတိပေးပါတယ်၊ အတိတ်ကအကြောင်းတွေ မေ့ပစ်လိုက်ပြီး ငါ့သမီးလေး မဥ္ဇူရီကို ငါ့ဆီကနေ လာတောင်းပါ'

'တောင်းပါ့မယ်၊ တခမ်းတနားကို လက်ထပ်ပေးပါ့မယ်၊ ငါတို့တွေ အတူတူနေကြမယ်၊ ငါနောင်တတွေရနေတာကြာပါပြီဟာ၊ နင်တို့မိသားစု ဘယ်မှာနေမှန်းမသိလို့ ရှာနေတာပါ၊ ကလေးတွေ စိတ်မဆင်းရဲရအောင် ငါတို့လူကြီးတွေက အတိတ်ကိုမေ့ပစ်လိုက်ကြပါစို့နော်'

'နင့်ကိုခွင့်လွှတ်ပါတယ် မိမဟာ၊ ငါ့သမီးလေးလည်း အရမ်းခံစားနေရတယ်၊ သေလုမျောပါးပဲ၊ ငါပြန်မယ်၊ လုံးဝမသိကြတဲ့သူတွေလို့ပဲ နေသွားကြရအောင်နော် ခင်မြင့်မိုရ်'





'ရီရီသာရယ် ငါ ဝမ်းသာလိုက်တာ၊ အမလေး ငါ ဆေးခန်းသွားပြမှဖြစ်တော့မယ်'

ရီရီသာတို့ သားအမိပြန်သွားတော့ ဒေါ်ခင်မြင့်မိုရ် အိမ်ဖော်ကောင်မလေးနှင့်အတူ ဆေးခန်းသွားပြသည်။ အားအရမ်းနည်းလွန်းနေ၍ ဆေးရုံတက်ရသည်။ မိမိဆေးရုံတက်ရတယ်ဆို၍ သားကလာကြည့်၏။ အမလေး သားကမမုန်းသေးလို့ ဒေါ်ခင်မြင့်မိုရ် သားလက်လေးကို ဆုပ်ကိုင်လိုက်သည်။

'သားရယ်··· မာမီ ဒီတစ်ခါ တကယ်ပဲ ပန်းမဥ္ဇူရီလေးကို သားနဲ့လက်ထပ်ပေးဖို့ သူ့အမေဆီမှာ တောင်းပေးပါတော့မယ်'

'မာမီ တကယ်ပြောတာလား၊ သားတို့အရမ်းခံစားရလို့ပါ'

'တကယ်ပါ သားရယ်၊ မဥ္ဇူရီလေးကို သွားခေါ်ပါ၊ မာမီ တွေ့ချင်တယ်'

မာမို့စကားကြောင့် ရောင်စဉ် ထခုန်မိမတတ် ပျော်သွားရသည်။ မာမီက တကယ်ပြောနေတာလား။ ဆရာဝန်ကတော့ သုံးရက်လောက်အနားယူရင် ရပါပြီတဲ့။ ဆေးသွင်းနေရတဲ့ မာမို့မျက်ဝန်းတွေက အပြုံးတွေပြည့်နေသည်။

'မာမီကိုယ်တိုင်တောင်းပေးမှာပါ၊ မဥ္ဇူရီလေး မေမေကိုလည်း ပြောပြပေးပါ၊ မာမီကိုယ်တိုင် လူကြီးစုံရာနဲ့ တခမ်းတနား လာတောင်းပါ့မယ်လို့'

'ဝမ်းသာလိုက်တာ မာမီရာ၊ တကယ်ပြောတာနော်၊ သားအခုပဲ မဥ္ဇူရီကိုလည်း ခေါ်လာခဲ့မယ်နော်'



www.burmeseclassic.com

www.burmeseclassic.com



'အင်း'

မာမီ့ကို ထားခဲ့ပြီး ချစ်တဲ့ မဍူရီထံ ရောင်စဉ် အပြေးအလွှား ရောက်လာသည်။

'အန်တီ မဍူရီနဲ့ တွေ့ပါရစေ၊ ကျွန်တော့်ကိုတွေ့ခွင့်ပေးပါ၊ ကျွန်တော့်မာမီက မဍူရီနဲ့ သဘောတူပါပြီ'

'သားကြီး မင်းညီမလေးကို သွားခေါ်လိုက်ပါ'

ဒေါ်ရီရီသာ သိပြီးသားဖြစ်ပေမယ့် မသိချင်ယောင်ဆောင်ပြီး သားကြီးအား ခေါ်ခိုင်းလိုက်သည်။ သမီးလေး ဗေဒင်မဟာဘုတ်က မှန်နေပြီထင်တယ်။ မောင်ရောင်စဉ်က သမီးကိုတန်ဖိုးထားပြီး ချစ်လွန်းတော့လည်း စိတ်အေးသွားရသည်။

'မောင်'

'မဍူရီ'

ရောင်စဉ် လှည့်ကြည့်လိုက်တော့ ချစ်သူ မဍူရီက မမှတ်မိနိုင်လောက်အောင် ပိန်ချုံးကျသွားသည်။

'မဍူရီ ဘယ်လိုဖြစ်ရတာလဲကွာ၊ မင်း နေမကောင်းဘူးလား'

'မဍူရီ သစ္စာစူးပြီထင်တယ်၊ စားလို့လည်းမရဘူး၊ အိပ်လို့လည်းမရဘူး'

'မဍူရီရယ်'

မဍူရီ မေမေနှင့် အစ်ကိုရှေ့မှာဖြစ်နေ၍ သူဖွင့်ဖက်ထားချင်တဲ့ ဆန္ဒတွေကို ထိန်းချုပ်ထားလိုက်ရသည်။

'မာမီကလေ မဍူရီကို ချွေးမအဖြစ် လက်ခံလိုက်ပြီ၊ သူနေ





ကောင်းတာနဲ့ မဍူရီမေမေ့ဆီမှာ လာတောင်းမယ်တဲ့၊ အခမ်းနားဆုံး မင်္ဂလာပွဲကြီးဖြစ်စေရမယ်တဲ့၊ မင်းကိုလည်း ဆေးရုံကိုခေါ်လာခဲ့ပါတဲ့'

'မာမီ ဆေးရုံတက်နေရတာ ဟုတ်လား'

'အင်း . . . ဆေးသွင်းထားရတယ်၊ မင်းလည်း ဆေးခန်းပြမှ ဖြစ်မယ်ထင်တယ် မဍူရီ အားနည်းလွန်းနေတယ်'

'မေမေ သမီးတို့ကိုလက်ခံပေးပါနော်၊ မောင့်မာမီက မေမေ့ဆီမှာ တောင်းမှာပါ'

'သေချာလား သမီး'

'ဟုတ်ကဲ့ သေချာပါတယ် အန်တီ'

'အင်းလေ သားမာမီကိုယ်တိုင် လာတောင်းရင်တော့ မင်းတို့နှစ်ယောက်ကို အန်တီမခွဲတော့ပါဘူးလေ'

'မေမေရယ်'

အားအင်ချိနဲ့နေတဲ့ မဍူရီ မောင့်နောက်သို့ ကောက်ကောက်ပါအောင် လိုက်သွားတော့သည်။ ဆေးရုံမှာ မာမီကိုတွေ့တော့ သူမအား လှိုက်လှိုက်လှဲလှဲပင် ဆီးကြိုနေလေသည်။

'သမီးလေးလည်း အရမ်းပိန်သွားတယ်၊ မာမီတောင်းပန်ပါတယ်ကွယ်၊ နားလည်ပေးပါ'

'မာမီရယ် မဍူရီ ဘယ်တော့မှ မာမီ့ကို မမုန်းခဲ့ပါဘူး၊ မာမီက မိခင်ပဲလေ၊ မဍူရီ ဘဝကနိမ့်ကျလွန်းနေတာပါ'

'အတိတ်ကအကြောင်းတွေ မေ့ပစ်လိုက်ပါတော့ကွယ်၊ မာမီ နေကောင်းတာနဲ့ မဍူရီ မေမေ့ဆီမှာ လူကြီးစုံရာနဲ့ လာတောင်းပါ့မယ်၊



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ မဥ္ဇူရီလေးတို့ မိန်းကလေးရှင်ဘက်က ဆန္ဒအတိုင်း အခမ်းနားဆုံး လက်ထပ်ပေးမယ်’

‘မဥ္ဇူရီက မောင့်ကိုပဲချစ်တာပါ၊ မောင့်ကိုပိုင်ဆိုင်ခွင့်ပဲ အလိုအပ်ဆုံးပါနော်’

□ □ □

မဥ္ဇူရီလည်း ဆေးခန်းမှာ အနားယူရင်း အားဆေးတွေသွင်းရသည်။ မေမေနှင့် မောင့်မာမီလည်း ခင်မင်ရင်းနှီးသွားကြ၏။ မဥ္ဇူရီပျော်လိုက်တာ။ မောင့်မာမီနဲ့ မေမေတို့ ငယ်သူငယ်ချင်းတွေလိုပဲ။ ကိုကို့အတွက်လည်း လုပ်ငန်းတွေ စီစဉ်ပေးသည်။

‘မောင်ရယ်… မဥ္ဇူရီတို့ မိသားစုအပေါ် ဒီလောက်အထိ မကောင်းပါနဲ့၊ မာမီကလည်း မဥ္ဇူရီမေမေ့ကို တအားခင်နေတယ်၊ မဥ္ဇူရီကြောင့် အဲဒီလို မလုပ်ပါနဲ့နော်’

‘မဥ္ဇူရီရယ်… မာမီလည်း အဖော်မှမရှိတာပဲ၊ သက်တူရွယ်တူချင်းပဲလေ၊ ခင်ပါစေ၊ မောင်တို့လက်ထပ်ပြီးရင် မဥ္ဇူရီ မေမေ့ကိုပါ မာမီက သူနဲ့အတူတူခေါ်ထားမယ်တဲ့’

‘မဥ္ဇူရီအရမ်းအားနာတယ်၊ မေမေကလည်း လိုက်နေမှာမဟုတ်ဘူးထင်တယ်’

‘နေမယ်တဲ့’

‘ဟင်’

မေမေကလည်း မဥ္ဇူရီကိုတောင် ဘာမှအသိမပေးဘူး။





အင်းလေ မာမီလည်း တစ်သက်လုံးအဖော်မဲ့ခဲ့တာပဲ။ မိသားစု စည်းစည်းလုံးလုံးဖြစ်နေ၍ မဥ္ဇူရီ ကျေနပ်မိသည်။ အံ့သြစရာကောင်းလောက်အောင် မေမေနှင့်မာမီက ချစ်ခင်နေကြတာပဲ။ မောင်ကတော့ အဖြစ်သည်းစွာ ကိုကို့ကိစ္စတွေအတွက် စိတ်ရောကိုယ်ပါ နှစ်၍ လုပ်ပေးနေ၏။ မဥ္ဇူရီ စိတ်ပူတာက ကိုကိုလုပ်ပါ့မလားဆိုတာပဲ။ အရမ်းကြီးလုပ်မပေးဖို့ တားဆီးနေရသည်။

‘ယောက်ဖက မောင့်ကျေးဇူးရှင်လေ၊ ကိုကိုတစ်ယောက်တည်းပဲ စတွေ့ကတည်းက မောင့်ကိုလူတော်လို့ သတ်မှတ်တာ’

‘ကိုကိုလည်း အရင်ကနဲ့မတူအောင်ပဲ လိမ္မာနေပြီထင်တယ်နော် မောင်’

‘မောင်တို့က မိသားစုဝင်တွေပဲ မဥ္ဇူရီရဲ့အားနာစရာ မလိုဘူးနော်၊ မောင့်ချစ်သူအတွက်ဆို မောင်ဘာမဆိုလုပ်ပေးရ လုပ်ပေးရပါ’

‘မောင်ရယ်’

‘ဒီညနေ မောင်တို့နှစ်ယောက် ဘုရားကို သွားပြီး သစ္စာဆိုကြမယ်’

‘ဟင်… ဘာဖြစ်လို့လဲ၊ အခု လက်ထပ်ကြတော့မယ်လေ’

‘အမိလေးကို မယုံလို့လေ၊ မာနကြီးတဲ့ကောင်မလေးက အသေခံသွားမှာကြောက်ရတယ်၊ သေတဲ့အထိ ဘယ်လိုအကြောင်းနဲ့မှ မခွဲကြပါဘူးလို့ သစ္စာသွားဆိုရမယ်’

‘မောင် အရမ်းအဖြစ်သည်းလွန်းနေပြီထင်တယ်ကွယ်’



www.burmeseclassic.com

www.burmeseclassic.com



'ချစ်လို့ပါ မဥ္စူရီရယ်၊ မောင့်နှလုံးသားထဲမှာ နေရာလပ် မရှိအောင် မဥ္စူရီကို ချစ်မြတ်နိုးနေရလွန်းလို့ပါ'

'အို . . . မောင်'

မောင်က မဥ္စူရီရဲ့ခန္ဓာကိုယ်လေးကို ရုတ်တရက် ပွေ့ဖက် လိုက်၍ အထိတ်တလန့်ရှန်းဖယ်ပစ်ဖို့ လုပ်ပြီးမှ ချစ်ရတဲ့ မောင့်ရင် ခွင်ထဲ မဥ္စူရီ တိုးဝင်ဖက်ထားမိလေသည်။

သင်မြတ်နိုး



www.burmeseclassic.com